
တက္ကသိုလ်

# ဝင်းကြွယ်

မိုးမြေဝိညာဉ်
သိုင်းရောင်စဉ်



GRAPHIC DESIGN THEE ZAR

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

နွေဦးပေါက်ရာသီ၏ ညနေခင်းအချိန်။

တရုတ်ပြည် အနောက်မြောက် နယ်ခြားဒေသရှိ တောင်ကြားလမ်းလေးတစ်ခုတွင် သိုင်းသမားတစ်ယောက် မြင်းညိုကြီးတစ်ကောင်ကို အသားကျစီး၍သွားနေသည်။

ထိုတောင်ကြားလမ်းသည် တိဗက်နယ်သို့ သွားသောခရီးတိုဖြတ်လမ်းဖြစ်သည်။ သို့သော် ခရီးလမ်း ခက်ခဲကြမ်းတမ်းသော မြေကြမ်း နေရာကြမ်းဖြစ်သောကြောင့် သာမန်အရပ်သူ အရပ်သား ခရီးသွားများနှင့် ကုန်သည်များ သွားလာကြလေ့မရှိ။

ခရီးရှည်သော်လည်း ဖြောင့်ဖြူးပြီး လမ်းသာသော ခရီးဝေး လမ်းမကြီးမှသာသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတောင်ကြားလမ်းကလေးကို အသုံးပြုကြသူများမှာ သိုင်းသမားများသာဖြစ်ကြသည်။ သိုင်းသမားများ သွားလာကြသည့်လမ်းဖြစ်သောကြောင့် စိန်ခေါ်တိုက်ခိုက်မှုများကို ဤတောင်ကြားလမ်းတွင် ချိန်းဆို ပြုလုပ်ကြလေ့ရှိသည်။

လူအများ သွားလာသည့် လမ်းမဟုတ်သောကြောင့် ထိုတောင်ကြားလမ်းတွင် နာမည်လည်း သတ်သတ်မှတ်မှတ် မရှိ။ သိုင်းလောကတွင်တော့ 'စိတ်ကြိုက်တောင်ကြားလမ်း' ဟု ခေါ်ကြသလို 'ဝံပုလွေတောင်ကြားလမ်း' ဟုလည်း လူသိများသည်။

ဤ သိုင်းသမားကတော့ စိန်ခေါ်မှု တစ်ခုခု ဆင်နွှဲရန် စိတ်ကြိုက် တောင်ကြားလမ်းသို့ ရောက်လာပုံ မရှိ။ အကြောင်းကိစ္စတစ်ခုခုကြောင့် ခရီးထွက်လာရင်း ဝံပုလွေတောင်ကြားလမ်းကို ဖြတ်သွားဟန်တူသည်။

သိုင်းသမားသည် သက်လတ်ပိုင်းအရွယ်ဖြစ်၏။ အဖြူရောင်ဝတ်စုံ ခပ်ရိုးရိုးကိုဝတ်ထား၏။ ဓားရှည်တစ်လက် ကျောတွင် လွယ်ထားသော်လည်း ဓားကောင်းတော့ မဟုတ်၊ သာမန် ဓားရှည်သာဖြစ်သည်။

မြင်းကုန်းနှီးတွင်လည်း မည်သည့် လက်နက်မျှ ချိတ်မထားပါ။ လက်နက်ပုန်းအိတ်ပင်မရှိ။ ခရီးဆောင် အိတ်ရှည်တစ်လုံးသာရှိနေသည်။

သာမန် အရပ်သူ အရပ်သား ကုန်သည်များ သွားလာမှု မပြုကြဘဲ သိုင်းသမားများသာ အသွားအလာရှိကြသည့်



စိတ်ကြိုက်တောင်ကြားလမ်းတွင် တွေ့ရသောကြောင့်သာ သူ့ကို သိုင်းသမားတစ်ယောက်ဟု သိနိုင်ခြင်းဖြစ်သည်။

အသွားအလာများသည့် ခရီးဝေးလမ်းမကြီးပေါ်တွင် တွေ့ရလျှင်မူ သူ့ကို သိုင်းသမားတစ်ယောက်ဟု သတ်မှတ်ကြမည် မဟုတ်။ သာမန် သူလိုငါလိုအရပ်သားတစ်ယောက်ဟုသာ ထင်ကြပေမည်။

ဝတ်စုံဖြူ ဝတ်သိုင်းသမားသည် မြင်းညိုကြီးကို အသားကျစီးလာရာမှ ရုတ်တရက် ဇက်ကိုဆွဲကာရပ်လိုက်သည်။

စီးမြင်းကို တုံ့ရပ်လိုက်သည်မှာ အကြောင်းမဲ့တော့ မဟုတ်။

အကြောင်းရှိသည်။

သူ၏ရှေ့ဘက် ပေ ၃၀၀-ခန့်အကွာတွင် မြင်းစီးသမားသုံးယောက်သည် ရင်ပေါင်တန်းလျက် လမ်းကို ပိတ်ကာ ရပ်နေကြသောကြောင့်ဖြစ်သည်။

မြင်းစီးသမားသုံးယောက်သည် ဝံပုလွေ သားရေကိုယ်ကျပ်ချိုင်းပြတ်အင်္ကျီတိုများနှင့်အနက်ရောင်ဘောင်းဘီရှည်များ ဝတ်ထားကြသည်။ ဝံပုလွေခေါင်း အရေခွံများနှင့် လုပ်ထားသော ဦးထုပ်များကို ခေါင်းများတွင် ဆောင်းထားကြသည်။

လက်နက်ကိုယ်စီ ကိုင်စွဲထားကြသည်။

အဝတ်အစားဆင်တူဖြစ်သော်လည်း ကိုင်စွဲသောလက်နက်များကတော့ မတူကြ။ တုတ်ရှည်၊ လှံတံနှင့်ဓားမောက်တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဖြူဝတ်သိုင်းသမားသည်မျက်မှောင်အသာကြုတ်ကာ တစ်ချက် စဉ်းစားပြီးနောက် မြင်းပေါ်မှအောက်သို့ ခုန်ဆင်းလိုက်သည်။

အတင်းထိုးဖောက်ထွက်မပြေးဘဲ အကျေအလည်စကား ပြောဆိုမည့် နိမိတ်လက္ခဏာဖြစ်သည့်အတွက် သိုင်းလောက၏ ထုံးတမ်းအတိုင်း တစ်ဖက်လူသုံးယောက်တို့လည်း စီးမြင်းများပေါ်မှ အသီးသီးဆင်းလိုက်ကြသည်။

ဝတ်စုံဖြူစတ် သိုင်းသမားက ခြေလှမ်းမှန်မှန်ဖြင့် ရှေ့သို့လျှောက်လှမ်းသည်။ တစ်ဖက်ရှိသိုင်းသမားလူကြမ်းကြီးသုံးယောက်လည်း ရှေ့သို့ လျှောက်လှမ်းလာကြသည်။ ဓားမောက်ကိုင်ထားသူက ရှေ့မှလျှောက်ကာ ကျန်နှစ်ယောက်က နောက်ဘက် ခြေတစ်လှမ်းအကွာမှ လိုက်လာကြသည်။

တစ်ဖက်လူသုံးယောက်က လက်နက်ကိုယ်စီကိုင်စွဲထားကြသော်လည်း ဝတ်စုံဖြူဝတ်သိုင်းသမားကတော့ သူ၏ဓားရှည်ကို မထုတ်သေး။

ပေ ၁၀၀-ခန့် လျှောက်လှမ်းပြီးနောက် ဝတ်ဖြူဝတ်သိုင်းသမားက ခြေလှမ်းကိုရပ်သည်။ တစ်ဖက်မှ သိုင်းသမားလူကြမ်းသုံးယောက်လည်း ရပ်လိုက်ကြသည်။

တစ်ဖက်နှင့် တစ်ဖက်အကြားတွင် ပေ ၁၀၀-မျှရှိတရှို့သောက်သာ ကွာလှမ်းတော့သည်။

* * *



"ဝံပုလွေရိုင်း ခြောက်ယောက်ဆိုတာများလား၊ ဒါပေမယ့် ဘာကြောင့် သုံးယောက်ပဲရှိနေတာလဲ"

ဝတ်စုံဖြူသိုင်းသမားက ပြောလိုက်သည်။

"ခြောက်ယောက်ပါပဲလေ၊ သေသေချာချာကြည့်စမ်းပါဦး"

သူ့နောက်ကျောဘက်မှ စကားသံပေါ်လာသည်။

ထိုအချိန်မှာပင် တောင်ကြားလမ်း၏ ဝဲယာဘေးရှိ ကျောက်တုံးများအကြားမှ သိုင်းသမား လူကြမ်းတစ်ယောက်စီ ခုန်လွှားထွက်လာကြသည်။ တစ်ယောက်ကပုဆိန်ကိုင်ထားပြီး ကျန်တစ်ယောက်က ခက်ရင်းခွလက်နက် ကိုင်ထားသည်။

နောက်သို့ လှည့်မကြည့်သော်လည်း သူ့နောက်ကျောတွင်ရှိနေသူ၏လက်ထဲတွင် ဝံပုလွေတုတ် ကိုင်ထားမည်ကို ဝတ်စုံဖြူဝတ်သိုင်းသမားသိသည်။

ဝံပုလွေရိုင်းခြောက်ယောက်တို့အကြောင်း သူကြားဖူးထားသည်။ ဝံပုလွေရိုင်းဟူ အမည်ခံထားသောသိုင်းသမားဆိုးခြောက်ယောက်တို့သည် တူညီဝတ်စုံများဝတ်ပြီး မတူသောလက်နက်များကို ကိုင်စွဲကြရာတွင် အငယ်ဆုံး ဓံပုလွေရိုင်း ၆-က ဝံပုလွေတုတ်ကိုင်စွဲကြောင်း သူသိထားသည်။

"ငါတို့ညီနောင်တွေကို သိနေမှတော့ ငါတို့ရဲ့ ထုံးစံကိုလဲ နားလည်မှာပေါ့"

ဝံပုလွေရိုင်း(၆)၏ ပြောသံကို ဝတ်စုံဖြူဝတ် သိုင်းသမား ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေရိုင်း(၆)ဖော်သည် ထူးခြားသော သိုင်းသမား များဟု ဆိုရပေမည်။

သူတို့အလုပ်က အလွယ်ပြောရလျှင် လမ်း မားပြတိုက် ခြင်းဖြစ်သည်၊ သို့သော် ထူးခြားသည်မှာ သူတို့သည် သာမန်အရပ်သူ အရပ်သားများကို အန္တရာယ်မပေး၊ သိုင်း သမားများကိုသာ လုယက်သည်။

သိုင်းသမားများသာ သွားလာကြသည့် စိတ်ကြိုက် တောင်ကြားလမ်းသည် ဝံပုလွေရိုင်း(၆)ဖော်တို့ အတွက် စိတ်ကြိုက် ဈေးချောက်နေရာလိုဖြစ်နေ၏။ ထိုတောင်ကြား လမ်းတွင် အခြေစိုက်နေထိုင်ကာ ရောက်လာကြသည့် သိုင်း သမားများကို လမ်းမှတားပြီး လုယက်ကြသည်။

သူတို့၏ လုယက်တိုက်ခိုက်ပုံကလည်း တစ်မူဆန်းသည်၊ သူတို့ လုယက်မည့်သိုင်းသမားက လုယက်မှုကိုမကျေနပ် လျှင် သူတို့ထဲမှ တစ်ယောက်ယောက်ကို စိတ်ကြိုက်ရွေး ကာ စိန်ခေါ်တိုက်ခိုက်နိုင်သည်။ နိုင်လျှင် သူတို့က ဘာမျှ အနှောင့်အယှက်မပေးတော့။ ကောင်းစွာပင် ဧည့်ခံကျွေး မွေးကာ တောင်ကြားလမ်းအဆုံးသို့ပင် လိုက်ပို့ပေးကြ သည်။

ရှုံးလျှင်မူ ပါလာသမျှ ပစ္စည်းများအားလုံး (တစ်ခါ တစ်ရံတွင် အဝတ်အစားများပါမကျန်) သူတို့လက် အပ် ကြရသည်။ တောင်ကြားလမ်းကို မဖြတ်ကျော်ရဘဲ လာ လမ်း ပြန်ကြရသည်။



စိန်ခေါ်တိုက်ခိုက်ခြင်း မပြုလိုလျှင်မူ ပါလာသည့် ပစ္စည်း တစ်ဝက်ခွဲကာ သူတို့လက် အပ်ရသည်။ ထိုသို့ ပေးအပ်ပြီးနောက် တောင်ကြားလမ်းကို ဖြတ်၍ ခရီး ဆက်သွားနိုင်သည်။

သိုင်းလောက၏ ထုံးစံအတိုင်း စိန်ခေါ်ကာ 'နိုင်ကြေး' အဖြစ် ပစ္စည်းများ ရယူနေခြင်းဖြစ်ရာ ဝံပုလွေရိုင်း(၆) ယောက်တို့ကို လမ်းမားပြများဟု အတိအလင်း သတ် မှတ်ရန်ကလည်း ခက်နေသည်။

သူတို့၏ လုပ်ဆောင်မှုသည် လုယက်ကြခြင်း ဖြစ်သော် လည်း လမ်းမှန် သိုင်းသမားများအနေဖြင့် တိုက်ခိုက်ချေ မှုန်းရန် အကြောင်းပြချက်မရှိသလို ဖြစ်နေ၏။

ဝံပုလွေရိုင်း (၆)ဖော်တို့၏ ထူးခြားသော စိတ်ကြိုက် စိန်ခေါ်မှုဖြင့် လုယက်နေခြင်းကိုအကြောင်းပြုကာ အမည် မရှိသော ထိုတောင်ကြားလမ်းကို သိုင်းလောကတွင် 'စိတ် ကြိုက် တောင်ကြားလမ်း' ဟူ၍ တစ်မျိုး၊ 'ဝံပုလွေတောင် ကြားလမ်း' ဟူ၍ တစ်သွယ် ခေါ်ဝေါ်နေကြခြင်း ဖြစ်၏။

ယခု ဝတ်စုံဖြူဝတ် သိုင်းသမားမှာလည်း ဝံပုလွေရိုင်း (၆)ယောက်တို့နှင့် တွေ့နေရလေပြီ။ သူတို့၏ ထူးခြား သော စိတ်ကြိုက် စိန်ခေါ်မှုကို ရင်ဆိုင်ရပေတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...သိပါတယ်"

ဝတ်စုံဖြူဝတ် သိုင်းသမားက ပြန်အဖြေပေးသည်။

"အေး...ငါတို့ ထုံးစံကို သိနားလည်တယ်ဆိုရင် မင်း စိတ်ကြိုက် ရွေးချယ်ပေတော့"

မားမောက်ကိုင်ထားသော ဝံပုလွေရိုင်း(၁)က ပြောသည်။

ဝတ်စုံဖြူဝတ်သိုင်းသမားသည် အင်္ကျီရင်ဘတ်အိတ်ထဲမှ အိတ်ရှုံ့နှစ်အိတ်ကို ထုတ်ယူလိုက်၏။

"ကျွန်တော့်ဆီမှာ ငွေတုံးဆယ်တုံး ပါလာပါတယ်၊ အိတ်နှစ်အိတ်ခွဲပြီး ငါးတုံးစီထည့်ထားပါတယ်၊ ဝံပုလွေရိုင်း ခြောက်ယောက်နဲ့ ဆုံတွေ့ရတဲ့ အထိမ်းအမှတ် အနေနဲ့ ငွေတုံးငါးတုံးပါတဲ့ အိတ်တစ်အိတ်ကို လက်ဆောင်ပေးခဲ့ပါ့မယ်၊ အဝတ်အစားနဲ့ ရိက္ခာခြောက် နည်းနည်းရယ် မားရှည်ရယ်ကိုတော့ ဝံပုလွေရိုင်းတွေ စိတ်ဝင်စားကြမယ် မထင်ပါဘူး"

ဝတ်စုံဖြူဝတ်သိုင်းသမားက အိတ်ရှုံ့နှစ်ခုကို မြှောက်ပြကာ ပြောသည်။ အိတ်ရှုံ့တစ်ခုကို ပြန်သိမ်း၍ တစ်အိတ်ကို ညာလက်ထဲတွင် ကိုင်ထားသည်။

ဝံပုလွေရိုင်းများ အတော်လေး သဘောကျသွားကြသည်။

စိန်ခေါ်တိုက်ခိုက်ခြင်း မပြုဘဲ ပစ္စည်းတစ်ဝက်ခွဲပေးရန် အသာတကြည် သဘောတူလက်ခံသည့်အပြင် ပါလာသော ငွေထုံးများကို ကြိုတင်ကာ အိတ်ရှုံ့နှစ်ခုထဲ ခွဲထည့်



သည်မှာ သူတို့နှင့်ဆုံတွေ့လျှင် ပေးလိုက်ရန် ပြင်ဆင်ထားမှု ဖြစ်သောကြောင့် သူတို့အပေါ် အလေးထားရာလည်း ရောက်နေသည်မဟုတ်ပါလား။

"ကောင်းပြီလေ၊ ဒီလို သိတတ်တာ အဆင်ပြေဆုံးပေါ့"

ဝံပုလွေရိုင်း (၁)က ကျေနပ်သည့် အမူအရာနှင့် ပြောသည်။

"ငွေတုံး ငါးတုံးကို ဝံပုလွေရိုင်း ခေါင်းဆောင်ကြီးရဲ့ လက်ထဲ ကိုယ်တိုင် ပေးအပ်ချင်ပါတယ်၊ ခွင့်ပြုနိုင်ပါ့မလား ခင်ဗျား"

"ရပါတယ်...ရပါတယ်"

ဝတ်စုံဖြူဝတ် သိုင်းသမားက ဦးမသိမသာ ညွှတ်ကာ ပြောရာ ဝံပုလွေရိုင်း(၁)လည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျေနပ်စွာ ခွင့်ပြုသည်။

ဝတ်စုံဖြူဝတ်သိုင်းသမား ရှေ့ဆက် လျှောက်လှမ်း၏။ ငွေငါးတုံးထည့်ထားသော အိတ်ရှုံ့လေးကို ဘယ်ညာလက်နှစ်ဖက်ဖြင့် အသာကျွင် ပင့်မြှောက်ထားသည်။

ဝံပုလွေရိုင်း(၁)သည် လက်ဆောင်ပဏ္ဏာ ဆက်သခြင်းကို ခံယူတော့မည့် ကေရာဇ်တစ်ပါး၏ ဟန်ပန်မျိုးဖြင့် မြိန့်မြိန့်ကြီးရပ်နေသည်။

သူ့နောက်တွင်ရှိနေသော ဝံပုလွေရိုင်း နှစ်နှင့်သုံးတို့ကလည်း အမတ်ကြီးများ၏ ဟန်ဟိတ်ကိုယူနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေရိုင်းခြောက်က ဝက်စုံဖြူဝတ် သိုင်းသမား၏ နောက်ဘက်မှကပ်ကာ လိုက်ပါလာ၏။ ဝံပုလွေရိုင်း လေးနှင့်ငါးတို့က ဝက်စုံဖြူဝတ်သိုင်းသမား၏ ဝဲယာတစ်ဖက်စီမှ ရံ၍သွားကြ၏။

ဝံပုလွေရိုင်းတစ်၏ရှေ့ လက်တစ်ကမ်း ကျော်ကျော်လောက်အကွာတွင် ဝက်စုံဖြူဝတ်သိုင်းသမား ရပ်တန့်သည်။

"ဟောဒီမှာ ငွေတုံး ငါးတုံးပါခင်ဗျာ"

ဝက်စုံဖြူဝတ်သိုင်းသမားက အိတ်ရှည်ထဲမှ ငွေစင်တုံး တစ်တုံးချင်းစီထုတ်ပြ၏။ သန့်စင်သော ပထမတန်းစား ငွေစင်တုံးများ ဖြစ်သည်။ အရောင်တဖိတ်ဖိတ် တောက်နေသည်။

အကောင်းစား ငွေစင်တုံးသုံးတုံး ထုတ်ယူပြသပြီးသည်တွင် ဝက်စုံဖြူဝတ်သိုင်းသမား၏ ဘယ်ညာ လက်နှစ်ဖက်သည် လျှပ်ပြက်သလို လျင်မြန်စွာလှုပ်ရှားသွား၏။

ဘယ်လက်ထဲရှိ ငွေစင်တုံးသုံးတုံးကို ဝံပုလွေရိုင်းလေးထံ လှမ်းပစ်သည်။

ညာလက်တွင် ကိုင်ထားသော ငွေစင်တုံးနှစ်တုံးရှိနေသေးသည့် အိတ်ရှည်နှင့် သူ့ညာဘက်တွင်ရပ်နေသည့်ဝံပုလွေရိုင်း ငါးထံ ပစ်လွှတ်၏။

ဝံပုလွေရိုင်းခြောက်ယောက်တို့သည် ခေသူများ မဟုတ်ကြ။ သိုင်းသမားများကို ထူးခြားသော စိန်ခေါ်မှုနည်းဖြင့်



ရင်ဆိုင်ယှဉ်ပြိုင်ကာ လုယက်နေကြသူများဖြစ်ကာ သိုင်းပညာ အတော်ကောင်းသည်။

ရင်ဆိုင်တိုက်ခိုက်မှု အတွေ့အကြုံတွေလည်း များပြားသည်။

သို့သော် ယခု ဝကဖော်ည်းကယဉ်ဆိုသလို မိမိတို့ဘက်မှ လူအင်အားသာလွန်လျက်၊ ဝက်စုံဖြူဝတ် သိုင်းသမားကိုလည်း မိမိတို့လူသုံးယောက် ဝန်းရံထားသလို ရှိနေသည့် အခြေအနေတွင် ယည်လိုတိုက်ခိုက်မှုမျိုး ပေါ်ပေါက်လာလိမ့်မည်ဟု လုံးဝ ထင်မထားကြပေ။

ဝက်စုံဖြူဝတ် သိုင်းသမားမှာလည်း ဟိတ်ဟန်ပင် မရှိလှဘဲ အညံ့ခံ အရှုံးပေးကာ ငွေတုံးတစ်ဝက်ကို ပေးအပ်ရန် သဘောတူထားကာ ရိုရိုသေသေ လာပေးနေသည့်အတွက် ကျေနပ်ပီတိဖြစ်ကာနေကြသည်။

ဝက်စုံဖြူဝတ်သိုင်းသမား၏ ဝဲယာနှင့် အနောက်ဘက်တို့တွင် ဝန်းရံထားကြသော ဝံပုလွေရိုင်းသုံးယောက်ပင် မိမိတို့၏တာဝန်ကို မေ့လျော့ကာ ပေါ့ပေါ့ဆဆ ရှိနေသည်။

ဝက်စုံဖြူဝတ်သိုင်းသမား၏ လျှပ်ပြက်သလို လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်လိုက်မှုသည် ဝံပုလွေရိုင်းများကို ကောင်းကောင်းကြီး အငိုက်မိသွားစေသည်။

ငွေစင်တုံး သုံးတုံးစလုံး ဝံပုလွေရိုင်းလေးကို ထိမှန်၏။ အချက်အချာ သွေးကြောကွက်နေရာများချည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေရှိုင်းငါးမှာလည်း ချက်ကောင်းနေရာကို အိတ်ရှုံ့အထိခံရသည်။

နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် လဲကျကုန်ကြစမြဲ။

ဝံပုလွေရှိုင်း လေးနှင့်ငါးတို့ကို လျှပ်တစ်ပြက် တိုက်ခိုက်ပြီးနောက် ဝတ်စုံဖြူဝတ်သိုင်းသမားသည် ကိုယ်ကို ချာခနဲ လှည့်လိုက်သည်။ သူ့နောက်ဘက်တွင် ရှိနေသော ဝံပုလွေရှိုင်းခြောက်ကို လက်ဝါးတစ်ချက် ခပ်သွက်သွက်လှမ်းရိုက်သည်။

အရှေ့ဘက်ကိုတိုက်ခိုက်ပြီး အနောက်ဘက်လှည့်ကာ တိုက်ခိုက်သောနည်းသည် အလွန်ပင် ရိုးစင်းသည့် တိုက်နည်းပရိယာယ်ဖြစ်သည်။ အရိုးသား အရှင်းလင်းဆုံးသော တိုက်ခိုက်မှု နည်းလမ်းများသည် အခါများစွာပင် အထိရောက်ဆုံးဖြစ်တတ်သည်။

သူ၏လက်ဝါးရိုက်ချက်သည် သွက်လက်သလောက်အားလည်းပြင်းသည်။ လက်ဝါးရိုက်ချက် တစ်ချက်ဆို ဆိုသလောက် ထိရောက်မှုရှိသည်။

တစ်ဖက်လူများတွင် ဝံပုလွေရှိုင်းခြောက်သည် ဝတ်စုံဖြူဝတ်သိုင်းသမားနှင့် အနီးကပ်ဆုံးဖြစ်သည်။ ပြီးတော့ အပေါ့ဆဆုံးလည်းဖြစ်သည်။

ဝတ်စုံဖြူဝတ်သိုင်းသမားက သူ့ကို ကျောခိုင်းထားသောကြောင့် ဝံပုလွေရှိုင်းခြောက်သည် အထူးပင် စိတ်ချလက်ချရှိနေသည်။ စာမှ ကြိုတင်ပြင်ဆင်မထား။ စိတ်



လက် ပေါ့ပေါ့ပါးပါးနှင့် အေးအေးဆေးဆေးရပ်၍နေသည်။

ဝံပုလွေရှိုင်း လေးနှင့်ငါးတို့ အတိုက်ခံရသည်ကိုပင် ချက်ချင်း သတိမပြုမိ။ သူ သတိပြုမိလိုက်သည့်အချိန်တွင်တော့ ဝတ်စုံဖြူဝတ်သိုင်းသမား၏ လက်ဝါးရိုက်ချက်က သူ့ရင်ဝကို ကျကျနန ဆိမ်ရိုက်မိသွားလေပြီ။

ဝံပုလွေရှိုင်းခြောက်မှာ အော်သံတစ်ချက်မျှမပြုနိုင်။

ကြိုးပြတ်သော စွန်တစ်ခုလို လွင့်စဉ်ထွက်သွားသည်။ မြေကြီးပေါ် ပက်လက်လန်လဲကျသည်။ မလှုပ်နိုင်တော့။

* * *

ဝံပုလွေရှိုင်း (၁)၊ (၂)နှင့် (၃)တို့သည် မထင်မှတ်သော လှုပ်ရှားတိုက်ခိုက်မှုများကြောင့် အကြီးအကျယ်အံ့သြကုန်ကြသည်။ မှင်တက်မိသလိုဖြစ်လျက် ငေးကြောင်ကြည့်နေမိကြသည်။

ဝတ်စုံဖြူဝတ် သိုင်းသမားသည် ဝံပုလွေရှိုင်း(၆)ကို လက်ဝါးဖြင့် ရိုက်ချပြီးနောက် ကျန်နေသေးသူ (၃) ယောက်ဘက် ပြန်မျက်နှာမူသည်။

ကိုယ်အလှည့်တွင် မားရှည်ကိုဆွဲထုတ်သည်။ ထို့နောက် ဝံပုလွေရှိုင်း (၁)ကို စလွယ်သိုင်း ပိုင်းချသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားချက်ကလည်း မြန်သည်။

ဓားရောင် လက်နေ့ဖြစ်သည်။

သို့သော် ပစ်မှတ်ကိုတော့ မခုတ်မိပါ။ ဝံပုလွေရိုင်း (၁)၏ ကိုယ်ခန္ဓာ ဘယ်ဘက်သို့ယိမ်းလျက် အသာနောက်ဆုတ်သွားသည့်အတွက် ဓားချက်သည် လေကိုသာ ခုတ်မိသွားသည်။

တကယ်တော့ ဝံပုလွေရိုင်း(၁)မှာ ငေးကြောင်နေဆဲဖြစ်၏။ တိုက်ခိုက်မှု အတွေ့အကြုံများစွာရှိသည့် ဝါရင့်သမ္ဘာရင့် သိုင်းသမားကြီးတစ်ယောက်မို့ အန္တရာယ်ကြုံသောအခါ ဒီလိုအလျောက် တုံ့ပြန်လှုပ်ရှားကာ ရှောင်တိမ်းသွားနိုင်ခြင်းဖြစ်သည်။

ဝတ်စုံဖြူဝတ် သိုင်းသမားမှာလည်း တစ်ဖက် ရန်သူ (၃)ယောက်ကို တစ်ခဏအတွင်း အနိုင်ယူချေမှုန်းပစ်နိုင်ခဲ့သည့်အတွက် သည်တစ်ယောက်ကိုလည်း အနိုင်ရမည်ဟု အထင်ကြီးစိတ်ဝင်ကာ ဓားချက်တွင် ပေါ့ဆ လစ်ဟာမှုများ ရှိနေခဲ့၏။

အကယ်၍ ဝတ်စုံဖြူဝတ်သိုင်းသမားကသာ သေသေချာချာ ဖိဖိစီးစီး အားပြည့်အင်ပြည့်သုံးကာ ခုတ်ပိုင်းခဲ့လျှင် ဝံပုလွေရိုင်း(၁)အနေဖြင့် လွတ်အောင်ရှောင်နိုင်ကောင်းမှ ရှောင်နိုင်ပေလိမ့်မည်။

ဝံပုလွေရိုင်း (၁) အတိုက်ခိုက် ခံရတော့မှ ကျန်နှစ်ယောက်လည်း ကြောင်အမ်းအမ်းဖြစ်နေရာမှ သတိပြန်ဝင်



လာသည်။ ဝတ်စုံဖြူဝတ်သိုင်းသမားကို ဝင်တိုက်ခိုက်ကြသည်။

ဝံပုလွေရိုင်း(၂)က တုတ်ရှည်ဖြင့်သိမ်းရိုက်၏၊ ဝံပုလွေရိုင်း(၃)က လှံတံဖြင့် လှမ်းထိုးသည်။

ဝတ်စုံဖြူဝတ်သိုင်းသမားက ဓားရှည်ကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ်ခံကာ ဝေ့ယမ်းလျက် တစ်ဖက်လူနှစ်ယောက်၏ တိုက်ချက်များကို ခုခံသည်။

"ထန်း....ဖန်း"

လက်နက်ချင်းထိတွေ့သံများထွက်ပေါ်လာသည်။ တုတ်ရှည်နှင့် လှံတံတို့ကို ဓားရှည်ဖြင့် ခံဆောင်ရိုက်ထုတ်ပစ်နိုင်သည်။

"ဟိတ်"

ထိုအခိုက် ဝံပုလွေရိုင်း(၁)က မာန်သွင်းသံ တစ်ချက်ပြုကာ ဓားမောက်ကြီးဖြင့် လှမ်းခုတ် တိုက်ခိုက်လာပြန်သည်။

ရန်သူ (၂)ယောက်၏ တိုက်ခိုက်မှုများကို အသေအလဲ ခုခံနေရသော ဝတ်စုံဖြူဝတ်သိုင်းသမားမှာ ဝံပုလွေရိုင်း(၁)၏ ဓားမောက်ကို ခံဆောင်ခြင်းပြုရန် အခွင့်မသာတော့။

ကမန်းကတန်းပင် ခုန်လွှားရှောင်တိမ်းရသည်။

ဓားမောက်ကလည်းချက်ချင်းပင်ခုတ်ချက်လမ်းကြောင်းပြောင်းသည်။ ဝတ်စုံဖြူဝတ်သိုင်းသမား ရှောင်သွားရာနောက်သို့ ဓားမောက်က လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တုတ်ရှည်နှင့် လှံတံတိုက်ချက်များကလည်း ထပ်မံ ဝင်ရောက်လာကြပြန်လေပြီ။

ဝတ်စုံဖြူဝတ်သိုင်းသမားမှာ ဝံပုလွေရိုင်းသုံးယောက်တို့၏ လက်နက်သုံးမျိုး အကြားတွင် ညှပ်ပူးညှပ်ပိတ် အမိခံရသလို ဖြစ်နေသည်။

ဝိုင်းညှပ်တိုက်ခိုက်လာသော လက်နက်သုံးခု အကြားမှ အတင်းထိုးဖောက်ထွက်ရန် ဝတ်စုံဖြူဝတ် သိုင်းသမားက ကြိုးစားသည်။ ရင်ဆိုင်ခြင်းမပြုတော့။ ခုခံဖို့လည်း စိတ်မကူး။

လက်နက်များ အထိမခံရအောင်သာ ရှောင်လျက် ခုန်လွှား ပြေးထွက်သည်။

ထုတ်ရှည်ရိုက်ချက်မှ ပွတ်ကာသီကာ တိမ်းရှောင်နိုင်၏။ ဓားမောက် ခုတ်ချက်မှလည်း သီသီကလေး ကပ်ကာ လွတ်သည်။

သို့ရာတွင်....

လှံတံထိုးနှက်ချက်ကိုတော့လွတ်လွတ်ကျွတ်ကျွတ်မရှောင်နိုင်။ လှံဖျားသည် ဝတ်စုံဖြူ ဝတ်သိုင်းသမား၏ ညာဘက်ပေါင်ကို ရှပ်ကာထိမိသည်။

ဒဏ်ရာသိပ်မပြင်းပါ။

ပေါင်သားတွင် စပါးလုံးတစ်ထောက်သာသာလောက် စူးဝင်ကာ သုံးလက်မကျော်ကျော်လောက် ခြစ်မိသွားခြင်းဖြစ်သည်။



သိပ်မပြင်းလှသော ထိုဒဏ်ချက်ကြောင့် ဝတ်စုံဖြူဝတ်သိုင်းသမား၏ လှုပ်ရှားမှု တစ်ချက်ဘိုနှေးသည်။

သူရင်ဆိုင်နေရသည်မှာ သိုင်းပညာထက်မြက်ပြီး ရက်စက်သော သိုင်းသမားလူကြမ်းကြီးများဖြစ်ပေရာ တစ်ချက်ဘိုနှေးမှုလေးက ဝတ်စုံဖြူကို တိုက်ပွဲ အဆုံးအဖြတ်ပေးသွားခဲ့သည်။

ဆင့်ကဲ ဝင်လာသော တိုက်ချက်များ ဝတ်စုံဖြူဝတ်သိုင်းသမားကို လွှမ်းမိုးသည်။

ကြိုးစားကာ ရှောင်နေသည့် ကြားကပင် ဘယ်ဒူးခေါင်းကို တုတ်ရှည်ရိုက်ချက် မိသည်။ ယိမ်းယိုင်အသွား လှံတံထိုးချက်က ညာပေါင်ရင်းတွင် ခပ်နက်နက် စူးဝင်သွားသည်။

"အား"

ဝတ်စုံဖြူဝတ် သိုင်းသမား တောင့်မခံနိုင်။ စူးစူးဝါးဝါး အော်ဟစ်ရင်း ဘိုင်းခနဲ လဲကျသည်။ လဲအကျတွင် ခြေကန်ချက်တစ်ချက် ထပ်အထိခံရသည်။ မြေကြီးပေါ် သုံးလေးပတ်မျှ လိမ့်ထွက်သည်။

ဝတ်စုံဖြူ သိုင်းသမား လိမ့်ထွက်သွားရာသို့ ဝံပုလွေရိုင်း(၁) လွှားခနဲ ခုန်ကာ လိုက်သွားသည်။

"ကောင်ရှုပ်လေး...သေပေတော့"

ပါးစပ်မှ အော်ဟစ် ကြိမ်းဝါးရင်း အသေခုတ်ချရန် ဓားမောက်ကြီးကို မြှောက်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးတစ်ကောင် ကဆုန်စိုင်းကာ ပြေးဝင်လာ၏။

တရကြမ်းပြေးဝင်လာသောမြင်းကြီးသည် ဝံပုလွေရိုင်း သုံးယောက်တို့ကို ကိုယ်နှင့်ဝင်တိုက်သည်။

ဝံပုလွေရိုင်း သုံးယောက်တို့မှာ အာဂ သိုင်းသမားဆိုးများ ဖြစ်ကြသော်လည်း မြင်းတစ်ကောင်၏ တိုးဝင် တိုက်ခိုက်မှုကို တစ်ခါမျှ မကြုံဖူး။ ရုတ်တရက် ဘာလုပ်ရမည် မသိဘဲ အလန့်တကြားဖြင့် ရှောင်ကြရှားကြရ၏။

ဝံပုလွေရိုင်း(၁)မှာလည်း ခါးခေါက်ကြီးကို မြှောက်ကာ အပိုင်အနိုင် ခုတ်ပိုင်းချမည်ပြုပြီးမှ မခုတ်နိုင်တော့။ မိမိကို မြင်းကြီးဝင်မတိုးမိ မတိုက်မိစေရန် ဘေးသို့ အမြန်ခုန်လွှားရှောင်ထွက် သွားရလေသည်။

အပြင်းစိုင်းလျက် အတင်းတိုးဝင်လာသောမြင်းကြီးနှင့် ဝံပုလွေရိုင်း သုံးယောက်တို့ တိုးမိ တိုက်မိကြခြင်း မရှိပါ။

သို့သော်...

ဝတ်စုံဖြူဝတ် သိုင်းသမားမှာတော့ မြင်းကြီးပေါ် အမြန်တက်ကာ စီးနင်းလိုက်ပါသွားခဲ့လေပြီ။

ထိုမြင်းမှာ ဝတ်စုံဖြူဝတ် သိုင်းသမား စီးလာသော မြင်းညိုကြီးဖြစ်သည်။ သူ့သခင် ရန်သူ့လက်ချက် အမိခံရတော့မည်ကို သိနားလည်သည့်အလား မြင်းညိုကြီးသည် ခြေကုန်စိုင်းနှင်လာကာ ဝံပုလွေရိုင်း သုံးယောက်တို့ကို အတင်းတိုးဝင် တိုက်ခိုက်ခဲ့သည်။

မြင်းကြီး၏ တိုးဝင်တိုက်ခိုက်လာမှုကြောင့် ဝံပုလွေရိုင်း သုံးယောက်တို့ ဖရိုဖရဲ ဖြစ်ကုန်ကြချိန်တွင် ဝတ်စုံဖြူဝတ်



သိုင်းသမားသည် ဒဏ်ရာများရနေသည့်ကြားမှပင် အားအင်များ ဖျစ်ညှစ်သုံးကာ မြင်းကျောကုန်းပေါ် အရောက်တက်ကာ အလွတ်ရုန်း ထွက်ပြေးခြင်းဖြစ်သည်။

ဝံပုလွေရိုင်းများ ဟန့်တားရန် လက်လှမ်းမမီတော့။

ဝံပုလွေရိုင်း(၃)က မြင်းညိုကြီး၏ကျောကုန်းထက်တွင် ပါသွားသော ဝတ်စုံဖြူဝတ်သိုင်းသမားကို လှံဖြင့် လှမ်းပစ်သည်။

အတော်လှမ်းလှမ်းသို့ ရောက်နေသော်လည်း ဝံပုလွေရိုင်း(၃)မှာ လှံဘက်သိုင်းကို အထူးကျွမ်းကျင်ကာ လှံဘက်ပစ်လည်း အလွန်ကောင်းလှသောကြောင့် သူ ပစ်လွှတ်လိုက်သောလှံသည် ဝတ်စုံဖြူဝတ်သိုင်းသမားရှိရာသို့ တန်းတန်းမတ်မတ်ပင် အဟုန်ပြင်းစွာ ထိုးဝင်သည်။

“ဒုတ်....”

ဝတ်စုံဖြူဝတ် သိုင်းသမား၏နောက်ကျောကို လှံတံ ထိ စိုက်မိသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သူ သတိပြန်ရလာ၏။

နေလို့ထိုင်လို့ အတော်ကောင်းနေ၏။ ဒဏ်ရာများက လည်း နာနာကျင်ကျင် မရှိလှတော့။

ဒဏ်ရာရထားသည်ဟု သိသာနိုင်ရုံ အနည်းငယ်မျှသော နာကျင်မှုလေးတွေသာရှိနေ၏။

ခေါင်းထဲတွင်မူကြည်လင်ကာ လူမှာလည်း လန်းဆန်း နေ၏။

"သတိရလာပြီလား"

စကားသံတစ်ခု ကြားရသည့်အတွက် မှိတ်ထားသော် မျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်လိုက်၏။



သူ့ဘေးနားတွင် အဘိုးအိုတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။ အချိန်အခါကို သေသေချာချာမပြောနိုင်သော် လည်း ညရောက်နေသည်ကိုတော့ သိသည်။ မလှမ်းမကမ်း တွင် မီးပုံတစ်ခုရှိနေရာ ထိုမီးဖို၏အလင်းရောင်ဖြင့် မြင်သာ ထင်သာနေ၏။

မီးဖိုအလင်းရောင်မရောက်သောနေရာတွင်တော့ မှောင် ရိပ်များ ကြီးစိုးနေ၏။ သူသည် မြက်ပင်ခြောက်များကို ခင်းကာ အရေးပေါ်ပြုလုပ်ထားသော မွေ့ရာပေါ်တွင် လဲလျောင်းနေခြင်းဖြစ်သည်။

သူ့ကိုယ်ပေါ်ရှိ ဒဏ်ရာများကိုလည်း ဆေးထည့်ကာ ပတ်တီးများ စည်းထားသည်။ နာကျင်ခြင်း မရှိလှသည့် အတွက် ဒဏ်ရာများ သက်သာနေပြီဟု နားလည်သည်။ ဆေးကောင်းများထည့်ပေးထားကြောင်းကိုလည်းသိလိုက် သည်။

"ဘဘက ဘယ်သူလဲဟင်"

သိလိုစိတ်ဖြင့် မေးလိုက်မိ၏။

"လုကျွင်းဟန်ပါ"

သူ အတော်ပင် စိတ်လှုပ်ရှားသွားသည်။ ဤအမည်ကို လူ ကောင်းကောင်းသိထား၏။

"ဟို....ဟို....ပြိုင်ဘက်ကင်း သူတော်စင် လုကျွင်းဟန် လား"

သေချာအောင် ထပ်မေးမိသည်။

www.burmeseclassic.com

"သူများတွေက ခေါ်ကြ ပြောကြတာပါ၊ ကျုပ်အနေနဲ့ကတော့ ပြိုင်ဘက်ကင်း သူတော်စင်ရယ်လို့ မခံယူဝံ့ပါဘူး၊ ကျုပ်နာမည် လုကျောင်းဟန်ပါပဲ"

အဘိုးအိုက ခပ်ပြုံးပြုံးပြောသည်။

သူ ပို၍စိတ်လှုပ်ရှားလာ၏။ အရမ်းပင် ဝမ်းသာမိသည်။

ပြိုင်ဘက်ကင်းသူတော်စင် လုကျောင်းဟန်သည် ထူးဆန်းသော သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သည်။

သူ၏ 'မိုးမြေဝိဇ္ဇာဉ်အတွင်းအား' နှင့် 'ရောင်စဉ်သိုင်းပညာ'တို့သည် ကာကယ်မင် ယှဉ်နိုင်သူမရှိ ပြိုင်ဘက်ကင်းသည်။ သူ၏ သိုင်းပညာစွမ်းရည်နှင့်ဆိုလျှင် လုကျောင်းဟန်သည် သိုင်းလောကတွင် ဘုရင်တစ်ဆူအဖြစ် လွှမ်းမိုးနိုင်သည်။

သိုင်းလောက၏ အမှတ် (၁) သိုင်းသမား နေရာကို ပြိုင်ဘက်မရှိ ရယူထားနိုင်သည်။

သို့ရာတွင်....

လုကျောင်းဟန်သည် စိတ်နေစိတ်ထားသိမ်မွေ့သည်။ ဟိတ်ဟန်မရှိ။ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်များလည်းကင်းသည်။ ကြီးမားသော အန္တရာယ်အရေးအခင်းများ ပေါ်ပေါက်သည့်အခါများမှလွဲ၍ သိုင်းလောကတွင်ပါဝင်လှုပ်ရှားခြင်းမရှိ။

မိမိဘာသာ အေးအေးချမ်းချမ်း ရိုးရိုးကုပ်ကုပ်နေထိုင်သည်။



အကြောင်းကံသင့်က အကူအညီ လိုအပ်သူများနှင့်ဆုံလျှင် သူ တတ်နိုင်သမျှ ကူညီပေးလေ့ရှိသည်။ ထိုသို့ ဆုံတွေ့ကာ ကူညီစောင့်ရှောက်ပေးခဲ့သူများထဲမှ သင့်တင့် ဆီလျော်မည်ဟု ယူဆသော သူများကို သိုင်းကွက် တစ်ကွက်စ နှစ်ကွက်စ သင်ကြားပေး၏။

လုကျောင်းဟန်သင်ပေးသည်မှာ ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက်များဖြစ်ရာ သိုင်းကွက် တစ်ကွက်စ နှစ်ကွက်စ သင်ကြားရသည်နှင့်ပင် သိုင်းလောကတွင် လူတွင်ကျယ်လုပ်နိုင်ပေသည်။

တကယ်တော့ လုကျောင်းဟန်သည် တပည့်ဟူ၍သတ်သတ်မှတ်မှတ်လက်ခံကာ သိုင်းပညာ သင်ကြားပေးခြင်း မရှိသေးပေ။ လုကျောင်းဟန်၏တပည့်ဖြစ်လိုသူ သိုင်းသမားတွေကတော့ အများအပြားရှိနေပေသည်။

မိမိအနေဖြင့် ဝိပုလ္လရှိင်းများနှင့်ဘိုက်ခိုက်ခဲ့ရပြီး ဒဏ်ရာ အကြီးအကျယ်ရကာ အသက်လုထွက်ပြေးရင်း သတိလစ်သွားခဲ့ရာ မမျှော်လင့်ဘဲ ပြိုင်ဘက်ကင်းသူတော်စင် လုကျောင်းဟန်နှင့်ဆုံတွေ့ကာ ကူညီပြုစုပေးမှုခံယူရပေရာ ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက်တစ်ကွက်တလေ သင်ကြားနိုင်မည်က သေချာသလောက်ရှိသည့်အတွက် သူအတော်ကို ဝမ်းသာ၏။

သိုင်းကွက် တစ်ကွက်နှစ်ကွက်ထက်ပို၍ သင်ကြားနိုင်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားဖို့လည်း စိတ်ပိုင်းဖြတ်သည်။

www.burmeseclassic.com



"မင်းကကော ဘယ်သူလဲ"

လုကျင်းဟန်က မေးသည်။

"ကျွန်တော့်နာမည် ဖန်းတာ့ရင်၊ မုန်တိုင်းဂိုဏ်းကပါ။ ကျွန်တော် ဒဏ်ရာရထားလို့ ဘဘကိုထပြီး ဂါရဝမပြုနိုင်တာ ခွင့်လွှတ်ပါ"

"ရပါတယ်ကွာ၊ အထွေအထူး ဂါရဝ ပြုမနေပါနဲ့၊ မင်း မထနိုင်တာတော့ မဟုတ်ပါဘူး၊ ထနိုင် သွားနိုင် လှုပ်ရှားနိုင်နေပါပြီ"

လုကျင်းဟန်၏စကားကြောင့် သူ အံ့သြသွားသည်။

သူ ရခဲ့သော ဒဏ်ရာများသည် အတော်ကိုပြင်းထန်၏။ အသက်ပင် သေစေနိုင်လောက်သော ဒဏ်ရာများဖြစ်၏။ ဆေးကောင်းဝါးကောင်းများဖြင့် သေသေချာချာ ကုသပြုစုပေးက သက်သာသွားသည်ဆိုစေ အချိန်အတော်ကြာကြာတော့ အိပ်ရာထဲ လဲလျောင်းနေရပေမည်။

တော်တော်နှင့် သွားလာလှုပ်ရှားနိုင်မည် မဟုတ်သေး။

သူသည် လှဲအိပ်နေရာမှ 'ငေါက်'ခနဲ ထထိုင်ကြည့်သည်။ ထိုင်၍ရသည်။ ဘာမျှ နာနာကျင်ကျင်မဖြစ်။

"ကျွန်တော် သတိလစ်နေတာ ဘယ်နှစ်ရက်ကြာသွားပြီလဲ"

ရက်အတော်ကြာ ကုသခံရပြီးသောကြောင့် သည်လို သက်သာနေသလားဟုတွေးကာ မေးလိုက်မိသည်။



"ဘယ်နှစ်ရက်မှ မကြာသေးပါဘူး၊ ညနေစောင်းလောက်မှာ မင်းကိုတွေ့ရတယ်၊ အခု သန်းခေါင်ဆိုတော့ အလွန်ဆုံး ခုနစ်နာရီ ရှစ်နာရီလောက်ရှိလိမ့်မယ်"

* * *

"ကျွန်တော့်ကို ဘယ်နေရာမှာတွေ့တာလဲ"

"စိတ်ကြိုက်တောင်ကြားလမ်းရဲ့မြောက်ဘက် ငါးမိုင်လောက်အကွာမှာ ကျုပ်စခန်းချမယ်လုပ်နေတုန်း မြင်းညိုကြီးတစ်ကောင် ရောက်လာတယ်၊ မြင်းကျောကုန်းပေါ်မှာ လုံးဘန်းလန်းနဲ့ သတိလစ်ပါလာတဲ့ မင်းကိုတွေ့ရလို့ ကူညီထိုက်လို့ ကြုံတာပဲဆိုပြီး ဆေးကုပြုစုပေးခဲ့တာပဲ"

"ဘဘရဲ့ကျေးဇူး ကြီးလှပါတယ်၊ အချိန်တိုတိုလေးအတွင်း ကျွန်တော့်ကို အခုလိုပျောက်ကင်းအောင် ကုပေးနိုင်တယ်"

ချီးမွမ်း ကျေးဇူးတင်စကားပြောကာ ဦးချ ကန်တော့သည်။

"ကျုပ် ဗွမ်းလှလို့တော့ မဟုတ်ပါဘူး၊ မင်းကံကောင်းတာလဲ ပါတယ်၊ ကျုပ် တိဗက်က သေသူရှင်စေ နတ်ဂမုန်း ဥ သုံးခုရလာတာ မင်းကိုတစ်ဥတိုက်ကျွေးပြီး ကျုပ်ဆီမှာရှိနေတဲ့ ဒဏ်ကြေဆေးလေး၊ အားတိုးဆေးလေးဖြည့်သုံး ကုပေးထားလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ အရမ်းအံ့သြသွားမိပြန်သည်၊

'သေသူရှင်စေ နတ်ဆေးဂမုန်းဥ' ဆိုသည်မှာ သိုင်းလောကတွင် လူသိများနေသော အစွမ်းထက် ဆေးအမယ်ဖြစ်သည်။ ထိုဆေးဂမုန်းဥကို အရည်ကျိုတိုက်ကျွေးလျှင် သေနေသောသူပင် ရှင်စေနိုင်သည်ဟု ပြောစမှတ် ပြုကြသည်။

သို့သော် သေသူရှင်စေ နတ်ဆေးဂမုန်းဥ ရှာတွေ့သည်ဟု သူ မကြားဖူးသေး။ ထိုဆေးအမယ်သည် သိုင်းလောက၏ စိတ်ကူးယဉ် ဒဏ္ဍာရီများထဲမှ တစ်ခုသာ ဖြစ်မည်ဟု သူထင်ထားခဲ့၏။

"သေသူရှင်စေ နတ်ဆေးဂမုန်းဥက တကယ်ရှိတာလား"

မယုံနိုင်အောင်ဖြစ်၍ မေးမိသည်။

"တကယ်ရှိလို့ပဲ မင်းကို ကျိုတိုက်ခဲ့ပြီးပြီ၊ ဒီဆေးဂမုန်းဥကြောင့်မဟုတ်ရင် မင်းအခုလို ထူထူထောင်ထောင် ပြန်ဖြစ်ပါ့မလား"

"ဒီဆေးဂမုန်းဥက သေသွားတဲ့လူကို ပြန်ရှင်စေနိုင်သလားဟင် အဘ"

လုကျင်းဟွန်က တစ်ချက်ပြုံးလိုက်ကာ....

"မင်းလဲ စဉ်းစားဆင်ခြင်တတ်တာပဲ၊ သေသွားတဲ့လူကို ရှင်အောင်ပြန်လုပ်နိုင်တဲ့ဆေး ရှိပါ့မလား"

"ဒါဆို ဘာဖြစ်လို့ သေသူရှင်စေ နတ်ဆေးဂမုန်းဥလို့ ခေါ်ရတာလဲ"



"အသက်သေလုနီးပါးဖြစ်အောင် အခြေအနေဆိုးနေတဲ့လူကို စနစ်တကျ တိုက်ကျွေး ပြုစုပေးရင် နာလန်ထပြီး အသက်သာသွားနိုင်တာလောက်ပဲ ရှိပါတယ်၊ တင်စားပြီး နာမည်တပ်ထားကြတာပါ"

"ဒီဆေးဂမုန်းဥက အရမ်းရှားတယ်ဆို"

"ဟုတ်တယ်၊ ကျုပ်သိသလောက် ဒီသုံးဥပဲရှာတွေ့သေးတာ"

"ဘယ်နေရာက ဘယ်လိုရှာလို့ရတာလဲ"

"တိဗက်နယ်က ရေခဲတောင်တန်းပေါ်မှာ သုံးလလောက် လှည့်လည်သွားလာရှာဖွေပြီး ရလာခဲ့တာ"

တိဗက်နယ်၏ ရေခဲတောင်တန်းများသည် တစ်နှစ်ပတ်လုံး နှင်းများ ဖုံးနေကာ လေအေးများလည်း ကြမ်းကြမ်းတိုက်နေသောကြောင့် အလွန် အေးစိမ့်ကြောင်း သူသိထားသည်။

ထိုရေခဲတောင်တန်းပေါ်တွင် သုံးလကြာ သွားလာနေထိုင်ခဲ့သည်မှာ တော်ရုံတန်ရုံ စွမ်းရည်သတ္တိနှင့် မဖြစ်ပေ။ သိုင်းပညာအဆင့်မြင့်ကာ အတွင်းအားအလွန်ကောင်းပြီး ဇွဲလုံ့လလည်း ထက်သန်မှသာ ဖြစ်နိုင်သည်။

သို့ဖြင့် သေသူရှင်စေ နတ်ဆေးဂမုန်းရှိနိုင်မည့်နေရာကို စုံစမ်းရမှုကိုလည်း နှစ်ပေါင်းများစွာပြုလုပ်ရမည်ဖြစ်ရာ လုကျင်းဟန်အနေဖြင့် များစွာအချိန်ပေး၍ ကြိုးစားခဲ့ရမည်က သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြိုးစားပမ်းစားစုံမမ်းကာ စွန့်စားရှာဖွေ၍ခဲ့သည့် ဆေးဂမုန်းဥကို မိမိအတွက် ရက်ရက်ရောရော အသုံးချ ကုသပေးခဲ့သည့် လုကျင်းဟန်၏ ကြီးမြတ်သောစေတနာကို တွေးသိနားလည်ကာ ကြက်သီးဖြန်းဖြန်းထ၍မျက်ရည်များပင် လည်မိသည်။

"ဘဘရဲ့ ကျေးဇူးကတော့ ဆပ်မကုန်အောင် ကြီးမားလှပါတယ်၊ ဘဘအတွက် ကျွန်တော် ဘာလုပ်ပေးရ လုပ်ပေးရ အမြဲတမ်း အဆင်သင့်ပါပဲ"

သူက ပြောပြီး ရိုသေစွာ ဦးချကန်တော့ပြန်သည်။

"ထပါ...ထပါ၊ လောကကြီးမှာ ဖြစ်ပျက်နေကြတာတွေဟာ အကြောင်းကံ ဖန်တီးမှုကြောင့်ပါပဲ၊ ကျုပ်က ရှားပါးလှတဲ့ သေသူရှင်စေ နတ်ဆေးဂမုန်းဥကို ရှာတွေ့ပြီး ပြန်အလာ အပြင်းအထန် ဒဏ်ရာရထားတဲ့ မင်းနဲ့ ဆုံကြတာဟာလဲ အကြောင်းကံ ဖန်တီးမှုကြောင့်ပဲ....

"ကျုပ်လက်ထဲမှာ နတ်ဆေးဂမုန်းဥ မရှိရင် မင်းကို ဘယ်လိုမှ ကယ်တင်လို့ရနိုင်မှာမဟုတ်ဘူး၊ မင်းမှာ ကယ်တင် ကုသပျောက်ကင်းဖို့ အကြောင်းကံရှိနေလို့ ဒီလို တိုက်တိုက် ဆိုင်ဆိုင် ဖြစ်ပျက် ဆုံတွေ့ရတာပါ....

"မင်းရဲ့ကုသိုလ်ကြောင့်ပါပဲ၊ ကျုပ်ကို အထွေအထူး ကျေးဇူးတင်စရာ မလိုပါဘူး၊ ကဲ...မင်းလဲ ဆာနေလိမ့်မယ်၊ ညစာ စားလိုက်ပါဦး၊ ကျုပ်က သက်သတ်လွတ်စားတာမို့ အသားတော့ မပါဘူး၊ အားနာပါတယ်"



"ရပါတယ် ဘဘရယ်၊ ကိစ္စမရှိပါဘူး၊ ဒီလို စားသောက်ရတာကပဲ ကျေးဇူးကြီးလှပါပြီ"

* * *

နောက်တစ်နေ့နံနက် မိုးလင်းလာသည့်အခါ သူ့ဒဏ်ရာများသည် ပျောက်သလောက်ပင် ရှိသွားခဲ့သည်။ လုကျင်းဟန်အတွက် နံနက်စာကို သူက စီမံချက်ပြုတ်ပေးသည်။ မျက်နှာသစ်စရာ ရေနွေးကအစ လိုလေသေးမရှိ စီစဉ်၍ပေးသည်။

"ကျုပ်အတွက် ဝေယျာဝစ္စတွေ အထွေအထူးသောင်ရွက်ပေးစရာ မလိုပါဘူး၊ ကျုပ်က တစ်ယောက်တည်း သွားလာနေထိုင်တာဆိုတော့ ကိုယ့်ဘာသာ ဖြစ်သလိုနေတာ အကျင့်ရနေပါပြီ"

လုကျင်းဟန်က ပြောသည်။

"ဒါကတော့ ဒါပေါ့ ဘဘရယ်၊ ကျွန်တော် အတူရှိနေတုန်းတော့ ဘဘအတွက် လုပ်နိုင်တာတွေကို လုပ်ပေးပါရစေ၊ ဘဘ ပြောသလို အကြောင်းကံ ဖန်တီးလို့ ကျွန်တော်တို့ ဆုံတွေ့ကြရတာပဲ၊ ပြုစုနိုင်မယ့် အခြေအနေရှိတုန်း ကျွန်တော် ပြုစုပါရစေ"

သူ့စကားကြောင့် လုကျင်းဟန် ပြုံးပြုံးကြီး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ကြီးရွယ်အိုတစ်ယောက်မို့ သူ့ကို ရိုသေလေးစားမှုအတွက် သဘောတော့ကျမိသည်။

*  *  *

ပြိုင်ဘက်ကင်း သူတော်စင် လုကျင်းဟန်က ဝတ်စုံဖြူဝတ် သိုင်းသမားကို ရောင်စဉ် သိုင်းပညာရပ်တစ်ခု ဖြစ်သော မိုးသောက် လက်ဝါးသိုင်း၏ သိုင်းကွက်နှစ်ကွက် သင်ကြားပေးသည်။

မိုးသောက်လက်ဝါးသိုင်းသည် အားအင်ပြင်းထန်မှုကို ပျော့ပျောင်းညင်သာမှုနှင့် လွှမ်းခြုံထားသော ထူးခြားသည့် သိုင်းကွက်ဖြစ်သည်။ သိုင်းဟန်လှုပ်ရှားမှုညင်သာ၏။ ညက်ညောသည်။ ထိချက်ကတော့ ပြင်းထန်၏။ အားပြင်းသောထိချက် မနိုင်တီးနိုင်သော်လည်း အခြားသော အမြားခံ လက်ဝါးသိုင်းကွက်များလို လက်ဝါးရိုက်ချက်အရာ ထင်ကျန်ရစ်ခဲ့ခြင်းလည်းမရှိ။

ဝတ်စုံဖြူဝတ် သိုင်းသမားသည် လုကျင်းဟန် သင်ပြပေးသော မိုးသောက်လက်ဝါး သိုင်းကွက်နှစ်ကွက်၏ ရှုပ်ထွေး နက်နဲသော အတွင်းအား စုစည်းအသုံးချမှု သိုင်းဟန် အပြောင်းအလဲများကို အချိန်သိပ်မယူရဘဲ သုံးရက်မျှလောက် လေ့လာစဉ်းစားရုံနှင့် သဘောပေါက် နားလည်သည်။



အတော်လည်း ကျွမ်းကျင်အောင် လေ့ကျင့်နိုင်ခဲ့၏။

သူ့ကို လုကျင်းဟန် အတော်ပင် သဘောကျသွား၏။ လုကျင်းဟန်သည် အကြောင်းတိုက်ဆိုင်လာ ဆုံတွေ့ကူညီခဲ့ရသူများအနက်မှ သင့်လျော်မည်ဟု ယူဆရသူတို့ကို သူ၏ သိုင်းကွက် တစ်ကွက်၊ နှစ်ကွက်စ သင်ကြားပေးခဲ့ရာ မိုးသောက် လက်ဝါးသိုင်းလောက် ခက်ခဲနက်နဲ ရှုပ်ထွေးမှု မရှိသော သိုင်းကွက်များကို သဘောပေါက် နားလည်အောင်ပင် လေးငါးဆယ်ရက် စိတ်ရှည်ရှည်နှင့် ရှင်းလင်းပြောပြရသည်။

အတန့်အသင့် ကျွမ်းကျင်အောင်လည်း ဆယ်ရက် ဆယ့်ငါးရက်လောက် အနီးကပ် ကြီးကြပ်ပြသကာ လေ့ကျင့်စေခဲ့ရသည်။

ဝတ်စုံဖြူဝတ် သိုင်းသမားသည် ရောင်စဉ် သိုင်းပညာများ သင်ကြားလေ့ကျင့်ရန် သင့်လျော် အဆင်ပြေသည့် ကိုယ်ခန္ဓာအရိုးအဆစ်နှင့် သွေးသား အနေအထားများ ရှိနေသည့်ကို အကဲခတ်မိ၏။

သက်လတ်ပိုင်း အရွယ်ရောက် နေ ကာ ကျောဆစ် အတော်များများ ရင့်မာအခြေခိုင်နေမှု တစ်ခုသာ ပြောစရာရှိသည်။

သိုင်းလောကတွင် တပည့်ခံမည့်သူက ဆရာကောင်း လိုက်ရှာသလို ဆရာကလည်း တပည့်ကောင်းကို လိုက်ရှာနေမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်အစွမ်းထက်သိုင်းပညာအများစုကိုထွန်းထွန်း ပေါက်ပေါက် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လူတိုင်း လေ့ကျင့်၍မရ။ ထိုသိုင်းပညာနှင့်သင့်လျော်သော ကိုယ်ခန္ဓာအရိုးအဆစ်အနေအထားနှင့် သွေးသားအခြေအနေများရှိပြီး စိတ်နေစိတ်ထားကလည်း ထိုသိုင်းပညာ၏အခြေခံသဘောထားနှင့် အပ်စပ်မှသာဖြစ်နိုင်၏။

ပြိုင်ဘက်ကင်းသူတော်စင် လုကျင်းဟန်က တပည့်လက်မခံခြင်းမှာလည်း သိုင်းလေ့ကျင့်ရန် ဆီလျော်သည့်အချက်များနှင့် ပြည့်စုံသောသူ ရှာမရမှုကြောင့်ဟုလည်း ဆိုနိုင်သည်။

အကယ်၍ လုကျင်းဟန်အနေဖြင့် မိမိကွယ်လွန်သွားပြီး သောအခါ ရောင်စဉ်သိုင်း တိမ်ကောမသွားရအောင် ချန်ထားရစ်နိုင်မည့် အစီအစဉ်များကိုလုပ်ဆောင်ရန် စိတ်ကူးထားပြီးဖြစ်သဖြင့် ဝတ်စုံဖြူစတ်သိုင်းသမားကို တပည့်အဖြစ် လက်ခံမိကောင်း လက်ခံမိပေလိမ့်မည်။

ယခုမူ လုကျင်းဟန်သည် ရောင်စဉ်သိုင်းပညာကို ထိန်းသိမ်းထားလျက် သင်ကြားလေ့ကျင့်ရန် သင့်လျော်သည့် သိုင်းသမားလူငယ် "ပေါ်ပေါက်လာလျှင် လက်ဆင့်ကမ်းပေးရန် ရှောင်လင်ဂိုဏ်းအား အကူအညီတောင်းရန် စိတ်ကူးရလျက် သိုင်းကျမ်းကိုပင် သေသေချာချာ ရေးသားပြုစုထားပြီးပေပြီ။



သေသူရှင်စေနဟ်ဆေးဂမုန်းဥကို စွန့်စားရှာဖွေခဲ့ခြင်းမှာလည်း ရှောင်လင်ကျောင်းတော်ကို လက်ဆောင်အဖြစ်ပေးဖို့ဖြစ်၏။

သေသူရှင်စေ နတ်ဆေးဂမုန်းဥ ရှာဖွေရရှိခဲ့ရာ ရှောင်လင်ဂိုဏ်းသို့သွားကာ သိုင်းကျမ်း အပ်ထားဖို့ပင် ရှိပေတော့၏။

''သူ့ရဲ့ စိတ်နေစိတ်ထားကို အကဲခတ်ကြည့်ရမယ်၊ သူဟာ ရဲဝံ့တည်ကြည်ပြီး ဖြောင့်မတ်ရိုးသားတယ်ဆိုရင် သူသင်ယူ လေ့ကျင့်နိုင်သလောက် ရောင်စဉ်သိုင်းပညာ သင်ပေးလိုက်မယ်၊ ရောင်စဉ်သိုင်းကျမ်းကိုထိန်းသိမ်းပြီး လက်ဆင့်ကမ်းအမွေပေးတဲ့နေရာမှာ ရှောင်လင်ဂိုဏ်းကို ကူညီပူးပေါင်းဖို့လဲ သူ့ကိုပဲ မှာကြားခဲ့မယ်''

လုကျင်းဟန်က ဤသို့ စဉ်းစားခဲ့၏။

ထို့ကြောင့် အခါအခွင့်သင့်သလို ရောင်စဉ်သိုင်းပညာ၏သိုင်းကွက်များ သင်ကြားပေးခဲ့ရာတွင် နှစ်ကွက်ထက်ပို၍ သင်ပေးလေ့မရှိသော်လည်း ဝတ်စုံဖြူသိုင်းသမားကိုမူ သိုင်းကွက်အနည်းငယ်ထပ်သင်ပေးဖို့ ဆက်လက်လုပ်ဆောင်သည်။

ဤသို့ သင်ကြားပေးရင်း ဝတ်စုံဖြူ သိုင်းသမားနှင့် အချိန်ကြာကြာ အတူတူရှိနေပြီး စိတ်နေသဘောထား၊ အကျင့်စရိုက်များကို စူးစမ်းကြည့်ရှုသည်။

မူလက မိုးသောက်လက်ဝါးသိုင်းကွက်တစ်ကွက် ထပ်သင်ပေးဖို့စဉ်းစား၏။ သို့သော် မိုးသောက်လက်ဝါးသိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် သိုင်းကွက် (၅)ကွက်သာရှိပေရာ ပထမနှင့် ဒုတိယ သိုင်းကွက်များ သင်ပေးထားခဲ့ပြီး တတိယသိုင်းကွက် ထပ် သင်ပေးလျှင် မိုးသောက်လက်ဝါးသိုင်း တစ်ဝက်ကျော် ကျော် သင်ပေးသည့် အခြေအနေမျိုးဖြစ်သွားမည်ကို တွေး မိကာ ဆည်းဆာမေးသိုင်းကွက်နှစ်ကွက်ကိုသာ ဆက်သင် ပြပေးသည်။

ဆည်းဆာမေးသိုင်းကွက် နှစ်ကွက်ကို နှားလည် တတ် မြောက်သွားပြီးလျှင် ရောင်စဉ်သိုင်းပညာ၏ အဆင့်အမြင့် ဆုံးနှင့် အစွမ်း အထက်မြက်ဆုံးဖြစ်သော 'တံလျှပ် ကိုယ် ရိပ်ပွား ကိုယ်ဖော့ပညာ'၏ လှုပ်ရှားဟန်တစ်ကွက်ကို စမ်းသပ်သင်ကြားပေးရန် စိတ်ကူးထား၏။

တံလျှပ်ကိုယ်ရိပ်ပွား ကိုယ်ဖော့ပညာ၏ လှုပ်ရှားဟန် တစ်ကွက် သင်ယူမှု၏ ရလဒ်ပေါ်မူတည်ကာ ဆက်သက်၍ သိုင်းပညာ သင်ကြားပေးမှုကို ချင့်ချိန် ဆုံးဖြတ်မည်ဖြစ် သည်။

သို့ရာတွင်....

ဆည်းဆာမေးသိုင်း၏ သိုင်းကွက်တစ်ကွက်သာ သင်ပြ ပေးနိုင်ခဲ့သည်။

ဆည်းဆာမေးသိုင်း၏ ဒုတိယသိုင်းကွက်ကို အဖျိုး သင်ကြားပေးနေသည့်အချိန်မှာပင် အခြေအနေတွေအကြီး အကျယ် ပြောင်းလဲသွားခဲ့သည်။

*　*　*



နံနက်စာစားသောက်ရန် ထိုင်လိုက်သည်နှင့် လုကျင်း ဟန် အတော်လေး သဘောကျသွားသည်။

တို့ဟူးနွေး၊ မုန်ညင်းချဉ်နှင့် ပန်းမုန်လာဟင်းချို။

မြေပဲကြော်လေးလည်း ပါသေး၏။

လုကျင်းဟန်သည် တစ်ကိုယ်ကည်းနေရာအနှံ့ လှည့်လည် သွားလာနေခဲ့ရာ ဟင်းတိမ် ချောင့်ရဲတတ်သည့် သဘော ကလည်းရှိသည့်အတွက် ဖွယ်ဖွယ်ရာရာတွေ လုပ်ဆောင်စား သောက်ခြင်းမရှိ။

ရရာနှင့် ဖြစ်သလို စားသောက်သည်။

ဝတ်စုံဖြူဓတ်သိုင်းသမားနှင့် ဆုံမိကာ သိုင်းပညာသင် ပေးရင်း အတူခရီးသွားကြရာတွင်တော့ အစားအသောက် ကောင်းများ စားသောက်ရသည်။

တောထဲ တောင်ထဲတွင်သွားရသည့်အခါမျိုးတွင်ပင် ဝတ်စုံဖြူဝတ်သိုင်းသမားက တောထဲမှ သစ်သီးဝလံ၊ အသီး အရွက်များကို ရတတ်သမျှရှာကာ ဟင်းလျာဖြစ်အောင် အတတ်နိုင်ဆုံး စီမံချက်ပြုတ်ပေးသည်။

မြို့ရွာများ၏ အနီးအနားသို့ ရောက်လျှင်တော့ စား သောက်ဖွယ်ရာကောင်းများ ဝယ်ယူ ကျွေးမွေးသည့်အပြင် ရိက္ခာသဘောလည်း တတ်နိုင်သမျှ ဝယ်ယူသယ်ဆောင်ကာ ချက်ပြုတ်ကျွေးခဲ့သည်။

သည်နေ့ နံနက်စာမှာ ထိုသို့ ဝယ်ယူ သယ်ဆောင်လာ ခဲ့သော ရိက္ခာပစ္စည်းများနှင့် စီမံချက်ပြုတ်ထားခြင်း ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဖြူဝတ် သိုင်းသမား၏ အချက်အပြုတ်မှာ သိုင်းလောက်တော့ မကောင်းလှပါ။ သာမန်အဆင့်လောက်ပင် မရှိ၊ ဟင်းဖြစ်အောင် ချက်တတ်ရုံမျှ ဆိုရပေမည်။

ဖြစ်သလိုစားသောက် ရောင့်ရဲ တင်းတိမ်နေလာခဲ့သော လုကျွင်းဟန်အဖို့ကတော့ အတော်ပင် စားကောင်းနေ သည်။

"တကူးတက ချက်ပြုတ်မနေပါနဲ့ကွာ၊ ရတာနဲ့ ဖြစ်သလို စားသောက်လိုက်လဲ ပြီးတာပါပဲ"

လုကျွင်းဟန်က ပြောသည်။

"တကူးတက လုပ်တာ မဟုတ်ပါဘူး ဘဘ၊ ရတာနဲ့ ဖြစ်သလို ချက်ထားတာပါ၊ သုံးဆောင်ကြည့်ပါဦး၊ သိုင်းလောက်တော့ မကောင်းလှပါဘူး"

"ကောင်းပါတယ်ကွာ....ကောင်းပါတယ်"

လုကျွင်းဟန်က ပြင်ဆင်ထားသော နံနက်စာကို မြိန်ရှက်စွာ စားသောက်၏။ ဝတ်စုံဖြူဝတ် သိုင်းသမားက ဘေးတွင် ရပ်နေကာ လိုအပ်သည်များကို ဝတ်ဖြည့် လုပ်ဆောင်ပေးသည်။

စားနေသည့် တို့ဖူးနွေး ပန်းကန်တစ်ဝက် ကျော်ကျော်လောက် ကုန်သွားသောအခါ လုကျွင်းဟန်သည် ဆတ်ခနဲ မဟ်တတ်ထရပ်သည်။ သူ့မျက်နှာ အမူအရာက လည်း တစ်မျိုးဖြစ်နေသည်။

"ဘဘ....ဘာဖြစ်တာလဲဟင်"



ဝတ်စုံဖြူဝတ်သိုင်းသမားက အံ့ဩသွားဟန်ဖြင့် မေးလိုက်သေးသည်။

"မင်း...မင်း....အဆိပ်ခတ်...."

လုကျွင်းဟန်မှာ စကားကို ဆုံးအောင် မပြောနိုင်။ စကား တစ်ပိုင်းတစ်စမှာပင် မျက်ဖြူလန်ကာ ဘိုင်းခနဲ လဲကျသည်။

"စိတ်မကောင်းပါဘူး ဘဘ၊ ဘဘရဲ့ ရောင်စဉ်သိုင်းကျမ်းကို လိုချင်လို့ အခုလိုလုပ်ရတာပါ"

ဝတ်စုံဖြူဝတ် သိုင်းသမားက အဆိပ်သင့် လဲကျသွားသော လုကျွင်းဟန်ကို ခပ်လှောင်လှောင်ကြည့်ရင်း ပြောသည်။

* * *

ဝတ်စုံဖြူဝတ် သိုင်းသမားသည် အကြံကြီးသူ တစ်ယောက် ဖြစ်သည်။ အဆင့်မြင့်အစွမ်းထက် သိုင်းပညာများ သင်ကြားတတ်မြောက်လိုစိတ် ပြင်းပြသည်။ သိုင်းပညာစွမ်းဖြင့် သိုင်းလောကကို လွှမ်းမိုးလိုသောဆန္ဒ ထက်သန်သည်။

'မိုးမြေဝိညာဉ် အတွင်းအား' နှင့် 'ရောင်စဉ်သိုင်း'တို့ အကြောင်းတို့လည်း သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ မြိုင်ဘက်ကင်း သူတော်စင် လုကျွင်းဟန်နှင့် ဆုံမိသည်နှင့် မနော၀ိညာဉ် အတွင်းအားနှင့် ရောင်စဉ်သိုင်းကို ရရှိဘတ်မြောက်နိုင်ရေးအတွက် မဖြစ်မနေ ကြိုးစားရန် စိတ်ပိုင်းဖြတ်ခဲ့သည်။

လုကျွင်းဟန်က သူ့ကို ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် တစ်ကွက် နှစ်ကွက်ခသာက် သင်ပေးမည်ကိုလည်း သူသိသည်။ သူက သည်မျှလောက်နှင့် မကျေနပ်။

မိုးမြေဝိညာဉ် အတွင်းအားကို ရလိုသည်။ ရောင်စဉ်သိုင်းကိုလည်း အပြည့်အဝ တတ်မြောက်လိုသည်။ အစတွင်တော့ လုကျွင်းဟန် နှစ်သက်သဘောကျအောင် ဆောင်ရွက်ကာ တပည့်အဖြစ် လက်ခံရန် ကြံစည်ခဲ့သည်။

ထို့နောက် လုကျွင်းဟန်နှင့်အတူ ခရီးသွားရင်း လုကျွင်းဟန်က သူ၏ သိုင်းပညာများကို သိုင်းကျမ်း တစ်စောင်အဖြစ် ရေးသားထားပြီးကြောင်း စကားတစ်စွန်းတစ်စ နှိုက်ထုတ်စူးစမ်းကြည့်ရာမှ ခန့်မှန်းသိရှိခဲ့သည်။

ဤတွင် ဖြတ်လမ်းနည်းဖြင့် သိုင်းကျမ်းကို အရယူရန် ဆုံးဖြတ်ကာ လုကျွင်းဟန်ကို အဆိပ်ခတ်လုပ်ကြံခဲ့ခြင်း ဖြစ်ပေသည်။

လုကျွင်းဟန်သည် အတွေ့အကြုံ ကြွယ်ဝသော်လည်း စိတ်ထားကောင်းကာ ယုံလွယ်တတ်သောကြောင့် မြွေပွေးခါးပိုက် ပိုက်မိသလို ဖြစ်ရလျက် လုပ်ကြံခြင်း ခံခဲ့ရလေတော့သည်။

*  *  *



ဝတ်စုံဖြူဝတ် သိုင်းသမားသည် အဆိပ်သင့်လဲကျသွားသော လုကျွင်းဟန်၏ အနီးတွင် ဒူးထောက်ထိုင်ချ၏။ လုကျွင်းဟန်၏ ကိုယ်ပေါ်တွင် သိုင်းကျမ်းကို လိုက်ရှာ၏။

မတွေ့ရ။

စိတ်အတော် လှုပ်ရှားကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသေးသည်။

ထို့နောက် တစ်ခုတွေးမိကာ လုကျွင်းဟန်၏ ခရီးဆောင်အိတ် ထားရှိရာသို့ အမြန် ပြေးသွားသည်။ ခရီးဆောင်အိတ်ကို ဖွင့်ရှာကြည့်ရာ သိုင်းကျမ်းစာအုပ်ကို တွေ့ရသည်။

သူ အရမ်းကို ဝမ်းသာသွားသည်။

သူ့အကြံအောင်ပြီ မဟုတ်ပါလား။

အားရဝမ်းသာဟစ်ကြွေးကာ ထရျပင်ခုန်မိသည်။

ထို့နောက် အဆိပ်ခတ်လုပ်ကြံမှု အောင်မြင်လျှင် လုကျွင်းဟန်၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပေးရန် စိတ်ကူးရှိခဲ့သည့်အတိုင်း လုကျွင်းဟန် လဲကျသေဆုံးနေသည့်နေရာသို့ ပြန်လာသည်။

သူ အကြီးအကျယ် အံ့သြဘုန်လှုပ်သွား၏။

ထိုနေရာတွင် လုကျွင်းဟန်မရှိတော့။

*

www.burmeseclassic.com

## အခန်း (၃)

သိုင်းလောကရှိ သိုင်းသမားများသည် စိန်ခေါ်မှုများ၊ ရင်ဆိုင်တိုက်ခိုက်မှုများကို စိတ်ဝင်စားကြ၏။

အမည်မဲ့တောင်ကြားလမ်းတွင် အခြေစိုက်ကာ ထူးဆန်းသော စိန်ခေါ်မှု ပြုနေကြသော ဝံပုလွေရိုင်း ၅-ယောက်တို့၏ လှုပ်ရှားမှုများကို အထူးစိတ်ဝင်စားကြရာမှ ထိုတောင်ကြားလမ်းသည် သိုင်းလောကတွင် 'စိတ်ကြိုက်တောင်ကြားလမ်း'ဟူ၍ တစ်မျိုး၊ 'ဝံပုလွေတောင်ကြားလမ်း'ဟူ၍တစ်သွယ် ထင်ရှား လူသိများခဲ့သည်။

ထူးဆန်းသော စိန်ခေါ်မှု၏ ရင်ဆိုင် တိုက်ပွဲများအကြောင်းလည်း ပြောကြဆိုကြ သတင်း ဖလှယ်ခဲ့ကြသည်။



ထိုသို့ရှိနေခဲ့ရာမှ ဝံပုလွေရိုင်း ၆-ယောက်တို့၏ လှုပ်ရှားမှုများ ရပ်တန့်သွား၏။ သူတို့လူစု ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့၏။ ထူးဆန်းသော စိန်ခေါ်မှုသည်လည်း ဖြစ်ပေါ်မလာတော့။

ဤတွင် ထိုတောင်ကြားလမ်းသည် သိုင်းသမားများအဖို့ စိတ်ဝင်စားစရာမဟုတ်တော့။ တိဗက်ဒေသသို့ ခရီးသွားရာတွင် ဖြတ်လမ်းတစ်ခုအနေဖြင့်သာ ရှိတော့သည်။

ဝံပုလွေရိုင်း ၆-ယောက်တို့ပျောက်ကွယ်လျက် ထူးဆန်းသော စိန်ခေါ်တိုက်ခိုက်မှုများ နိဂုံးချုပ်သွားခဲ့ပြီး ၅-နှစ်အကြာတွင်မူ 'စိတ်ကြိုက်တောင်ကြားလမ်း' သို့မဟုတ် 'ဝံပုလွေတောင်ကြားလမ်း'ဟူသော အမည်ပင် မေ့မှိန်စပြုလာသည်။ ထိုတောင်ကြားလမ်းအကြောင်း သိုင်းလောကတွင် ပြောစရာ ဆိုစရာလည်း ဘာမျှမရှိတော့။

ဤအချိန်အခါမှာပင် ထိုတောင်ကြားလမ်း၏ မြောက်ဘက်လမ်းပေါက်နှင့် ၁၀-မိုင်ခန့်အကွာရှိ မြေပြန့်လွင်ပြင်လေးတစ်နေရာတွင် သိုင်းသမားများ စိတ်ဝင်စားသည့် လှုပ်ရှားလုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့သည်။

ထိုလှုပ်ရှားမှုများသည် 'သိုင်းဈေးပွဲတော်နေ့' ဟူ၍ သိုင်းလောကတွင် လူသိများလာခဲ့သည်။

မြို့ရွာဒေသများတွင် ဈေးနေ့များသတ်မှတ်ကာ ဈေးသည်များ ဈေးဖွင့် အရောင်းအဝယ်လုပ်သကဲ့သို့ သိုင်းသမားများနှင့် ပတ်သက်သည့် အရောင်းအဝယ်၊ အပေးအယူ၊ အငှားအရမ်းလှုပ်ရှားမှုများကို နေ့ရက် သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကာ လုပ်ဆောင်နေသည့်အတွက် 'သိုင်းဈေးပွဲတော်နေ့'တွ သိုင်းလောကတွင် လူသိများလာခြင်းဖြစ်၏။

ကျောက်မျက်ရတနာများ၊ အဖိုးတန် အကောင်းစား အဝတ်အထည်များ၊ ဆေးကောင်း ဝါးကောင်းများ၊ အဆက်တန်း လူသုံးပစ္စည်းများ စသည်တို့သည် ရှားပါး သော်လည်း ဆိုက်သင့်သော ဈေးနှုန်းပေးနိုင်ပါက မြို့ကြီး များရှိဆိုင်ကြီးများတွင် စိတ်တိုင်းကျ ဝယ်ယူနိုင်သည်။

ဝယ်ယူနိုင်ဖို့ ငွေကြေး လုံလုံလောက်လောက်ရှိရန်သာ လိုအပ်သည်။

သို့ရာတွင်....

အဆင့်မြင့် အစွမ်းထက်သိုင်းကျမ်းတစ်ဆူ၊ အတွင်းဒဏ် ကုသနိုင်သည့် ဆေးတစ်ဖုံ၊ အတွင်းအား လေ့ကျင့်နည်း တစ်မျိုး၊ သိုင်းလေ့ကျင့်မှုကို အချိန်တိုတိုနှင့်အောင်မြင်စေ နိုင်မည့် ဆေးကောင်းတစ်မယ်၊ ရှောင်တိမ်းပုန်းအောင်း နေသူကို ရှာဖွေရန် သတင်းလမ်းစတစ်ခု၊ မျိုးစပ်မွေးမြူ ထားသော အဆိပ်ကောင်တစ်ကောင် စသည်တို့ကိုမူ အဆက်အသွယ်ကောင်းမရှိ၊ အချက်ကိုသည်းမသိလျှင် ရွှေ လည်းဘာစ်စီးတိုက်ပုံပေးလျှင်ပင် ရနိုင်ဖို့အကြောင်းမရှိပါ။

အချက်သိ အထာပေါက်သော အဆက်အသွယ်များမှ တစ်ဆင့်သာလျှင် ရရှိနိုင်ပေသည်။

သိုင်းဈေးပွဲတော်နေ့ဘွင်မူ သိုင်းသမားတို့နှင့်ပတ်သက် သည့် ထိုသို့သော အရောင်းအဝယ်များကို လုပ်နိုင်သည်။ အဆက်အသွယ်ကောင်းများရရှိနိုင်သည်။



ထို့ကြောင့်လည်း သိုင်းဈေးပွဲတော်နေ့ လုပ်ရှားလုပ် ဆောင်မှုများသည်အချိန်တိုတိုအတွင်းမှာပင် သိုင်းလောက တစ်လွှား လူသိများလာခဲ့သည်။

သိုင်းဈေးပွဲတော်နေ့များတွင် သိုင်းသမားများ ညှိ ကားနေတတ်၏။

ဈေးနေ့များသည် ပုံမှန် သတ်မှတ်ချက် ရှိသော်လည်း သိုင်းဈေးပွဲတော်နေ့ကိုမူ ပုံမှန် ပြုလုပ်ခြင်းမရှိပါ။

မည်သည့်နေ့ရက်တွင် သိုင်းဈေးပွဲတော်ပြုလုပ်မည်ဖြစ် ကြောင်းသတင်းသည် ပြုလုပ်မည့်ရက်မတိုင်မီ တစ်လကြို တင်၍ သိုင်းလောကတွင် ပျံ့နှံ့လာသည်။ အရောင်းအဝယ် အပေးအယူ၊ အငှားအရမ်းလုပ်လိုကြသော သိုင်းသမား များက သတ်မှတ်ရက်တွင် သိုင်းဈေးပွဲတော် ကျင်းပရာ နေရာသို့ အရောက်သွားကြရုံသာရှိသည်။

သိုင်းဈေးပွဲတော်နေ့ ပြုလုပ်ရာ လွင်ပြင်ငယ်လေးကို လည်း 'သိုင်းဈေးလွင်ပြင်'ဟု သိုင်းသမားများက ခေါ် ဆိုလာကြသည်။

သိုင်းဈေးပွဲတော်နေ့ကို မည်သည့် သိုင်းဂိုဏ်း အဖွဲ့ အစည်းက ဦးစီးပြုလုပ်သည်ကိုတော့ တိတိကျကျ မသိကြ ရပေ။

သိုင်းဈေးပွဲတော်နေ့တွင် စီမံခန့်ခွဲသည့် လူကတော့ 'သိုင်းဈေးသည်ကြီး ဝမ်'ဖြစ်သည်။

သိုင်းဈေးသည်ကြီး ဝမ်သည် အသက်(၅၀)ခန့်ရှိ၏။ ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာစွမ်းပြီး လူရည်လည်း လည်သည်။ လူမှုဆက်ဆံရေး ကျွမ်းကျင်ကာ ပါးနပ်သည်။

သို့ရာတွင် တစ်ခုထူးခြားသည်မှာ သိုင်းဈေးသည်ကြီးဝမ်ကို သိုင်းဈေးပွဲတော်မှလွဲ၍ အခြား မည်သည့်နေရာတွင်မှ မတွေ့ကြရခြင်းပင်။

သိုင်းသမားများသည် သိုင်းဈေးသည်ကြီးဝမ်ကို သိုင်းဈေးပွဲတော်နေ့များတွင် တွေ့ကြမြင်ကြ ပြောဆိုဆက်ဆံကြရသော်လည်း ထိုသူကို လုံးဝမသိကြ။ သတင်းစုံစမ်းရာတွင် တော်လွန်း လျင်လွန်းသောကြောင့် ‘စပ်စပ်စုစု ကျန်းယုယု’ဟု နာမည် ထင်ရှားနေသော အမျိုးသမီးကပင် မသိပေ။

သိုင်းဈေးသည်ကြီး ဝမ်သည် သိုင်းဈေးပွဲတော်နေ့တွင်သာ ပေါ်ထွက်လာပြီး ကျန်အချိန်များတွင်တော့ မြေလျှိုးသွားသလို စုပ်စမြုပ်စ ပျောက်၍နေသည်။

သိုင်းဈေးပွဲတော်နေ့နှင့်အတူ သိုင်းဈေးသည်ကြီး ဝမ်မှာလည်း သိုင်းသမားများ စိတ်ဝင်စားစရာ ဖြစ်နေပေသည်။

* * *

လာမည့် (၃)လပိုင်း (၁၅)ရက်နေ့တွင် သိုင်းဈေးပွဲတော်နေ့ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းသည် (၂)လပိုင်း (၁၄)ရက်နေ့တွင် ပေါ်ထွက်လာသည်။



သိုင်းဈေးပွဲတော်နေ့နှင့်ပတ်သက်၍ သတင်းပေါ်ထွက်ပျံ့နှံ့မှုကပင်လျှင် ပဟေဠိဆန်ဆန် လျှို့ဝှက်ချက် ရှိနေ၏။ ထိုသတင်းသည် သိုင်းလောက၏ အဓိကအချက်အချာနေရာများတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ပေါ်ထွက်လာကာ သိုင်းလောက တစ်လွှားသို့ အချိန်တိုတို အတွင်းမှာပင် တောမီးပမာ ပျံ့နှံ့သည်။

ထိုသတင်းကို မည်သူတွေက မည်သို့မည်ပုံ စတင်အသိပေးသည်ကိုတော့ သိုင်းသမားများ မသိကြရပါ။ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားသိရခြင်း ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် သိုင်းဈေးပွဲတော်နေ့ကို စောင့်မျှော်နေကြသည့် သိုင်းသမားတို့ လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်။

သိုင်းဈေးပွဲတော်နေ့ပြုလုပ်မည့် သိုင်းဈေးလွင်ပြင်သို့သွားရန် ခရီးစသူတို့ကပင် စနေကြလေပြီ။

* * *

(၂)လပိုင်း (၁၇)ရက်နေ့။

နေသာသော နေ့တစ်နေ့ဖြစ်သည်။

ကောင်းကင်တွင် တိမ်ကင်းစင်မနေသော်လည်း တိမ်စိုင်တိမ်လိပ်များအဖြစ် ထူထူထပ်ထပ်မရှိ။ ပါးပါး လျှပ်

www.burmeseclassic.com

www.burmeseclassic.com



လှပ် တိမ်မျှင်လေးများသာ ဟိုနားတစ်စု သည်နားတစ်စု ရှိနေသည်။

ဆောင်းမနှောင်းရာသီချိန် ဖြစ်သောကြောင့် နေရှိန်ကလည်း မပြင်းလှ။

ဆောင်းငွေ့ပါသော လေပြည်လေးကလည်း တစ်ချက်တစ်ချက်တွင် သုတ်ဖြူး တိုက်ခတ်နေလေသေးသည်။

အေးစိမ့်စိမ့် နွေးထွေးထွေးနှင့် အတော်ပင် နေလို့ထိုင်လို့ ကောင်းသည်။

အချိန်က ညနေမစောင်းတစောင်း။ မွန်းလွဲပိုင်း လွန်ပြီးခါစ။

စမ်းချောင်းလေးတစ်ခုနှင့် မလှမ်းမကမ်းရှိ လူသွားလမ်း ဖုံဖုံလေးတစ်ခုအတိုင်း လူရွယ်တစ်ယောက် ခြေလှမ်း မှန်မှန်နှင့် လျှောက်လှမ်းသွားနေသည်။

အသက် နှစ်ဆယ်ခန့်ရှိသည်။ အညိုရောင် ဝတ်ဆင်ထားသည်။ အပေါ်စား ခရီးဆောင်အိတ်ကို လွယ်လျက် ခါးပတ်တွင် ဓားတိုတစ်လက်ချိတ်ထားသည်။ ဝတ်ထားသော ဝတ်စုံမှာ အကောင်းစား ဖြစ်သော်လည်း ဖုတ်များတင်ကာနေသည်။

ခရီးဝေးလာခဲ့ရကြောင်း အကဲခတ်သိရှိနိုင်သည်။

လူရွယ်၏ အသွင်အပြင်ဟန်ပန်ကတော့ ခရီးပန်းကာ နွမ်းနယ်နေသည့်အသွင်မရှိ။ လန်းဆန်းနေ၏။ ရွှင်ပျနေသည်။



မျက်နှာထား ရွှင်သော်လည်း လူရွယ်၏ မျက်လုံးအကြည့်ကတော့ အတော်ပင် စူးရဲသည်။ အကြည့်အရှူသွက်လက်သည်။ မျက်လုံးတစ်ချက် ဝင့်ကာ ကြည့်လိုက်ရုံနှင့် မြင်ကွင်းထဲရှိ အရာအားလုံး ပြက်ပြက်ထင်ထင် မြင်တွေ့နိုင်သည့် မျက်လုံးများဖြစ်သည်။

ပြုံးယောင်ယောင်ရှိနေသော လူရွယ်၏ မျက်နှာသွင်ပြင်သည် မထီတရီဟန်ပန်ဟူ ဆိုနိုင်သလို နှစ်လိုဖွယ်ရာ အမူအရာလည်း ဖြစ်နေသည်။

တစ်နေရာတွင် စမ်းချောင်းလေးသည် - ဂငယ်ကွေ့အသွင် ကွေ့ကောက်နေသည်။ ထိုစမ်းချောင်းကွေ့နေရာတွင် လူသွားလမ်းလေးက စမ်းချောင်းအစပ်နှင့် ထိကပ်နေသည်။ ချုံကြီးနှစ်ချုံလောက်လည်းရှိသည်။

လူသွားလမ်းလေးအတိုင်း လျှောက်လှမ်းလာသော လူရွယ် စမ်းချောင်းအကွေ့နေရာသို့ ရောက်သောအခါ ရေသံလိုလို လှုပ်ရှားသံ ကြားရသည်။

လူရွယ် ခြေလှမ်းတစ်ချက်တုံ့သည်။ ချုံပုတ်ကြီး နှစ်ခုအကြားရှိ မြက်ပင်ရှည်တို့ကို အသာတွန်းဖယ်ကာ လှမ်းကြည့်လိုက်မိသည်။

"အိုး...."

မိန်းမပျို တစ်ယောက်၏ အလန့်တကြား အော်ဟစ်သံ ရုတ်တရက် ပေါ်လာသည်။

မြက်ပင်ရှည်များအကြားမှ လှမ်းကြည့်မိသော လူရွယ်လည်း ရုတ်ခြည်းပင် နောက်သို့ ခုန်ဆုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂမျှသာ ကြည့်လိုက်ရသော်လည်း စူးရှသော လူရွယ်၏ မျက်လုံးအစုံကတော့ မြင်ကွင်းကို ပြက်ပြက်ထင်ထင် ပင် မြင်မိလိုက်သည်။

လူရွယ်၏မျက်နှာ အရဲသား ဖြစ်နေသည်။ နဖူးတွင် ချွေးများ စို့နေ၏။

လူရွယ်သည် ခေတ္တမျှ တုံ့ရပ်နေပြီးနောက် မပြေးရုံ တစ်မည် ခြေလှမ်းသွက်သွက်ဖြင့် အမြန်လျှောက်လှမ်း ထွက်သွားသည်။

ရေညှိနှင့် လှုပ်ရှားသံဘို့လည်း ရပ်တန့်သွားသည်။

* * *

နေဝင်ပြီး မိုးချုပ်စအချိန်တွင် ဇရပ်အိုတစ်ခုသို့ လူရွယ် ရောက်လာသည်။

အတော်လှမ်းလှမ်းဆီတွင် မီးရောင်လက်လက်တို့ကို မြင် ရသည်။ ရွာတစ်ရွာဖြစ်သည်။ လူရွယ်သည် ရွာသို့မသွား တော့ဘဲ ဤ ဇရပ်အိုတွင်ပင် ညအိပ်နားနေရန် ဆုံးဖြတ် လိုက်သည်။

လွတ်လပ်ပေါ့ပါးစွာ သွားလာနေထိုင်တတ်သော သူ့ အတွက် ရွာထဲမှာထက် လူသူကင်းရှင်းသည့် ဤဇရပ်အိုက ပို၍ အဆင်ပြေသည်၊ ပို၍သဘောကျသည်။



ဇရပ်အိုသည် အကာနှင့်အခင်းမရှိ၊ အမိုးသာရှိသည်။

အခင်းနှင့်အကာတို့ ပျက်စီးသွားခြင်းတော့ မဟုတ်။ ဇရပ်ကိုက မြေစိုက်ဇရပ်အမျိုးအစားဖြစ်သည်။ ဇရပ်အမိုး အောက်ရှိ မြေကို ကျကျနန ပြုလုပ်ထားရာ ပြန့်ပြူး ချောမွေ့နေသည်။

အမှိုက်သရိုက်များတော့ရှိသည်။

ဇရပ်ထောင့် တစ်နေရာကို အမှိုက်သရိုက်များ လှည်း ကျင်းလိုက်ရာ နားနေအိပ်စက်နိုင်သည့်နေရာလေးဖြစ်လာ သည်။

ထိုနေရာအနီးတွင် သစ်ကိုင်းခြောက်များ၊ သစ်ရွက် ခြောက်များနှင့် မီးပုံလေးတစ်ခုလုပ်၏။ ခရီးဆောင်အိတ် ထဲမှ အသားခြောက်တစ်မြှောင်းနှင့် ကောက်ညှင်းထုပ်တစ် ထုပ်ထုတ်ယူ၏။

အသားခြောက်ကို မီးဖုတ်ကာ ကောက်ညှင်းထုပ်နှင့် စား၏။

စားသောက်ပြီးနောက် မီးမသေသေးသည့် မီးပုံလေး နားတွင် အသာဆက်ထိုင်နေ၏။ မီးပုံမှ မီးငြိမ်းသွားလျှင် တော့ အနားယူအိပ်စက်ရန် စိတ်ကူးထားသည်။

သို့သော် မီးပုံမှ မီးငြိမ်းလုလုတွင်တော့ အိပ်ချင်စိတ် လည်း မရှိလှသေးသောကြောင့် သစ်ကိုင်းခြောက် သုံး လေးခုထပ်ထည့်ကာ မီးအားကောင်းလာရန် လုပ်သည်။ ဇရပ်အိုအနားရှိဝါးရုံမှ ဝါးလုံးတစ်ခုခုတ်ကာ ဝါးကျည် တောက်လုပ်၍ ရေနွေးကျိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဆူလာသောအခါ လက်ဖက်ခြောက် အနည်းငယ် ထည့်ခတ်သည်။ လက်ဖက်ခြောက်ကျသွားအောင်စောင့်နေခိုက် ခြေသံတရှပ်ရှပ်ကြားရပြီး ဇရပ်အိုရှေ့သို့ လူသုံးယောက် ရောက်ရှိလာသည်။

မိန်းမပျိုများ ဖြစ်သည်။

မျက်နှာချင်းဆင်သည်။ အသက်အရွယ်ကလည်း တစ်နှစ်ကြီး တစ်နှစ်ငယ်လောက်ဖြစ်သည်။ ညီအစ်မသုံးဖော်ဖြစ်ဟန်တူ၏။

လူရွယ်၏ စူးရဲသောမျက်လုံးအကြည့်သည် မိန်းမပျိုသုံးယောက်ကို ချက်ချင်း ကြည့်ရှုအကဲခတ်ပြီးဖြစ်သည်။

ရုပ်ရည်များ ၊ ချောမောကြ၏။ ကိုယ်ဟန်တွေလည်း ကြော့ရှင်းသည်။ သို့သော် နွဲ့နှောင်းသည့်အသွင်သိပ်မရှိ။ သွက်လက်မာထန်သော အရိပ်အယောင်က ပိုများသည်။ သိုင်းပညာ တတ်မြောက်သူများ ဖြစ်မည်ဟု လူရွယ်က ကောက်ချက်ချသည်။

မိန်းမပျိုများသည် ဓားရှည်များ ကိုယ်စီလွယ်ထားကြပြန်ရာ လူရွယ်၏ကောက်ချက် ပိုခိုင်မာသည်။

မိန်းမပျိုသုံးယောက်ကို မျက်လုံးတစ်ချက်ဝင့်ကာ အကဲခတ်မိချိန်တွင် လူရွယ်မှာ ထင့်ခနဲတစ်ချက်ဖြစ်သည်။

ဤမိန်းမပျိုများကို သိဖူးမြင်ဖူးသလိုလိုထင်သည်။

ဘယ်နေရာတွင် ဘယ်အချိန်က မြင်ဖူးသည်ကိုတော့ရုတ်တရက် မစဉ်းစားနိုင်။



မိန်းမပျိုတို့ကလည်း မီးပုံဘေးနားတွင် ထိုင်နေသောလူရွယ်ကို အကဲခတ်သလိုကြည့်ကြသည်။

အသက် အငယ်ဆုံးဖြစ်သော မိန်းမပျို၏မျက်ဝန်းအစုံတွင် လက်ခနဲ အရောင်တောက်လာသည်။ မျက်နှာရဲလာသည်။ တင်းမာလာသည်။

"တောက်၊ ရှင်ပါလား"

မိန်းမပျိုက ဒေါမာန်ပါပါကြိမ်းဝါးလျက် ဓားရှည်ကို ဆွဲထုတ်ပြီး လူရွယ်ကို အတင်းဝင်ခုတ်ပိုင်းသည်။

"ညီမလေး အရမ်းမလုပ်နဲ့"

အသက်အကြီးဆုံးမိန်းမပျိုက ဟန့်တားသေးသည်။

သို့သော် ဟန့်တားသံ ပေါ်လာချိန်တွင် အငယ်ဆုံးမိန်းမပျိုက ဓားချက်ထုတ်ပြီးသွားချေပြီ။

မိန်းမပျို၏ဓားချက်က မြန်သလို လူရွယ်ကလည်း လျင်သည်။

ဓားခုတ်ချက်ဝင်လာသည်နှင့် လူရွယ်သည် ထိုင်နေရာမှ လှဲချကာ လှိမ့်၍ရှောင်ထွက်သွားသည်။

ဓားချက်က လူရွယ်ကို မထိ။

လေကိုသာ ခုတ်မိသည်။

ဓားချက်လွဲသွားမှုကြောင့် မိန်းမပျိုမှာလည်း ကိုယ်ဟန်ပျက်သလိုဖြစ်ကာ ယိမ်းယိုင်သွား၏။ လူရွယ်က အသာရှောင်တိမ်းရင်း တန်ပြန်တိုက်ခိုက်လျှင် မိန်းမပျို ကောင်းကောင်း အထိနာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်မျှ လှိမ့်ရှောင်ထွက်သွားသောလူရွှယ်ခုန်ထရပ်လာသည်။ မိန်းမပျိုကိုတော့ တုံ့ပြန်တိုက်ခိုက်ခြင်းမပြု။

အသက်အကြီးဆုံးမိန်းမပျိုက အသက်အငယ်ဆုံး မိန်းမပျိုနားသို့ပြေးကပ်ကာ လက်ထဲရှိ ဓားရှည်ကိုလုယူသည်။

"အကျိုးအကြောင်း ပြောဦးမှပေါ့"

ဓားရှည်ကို လုယူပြီး မေးမြန်းသည်။

အသက်အငယ်ဆုံးမိန်းမပျိုက ပြန်မဖြေ။

လူရွှယ်ရပ်နေရာသို့ လွှားခနဲခုန်ဝင်၏။ အသက်အကြီးဆုံး မိန်းမပျိုလုယူထား၍ ဓားရှည်မရှိတော့သော်လည်း လူရွှယ်၏ပါးကို ညာလက်ဖြင့် ဖြတ်ရိုက်သည်။

သည်မိန်းမပျိုလေးကို လူရွှယ် မှတ်မိသွားသည်။ ညနေပိုင်းက တောတွင်း လူသွားလမ်းလေးအတိုင်း လျှောက်လာရင်း စမ်းချောင်းကွေ့လေးသို့အရောက် အသံကြား၍ မြက်ပင်ရှည်များအကြားမှ ချောင်းအကြည့်တွင် တွေ့မြင်ရသော ရေချိုးနေသည့် မိန်းကလေးပင်ဖြစ်၏။

မိန်းမပျိုလေး၏ လက်ဝါးရိုက်ချက်ကို လူရွှယ်မရှောင်တော့။ သည်အတိုင်း ငြိမ်ခံသည်။

"ဖြန်း"

လူရွှယ်၏ ဘယ်ဘက်ပါးကိုရိုက်မိသည်။

မိန်းမပျိုအငယ်မလေးက နောက်ထပ်တစ်ချက်ထပ်ရိုက်ပြန်သည်။ လူရွှယ်ကလည်း မရှောင်။

"ဖြန်း"

မိမိရရ ရိုက်မိပြန်သည်။



"ပိယောင်....ဘာကြောင့် အကြောင်းမဲ့ သက်သက်ရိုက်နှက်နေတာလဲ"

မိန်းမပျို အလတ်မက မိန်းမပျို အငယ်မလေးကို ဝင်ဆွဲယန်းတားရင်းပြောသည်။

"အကြောင်းမဲ့ရိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော် တမင်လုပ်တာ မဟုတ်ပေမယ့် အပြစ်ပြုမိသလို ဖြစ်သွားတယ်၊ ကျွန်တော့်ကို ရိုက်ရမှ သူ ကျေနပ်မယ်ဆိုရင် ရိုက်ပါစေ"

လူရွှယ်က ပြောသည်။

* * *

လူရွှယ်၏စကားကြောင့် မိန်းမပျို အကြီးမနှင့်အလတ်မတို့ စဉ်းစားရ ခက်သွားကြသည်။

"ဘာတွေ ဖြစ်ခဲ့လို့လဲ ပိယောင်"

မိန်းမပျိုအကြီးမက ပိယောင်ဆိုသူ မိန်းမပျိုအငယ်မလေးကို မေးသည်။

"ပါးရိုက်ရုံနဲ့ မကျေနပ်ဘူး၊ ရှင့်မျက်လုံးတွေကို ထိုးဖောက်ပစ်ရမှ ကျေနပ်မယ်"

ပိယောင်က ဒေါသတကြီး ပြောသည်။

"မျက်စိကို ထိုးဖောက်ချင်တယ်ဆိုရင်လဲ ရပါတယ်၊ လာ ဖောက်စမ်းလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ခပ်အေးအေး ပြောသည်။

မျက်နှာကိုပင် မော့သလိုလို လုပ်ပေး၏။

မိန်းမပျိုအငယ်မလေး ပိယောင်သည် သူမကို ဆွဲထိန်းထားသော မိန်းမပျိုအလတ်မ၏ လက်ထဲမှ ဆတ်ခနဲ ရုန်းထွက်ကာ လူရွယ်ထံသို့ ဖျတ်ခနဲ တိုးကပ်သည်။ ညာလက်ညှိုး လက်ခလယ်တို့ဖြင့် လူရွယ်၏ မျက်လုံးအစုံကို လှမ်းထိုးနှိုက်သည်။

မိန်းမပျိုအကြီးမနှင့် အလတ်မတို့ အံ့အားသင့်ကုန်ကြသည်။ သူတို့၏ ညီမငယ်လေး ပိယောင် သည်မျှလောက် ရက်စက်လိမ့်မည်ဟု မထင်ကြ။

လူရွယ်အနေနှင့်လည်း ပိယောင် စိတ်လိုက်မာန်ပါလုပ်သည်ကို သည်အတိုင်း လည်စင်းခံနေလိမ့်မည်ဟုလည်း မတွေးမိကြ။

ငေးကြောင်၍ နေကြသည်။

လူရွယ်သည် မလှုပ်မရှား ငြိမ်သက်စွာ ရပ်၍နေသည်။ တကယ်ပင် ပိယောင်၏ မျက်လုံး ထိုးဖောက်လာမှုကို သူသည်အတိုင်း ငြိမ်ခံနေသည်။

ကျန် မိန်းမပျိုနှစ်ယောက် မှာလည်း ငေးကြောင်ကာ ရပ်နေကြရင်း သွေးထွက်သံယိုမြင်ကွင်းကို မြင်ရတော့မည်ဟူသော အသိဖြင့် ရင်ထိတ်နေကြ၏။

ထိုးစိုက်ချလာသော လက်ညှိုးနှင့် လက်ခလယ်တို့သည် လူရွယ်၏မျက်ဝန်းအစုံနှင့် ထိလုထိခင်တွင် တုံ့ခနဲရပ်၏။



လူရွယ်ကတော့ မျက်လုံးမျှားကိုပင် မပိတ်။

ပိယောင်သည် သူ့ညာလက်ကို ပြန်ရုပ်သိမ်းသည်။ နောက်သို့ ခြေလှမ်းဆုတ်သည်။ ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သည်။ ရှိုက်ငိုသံများ ပေါ်ထွက်သည့်အတွက် ပိယောင် ငိုကြွေးသွားကြောင်းသိနိုင်သည်။

ပိယောင်မှာ ဝေးဝေးကိုတော့ ပြေးမသွားနိုင်ပါ။

မိန်းမပျိုအကြီးမက ဖြတ်၍တားဆီးကာ ကြင်နာစွာ ပွေ့ဖက်ထားလိုက်၏။ ပိယောင်သည် မိန်းမပျိုအကြီးမ၏ ပခုံးတွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

“တိတ်ပါ ညီမလေးရာ တိတ်ပါ၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမကြီးကို ပြောပြပါဦး”

မိန်းမပျိုအကြီးမက ပိယောင်၏ ကျောကို အသာသပ်ကာ ချော့မော့ရင်း မေးသည်။ ပိယောင်က ဘာမျှ ပြန်မဖြေ။ တအင့်အင့်သာ ငိုကြွေးနေ၏။

“ပိယောင်နဲ့ ဘာပြဿနာဖြစ်ခဲ့လို့လဲ”

ပိယောင်ကို မေး၍ ရနိုင်မည်မဟုတ်ကြောင်း နားလည်သွားသော မိန်းမပျို အကြီးမက လူရွယ်ကို လှမ်းမေး၏။

“ထားလိုက်ပါတော့၊ ကျွန်တော် မေ့ပျောက်ပစ်လိုက်ပါပြီ၊ ဘာမှ မဖြစ်ခဲ့ဘူးလို့ပဲ သဘောထားလိုက်ကြပါတော့”

လူရွယ်က ပြောသည်။

ငိုရှိုက်နေရာမှ ပိယောင်သည် ဆတ်ခနဲ ခေါင်းမော့ကာ လူရွယ်ကို လှမ်းကြည့်သည်။ ထို့နောက် မိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



အကြီးမ၏ ပခုံးတွင် မျက်နှာပြန်အပ်သွား၏။ ရှိုက်သံများ ထွက်နေသေးသော်လည်း စောစောပိုင်းကလိုတော့ ချုံးပွဲချိုက်နေခြင်း မဟုတ်တော့။

အငိုတိတ်ပြီး ရှိုက်သံများ ပေါ်နေခြင်းသာ ဖြစ်၏။

လူရွယ်သည် ခရီးဆောင်အိတ်ကို ကောက်လွယ်ကာ လှေကားလှမ်းထွက်သွားသည်။

မိန်းမပျိုအကြီးမနှင့် အလတ်တို့သည် ဘာမျှ နားမလည်သည့်အတွက် သည်အတိုင်းသာ ကြည့်နေလိုက်ကြရသည်။

★

## အခန်း (၄)

သိုင်းဈေးလွင်ပြင်သည် လူနေရပ်ရွာတစ်ခု မဟုတ်ပေ။ သာမန် အချိန်များတွင် လူသူကင်းဝေးကာ ခြောက်ကပ်နေသည်။ သိုင်းဈေးပွဲတော်နေ့ အခါသမယတွင်တော့ အတော်ကြီးကို စည်ကားသိုက်မြိုက်နေသည်။

သိုင်းဈေးပွဲတော်နေ့ သတ်မှတ်သည့်သတင်း ထွက်လာသည် ဆိုသည်နှင့် သိုင်းဈေးလွင်ပြင်သို့ လူများ တဖွဲဖွဲ ရောက်လာကြသည်။

အရင်ဆုံး ရောက်လာကြသူများက ဈေးဆိုင် ခင်းကျင်းရောင်းချမည့် လူများနှင့် တည်းခိုဆိုင်များ ဖွင့်လှစ်မည့် လူများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျကာလတွင် ထွက်လာသော မှိုများလို ထိုလွင်ပြင်တွင် ယာယီအဆောက်အအုံများ အလျှိုလျှိုပင် ပေါ်လာသည်။

ထို့နောက် သိုင်းသမားများ တစ်စုပြီးတစ်စု ရောက်လာကြသည်။ သိုင်းဈေး လွင်ပြင်မှာလည်း စားသောက်ဆိုင်များ၊ တည်းခိုရိပ်သာများ၊ ဆောင်ကြာမြိုင်များ၊ အရက်ဆိုင်များ၊ လောင်းကစား ရုံများမှာ တောနက်တောင်ကြားထဲတွင် အသူရကာယ်တို့ တစ်ခု ပေါ်ပေါက်လာသည့်အလား စည်စည်ကားကား ရှိလာသည်။

ထိုပွဲတော်ရောက်ရန် (၁၀)ရက်အလိုတွင်တော့ သိုင်းဈေးလွင်ပြင်မှာ ပွဲတော်ကြီးတစ်ခုမျှပင် ဖြစ်နေလေပြီ။

ပွဲတော်ပြီးဆုံးပြီးနောက် (၁၀)ရက်လောက်အထိ ဤအတိုင်း ဆက်လက်စည်ကားနေကာ လူများ တစ်စစ ပါးသွားသည်နှင့်အမျှ ဆိုင်များလည်း လျော့ပါး သွားကာ တစ်လအကြာတွင်တော့ မူလကအတိုင်း လူသူကင်းမဲ့သည့် တောနက်တောင်ကြား လွင်ပြင်တစ်ခုအဖြစ်သို့ ပြန်ရောက်သွားလေတော့သည်။

ထိုပွဲတော်တွင် ဆိုင်ဖွင့် ရောင်းချကြသော ဈေးသည်အများစုသည် ယုန်ကျားရွာမှ ဖြစ်ကြသည်။ ယုန်ကျားရွာသည် လွင်ပြင်၏ အရှေ့ဘက် မိုင်တစ်ရာခန့် အကွာတွင် တည်ရှိသည်။

သိုင်းဈေးလွင်ပြင်နှင့် အနီးဆုံးသော လူနေရပ်ရွာ တစ်ခုလည်း ဖြစ်သည်။



ယုန်ကျားရွာသည် မူလက တောလိုက် မုဆိုးအလုပ်၊ ရှားပါးသော သစ်ခွပန်းနှင့် ဆေးပင်များ ရှာဖွေသော အလုပ်ဖြင့် အသက်မွေးရသော ဇနပုဒ် ရွာသိမ် ရွာငယ်ကလေးသာဖြစ်၏။ အိမ်ခြေနှစ်ဆယ်ပင် မပြည့်။

ဤပွဲတော်နေ့ ပေါ်ပေါက်လာပြီးသည့် နောက်တွင်တော့ ယုန်ကျားရွာ စည်ပင်လာခဲ့သည်။ သိုင်းဈေး လွင်ပြင်တွင် ဆိုင်များခင်းကျင်း ရောင်းချခြင်းဖြင့် ယုန်ကျားရွာမှာ ကောင်းစွာ စီးပွားဖြစ်ထွန်းခဲ့သည်။ မူလလက်ငုတ်အလုပ်များကိုပင် မလုပ်ကြတော့ပေ။

ယခုဆိုလျှင် ယုန်ကျားရွာသည် အိမ်ခြေ တစ်ရာကျော်ရှိသည့် ရွာကြီးတစ်ခု ဖြစ်နေလေပြီ။

ယုန်ကျား ရွာသူရွာသားများက သိုင်းဈေးပွဲတော်ကို တစ်နှစ်ပတ်လုံးပင် ကျင်းပပြု လုပ်နေစေချင်ကြ၏။

သည်တစ်ပတ်သိုင်းဈေးလွင်ပြင်သို့ရောက်ရှိလာကြသော သိုင်းညွှန့်သည်များတွင် အနောက်ပိုင်း အဆိပ်ငါးဖော်၊ မင်းသားလေး ကျင့်ဝမ်ရယ်၊ စပ်စပ်စုစုချန်ယုယု၊ ခေးတစ်ရာရဲတိုက်မှ ရဲတိုက်မှူးကြီးနှစ်ယောက်၊ နဂါးလေးရင်ထန်မင်း၊ ကျောက်စိမ်းညီအစ်မသုံးဖော်၊ မိုးကြိုးတစ္ဆေ ယိဆိုက်ကျောင်းနှင့် ပင်လယ်ဂိုဏ်းမှ အဆောင်မှူးကြီး ငါးမန်းနက်လင်ချမ်းတို့ပါဝင်ကြသည်။

ဤလူအားလုံးသည် သိုင်းလောကတွင် နာမည်ကျော်ကြားနေကြသူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဈေးပွဲတော်သို့ အဆင့်မြင့် သိုင်းပညာရှင်ကြီးများ လာရောက်ကြသည်မှာ မထူးဆန်းပါ။ သို့သော် သည်မျှ ယောက်သော သိုင်းအကျော်အမော်များ စုစည်းမိခြင်း မှာတော့ ထူးခြားပေသည်။

မားတစ်ရာရဲတိုက်မှ ရဲတိုက်မှူးကြီးနှစ်ယောက်နှင့်အတူ အပြည့်သိုင်းသမားများ ပါရှိလာကြသလို ပင်လယ်ဂိုဏ်း အဆောင်မှူးကြီးကလည်း ဂိုဏ်းဝင်သိုင်းသမားများခေါ် ဆောင်လာသည်။

ထို့ပြင် အနောက်ပိုင်းအဆိပ်ငါးဖော်၊ ကျောက်စိမ်း ညီအစ်မသုံးဖော်တို့သည် သိုင်းဈေးပွဲတော်သို့ တစ်ခေါက်မျှ ရောက်လာကြသူများ မဟုတ်သလို၊ မားတစ်ရာရဲတိုက်နှင့် ပင်လယ်ဂိုဏ်းမှ သိုင်းသမားများမှာလည်း ယခုမှသာ သိုင်းဈေးပွဲတော်သို့ ရောက်လာကြခြင်းဖြစ်ပေသည်။

သည်တစ်ခေါက်ပြုလုပ်မည့် သိုင်းဈေးပွဲတော်၏နောက် ကွယ်တွင် လျို့ဝှက်ချက်ကြီးတစ်ခုရှိမည်ဖြစ်ပြီး သိုင်းဈေးပွဲ တော်နှင့်သက်တမ်းများအတွင်း မကြုံဖူးသော ကြီးကျယ် သည့် အရောင်းအဝယ်၊ ထူးဆန်းလှသော အပေးအယူများ ရှိလိမ့်မည်ဟူသော ကောလာဟလများကလည်း အမျိုးမျိုး စင် ပေါ်ထွက်နေသည်။

ထိုကောလာဟလများကြောင့် နောက်ထပ် သိုင်းသည့် သည်များ သိုင်းဈေးလွင်ပြင်သို့ တဖွဲဖွဲရောက်လာကြသည်။



သိုင်းဈေးလွင်ပြင်မှာ ယခင်အကြိမ်များကထက် များစွာ ပိုမိုစည်ကားနေသည်။

* * *

(၃)လပိုင်း (၁၀)ရက်နေ့။
သိုင်းဈေးပွဲတော်ရောက်ရန် ငါးရက်အလို။

ထိုနေ့ ညနေပိုင်းတွင် သိုင်းအားမာန် တည်းခိုရိပ်သာ အောက်ထပ် စားသောက်ခန်းမထဲတွင် မင်းသားလေး ကျင့်ဝမ်ရယ်နှင့် နဂါးလေးရင်ထန်မင်းတို့နှစ်ယောက်တွေ့ ဆုံမိကြလေသည်။

မင်းသားလေး ကျင့်ဝမ်ရယ်ဆိုသည်မှာ တင်စားအမည် မဟုတ်ပါ။ ကျင့်ဝမ်ရယ်သည် တကယ်ပင် မင်းမျိုး မင်း နွယ် ဖြစ်သည်။ မင်းညီမင်းသားများသည် အကျော်အမော် သိုင်းဆရာကြီးများကို နန်းတော်သို့ဖိတ်ခေါ်ကာ သိုင်း ပညာများ သင်ကြားကြလေ့ရှိရာ ထူးချွန်ထက်မြက်သူတွေ လည်း အတော်ပင် များသည်။

သို့သော် သိုင်းပညာ တတ်မြောက်သော မင်းညီ မင်း သားများသည် နန်းတော် အသိုင်းအဝိုင်းတွင်သာ နေကြ သည်။ သိုင်းလောကတွင် ပါဝင်ပတ်သက်သူ နည်းပါး သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွင့်ဝမ်ရယ်ကမူ နန်းဘော် အသိုင်းအဝိုင်းတွင် မနေ။ သိုင်းလောကတွင်လှည့်လည်ကျက်စားသည်။ သိုင်းလောက၏ အရေးကိစ္စများတွင်သည်း ပါဝင်ပတ်သက်သည်။

သိုင်းသမားများလိုပင် ပြုမူပြောဆို နေထိုင်သည်။

သိုင်းပညာ ယှဉ်ပြိုင်မှုနှင့် အရက်သောက် ပြိုင်မှုတို့တွင် ဝါသနာထုံသည်။ သိုင်းသမားတိုင်းနှင့်တော့ ယှဉ်ပြိုင်ခြင်း မရှိ။ သူရွေးချယ်သတ်မှတ်ထားသော လူများနှင့်သာ ယှဉ်ပြိုင်သည်။

မင်းသားလေးကျွင့်ဝမ်ရယ်၏ အဓိကသိုင်းပညာ ပြိုင်ဘက်မှာ တောင်ပိုင်း ကျားသစ် ကျန်းထင်းယန် ဖြစ်ပြီး အရက်သောက်မှုအတွက် အဓိက ပြိုင်ဘက်ကတော့ နဂါးလေး ရင်ထန်မင်း ဖြစ်သည်။

နဂါးလေး ရင်ထန်မင်းသည် တစ်ကိုယ်တော် သဘောမျိုး လှုပ်ရှားနေသူဖြစ်သည်။ အတော်လည်းထူးခြားသော သိုင်းသမား တစ်ယောက်ဟု ဆိုရမည်။ ရင်ထန်မင်းသည် မည်သည့် သိုင်းဂိုဏ်းတွင်မှ ပါဝင်ခြင်းမရှိ။ သူ၏ သိုင်းဇာစ်မြစ်ကိုလည်း မည်သူမျှမသိကြ။

နေအိမ်အတည်တကျလည်းမရှိ။ ခြေသလုံးအိမ်တိုင် ဆိုသလို လှည့်လည်သွားလာနေတတ်သည်။

ရင်ထန်မင်း အနေများသည်က လို့ရန်မြို့စွန်ရှိ တာ့ဖူမျိုးနွယ်ဘုံကျောင်း ဖြစ်၏။

ရင်ထန်မင်းကို တွေ့ဆုံဆက်သွယ်လိုလျှင် တာ့ဖူမျိုးနွယ်ဘုံကျောင်းသို့သွားရသည်။ ရင်ထန်မင်းရှိသည်နှင့်ကြုံလျှင်



တွေ့နိုင်ပြီး ရင်ထန်မင်းမရှိလျှင် ဘုံကျောင်း အလှည့်ကျ တာဝန်ခံလူကြီးထံတွင် အကြောင်းကြားထားနိုင်သည်။

မင်းသားလေးကျွင့်ဝမ်ရယ်နှင့် နဂါးလေးရင်ထန်မင်းတို့သည် သက်တူရွယ်တူ ခေတ်ပြိုင်သိုင်းလုလင်များဖြစ်ကြလေသည်။

အရုပ်အမောင်းချင်းကလည်း မတိမ်းမယိမ်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာ။ သို့သော် ရုပ်ရည်ချင်းကတော့ သိသိသာသာကွဲပြားခြားနားသည်။

နဂါးလေးရင်ထန်မင်းက ရုပ်ရည်ခံ့ညားသည်။ မိန်းကလေးများ ရင်ဖိုလှိုက်စေလောက်သော ဆွဲဆောင်အားရှိသည်။ အပြောချိုသည်၊ အမျိုးသမီးများအကြိုက် ပြောတတ် ဆိုတတ်၏။

မင်းသားလေး ကျွင့်ဝမ်ရယ်မှာမူ ရွက်ကြမ်းရေကျိုရုပ်ရည်မျိုးသာ ရှိသည်။ မိန်းကလေး များကို အကြိုက်မဆောင်တတ်သော်လည်း ဦးစားပေး ဂရုစိုက်ရမည့်အခါများတွင် ဂရုတစိုက် လုပ်ပေးတတ်သည်။

စကားပရိယာယ်မကြွယ်၊ တုံးတိတိပြောတတ်သည်။

ရင်ထန်မင်းကို မျက်စိကျ၍ အရေးပေးသော မိန်းကလေးတွေ များပြားသလို ကျွင့်ဝမ်ရယ်ကို စိတ်ဝင်စားကာ ခင်မင်သည့် အမျိုးသမီးတွေလည်း မနည်းပေ။

www.burmeseclassic.com



သူတို့နှစ်ယောက် အသက်(၂၀)ဝန်းကျင်အရွယ် လူပျိုလူလွတ်များ ဖြစ်ကြသော်လည်း ချစ်သူရည်းစားဟူ၍တော့ သတ်သတ်မှတ်မှတ်မရှိကြပေ။

သူတို့ကသာ လက်လှမ်းလျှင် အဆွတ်ခံရန်ယိမ်းပေးကြမည့် မိန်းကလေးတွေကတော့ ရှိနေပါသည်။

အသက် ငယ်ရွယ်သည့် သိုင်းလုလင်များ ဖြစ်ကြသော်လည်း သူတို့နှစ်ယောက်၏ သိုင်းပညာများကတော့ ပထမတန်း အဆင့်တွင်ရှိသည်။ အဆင့်မြင့် သိုင်းသမားများဟူ၍ သတ်မှတ်လျှင်ပင်ရနိုင်သည်။

ကျင့်ဝမ်ရယ်၏ နေနတ်သားဓားသိုင်း နာမည်ကြီးသလို ရင်ထန်မင်း၏ လေပွေလက်ဝါးသိုင်းကလည်း ထင်ရှားသည်။

တစ်ယောက်က မင်းမျိုးမင်းနွယ်၊ တစ်ယောက်က ခြေသလုံးအိမ်တိုင် ဖြစ်ကြသော်လည်း လွတ်လွတ် လပ်လပ် သွားလာလှုပ်ရှား နေထိုင်တတ်သော စိတ်နေ စိတ်ထားချင်း တူကာ အရက်ကြိုက်ပြီး ကောင်းကောင်း သောက်နိုင်မှုကလည်းတူသည့်အတွက် ကျင့်ဝမ်ရယ်နှင့် ရင်ထန်မင်းတို့ နှစ်ယောက် ခင်မင်သောမိတ်ဆွေများလည်း ဖြစ်ကြ၏။

* * *



"ဟာ...ကျင့်ဝမ်ရယ်၊ ခင်ဗျားနဲ့လာဆုံရပြန်ပြီ၊ ဘယ်လို လုပ်ပြီး ဒီနေရာကို ရောက်လာရတာလဲ၊ အဖော် လဲ မပါ တစ်ယောက်တည်းပါလား"

ရင်ထန်မင်းက နှုတ်သွက် အာသွက် ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။

"ခင်ဗျား လာလို့ရရင် ကျွန်တော်လဲ လာလို့မရဘူးလား"

ကျင့်ဝမ်ရယ်က ခပ်တည်တည် ပြန်ပြောသည်။

"ရပါတယ်...ရပါတယ်၊ ခင်ဗျားရောက်လာတော့ ပိုမိုစည်ကားပေါ့၊ ကဲ...ကျွန်တော်နဲ့ လာဆုံတော့ အရက်ပြိုင်သောက်ဦးမလား"

"ဒါကို မေးနေစရာ လိုသေးလား"

"ကောင်းတယ်၊ မင်းသားလေးကြွပါ"

ရင်ထန်မင်းက ဦးညွှတ်ကာ ညာလက်ဆန့်တန်း၍ လမ်းပြဟန်ပြုသည်။ ကျင့်ဝမ်ရယ်သည် ရှုတည်တည်နှင့်ပင် စားသောက် ခန်းမကြီး၏ အရှေ့ပိုင်းရှိ ပထမတန်း သီးသန့်စားသောက်စားပွဲရှိရာသို့ လျှောက်လှမ်းသွား၏။

ဆိုင်အမှုထမ်းများကလည်း အလိုက်သိစွာပင် ပထမတန်း သီးသန့်စားပွဲ ပတ်လည်ကို ယွန်းလိုက်ကာများနှင့် အမြန်ကာလိုက်ရာ ကျင့်ဝမ်ရယ် ရောက်သွားသောအခါ သီးသန့် စားသောက်ခန်းငယ်လေး တစ်ခုလို ဖြစ်သွား၏။

ကျင့်ဝမ်ရယ်နှင့် ရင်ထန်မင်းတို့ နှစ်ယောက် ယှဉ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာမှား ကာရံထားသော စားသောက်ခန်းငယ်လေးထဲသို့ ဝင်လိုက်ကြသည်။

"ဒေါင်းကြီးကတော့ ထုံးစံအတိုင်း အရင်မူးလဲတဲ့ပွဲက စားသောက်စရိတ်အားလုံး ရှင်းကြေးပဲ မဟုတ်လား"

စားသောက်ဖွယ်ရာများ မှာယူလိုက်ပြီးနောက် ရင်ထန်မင်းက မေးသည်။

"အင်း...အပိုလောင်းကြေးတစ်ခု လုပ်ချင်သေးတယ်"

"အလို...ဘာများပါလိမ့်"

ရင်ထန်မင်းက ညာဘက်မျက်လုံးကိုပင့်ကာ ကြည့်ရင်း မေးသည်။

သူတို့နှစ်ယောက် အရက်ပြိုင်သောက်ကြသည့်အကြိမ်မနည်းတော့ပါ။ လောင်းကြေးက စားသောက်သည့်စရိတ်စက အဝဝကို ရှုံးသူက ကျခံကြေးဖြစ်သည်။

ကျင့်ဝမ်ရယ်၏စကားက ထူးဆန်းသလို ဖြစ်နေ၏။

"ခင်ဗျားနိုင်ရင် ရွှေဒင်္ဂါးတစ်ထောင်ပေးမယ်"

ရင်ထန်မင်းက လေတစ်ချက်ချွန်လိုက်ပြီး....

"မက်မောစရာပါပဲ၊ ဒါပေမယ့် ကျွန်တော်က ခင်ဗျားလို လူချမ်းသာ မင်းသားလေးမဟုတ်တော့ ရှုံးရင်ပေးဖို့ ရွှေဒင်္ဂါးတစ်ထောင်မရှိဘူး"

"ခင်ဗျား ရှုံးရင် ရွှေဒင်္ဂါးတစ်ထောင် ပေးစရာမလိုပါဘူး၊ ကျွန်တော့်အတွက် ကိစ္စတစ်ခု ဆောင်ရွက်ပေးရုံပါပဲ"



"ဘာကိစ္စလဲ၊ ကောင်းကင်က ကြယ်ကို ဆွတ်ပေးရမလား"

"အဲဒီလောက် မဟုတ်ပါဘူး"

"လူသတ်ပေးရမှာလား"

"ဟင့်အင်း"

"ခင်ဗျား သဘောကျနေတဲ့ မိန်းကလေးတစ်ယောက်ကို ခိုးပေးရမှာလား"

"ပေါက်ပေါက်ရှာရှာ"

ရင်ထန်မင်းက ခေတ္တစဉ်းစားသိုက်ပြီး....

"ခင်ဗျားအတွက် ထီးနန်းကို လုယူပေးရမှာလား"

ကျင့်ဝမ်ရယ် ကြားရုံ တီးတိုးလေသံဖြင့် ပြော၏။

"မဟုတ်က ဟုတ်ကတွေ ပြောမနေနဲ့"

"ဒါဆိုရင် ဘာလုပ်ပေးရမှာလဲ"

ထိုအချိန်တွင် မှာထားသော အကောင်းစားအရက်တစ်အိုးနှင့် အသားကင်၊ အသီးအရွက်ကြော်များ ရောက်လာသည်။

"လုပ်ရမယ့်ကိစ္စကို နောက်မှပြောကြတာပေါ့၊ ခင်ဗျားအတွက် သိပ်ခက်ခဲတဲ့အလုပ် မဟုတ်ပါဘူး၊ ခင်ဗျား လုပ်ဆောင်နိုင်ပါတယ်"

ကျင့်ဝမ်ရယ်က ပြောသည်။

"ကောင်းပြီလေ၊ ခင်ဗျားပြောတဲ့ လောင်းကြေးကို သဘောတူ လက်ခံပါတယ်၊ လာ....သောက်ကြရအောင်"

အရက်တစ်ခွက်စီ ငှဲ့ကာ သောက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကောင်းစား ဟင်းလျာများ တစ်ပွဲပြီးတစ်ပွဲ ရောက်လာသည်။ အရက်အိုးလည်း တစ်အိုးပြီးတစ်အိုး ပြောင်သွားသည်။

ဤသို့ဖြင့်...

* * *

နောက်တစ်နေ့ နံနက် ရင်ထန်မင်း အိပ်ရာမှ နိုးသောအခါ တည်းခိုခန်းတစ်ခုထဲရှိ အိပ်ရာထက်တွင် ရောက်နေသည်။

ယမန်နေ့ညနေက ကျင့်ဝမ်ရယ်နှင့် အရက်သောက်ပြိုင်ကြရာမှ မူးလဲအိပ်ပျော်သွားသည့်အတွက် စားသောက်ဆိုင်ပိုင်ရှင်က တည်းခိုခန်းတစ်ခုထဲတွင် သိပ်ထားခြင်းဖြစ်ကြောင်း ရင်ထန်မင်း နားလည်လိုက်၏။

စျေးပွဲလွင်ပြင်တွင် အမူးလွန်သွားသော သိုင်းသည်သည်များကို သည်လို ပြုစုဆောင်ရွက်ပေးကြသည့် ထုံးတမ်းစဉ်လာလိုပင် ဖြစ်နေလေပြီ။

ရင်ထန်မင်း အိပ်နေရာမှ ထလိုက်ရာ ခုတင်အနီးသို့ ဆိုင်အမှုထမ်း လူငယ်လေးတစ်ယောက် ရောက်လာသည်။

"အစ်ကိုလေး၊ နံနက်စာ စားတော့မလား"

"အေးကွာ၊ စားတာပေါ့၊ ဒါနဲ့ ငါ့မိတ်ဆွေ ကျင့်ဝမ်ရယ်ကော"



"ဟိုဘက်ခန်းထဲမှာ အိပ်နေပါတယ်"

"မနေ့ညတုန်းက ငါတို့နှစ်ယောက်လုံး မူးလဲကုန်ကြတာပေါ့"

"ဟုတ်ပါတယ်"

"ဘယ်သူက အရင်မူးလဲတာလဲ"

"အစ်ကိုလေးပါ"

"ကျင့်ဝမ်ရယ်ကကော"

"အစ်ကိုလေးနဲ့ လက်ဖျောက်တစ်ချက်တီး အချိန်လေးပဲ ကွာပါတယ်"

"မင်း ဘာကိုဆိုလိုတာလဲ၊ ရှင်းအောင်ပြောစမ်းပါ"

"အစ်ကိုလေး မူးလဲကျသွားတော့ မင်းသားလေးက လက်ဖျောက်တစ်ချက် တီးလိုက်ပါတယ်၊ လက်ဖျောက် တီးပြီးတာနဲ့ သူလဲ မူးလဲကျသွားတာပါပဲ"

"ဒီလိုကိုး၊ ကဲ... နံနက်စာ ယူလာခဲ့တော့ကွာ"

လူငယ်လေး နံနက်စာယူရန်ထွက်သွားချိန်တွင် ရင်ထန်မင်းသည် ရေမိုးချိုးကာ ကိုယ်သက်သန့်စင်လိုက်သည်။

တည်းခိုရိပ်သာက ဝယ်ပေးကာ အသင့်လုပ်ထားသည့် အဝတ်အစားသစ်များကို လဲလှယ်ဝတ်ဆင်သည်။

လူရွယ်လေး ယူလာသော နံနက်စာကို ခပ်သွက်သွက် စားသောက်သည်။

ကျင့်ဝမ်ရယ်သည် သိုင်းပညာတတ်သလို ပစ္စည်းဥစ္စာလည်း ချမ်းသာကြွယ်ဝသည်။ မင်းသားတစ်ပါး၏ အရှိန်အဝါရှိကာ အဆက်အသွယ် ကောင်းသည်။ လူချစ်လူခင်

www.burmeseclassic.com

www.burmeseclassic.com



များသည်။ ကျွင့်ဝမ်ရယ်ကသာ စေခိုင်းလျှင် အသက်စွန့်ကာ လုပ်ပေးမည့် လူအများအပြားပင် ရှိသည်။

သည်တော့ ကျွင့်ဝမ်ရယ်အနေဖြင့် တော်ရုံတန်ရုံ ကိစ္စတစ်ခုအတွက် မိမိကို ရွှေဒင်္ဂါးတစ်ထောင်ပေးကာ အကူအညီ တောင်းမည်မဟုတ်ဟု ရင်ထန်မင်း နားလည်သည်။

မိတ်ဆွေ ဖြစ်နေခဲ့သောကြောင့်၊ ငွေဒင်္ဂါး စေခိုင်းရမှာအားနာသောကြောင့် ယောင်းကြေးထပ်ခဲ့ကြောင်းလည်း ရိပ်မိသည်။ ထိုသို့ အလုပ်ခိုင်းမည့်ကိစ္စ ဘယ်လိုမျိုးဖြစ်သည်ကို သိလိုသောကြောင့် ရင်ထန်မင်းက ဘမင်ပင် အရက်သောက်ပြိုင်မှုတွင် အရှုံးပေးခဲ့ခြင်း ဖြစ်သည်။

ရင်ထန်မင်းနှင့် ကျွင့်ဝမ်ရယ်တို့သည် အတွင်းအားချင်း မတိမ်းမယိမ်းဖြစ်ကာ အရက် သောက်နိုင်မှုတွင်လည်း သူမသာ ကိုယ်မသာ ရှိကြသော်လည်း ရင်ထန်မင်းက အရက်ခိုးများကို အတွင်းအားသုံးကာ ချွေးအဖြစ် ပြောင်းလဲထုတ်ပစ်တတ်သည်။

သည်တော့ တကယ်တမ်း ပြိုင်သောက်မည်ဆိုလျှင် ရင်ထန်မင်း အနေဖြင့် ကျွင့်ဝမ်ရယ်ကို ရှုံးနိုင်စရာ အကြောင်းမရှိ။ ပြိုင်သောက်တိုင်း နိုင်နေရလျှင် ဘယ်လိုမှ စိတ်ဝင်စားမှုရှိနိုင်မည်မဟုတ်သောကြောင့် ရင်ထန်မင်းက တစ်ခါတစ်ရံတွင် ကျွင့်ဝမ်ရယ်ကို တမင်အရှုံးပေးလေ့ရှိသည်။

ရင်ထန်မင်းသည် နံနက်စာ စားသောက် ပြီးနောက် ကျွင့်ဝမ်ရယ် အိပ်ပျော်နေသည်ဆိုသော တစ်ဖက်ခန်းသို့ သွားကာ တံခါးခေါက်သည်။



"ဒေါက်....ဒေါက်....ဒေါက်"

တံခါးခေါက်ပြီး ခဏစောင့်သည်။ တံခါးပွင့်မလာ။

"ဒီလူ မနိုးသေးဘူးထင်တယ်"

ထိုသို့တွေးကာ တံခါးထပ်ခေါက်မည် အပြုတွင် ဆိုင်အလုပ်သမားတစ်ယောက် သူ့ထံသို့ရောက်လာသည်။

"မင်းသားလေးကျွင့်ဝမ်ရယ် မရှိတော့ဘူး၊ ထွက်သွားပြီ"

"အေလို... ဘယ်တုန်းက ထွက်သွားတာလဲ"

"မိုးလင်းချိန်လောက်မှာပါ"

မိမိ နံနက်စာ စားသောက်နေခိုက် ထွက်သွားခြင်းဖြစ်ကြောင်း ရင်ထန်မင်း သိလိုက်သည်။

"သူဘယ်သွားမယ် ပြောသလဲ"

"အဲဒါတော့ ပြောမသွားဘူး၊ ဆရာလေးနိုးလာရင် ပြောဖို့ မှာသွားတာတော့ ရှိတယ်"

"ပြောစမ်းပါဦး မြန်မြန်"

"အရက်သောက်ရင်း ပြောခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အခုလာလောဆယ် လုပ်စရာမလိုသေးဘူးတဲ့၊ လုပ်မယ့်အချိန်ကျရင်တော့ ဆရာလေးကိုလာဆက်သွယ်မယ်လို့ပြောသွားပါတယ်"

ရင်ထန်မင်း ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

ကျွင့်ဝမ်ရယ်လို အစွမ်းအစရှိသူ တစ်ယောက်က အကူအညီ လာတောင်းသည့်ကိစ္စကို ရင်ထန်မင်း တကယ်ပင် စိတ်ဝင်စားသည်။ ဘာကိစ္စလဲဆိုတာ သိချင်သည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝမ်ရယ်က လိုက်စွကိုမပြောသည့်အပြင် ထွက်ခွာသွား ပြန်လေသည်မို့ ရင်ထန်မင်းမှာ စိတ်ထဲမတင်မကျကြီးဖြစ် နေသည်။

ကျင့်ဝမ်ရယ်သည် သိုင်းဈေးလွင်ပြင်တွင်ပင် ရှိနေမှာ သေချာသော်လည်း ယခုလို သိုင်းသမားအများနှင့် စည်ကား ရှုပ်ထွေးနေချိန်တွင် ကျင့်ဝမ်ရယ်ကို လိုက်ရှာဖို့ မလွယ်ပါ။

ကျင့်ဝမ်ရယ်ကလည်း သူက မတွေ့လို၍ရှောင်နေလျှင် ကောက်ရိုးပုံထဲကျသွားသည့် အပ်တစ်လက်လိုပင် အရှာရ ပိုခက်သည့် လူစားဖြစ်သည်။

ရင်ထန်မင်းသည် ကျင့်ဝမ်ရယ်ကို လိုက်ရှာဖို့စိတ်မကူး တော့။

မိမိ ရှုံးသွားခဲ့ရသည်မို့ ယမန်နေ့ညက စားသောက် ခဲ့သည့် စရိတ်များနှင့်တကွ တည်းခိုခန်းတွင် တစ်ညအိပ် ခဲ့သည့် အခကြေးငွေများကို ပေးချေ၍ သိုင်းအားမာန် တည်းခိုရိပ်သာမှ ထွက်လာခဲ့သည်။

ဆောင်းငွေ့ပါသော လေအေးက ခပ်ကြမ်းကြမ်းတိုက် ခတ်နေရာ တည်းခိုဆိုင်ထဲမှ ထွက်မိသည်နှင့် အေးစိမ့်သွား ရလေသည်။

* * *



သိုင်းသမားရှိလျှင် အရက်ရှိရမည်ဟုပင် ဆိုရလေမည် လားမသိ။ သိုင်းသမားနှင့် အရက်မှာ မကင်းနိုင်အောင် ဖြစ်နေသည်။

သိုင်းသမားအများစုသည် အရက်ကြိုက်ကြသည်။ အား ရပါးရလည်း သောက်ကြသည်။ အရက် မကြိုက်သော၊ အရက်မသောက်တတ်သော သိုင်းသမားများလည်း ရှိကြ ပါသည်။

သို့ရာတွင်....မိတ်ဖွဲ့မှု၊ မိတ်ဖျက်မှု၊ တွေ့ဆုံမှု၊ ခွဲခွာမှု၊ စိန်ခေါ်မှု၊ ဘောင်းပန်မှု စသည့်စသည့် သိုင်းလောက၏ အမျိုးမျိုးသော အထိမ်းအမှတ် 'ပွဲ'များတွင်တော့ အရက် မကြိုက် အရက်မသောက်တတ်သူများပင် စတိသဘောမျိုး တစ်ခွက်လောက်တော့ သောက်ကြရစေရာ သိုင်းသမား များ အရက်နှင့်မကင်းဟုဆိုလျှင် မမှားနိုင်ပေ။

သိုင်းဈေးပွဲတော်နေ့အတွက် သိုင်းဈေးလွင်ပြင်သို့သိုင်း ချစ်သည်များ စုဝေး ရောက်နေကြရာ သိုင်းဈေးလွင်ပြင် ၏နေရာတိုင်း၊ ဆိုင်တိုင်းလိုလိုမှာပင် အရက် ရနိုင်နေသည် က မဆန်းပါ။

သိုင်းဈေးလွင်ပြင်တွင် ဖွင့်လှစ်ထားသော 'လရိပ်မြိုင် အရက်ဆိုင်'ကတော့အတော်ဆန်းသည်။

လရိပ်မြိုင်ဟု အမည်ခံ ထားသော်လည်း နေ့ဘက်တွင် သာဆိုင်ဖွင့်သည်။ အရက်သောက်သူများသော ညနေပိုင်း နေဝင်ချိန်ရောက်လျှင် ဆိုင်ပိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လရိပ်မြိုင် အရက်ဆိုင်တွင် ယုန်ကျားရွာထွက် 'မြွေဝါအရက်' တစ်မျိုးတည်းသာရောင်းချသည်။

အမြည်း ဟင်းလျာအနေဖြင့် မြွေသားဟင်းလျာတစ်မျိုးတည်းသာရှိပေသည်။

ပြီးတော့ ဈေးနှုန်းများကလည်း အခြား ဆိုင်များနှင့် နှိုင်းစာကြည့်လျှင် နှစ်ဆမျှလောက်ကြီးမြင့်သည်။

မြွေဝါအရက်နှင့် မြွေသား ဟင်းလျာကို အခြားဆိုင်များတွင် မရနိုင်ဘဲ လရိပ်မြိုင်အရက်ဆိုင် တစ်ဆိုင်တည်းတွင်သာ ဝယ်ယူ စားသုံးနိုင်သည်ဟူသော အချက်ကသာ ဆွဲဆောင်မှုအဖြစ်ရှိနေသည်။

မြွေဝါအရက်ကို သိုင်းဈေးလွင်ပြင်နှင့် အနီးဆုံးလူနေရပ်ကွက် ဖြစ်သော ယုန်ကျားရွာတွင် ချက်သော်လည်း ထိုရွာတွင် ရောင်းချခြင်းမရှိ။ ချက်ပြီးသမျှ အရက်များကို သိုလှောင်ထားကာ သိုင်းဈေးပွဲတော်အချိန်များတွင်သာ သိုင်းဈေးလွင်ပြင်တွင် လရိပ်မြိုင်အရက်ဆိုင် ဆောက်လုပ်ရောင်းချသည်။

မြွေသားဟင်းလျာ ချက်ပြုတ်သော စားဖိုမှူးနှင့် အဖွဲ့မှာလည်း ယုန်ကျားကျေးရွာမှ မဟုတ်ကြပေ။ သိုင်းဈေးပွဲတော်ချိန်ခါတွင်သာ သိုင်းဈေးလွင်ပြင်ရှိ လရိပ်မြိုင်အရက်ဆိုင်သို့ရောက်လာကြကာ ပွဲတော်ချိန်ခါပြီး၍ လူသူကင်း သွားသည်နှင့် ထိုအဖွဲ့လည်း ထွက်ခွာ သွားကြသည်။



လရိပ်မြိုင် အရက်ဆိုင်သည် စားသောက်သူ များနှင့် စည်စည်ကားကား မရှိသော်လည်း လူပြတ်သည် ဟုလည်း မဆိုနိုင်။ စားသောက်သူတို့ ခပ်ကျဲကျဲဖြစ်ကာ ဆိုင်ဖွင့်ချိန်တွင် လူသုံးလေးယောက်လောက်တော့ အနည်းဆုံး စားသောက်နေတတ်သည်။

သည်နေ့နံနက်ပိုင်း၌ လရိပ်မြိုင် စားသောက်ဆိုင်တွင် စားသောက်နေကြသူ (၇)ယောက်ရှိနေသည်။

ထို (၇)ယောက်တွင် ထူးခြား စိတ်ဝင်စားဖွယ်ရာ ကောင်းလှသူတစ်ယောက် ပါဝင်နေသည်။

အသက်(၂၅)နှစ်ခန့်ရှိ မိန်းမပျိုတစ်ယောက်ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ ကွမ်းစေ့ပုံ မျက်နှာတွင် မျက်လုံး ကြည်ကြည်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းဖူးဖူးနှင့် နှစ်လိုဖွယ်ရာအပြည့်ရှိသည်။ ကိုယ်နေဟန်ထား ကလည်း ကြော့ရှင်းပြေပြစ်သည်။

ပျော့အိသောဖဲသားဝတ်စုံခပ်ကျပ်ကျပ်ကို ဝတ်ထားရာ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့က လက်ရာကောင်း ပန်းပုဆရာတစ်ယောက် စိတ်ကြိုက်ထုလုပ်ထားသော ပန်းပုရုပ်နှယ် ဆွဲဆောင်မှုအပြည့်ရှိနေသည်။

အသားအရေက နှင်းပွင့်လို ဖြူဖွေးသည်။ မျက်တောင်ကော့ပြီးမျက်လုံးရွဲကြီးများ၏ အကြည့်ကလည်းယောက်ျားသားတစ်ယောက်၏ အသည်းနှလုံးကို သိမ်းကျုံးလွှမ်းမိုးနိုင်စွမ်းတွေ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသော ခရမ်းရင့်ရောင် ဝတ်စုံသည် ဖွေးအုသော အသားအရေနှင့် အထူးလိုက်ဖက်နေသည်။ အသားအရေ၏ လှပအဖြစ်ကင်းမှုကို ပြက်ပြက်ထင်ထင် ရှုမြင်နိုင်သည်။

မိန်းမပျိုသည် ထောင့်ကျကျ စားပွဲတစ်ခုတွင် တစ်ယောက်တည်း ထိုင်နေသည်။ စားပွဲက နှစ်ယောက်ထိုင် စားပွဲဖြစ်သည်။ ထိုင်ခုံတစ်ခုကလွတ်နေသည်။

လရိပ်မြိုင် အရက်ဆိုင်သည် သီးသန့်ကျသော နေရာတစ်ခုလိုဖြစ်လေရာ အေးအေးဆေးဆေး လာရောက်စားသောက်သူတို့အဆင်ပြေနိုင်ရန် တစ်ယောက်ထိုင်စားပွဲနှင့် နှစ်ယောက်ထိုင် စားပွဲများကို သာမန် လေးယောက်ထိုင် စားပွဲများအကြားတွင် အဆင်ပြေသလို နေရာ ချထားပေးထားသည်။

မိန်းမပျိုက တစ်ယောက်ထိုင်စားပွဲတွင် မထိုင်ဘဲ နှစ်ယောက်ထိုင်စားပွဲတွင် တစ်ယောက်တည်း နေရာယူထားသည်မှာ 'အဖော်'ကို ဖိတ်ခေါ်သည့် အနေအထားမျိုး ဖြစ်နေသည်။

မြို့ထဲရွာထဲရှိ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်တွင်ပင် သည်လိုအနေအထားမျိုးနှင့် ထိုင်နေလျှင် အချိန်အနည်းငယ်အတွင်းမှာ အဖော်ပြုလိုသူ ယောကျ်ားတစ်ယောက်ယောက် ရောက်လာမည်မှာ သေချာသည်။

သို့ရာတွင်....



သိုင်းသမား လူကြမ်းလူရမ်းတွေလည်း အများရှိနေသော သိုင်းဈေးပွဲတော်ချိန်ခါဖြစ်သည့်တိုင် ထိုမိန်းမပျိုစားပွဲမှ လွတ်နေသော ထိုင်ခုံတွင် လာထိုင်သည့်လူ တစ်ယောက်မှ မရှိသေးပေ။

ဤသည်ကလည်း အကြောင်းမဲ့မဟုတ်။

ဆိုင်ထဲတွင် စားသောက်နေကြသည့် ကျန်လူခြောက်ယောက်တို့သည် ထိုမိန်းမပျိုအကြောင်း ကောင်းကောင်းသိသည့် သိုင်းသမားများဖြစ်နေသောကြောင့်ပင်။

ထိုမိန်းမပျိုမှာ သိုင်းလောက၏နာမည်ကြီး စပ်ခင်စုစုကျန်းယုယုပင်ဖြစ်ပေသည်။

* * *

ကျန်းယုယုသည် ထူးခြားသောအမျိုးသမီးတစ်ယောက်ဖြစ်သည်။ သတင်းအစအနကောက်ရာတွင် တော်လှ၏။ သိုင်းလောက၏ ပတ်သတ်သည့်ဖြစ်ပျက်သမျှတွင် ကျန်းယုယုမသိတာမရှိဟုပင် သတင်းကြီးနေ၏။

ငယ်ရွယ်နုပျိုကာ လှပချောမောသော မိန်းမပျိုတစ်ယောက်ဖြစ်ကာ လမ်းမှန်သိုင်းသမားများအကြားတွင်ရော လမ်းလွဲသိုင်းသမားများအကြားတွင်ပါ နေ့နေ့ညည ဝင်ထွက်သွားလာလှုပ်ရှားနေသော်လည်း ယနေ့အထိ ကျန်းယုယုကို ထိပါး အန္တရာယ်ပြုနိုင်မှုမရှိသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယုယုသည် သိုင်းပညာ သာမန်မျှသာ ရှိသော်လည်း ကိုယ်ဖော့ပညာကောင်းလှသည်။ လက်နက်ပုန်း ပစ်လွှတ်မှုတွင်လည်း ကျွမ်းကျင်သည်။ ပရိယာယ်များကား မာယာကြွယ်သည်။

သိုင်းလောကတွင် လှုပ်ရှားတွင်ကျယ် နေနိုင်ခြင်းမှာ ကိုယ်ဖော့ပညာကောင်းပြီး လက်နက်ပုန်းပစ်လွှတ်မှုကျွမ်းကျင်ခြင်းထက် ပရိယာယ်မာယာ ကြွယ်လှမှုကြောင့် ဖြစ်သည်။

'သိုင်းသမားလူစွမ်းကောင်း မည်မျှအစွမ်းထက်ပါစေ မိန်းမပျိုချော၏ မျက်လုံးအကြည့်ကိုရင်မဆိုင်နိုင်' ဟု သိုင်းလောကတွင် ဆိုရိုးရှိသကဲ့သို့ ကျွန်းယုယု၏ ရီဝေကာ ညို့ယူနိုင်စွမ်းပြင်းလှသည့် မျက်ဝန်းညိုညိုများနှင့် ကြွယ်ဝလှသော မာယာတို့အောက်တွင် အရည်ပျော်ကုန်ကြသော သိုင်းသမားများ မနည်းတော့ပေ။

ထိုသိုင်းသမားများအနက် ကျွန်းနန်းဒေသ လွင်အမျိုးအနွယ် လူငယ်သိုင်းသမား ဆယ့်ရှစ်ယောက်အကြောင်းက သိုင်းလောကတွင် ပြောမဆုံးအောင်ရှိနေခဲ့သည်။

လွင်အမျိုးအနွယ် လူငယ်သိုင်းသမား ဆယ့်ရှစ်ယောက် သာသိထားသော ကိစ္စတစ်ခုရှိသည်။ ထိုကိစ္စကလည်း ထူးဆန်းခြားခြားမဟုတ်လှ။ လူပျိုလူရွယ်တို့၏ လျှို့ဝှက်ချက်လေးတစ်ခုသာဖြစ်၏။

သို့ရာတွင်....



တင်စားခေါ်ဝေါ်ခံရသော နာမည်နှင့်လိုက်အောင်ပင် စပ်စုတတ်သည့်ဝါသနာ ကြီးလှသော ကျွန်းယုယုသည် ထိုကိစ္စကိုသိချင်နေ၏။ လွင်အမျိုးအနွယ် သိုင်းသမားဆယ့်ရှစ်ယောက်ထံမှ သတင်းနှိုက်ခဲ့သည်။

စပ်စပ်စုစုကျွန်းယုယု၏ ပင်ကိုသဘာဝအလှကို ကြည့်ရှုခွင့်ရလျှင် သိချင်သော သတင်းကိုပြောပြမည်ဟု လွင်အမျိုးအနွယ်လူငယ် သိုင်းသမားတို့က အပေးအယူလုပ်သည်။

စပ်စုလှသော ကျွန်းယုယုကလည်း သဘောတူသည်။ သို့သော် မိမိ၏သဘာဝအလှကိုကြည့်ရှုပြီးလျှင် လွင်အမျိုးအနွယ် လူငယ်သိုင်းသမား ဆယ့်ရှစ်ယောက်လုံး မျက်လုံးများကို ထိုးဖောက်ပစ်မည်ဟု တောင်းဆိုခဲ့သည်။

လွင်အမျိုးအနွယ် လူငယ် သိုင်းသမားများကလည်း မိုက်ရူးရဲသော လူငယ်စိတ်ဖြင့် လက်ခံခွင့်ပြုသည်။

ဤသို့ဖြင့် ကျွန်းနန်းနယ်တွင် လူငယ်သိုင်းသမားဆယ့်ရှစ်ယောက်လုံး မျက်ကန်းတွေ ဖြစ်ကုန်ကြသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရှိခဲ့ကြသည့်အပြင် လွင်မျိုးနွယ်လူငယ်သိုင်းသမားဆယ့်ရှစ်ယောက်ကလည်း မိမိတို့ မျက်စိကန်းရသည်မှာ တန်သည့်တူပင်ဆိုကြရာ သက်ဆိုင်ရာ ဆွေမျိုးမိဘတို့က စပ်စပ်စုစုကျွန်းယုယုကို လက်တုံ့ပြန်အရေးယူမှုပင် မလုပ်နိုင်ကြ။

ကျွန်းယုယုက သည်လိုမိန်းမစားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ပဏ်သက်မိသော ယောကျ်ားတွေကလည်း သည်လို လူစားတွေဖြစ်ကြသည်။

*　　*　　*

စားသောက်နေကြသူများမှ သုံးယောက် စားသောက်ပြီး၍ ထွက်သွား၏။

နောက်ထပ် လူသစ်ငါးယောက် လရိပ်စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာကြ၏။ အရက်နှင့် မြွေသားဟင်းလျာများ မှာယူစားသောက်ကြသည်။

စပ်စင်စုစု ကျန်းယုယုကတော့ နှစ်ယောက်ထိုင် စားပွဲလေးတွင် တစ်ယောက်တည်းထိုင်ကာ အရက်ကို မျှင်း၍ သောက်ပြီး မြွေသားဟင်းလျာကို ဖြည်းဖြည်းချင်းမြုံ့စားနေဆဲ။

ထိုစားပွဲလေးမှ ထိုင်ခုံတစ်ခုကလည်း လွတ်မြဲလွတ်နေဆဲ။

ခြေသံ ပြင်းပြင်း နင်းကာ လရိပ် အရက်ဆိုင်ထဲသို့ ယောကျ်ားကြီးတစ်ယောက် လျှောက်လှမ်းဝင်လာသည်။

သိုင်းသမားပေါင်းစုံတို့ ရှိနေကြသည့်နေရာမို့ သည်လို ခြေသံပြင်းပြင်း နင်းမှုမျိုး မဆိုထားဘိ ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်မှုများ၊ သွေးသံရဲရဲ သေကျေဒဏ်ရာရမှု



များပင် ရိုးနေပြီဖြစ်ရာ ထိုယောကျ်ားကြီး ဝင်လာသည်ကို မည်သူကမျှ အရေးတယူမရှိကြပါ။

လှမ်း၍ပင် မကြည့်ကြ။

မိမိပဲ့ဘာသာ စားစရာရှိတာတွေစား၍ သောက်စရာရှိတာတွေ သောက်နေကြသည်။

သို့ရာတွင် ထိုယောကျ်ားကြီးက ကျန်းယုယု၏ စားပွဲအားမှ လွတ်နေသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သောအခါတွင်တော့ စားသောက်နေကြသော သိုင်းသမား (၇) ယောက်လုံးပင် ကြိုတင် ဇာတ်တိုက် ပြင်ဆင်ထားသည့်အလား ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

လှမ်းကြည့်၍ ထိုယောကျ်ားကြီးကို သေသေချာချာမြင်ကာ မည်သူမည်ဝါဖြစ်ကြောင်း သိကြသည်တွင် အချို့မျက်လုံးပြူးကုန်သည်။ အချို့ကတော့ မျက်မှောင်ကြုတ်သည်။ အချို့က ခေါင်းယမ်းသည်။

ထိုယောကျ်ားကြီးမှာ ဘောဝက်ရှိုင်း ကိုက်ချန်ကီး အမည်ရှိ ကြေးစား သိုင်းသမားဆိုးကြီး ဖြစ်နေသည်။

ဘောဝက်ရှိုင်း ကိုက်ချန်ကီး ရောက်သည့်နေရာတွင် သွေးနှင့်မျက်ရည် ပင်လယ်ဝေရသည်ဟု ပြောစမှတ်ပြုရလောက်အောင် ရက်စက်ကြမ်းတမ်းသည့် ကြေးစားသိုင်းသမားကြီး - မည်သည့်အကြောင်းကိစ္စကြောင့် စပ်စပ်စုစု ကျန်းယုယုထံသို့ ရောက်လာရသည်ကို သူတို့ သိချင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စပ်စုလွန်းသော ကျွန်းယုယုကို သူတစ်ယင်ရှင်းလင်းပြ ရန် ကိုက်ချန်ကီးကို ငွေပေးငှားရမ်းကာ တစ်ယောက် ယောက်က စေလွှတ်လိုက်လေသလားဟု တွေးသူတို့က တွေးသည်။

ကိုက်ချန်ကီးကို ကြည့်ရသည်မှာ လော်လောလတ်လတ် ပင် ပြင်းထန် ကြမ်းတမ်းသည့် တိုက်ပွဲတစ်ခု ဝင်လာခဲ့ ကြောင်း သိသာနိုင်သည်။ သူ့ကိုယ်ပေါ်တွင် ပွန်းပဲ့ ဖူးရောင်ဒဏ်ရာတွေ ရှိနေသည်။

ဘယ်ဘက်မခုံးထွင်တော့ ခေါ်းချက် ထိထားဟန်တူ၏။ သွေးတွေပင် စိမ့်စိမ့်ထွက်နေဆဲ။

ထိုင်ခုံတွင် ထိုင်ချလိုက်သော ကိုက်ချန်ကီး၏အသွင်က တိုက်ခိုက်သတ်ဖြတ်မှုတွေ ဖြစ်ပေါ်လာလေမလားဟု ထင် မှတ်နေကြသူတို့၏ စိုးရိမ်စိတ်များကို ပပျောက် လွင့်ပြယ် သွားစေသည်။

ကြမ်းကြမ်းရမ်းရမ်းနှင့် တစ်ရှူးထိုး လုပ်တတ်သော ကြောင့် 'တောဝက်ရိုင်း' ဟု တင်စားအမည်ရခဲ့သောကိုက် ချန်ကီးတွင် မာန်နှင့် ဟန်ဟိတ်တွေမရှိတော့။ မီမီ ပိုးပန်း နေသော မိန်းကလေးဆီရှေ့သို့ ရောက်နေသော လူမိုက် ရိုင်းလေး တစ်ယောက်၏ မဝံ့မရဲဟန်တွေသာ ရှိနေသည်။

ကိုက်ချန်ကီး ထိုင်ခုံတွင် ဝင်ထိုင်လိုက်သော အချိန်တွင် ကျွန်းယုယုသည် မြွေသားဟင်းလျာ တစ်ဖတ်ကို တမြုံ့ မြုံ့ဝါးကာ အရသာခံ စားသောက်နေသည်။ ကိုက်ချန်



ကီး ရောက်လာသည်ကို သိသော်လည်း မျက်လုံးဝင့်၍ပင် မကြည့်။

အရက်တစ်ခွက် ငှဲ့ယူကာ တစ်ငုံပင် သောက်လိုက်သေး သည်။

"မိန်းကလေးကျွန်း၊ သိချင်တာတွေ သိရပါတော့ မယ်"

ကိုက်ချန်ကီးက မဝံ့မရဲလေး ပြောတော့မှပင် ကျွန်း ယုယုက မျက်လုံး ရွဲကြီးများနှင့် တစ်ချက်ကြည့်၏။

"ဩော်....အင်း၊ အဲဒီအတွက် ငွေဘယ်လောက် ပေး ရမလဲ"

ခပ်အေးအေးပင် ပြောသည်။

"ဒီလောက် ကိစ္စအတွက် ငွေပေးစရာ မလိုပါဘူး။ ကျုပ်က မိန်းကလေးကျွန်း သိချင်တဲ့သတင်း ကုံစမ်းပေး နိုင်လို့ ဝမ်းဟောင်သာပါသေးတယ်"

"ဟုတ်လား"

ကိုက်ချန်ကီး၏ စကားအသွားအလာတွင် ရိုသေ့သေ့ သဘောများပါလာသည်ကို အကဲခတ်မိသည့် ကျွန်းယုယုက ဟန်တစ်ချက်လုပ်ကာ မပွင့်တပွင့်လေး ပြောသည်။ ထို အပြောလေးသည် ကိုက်ချန်ကီးကို ရင်ဖိုမောသွားစေ၏။

"ဟုတ်ပါတယ်....ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ,အားနာစရာကြီး ဖြစ်နေမှာပေါ့လို့"

"အားနာစရာမလိုဘူး၊ မိန်းကလေးကျွန်းက ကျုပ်ကို ဟို...."

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ချန်ကီးက ကျန်းယုယုကို တစ်ချက်ခိုးကြည့်၏။

''ရှင် ပြောမယ့် သတင်းကို အရင်နားထောင်ပါရစေလား၊ ကျွန်မသိချင်တာတွေ အကုန်လုံးပါတယ်ဆိုရင် ရှင့်ကိုလဲ ခစ်...ခစ်...ခစ်''

ကျန်းယုယုက စကားဆုံးအောင် မပြော။ တစ်ပိုင်းတစ်စနှင့်ရပ်ကာ ကိုယ်လေး သိမ့်ခနဲတုန်အောင် ရယ်မောလိုက်သည်။ စကားကုန်အောင် ပြောသည်ထက် အဓိပ္ပာယ်ကြီးသာသွားသည်။

''ရတယ်၊ ပြောပြမယ်''

ကိုက်ချန်ကီးသည် အခြားသူများ မကြားစေလိုသည့်သဘောဖြင့် ကိုယ်ကိုကိုင်းကာ ကျန်းယုယု၏ ဘယ်နားရွက်နားသို့ ပါးစပ်ကပ်၍ တိုးတိုးပြောသည်။

''ခါးတစ်ရာ ရဲတိုက်မှူးကြီး နှစ်ယောက်နဲ့အတူ လက်မရှိသိုင်းသမားဆယ်ယောက်၊ လက်ပါးစေ သိုင်းသမားငါးဆယ်ပါလာတယ်၊ ငါးမန်းနက် လင်ချမ်းကတော့ ပင်လယ်ဂိုဏ်းသား ငါးယောက်ခေါ်လာတယ်''

သူတို့ထိုင်နေကြသည့် နှစ်ယောက်စာ စားပွဲလေးများမှာ ခပ်သေးသေးဖြစ်၏။ လူချင်းနီးကပ်သည်။ ရိုးရိုးထိုင်နေရာမှ လေသံနှိမ့်၍ တိုးတိုးပြောလျှင်ပင် အခြားလူများ မကြားနိုင်။

ကိုက်ချန်ကီးက ကျန်းယုယု၏ပါးနားသို့ ကပ်လိုသောကြောင့် ကိုယ်ကို ရှေ့ကိုင်းကာ ပြောခြင်းဖြစ်၏။ သူမကလည်း ဒါကိုနားလည်သည်။ သို့သော် မသိကျိုးကျွန်ပြု



နေ၏။ အသားချင်း မထိမိရအောင်တော့ ပညာပါစွာ အသာ ရှောင်ထားသည်။

''ဒီလောက်လေးပဲလား''

သတင်းစုံစမ်းရာတွင် အတွေ့အကြုံ ကြွယ်ဝနေသော ကျန်းယုယုက ကိုက်ချန်ကီးထံတွင် သည့်ထက်မက ပြောစရာရှိကြောင်း အကဲခတ်မိသည့်အတွက် မူနွဲ့သလိုအသွင်မျိုးနှင့် မေးလိုက်သည်။

ကိုက်ချန်ကီးက မိမိလိုချင်တာရနိုင်မည်ဟု ကျန်းယုယုကတိပေးမှ ပြောစရာရှိတာ အကုန်ပြောမည်ဟု မူလက ကြံထား၏။ သို့သော် သူမက အမူလုပ်မှုကို သည်းလူကြီးတောင့်မခံနိုင်။

အကုန်အစင် ပြောချလိုက်ရလေတော့၏။

သတင်းအစုံကြားသိရသောအခါ သူမမျက်နှာပေါ်တွင် အံ့ဩသည့် အရိပ်အသွင်တစ်ခုယှက်သန်းသွား၏။ ကိုက်ချန်ကီးပြောတာ ဟုတ်မှဟုတ်ပါ့မလားဟုပင် တွေးမိသည်။

သို့သော် ကြေးစားသိုင်းသမားတစ်ယောက်ဖြစ်သော ကိုက်ချန်ကီးသည် အလုပ်လုပ်ရာတွင်မူ စေ့စပ်သေချာသောကြောင့် သူရလာသည့်သတင်းတို့အပေါ် သံသယမဝင်တော့။

ကိုက်ချန်ကီး၏ကိုယ်ပေါ်တွင် ရလာသော ဒဏ်ရာဒဏ်ချက်တို့ကလည်း သက်သေခံနေသည်။ ကိုက်ချန်ကီးလို လူတစ်ယောက်ကို တော်ရုံတန်ရုံသိုင်းသမားက သည်လိုဒဏ်ရာမျိုးရအောင် မလုပ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...အင်း...ဟုတ်ပြီ၊ ဒီအတွက် ရှင့်ကို ထိုက်သင့်သလို ဆုချရမှာပေါ့၊ ကဲ...အရက်သောက်ပါဦးလေ"

ကျွန်းယုယုသည် အရည်ရွှန်းလဲ့နေသော မျက်လုံးညို ကြီးများနှင့် ရီဝေဝေကြည့်ကာ ဖူးရွှနေသော် နှုတ်ခမ်း အစုံကို တွန့်သွားရုံ မပွင့်တပွင့်လေးပြုံးလျက် အသံချိုချို လွင်လွင်လေးနှင့်ပြော၏။

ထိုအကြည့်၊ ထိုအပြုံး၊ ထိုအပြောတို့က သူမ၏အလှ တွင် ယိမ်းမူးနေသော ကိုက်ချန်ကီးကို ကျောင်းကောင်း အရည်ပျော်သွားစေ၏။

ကျွန်းယုယုက စားပွဲဆိုးကိုလှမ်းလက်ရိုပ်ပြလိုက်ရာ စား ပွဲထိုးသည် တူတစ်စုံနှင့် အရက်သောက်ပန်းကန်လုံးတစ်ခု အမြန်ယူလာကာ ကိုက်ချန်ကီး၏ရှေ့တွင် ချခင်းပေး သည်။

ကျွန်းယုယုသည် ကိုက်ချန်ကီးကို အရက်သောက်ရန်ဖိတ် ခေါ်သော်လည်း အရက်တော့ ငှဲ့မပေးပါ။

ကိုက်ချန်ကီးက ကိုယ်တိုင်ငှဲ့၍သောက်ရ၏။

စိတ်အတော် လှုပ်ရှားနေသောကြောင့် အရက်တစ်ပန်း ကန်လုံးကုန်အောင် တစ်ခါတည်း မော့ချလိုက်၏၊ မြွေ ဝါအရက်၏ မွှေးကြိုင်ရှတမှုကလည်း နှစ်လိုဖွယ်ရာပင်။ အရက် မော့ချပြီးနောက် မြွေသားဟင်းတစ်ဖတ်ကို တူဖြင့် ညှပ်ယူကာ စားလိုက်သည်။



"ရှင်က သိပ်ကို အစွမ်းထက်မြက်တဲ့လူပဲနော်၊ ကျွန်မ အတွက် အားကိုးရမယ့်လူတစ်ယောက်ရလို့ ဝမ်းသာတယ် သိလား"

သူမက မျက်စလေးချီကာကြည့်ရင်း ပြောပြန်၏။ ပြော ပြီးနောက် အကြည့်ကိုပြန်မဖယ်သိမ်းဘဲ ကိုက်ချန်ကီးကို မိန်းမိန်းမူးမူးဆက်ကြည့်နေသည်။

ချော့မြူသော အကြည့်။

ကိုက်ချန်ကီး၏ရင်ခုန်သံမြန်လာသည်။ မြန်ရာမှ ရင်ခုန် ကြမ်းလာသည်။ ထို့နောက် ရင်ခုန်သံဒိန်းဒိန်းမြည်လာ၏။ သူ့မျက်နှာလည်းသွေးရောင်များလျှမ်းကာချက်ချင်းနီမြန်း လာသည်။

"တောက်...မင်း...မင်း...."

ကိုက်ချန်ကီးသည် ဒေါသတကြီးရေရွတ်ကာ ထိုင်ရာမှ ထလိုက်သည်။

စကားဆုံးအောင်မပြောနိုင်။ မတ်တတ်လည်း ထမရပ် နိုင်။ ထိုင်ခုံမှ ဖင်ကြွရုံသာကြွနိုင်လျက် ဘေးသို့ ဘိုင်းခနဲ ယိုင်လဲသွားသည်။

*　　*　　*

လှမ်းကြည့်အကဲခတ်နေသောသိုင်းသမားများ အံ့အား သင့်ကုန်ကြသည်။

www.burmeseclassic.com



ကိုက်ချန်ကီး အဆိပ်မိသွားသည်ကိုတော့သူတို့သိကြ၏။ သို့သော် ကျန်းယုယုက မည်သည့်အချိန်တွင် မည်သို့မည်ပုံ အဆိပ်ခတ်လိုက်သည်ကိုတော့ မတွေးတတ်ကြ။

ကိုက်ချန်ကီးသောက်မည့်အရက်ခွက်ကို သူမကလက်ဖျား နှင့်ပင်မတို့။ စားပွဲထိုးလူငယ်လေးက လာချပေးခြင်းဖြစ် သည်။ အရက်ကိုလည်း သူ့ဘာသာ ကိုယ်တိုင်ငှဲ့ယူကာ သောက်သည်ကို သူတို့ သေသေချာချာတွေ့ရသည်။

ထို့ပြင်....

သူ သောက်သော အရက်သည် ကျန်းယုယု သောက် လက်စ အရက်အိုးထဲမှဖြစ်သည်။

ကိုက်ချန်ကီး သောက်သည်က အရက် တစ်ပန်းကန် လုံးမျှသာဖြစ်သည်။ ကျန်းယုယုထိုင်၍ တစိမ့်စိမ့်သောက်နေ ခဲ့သောအရက်က ပိုထက်များသည်။

ဆိုင်အလုပ်သမားနှစ်ယောက် ခပ်သုတ်သုတ် လျှောက် လှမ်းရောက်လာကြသည်။ တောဝက်ရိုင်း ကိုက်ချန်ကီး၏ ခန္ဓာကိုယ်ကြီးကို ထမ်းထုတ်သွားကြသည်။

စားပွဲထိုးတစ်ယောက်က ကိုက်ချန်ကီး စားသောက်ခဲ့ သော အရက်ခွက်နှင့်တူတို့ကို အမြန်လာသိမ်းဆည်းသွား သည်။

နှစ်ယောက်ထိုင် စားပွဲလေးတွင် စပ်စပ်စုစုကျန်းယုယု တစ်ယောက်တည်းသာ ထိုင်၍ နေလေတော့သည်။ ထိုင်ခုံ တစ်ခုက လွတ်ငြိလွတ်သွားသည်။



အခြေအနေအရပ်ရပ်သည် တောဝက်ရိုင်းကိုက်ချန်ကီး ရောက်မလာမီကလို ပြန်ဖြစ်၏။

ဒါကလည်း သိုင်းဈေးပွဲတော် အချိန်အခါတွင် ဖွင့်လှစ် ရောင်းချသော ဆိုင်များ၏ လုပ်ကိုင် ဆောင်ရွက်ပေးမှု တစ်ရပ်ဖြစ်သည်။

သိုင်းသမားများ တိုက်ခိုက်ကြလျှင် ဘာမျှဝင်မစွက်ဘဲ အသာကြည့်နေမည်။ တိုက်ခိုက်မှု ပြီးဆုံးလျှင် ရှင်းလင်းစရာ ရှိသည်များကို အမြန်ရှင်းပစ်ကာ ဆိုင်ကိုပုံမှန်အတိုင်းပြန် ဖြစ်အောင်လုပ်မည်။

သည်အတွက် သက်ဆိုင်ရာ သိုင်းသမားက ထိုက်သင့် သော အခကြေးငွေ ချီးမြှင့်သည်။

အပျက်အစီးများ ရှိလျှင်လည်း လျော်ကြေးပေးသည်။ ဆိုင်ရှိလူများကလည်း ဘာမျှမသိမမြင်ရသလို နေမြဲအတိုင်း ဆက်နေသွားကြသည်။

ခဏအကြာတွင် ကျန်းယုယုသည် ကျသင့်ငွေ ပေးချေ ရန် စားပွဲထိုးလေးကို လှမ်းခေါ်မည်အပြုတွင် လရိပ် မြိုင်အရက်ဆိုင်ထဲသို့ လူတစ်ယောက် လျှောက်လှမ်း ဝင် လာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## ဆခန်း (၅)

လရိပ်မြိုင်အရက်ဆိုင်ထဲသို့ နဂါးလေး ရင်ထန်မင်း လျှောက်လှမ်းဝင်လာသည်။

ရင်ထန်မင်းသည် စပ်စပ်စုစု ကျန်းယုယု ထိုင်နေသော နှစ်ယောက်စာ စားပွဲလေးရှိရာသို့ တန်တန်းမတ်မတ်ပင် လျှောက်သွားသည်။

ပြန်တော့ရန် စိတ်ကူးရလျက် စားပွဲဆိုးလေးကို ကျသင့်ငွေပေးချေနိုင်ရန် လှမ်းခေါ်မည် ပြုနေသော ကျန်းယုယုသည် ရင်ထန်မင်းကို မသိမသာ တစ်ချက် လှမ်းကြည့်သည်။ မျက်မှောင်တစ်ချက် အသာကြုတ်သည်။

စားပွဲထိုးကို မခေါ်တော့ အရက်တစ်ငုံသာ စုပ်ယူသောက်လိုက်သည်။



သူမထိုင်နေသော စားပွဲနားသို့ ရင်ထန်မင်း ရောက်လာသည်။

နဂါးလေး ရင်ထန်မင်းနှင့် စပ်စပ်စုစု ကျန်းယုယုတို့သည် တွေ့ဆုံစကားပြောဆိုဖူးခြင်း မရှိသော်လည်း တစ်ယောက်အကြောင်း တစ်ယောက် ကြားသိ ထားကြသည်။ မြင်ဖူးကြသည်။

''ကျွန်တော် ဒီခုံမှာ ထိုင်လို့ရမလား''

စားပွဲနားတွင် ခြေစုံရပ်ကာ ရင်ထန်မင်းက မေးလိုက်သည်။

''အင်း....ထိုင်လေ''

ကျန်းယုယုက ခပ်ပေါ့ပေါ့ဟန်ဖြင့် ပြန်ပြောသည်။

''အရက်တစ်ခွက်နှစ်ခွက်သောက်ပြီး စကားလေး ဘာလေးပြောကြတာပေါ့''

ရင်ထန်မင်းက လွတ်နေသော ထိုင်ခုံတွင် ထိုင်ချရင်း ပြောသည်။

''ရပါတယ်လေ....အရက်ကတော့ အကောင်းစား မြွေဝါ အရက်ပါပဲ၊ ဒါပေမယ့် တို့မောင် သောက်ရဲမယ် မထင်ဘူး''

''ဘာကြောင့်လဲ၊ အရက်ထဲမှာ အဆိပ် ခတ်ထားလို့လား''

''ဟုတ်တယ်....သိပ်ပြင်းတဲ့အဆိပ်ပဲ''

ရင်ထန်မင်းက အရေးမစိုက်သလို ပြုံးရယ်ကာ စားပွဲထိုးလေးကို လှမ်းလက်ဟန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်အရက်ကိုး....ဒီအဆိပ်အရက်သောက်ပြီးအဆိပ်သင့်သွားတဲ့လူကော ရှိလား"

"ရှိတာပေါ့"

စားပွဲထိုးလေးက အရက်သောက် ပန်းကန်လုံးတစ်လုံးနှင့် တူတစ်စုံ လာချကာ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။

"ဘယ်တုန်းကလဲ"

ရင်ထန်မင်းက မေးသည်။

"စောစောတုန်းကပဲ"

"အဆိပ်သင့်သွားတာ ဘယ်သူများပါလိမ့်"

"တောဝက်ရိုင်း ကိုက်ချန်ကီး"

"သူက ဘာဖြစ်လို့ အဆိပ်အရက်သောက်မိတာလဲ"

"သူ့အပြစ် သူခံသွားရတယ်ဆိုပါတော့"

ရင်ထန်မင်းက တစ်ချက်စဉ်းစားလိုက်ပြီး....

"ကျွန်တော်တွေးမိပြီ၊ သူကမတန်မရာကို မှန်းပြီး နတ်ပန်းကိုဆွတ်ချူချင်လို့ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်"

ရင်ထန်မင်းက ကျန်းယုယုပြောကြားနေသည် များကို မယုံကြည်သည့်အသွင်ဖြင့် ရယ်မောလိုက်ကာ အရက်အိုးကိုယူပြီး ပန်းကန်လုံးထဲသို့ အရက်ငှဲ့ထည့်သည်။

လူ့သဘာဝက ဆန်းကြယ်သည်။ ရံဖန်ရံခါတွင် မဟုတ်မမှန် လုပ်ကြံပြောဆိုမှုများကို အဟုတ်ထင်ကာ အယုံကြီးယုံတတ်သလို၊ ဟုတ်တိုင်းမှန်ရာ ပြောသည်များကို မယုံနိုင်သည့်အခါများလည်းရှိသည်။



ကျန်းယုယုက အမှန်အတိုင်း ပြောသော်လည်း အခြေအနေကတော့ နောက်ပြောင်သည့် သဘောမျိုး ဖြစ်နေသည်။

အကယ်၍ တောဝက်ရိုင်း ကိုက်ချန်ကီး တစ်ယောက် အရက်တစ်ခွက် ငှဲ့သောက်မိသည်နှင့် အဆိပ်သင့်ကာ ဘိုင်းခနဲ လဲကျသွားသည်ကို ကိုယ်တွေ့မျက်မြင်မဟုတ်လျှင် ကျန်းယုယု၏ စကားများကို ယုံနိုင်စရာ အကြောင်းမရှိပါ။

ရင်ထန်မင်း အရက်ငှဲ့ပြီးသွားသည်။

အရက်သောက် ပန်းကန်လုံးလေး ပြည့်လုပြည့်ခင်ဖြစ်သည်။

ကျန်းယုယုက ရင်ထန်မင်းကို မပြုံးတပြုံး ကြည့်နေလေသည်။ အရက်သောက်ရန် တိုက်တွန်းခြင်း မရှိသလို မသောက်ရန် ကန့်ကွက်ခြင်းလည်း မပြု။ ရင်ထန်မင်း ဘာလုပ်၍ ဘာဖြစ်မည်ကို အကဲခတ်ကြည့်နေသလိုမျိုး။

တောဝက်ရိုင်း အဆိပ်သင့်သွားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြသည့် သိုင်းသမားများ ဆိုင်ထဲတွင်ရှိနေကြဆဲဖြစ်သည်။ ထိုသူတို့က ရင်ထန်မင်းတို့ လှမ်းကြည့်နေကြသည်။

ကျန်းယုယုပြောသည်မှာ အမှန်အကန်တွေ ဖြစ်သည်ကို သူတို့ ကောင်းကောင်း သိကြသည်။ ရင်ထန်မင်းလည်း ကိုက်ချန်ကီး၏ကြမ္မာမျိုး ကြုံရတော့မည်ဗျာ နှုးလည်းကာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားသူတို့က လှုပ်ရှားနေကြသည်။ ပူပန်သူတို့က လည်း ပူပန်မိကြသည်။

သို့ရာတွင်....

သူတို့သည် လှမ်း၍သာကြည့်ရုံကလွဲ၍ ဘာမျှမလုပ်ကြ။

စပ်စပ်စုစု ကျန်းယုယု အကြောင်းကို သူတို့သိကြသလို နဂါးလေး ရင်ထန်မင်းမှာ ဘယ်လိုလူစားမျိုး ဆိုသည်ကို လည်း သူတို့သိကြသည်။

ထို့ကြောင့် ယခုကိစ္စတွင် မည်သို့မျှပါဝင်စွက်ဖက်ခြင်း မပြုဘဲ 'ပွဲကြည့်သူ' လုပ်နေသည်က အကောင်းဆုံး ဖြစ် ကြောင်း နားလည်ကာ ငြိမ်နေကြသည်။

ရင်ထန်မင်းက အရက် ပန်းကန်လုံးလေးကို ကိုင်ကာ အားရပါးရပင် အကုန်အစင် မော့ချလိုက်သည်။

အေးစိမ့်စိမ့် လေပြင်းက ဆိုင်ထဲသို့ တစ်ချက်ဝေ့ ဝင် လာသည်။

*　*　*

လေတိုက် ကြမ်းလာသောကြောင့် ဆိုင်အလုပ်သမား များက ပြတင်းပေါက်တံခါးများ ပိတ်လိုက်ကြသည်။

လေအေးတွေ ဝင်မလာတော့။

စပ်စပ်စုစု ကျန်းယုယုသည် နဂါးလေးရင်ထန်မင်းကို စူးစိုက်ကာ ကြည့်နေသည်။ သူမ၏ နှုတ်ခမ်းဖူးဖူးလေးများ



တွင် လှပသောအပြုံးလေး ခိုတွဲနေသော်လည်း ညို့မျက် လုံးများတွင်တော့ အံ့ဩသည့်အရိပ်အသွင်များ ယှက်သန်း နေသည်။

ဟုတ်သည်။

ကျန်းယုယု အတွေးရခက်နေသည်။

လူတစ်ယောက် အရက်သောက်သည်ကို မတွေ့ဖူးမမြင် ဖူးသေးသည့် အထူးအဆန်းလို ရင်ထန်မင်းကို ကြည့်နေ သည်။

ရင်ထန်မင်း အရက်သောက်နေသည်မှာ သုံးခွက်တိတိ ပင် ရှိသွားလေပြီ။

အရက်သုံးခွက်ကို တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်ငှဲ့ကာ ရေသောက်သလို မော့သောက်ချသွားခြင်း ဖြစ်သည်။

သုံးခွက်ဆက်တိုက် သောက်ချပြီးမှ အရက်ပန်းကန်လုံး လေးကို လက်လွှတ်ကာ မြွေသားဟင်းလျာ တစ်ဖတ်ကို တူနှင့်ညှပ်ယူ စားလိုက်သည်။

"မြွေသားနဲ့ အရက်မသောက်ရတာ အတော်တောင် ကြာသွားပြီ၊ အင်း.... ပြောရမယ်ဆိုရင် တောဝက်ရိုင်း ကိုက်ချန်ကီးရဲ့ဟာက သိပ်မဆိုးလှပါဘူး"

မြွေသားဟင်းလျာများကို တမြုံ့မြုံ့ဝါးရင်း ရင်ထန် မင်းက မှတ်ချက်ချသည်။

"အဲဒီလူကြီးက ဘယ်လိုများ ကံကောင်းသွားတာလဲ"

ကျန်းယုယုက မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံတွင် အံ့ဩသည့် အရိပ်အသွင်များ သိသိသာသာ ပါဝင်နေသည်။ အဆိပ်ခတ်ထားသော အရက်သုံးခွက် ဆက်တိုက် သောက်ချပြီးသည့်တိုင် ရင်ထန်မင်းဘာမျှမဖြစ်သောကြောင့် ကျန်းယုယု တကယ်ပင်အံ့ဩနေသည်။

အံ့ဩသည့်အသွင် မပေါ်ရအောင်လည်း ကျန်းယုယုက ကြိုးစားဆည်ကာ ထိန်းသိမ်းထားသည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ မာယာကြွယ်သော ကျန်းယုယု တစ်ယောက် စိတ်တွင်းခံစားမှုကို မဖုံးကွယ်နိုင်။

"တစ်ချိန်တည်းမှာ ထူးခြားတဲ့အဖြစ်နှစ်ခုကို ပြိုင်တူကြုံတွေ့ရတယ်ဆိုတာ အရမ်းကိုဖြစ်နိုင်ခဲတာပဲ၊ ကံကောင်းတယ်လို့ ပြောရမှာပေါ့"

"ဘယ်လိုထူးခြားတဲ့ အဖြစ်နှစ်ခုလဲ"

ကျန်းယုယုမှာ အံ့ဩစိတ် ပိုလာရပြန်သည်။

စပ်စုတတ်သူတို့ သိချင်စိတ်ကလည်း ပြင်းပြလာသည်။

"တစ်မိုးအောက် တစ်ယောက်ဆိုသလို လှပချောမောပြီး လျို့ဝှက်ချက်မနည်းသမျှကို သိနေတဲ့ မိန်းမချောမိန်းမလှတစ်ယောက်နဲ့ နှစ်ယောက်စာ စားပွဲလေးမှာ နီးနီးကပ်ကပ် ထိုင်ရတာရယ်၊ ပြီးတော့ အဆိပ်အရက်အပြင်းစားကို သောက်ရတာရယ်လေ"

"စောစောက အဲဒီအကြောင်းတွေ ပြောတုန်းကတော့ တို့မောင်က တို့ရဲ့စကားကို မယုံသလိုလိုပါလား"



"ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော့်ရဲ့ အကျင့်စရိုက်ဆိုးပါတော့"

"သူများပြောသမျှကို မယုံတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ မိန်းမပြောတဲ့စကားတွေကိုပါ၊ အထူးသဖြင့် လှပချောမောပြီး ညို့ယူဆွဲဆောင်နိုင်အား ကောင်းလှတဲ့ မိန်းမချောတွေရဲ့ စကားဆိုပါတော့"

"တို့ပြောတာတွေကို မယုံဘူးဆိုပြီး အခုတော့ ဘာကြောင့် ကိုက်ချန်ကီး အဆိပ် အရက် အပြင်းစားကို သောက်ခဲ့ရတယ်လို့ ပြောရပြန်တာလဲ"

"ဒါကတော့ ကျွန်တော့်ရဲ့ မျက်စိတွေကိုတော့ ယုံရတာကိုး"

"လက်စသတ်တော့ ကိုက်ချန်ကီးရဲ့ အလောင်းထမ်းထုတ်သွားတာကို တို့မောင်က မြင်လိုက်တာကိုး"

"ဟုတ်ကဲ့၊ ကိုက်ချန်ကီး အဆိပ်သင့်သွားတာကို ကျွန်တော် သိပြီး ဖြစ်နေပေမယ့် အရက်ထဲမှာ အဆိပ်ခတ်ထားတယ်ဆိုတာကိုတော့ ယုံရခက်နေတယ်၊ မမကိုယ်တိုင်လဲ ဒီအရက်ကိုပဲ ငှဲ့သောက်နေတာ မဟုတ်လား"

"အခု လက်တွေ့သောက်ကြည့်ပြီးတော့ကော"

"အဆိပ်ခတ်ထားတယ်ဆိုတာ ယုံသွားပါပြီ"

"တစ်ခု မေးချင်တယ်"

"မေးပါ မမ"

www.burmeseclassic.com

www.burmeseclassic.com



“အဆိပ်အရက် အပြင်းစားသုံး ခွက်တိတိ ဆက်တိုက် သောက်ပြီးတာတောင် တို့မောင်က ဘာကြောင့် အဆိပ် မသင့်တာလဲ”

“မမ အဆိပ်မသင့်ရတဲ့အကြောင်းနဲ့ ဆင်တူမယ်ထ ပါတယ်”

စပ်စပ်စုစု ကျန်းယုယု၏ မျက်နှာပေါ်တွင် ရှိနေသော မြူးချိုချိုအသွင်များပျောက်သည်။ လေးနက် တည်ကြည် လာသည်။

“ဒီအရက်ဆိုင်က အေးအေးဆေးဆေး စကားပြော မကောင်းဘူး၊ အခြားတစ်နေရာကို သွားကြရအောင်”

ကျန်းယုယုက ရင်ထန်မင်းကြားရုံ တိုးတိုးပြောလိုက် သည်။

* * *

သိုင်းလောကသည် သတင်းပျံ့နှံ့မှုမြန်သည့် ဝန်းကျ ဖြစ်သည်။

သိုင်းဈေးပွဲတော် အခါသမယ သိုင်းဈေး လွင်ပြ တွင်တော့ သတင်းပျံ့နှံ့မှုက ပေါ်မီးလောင်သည်ထ ပင် ပို၍မြန်သည်။

နဂါးလေး ရင်ထန်မင်း ပျောက်ဆုံးနေသည့် သတ သည် သိုင်းဈေးလွင်ပြင်တစ်လွှား လျင်မြန်စွာပျံ့နှံ့လာက



(၃)လပိုင်း (၁၁)ရက်နေ့၊ မွန်းလွဲပိုင်းတွင် သိုင်းဈေး လွင်ပြင်တွင် ထိုသတင်းကို မသိသူမရှိတော့ပေ။

ရင်ထန်မင်းကို နောက်ဆုံးတွေ့လိုက်ရသည်က (၃)လ ပိုင်း (၁၁)ရက်နေ့ နံနက်တွင် လရိပ်မြိုင် အရက်ဆိုင်တွင် စပ်စပ်စုစု ကျန်းယုယုနှင့်အတူ အရက်သောက် စကားပြော နေခြင်း ဖြစ်သည်။

ကျန်းယုယုနှင့်အတူ ရင်ထန်မင်း လိုက်ပါသွားပြီးသည့် နောက်တွင် ရင်ထန်မင်းကို မတွေ့မမြင်ကြရတော့ပေ။ ရင်ထန်မင်းသည် မြေလျှိုး မိုးပျံသွားသလိုပင် ဘာသဲလွန်စ ခြေရာလက်ရာမျှ မကျန်ဘဲ ပျောက်ဆုံးသွားခဲ့လေပြီ။

ရင်ထန်မင်း ခြေရာပျောက်နေသော်လည်း ကျန်းယုယု ကတော့ ရှိနေသည်။

စပ်စပ်စုစုကျန်းယုယုသည် သိုင်းဈေးလွင်ပြင်ရှိ တည်းခို ရိပ်သာများတွင် အကောင်းဆုံးဖြစ်သော ‘သိုင်းဟောဝန် နန်း’တည်းခိုရိပ်သာ၏ အထူးတည်းခိုဆောင်တွင် တည်းခို နေထိုင်နေသည်။

သိုင်းဟောဝန်နန်း တည်းခိုရိပ်သာသည် ယာယီဆောက် လုပ်ထားခြင်းဖြစ်သော်လည်း မြို့ကြီးများရှိ တည်းခိုရိပ် သာထက် မညံ့ပါ။ အထူးတည်းခိုဆောင်သည် သီးသန့် ခြံဝင်း၊ သီးသန့်ပန်းခြံ၊ သီးသန့်ဝင်းတံခါးတို့နှင့် အိမ်ငယ် လေးတစ်ဆောင်လို ခမ်းခမ်းနားနား ပြည့်ပြည့်စုံစုံရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်များကို အိုးလိုက် သယ်ယူလာကာ မြေကျင်းတူး၍ မြှုပ်ထားရာ ယာယီဖြစ်သော ထိုပန်းခြံလေးတွင် အဖိုးတန်ပန်းမျိုးစုံတို့လည်း ဖူးပွင့် ဝေဆာနေပေသည်။

လရိပ်အရက်ဆိုင်မှ အတူထွက်သွားကြပြီး ရင်ထန်မင်းက ဘာသံမျှ မကြားရအောင် ပျောက်နေလျက် ကျန်းယုယုကမူ သိုင်းဟောဝန်နန်း တည်းခိုရိပ်သာ အထူးတည်းခိုဆောင်တွင် ထင်ထင်ရှားရှား တည်းခိုနေထိုင်လျက်ရှိရာ ရင်ထန်မင်းနှင့်ပတ်သက်၍ သတင်းရလိုသည်ဆိုလျှင် ကျန်းယုယုကို သွား၍ မေးမြန်းစုံစမ်းရမည် ဖြစ်ပေသည်။

သိုင်းစျေးပွင့်ပြင်ရှိ သိုင်းသမားများသည် ရင်ထန်မင်း ပျောက်ဆုံးနေမှုအကြောင်းကို သိလိုလှသော်လည်း ကျန်းယုယုထံသို့ သွားရောက် မေးမြန်းစုံစမ်းရန်တော့ စိတ်မကူးကြပေ။

သည်လို စိတ်မကူးကြသည်မှာလည်း အကြောင်းရင်းခိုင်ခိုင်မာမာရှိ၏။

ကျန်းယုယုသည် လှပချောမောသည်။ ပရိယာယ်ကြွယ်ဝကာ မာယာများသည်။ အလွန်လည်းစပ်စုသည်။

သိလိုသည့်သတင်း၊ စပ်စုလိုသည့် ကိစ္စနှင့်ပတ်သက်၍ နည်းလမ်းမျိုးစုံနှင့်သိအောင် လုပ်နိုင်စွမ်းရှိ၏။

ကျန်းယုယုနှင့်အတူစားသောက်ကာ ယှဉ်တွဲထွက်သွားခဲ့ပြီးနောက် မတွေ့မမြင်ရတော့ဘဲ ပျောက်ဆုံးသွားသော သိုင်းသမား ယောကျ်ားကြီးများမှာ ရင်ထန်မင်း တစ်ယောက်တည်း မဟုတ်ပေ။



ရင်ထန်မင်းအရင်ကရှိခဲ့သလို ရင်ထန်မင်းနောက်တွင်လည်း ရှိနေဦးမှာသေချာ၏။

ကျန်းယုယုထံသွား၍ ရင်ထန်မင်းအကြောင်း စုံစမ်းမိသူကိုယ်တိုင်ပင် ရင်ထန်မင်းလို ပျောက်ဆုံးသွားနိုင်လေသည်။

ရင်ထန်မင်းပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ စိတ်အဝင်စားဆုံးမှာ အနောက်ပိုင်းအဆိပ်ငါးဖော်၊ မင်းသားလေးကျင့်ဝမ်ရယ်နှင့် ကျောက်စိမ်းညီအစ်မသုံးဖော်တို့ ဖြစ်ကြသည်။

ရင်ထန်မင်းအကြောင်း အခြားနေရာများတွင် ဘယ်လိုမျှ စုံစမ်း၍မရသောအခါ အနောက်ပိုင်းအဆိပ်ငါးဖော်နှင့် မင်းသားလေး ကျင့်ဝမ်ရယ်တို့က စပ်စပ်စုစု ကျန်းယုယုထံသို့ သွားရောက်မေးမြန်းစုံစမ်းရန် ဆုံးဖြတ်လိုက်ကြသည်။

* * *

လွန်ခဲ့သော သုံးလခန့်က အနောက်ပိုင်း အဆိပ်နန်းတော်၏ 'အဆိပ်ဩဇာဆေးမြစ်' ပျောက်ဆုံးသွားခဲ့သည်။ ပျောက်ဆုံးသွားသော ဆေးမြစ်နှင့်ပတ်သက်၍ သတင်းစုံစမ်းရန် အနောက်ပိုင်းအဆိပ်ငါးဖော်တို့ သိုင်းစျေးလွင်ပြင်သို့ ရောက်လာကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဩဇာဆေးမြစ်သည် အဆိပ်ဖြေရာတွင် အသုံးပြုရန်သက်သက်မဟုတ်။ အဆိပ်များကိုချေဖျက်လျက် သွေးသား သန့်စင်ကောင်းမွန်ပြီး အတွင်းအား တိုးပွားစေနိုင်သော ဩဇာဓာတ်များအဖြစ် ပြောင်းလဲ ပေးနိုင်စွမ်းရှိသည်။

အတွင်းအား တိုးတက်မြင့်မားအောင် လုပ်နိုင်သည့် အားတိုးဆေးတစ်မျိုးဟုပင် ဆိုနိုင်၏။

ကျန်းယုယု၏ အဆိပ်ခတ်ထားသောအရက်ကို သောက်မိသော်လည်း ရင်ထန်မင်း အဆိပ်မသင့်သည့်အပြင် လန်းလန်းဆန်းဆန်း ဖျတ်ဖျတ်လတ်လတ်ပင်ရှိနေသေးကြောင်း သတင်းကြားရသောအခါ အဆိပ်ပညာ ကျွမ်းကျင်သူများပီပီ ရင်ထန်မင်းသည် အဆိပ်ဩဇာဆေးမြစ်ကိုသွေး၍ ကြိုတင် သောက်ထားခြင်းဖြစ်ကြောင်း အနောက်ပိုင်းအဆိပ်ငါးဖော်တို့က သိလိုက်ကြ၏။

သေသေချာချာစောင့်ကြည့်စုံစမ်းရန် စီစဉ်နေကြဆဲဘဝ် ရင်ထန်မင်း ရုတ်တရက် ပျောက်ဆုံးသွားရာ အနောက်ပိုင်းအဆိပ်ငါးဖော်တို့မှာ မခံချိမခံသာဖြစ်ကုန်ကြ၏။ ဒေါသလည်း ထွက်မိကြသည်။

''ရင်ထန်မင်းက တယ်လျင်ပါလား၊ သူ့ဆီမှာ အဆိပ်ဩဇာဆေးမြစ်ရှိနေမှန်းသိနိုင်မယ့် သဲလွန်စလေး တစ်ချက်ပေါ်သွားပြီးတာနဲ့ တစ်ခါတည်း ခြေရာဖျောက်သွားတာပဲ''



အနောက်ပိုင်း အဆိပ်ငါးဖော်တွင် အဆင့် ၂-ဖြစ်သူ အဆိပ်ကျားရိုင်းကန်းယိကပြော၏။

''ဒီလူ ရှောင်တိမ်းသွားတာ ဟုတ်ချင်မှဟုတ်လိမ့်မယ်၊ ကျွန်တော်ကတော့ ရင်ထန်မင်းဟာ ကျန်းယုယုရဲ့မာယာကျော့ကွင်းထဲကိုဝင်ပြီး အသက်ပျောက်သွားတယ်လို့ထင်တာပဲ''

အနောက်ပိုင်းအဆိပ် ၃-အဆိပ်ပိုးလွှဟူလိန်းက သူ့ထင်မြင်ချက်ကို ပေးသည်။

''ရင်ထန်မင်းက ကျန်းယုယုနဲ့အတူ အရက်ထိုင်သောက်ပြီး နှစ်ယောက်တွဲထွက်သွားဖို့တောင်အခွင့်အရေးရတယ်၊ တကယ့်လူပဲ၊ အားကျတယ်ဗျာ....အားကျတယ်''

အငယ်ဆုံးဖြစ်သော အဆိပ်ငှက်ကူယမ်ယမ်က မှတ်ချက်ချသည်။

''ရင်ထန်မင်း သေသွားတာပဲ ဖြစ်ဖြစ်၊ ရှောင်တိမ်းပြေးတာပဲဖြစ်ဖြစ်၊ ပုန်းအောင်းနေတာပဲဖြစ်ဖြစ် သူ ခိုးသွားတဲ့ အဆိပ်ဩဇာဆေးမြစ်ကိုတော့ အရပြန်ယူရမှာပဲ''

အနောက်ပိုင်း အဆိပ်ငါးဖော်တွင် အကြီးဆုံးဖြစ်သူ အဆိပ်ခြသေ့ဟုန်စန်းပိုင်ကဆိုသည်။

''ကျန်းယုယုဟာ ရင်ထန်မင်းကို အခွင့်အရေးပေးပြီး အကာပ်ခံတာ အဆိပ်ဩဇာဆေးမြစ် ရင်ထန်မင်းဆီမှာရှိမှန်းသိပြီး အရယူချင်လို့ဖြစ်လိမ့်မယ်''

အဆိပ်ပိုးလွှဟူလိန်းက ပြောသည်။

''ဟုတ်တယ်၊ ညီလတ်ပြောတာဖြစ်နိုင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကျားရိုင်းကန်းယိက ထောက်ခံသည်။

"ရင်ထန်မင်းက ကျန်းယုယုနဲ့ အတူထွက်သွားပြီး ပျောက်ဆုံးသွားတာဆိုတော့ ရင်ထန်မင်း ဘယ်မှာရှိမယ်ဆိုတာ ကျန်းယုယုပဲသိနိုင်လိမ့်မယ်"

ဟူလိန်းက ပြောပြန်၏။

"ကျန်းယုယု တည်းခိုနေတဲ့ နေရာမှာတောင် ရင်ထန်မင်း ရှိချင်ရှိနေမှာ"

ကန်းယိက ထောက်ခံပြန်သည်။

"ဒါဆိုရင် ကျွန်တော်တို့က ဘာစောင့်နေကြတာလဲ၊ ကျန်းယုယုဆီသွားပြီး စုံစမ်းလိုက်ရင်ပြီးတာပဲ"

အဆင့် ၄-ဖြစ်သော အဆိပ်မြွေခွေးချောင်ကျက်ဟွန်းက ဝင်ပြောသည်။

"အစ်ကိုထွေးပေးတဲ့အကြံ ကောင်းတယ်၊ ကျန်းယုယုဟာ ပရိယာယ်ကြွယ် မာယာများပြီး သူ့ရဲ့အလှကို လက်နက်ကောင်းအဖြစ် ထိထိမိမိသုံးတတ်တယ်လို့ သတင်းကြီးနေတာ ဘယ်လို ပရိယာယ်မာယာတွေ သုံးတယ်၊ အလှအပက ဘယ်လိုရှိတယ်ဆိုတာ လက်တွေ့စစ်ဆေးကြည့်ကြတာပေါ့"

အဆိပ်ပင့်ကူ ယမ်ယမ်က ပြောသည်။

ယမ်ယမ်သည် ထန်ရင်မင်းအကြောင်းကို စုံစမ်းဖို့ထက် ကျန်းယုယုကိုစစ်ဆေးရန် ပိုစိတ်အား ထက်သန်နေသည့် အသွင်ရှိသည်။

"ညီထွေးပြောတာမဆိုးဘူး"



အဆိပ်ခြသေ့်က ခေါင်းစာစ်ချက် ညိတ်ကာ သဘောတူသည့်စကားဆိုသည်။

"ဒါဆိုရင်လဲသွားစုံစမ်းကြည့်ဘာပေါ့၊ သေသေချာချာစစ်ဆေးကြည့်ဖို့ ကျွန်တော့်တာဝန်ထား"

ယမ်ယမ်က အားတက်သရောပြောသည်။

"ဘာဖြစ်လို့ မင်းကို တာဝန်ပေးရမှာလဲ"

အဆိပ်ခံပုလွေဟူလိန်းက ရှုသိုးသိုးနှင့်ကြည့်ရင်း မေးသည်။

"ပရိယာယ် မာယာများတဲ့ အမျိုးသမီးကို ဘယ်လိုဆက်ဆံကိုင်တွယ်ရမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းနားလည်လို့ပေါ့အစ်ကိုလေးရ"

"သွားစမ်းပါ၊ မင်းအကြောင်း ငါမသိဘူး ထင်လို့လား"

"မင်းတို့နှစ်ယောက် စကားများ မနေကြနဲ့၊ အလုပ်လုပ်ရင် ကြီးစဉ်ငယ်လိုက် ဝါစဉ်အရ ဆောင်ရွက်ရတာယ်၊ ဒီကိစ္စမှာလဲ အစ်ကိုကြီးက အရင်ဆုံးစုံစမ်းလိမ့်မယ်"

ဟူလိန်းနှင့်ယမ်ယမ်တို့ အချီအချပြောဆို နေကြသည်ကို အဆိပ် ကျားရိုင်း ကန်းယိက ဟန့်တားကာ ဖြတ်ပြောသည်။

"ဟုတ်တယ်....ငါအရင်ဆုံး စုံစမ်းကြည့်မယ်၊ ကိုင်း... ပြောနေကြာတယ်၊ ကျန်းယုယုဆီသွားကြမယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်း ဖြစ်သော်လည်း လေသိပ်မထန်တော့။ ငြိမ့်ငြိမ့်လေးသာ တိုက်ခတ်နေသည်။

အနောက် မိုးကုပ်စက်ဝိုင်း ဆီသို့ လျှောဆင်းစ ပြုနေသော နေဝန်း၏သည်းဆာနေခြည်တန်းများကြောင့် တိမ် များခံတောက်နေသည်။

သိုင်းဒေဟဝန်းနန်း အထူးတည်းခိုဆောင်၏ ပန်းခြံငယ် လေးထဲတွင် စပ်စပ်စုစု ကျွန်းယုယုသည် လမ်းထွက် လျှောက်နေသည်။

တိမ်တောက်သည့်အခါကို 'အကျည်းတန်လှချိန်' ဟုငင် တင်စားပြောဆိုကြသည်။ ကျွန်းယုယုလိုမိန်းမချောလေးမိန်းမ လှတစ်ယောက်အတွက်တော့ တိမ်တောက်ချိန်တွင် အသုံ ချက်သရေတိုးပြီးရင်း တိုးနေပေတော့သည်။

ပြီးတော့ သူမဝတ်ထားသည် ကလည်း ပိုးသား ဝတ်စုံ ပါးပါးလေး။ သည်နေ့နက်ပိုင်းက လရိပ်မြိုင် အရက်ဆိုင် တွင်ဝတ်ဆင်ခဲ့သည့် ဝတ်စုံထက်ပင် ပိုပါးလှပ်သေးသည်။ ကျွန်းယုယု၏ ကြော့ရှင်းသော ကိုယ်ဟန်သည် ကြွရွနေ သည်။

"ဝုန်း"

အသံစပ်ကျယ်ကျယ်နှင့်အတူ အထူးတည်းခိုဆောင်ဝင်း ဝရှိ ပိတ်ထားသော ဝင်းတံခါးပွင့်သွားသည်။ တံခါးချက် ပျက်စီးသွားအောင် ခပ်ကြမ်းကြမ်း တွန်းဖွင့် လိုက်သော ကြောင့်ဖြစ်သည်။



တံခါးချက်ပျက်ကာ ဟင်းလင်း ပွင့်သွားသော ဝင်း တံခါးမှ သိုင်းသမားလူကြမ်း(၅)ယောက် ခြေလှမ်းကျဲကျဲ ဖြင့်လျှောက်လှမ်းဝင်လာသည်။

တစ်ကြိမ်တစ်ခါမျှ ဆုံတွေ့ဖူးခြင်းမရှိသေးသော်လည်း ထိုလူများမှာအနောက်ပိုင်း အဆိပ်ငါးဖော် ဖြစ်ကြောင်း ကို ကျွန်းယုယုက ချက်ချင်းသိသည်။

စပ်စပ်စုစု ကျွန်းယုယုကို လှမ်းမြင် လိုက်သည်နှင့် အနောက်ပိုင်းအဆိပ်ငါးဖော်တို့ ပြိုင်တူလိုလိုပင်ခြေလှမ်း တုံ့ရပ်သွားကြသည်။

သူတို့သည် လူပျိုရိုင်းလေးများ မဟုတ်ကြပါ။

အတွေ့အကြုံတွေ စုံကြသူများဖြစ်သည်။

သို့ရာတွင် ဆည်းဆာ နေခြည်များနှင့် တိမ်တောက်နေ သောကောင်းကင်အောက်ရှိ ပန်းမျိုးစုံ ဖူးပွင့်မဝေဆာနေ သည့် ပန်းခြံလေးထဲတွင် ပိုးသားဝတ်စုံပါးပါးလေး ဝတ် ပြီးကိုယ်ဟန်ကြော့ကြော့နှင့် လမ်းလျှောက်နေသောမိန်းမ ချောကိုတော့ တစ်ကြိမ်မှ ကြည့်ဖူး မြင်ဖူးခြင်း မရှိကြ ပါ။

ပတ်ဝန်းကျင်က ဆွတ်ပျံ့ကြည်နူးဖွယ်ရာရှိသလို လူက လည်းနှစ်လိုဖွယ်ရာကောင်းလှသည်။ ခြေလှမ်းတုံ့ရပ်သွား ကြသောအနောက်ပိုင်း အဆိပ်ငါးဖော်လုံးသည်ကျွန်းယုယု ကိုငေးမောကြည့်နေမိကြသည်။

"ယော…အနောက်ပိုင်း အဆိပ်ငါးဖော်တို့ပါလား ရှင်တို့ကကျွန်မဆီလာလည်ချင်တယ်ဆိုရင် အသံလေး တာ

www.burmeseclassic.com

www.burmeseclassic.com



လေးလှမ်းပြုမှပေါ့၊ ဒါဆိုကျွန်မက တံခါးဖွင့်ပြီး ကြိုဆိုမှာပါ၊ တံခါးကို အတင်းတွန်းဖွင့်တော့ တံခါးချက်ပျက်စီးသွားပြီ၊ ဘယ်သူကလာပြီး လျော်ပေးမှာလဲ၊ ခက်တာပါပဲရှင်''

ကျန်းယုယုသည် ဖြန့်ချထားသော ဆံပင်များကို ညာလက်ဖြင့် သပ်တင်ကာ စိတ်ဆိုး သလိုလို မူနွဲ့ သယောင်ယောင် အသံလေးနှင့်ပြောသည်။

''ဒါလောက်များ အေးဆေးပဲ၊ ကျွန်တော်လျော်ပေးပါ့မယ်''

အဆိပ်ပင့်ကူယမ်ယမ်က ပျာပျာသလဲ ပြောသည်။

''ဟော့ ကောင်ပင့်ကူ၊ တံခါးဝမှာသွားပြီး အရိပ်အခြည်စောင့်ကြည့်နေစမ်း၊ တောပြောတောင်ပြောလျှောက်လုပ်မနေနဲ့''

အဆိုင်ဝိပုလွေ ဟူလိန်းက ယမ်ယမ်ကို မျက်စောင်းထိုးကြည့်ကာ ခပ်ဆတ်ဆတ်ပြော၏။

မိန်းမချော တစ်ယောက် ရှေ့မှောက်တွင် ခပ်နှိမ်နှိမ်အပြောခံရမှုကြောင့် ယမ်ယမ် မကျေမနပ် ဖြစ်သည်။

သို့သော် အနောက်ပိုင်း အဆိပ်နန်းတော်မှာ စည်းကမ်း တင်းကျပ်ကာ ကြီးသူကိုငယ်သူက နာခံရသည့်ထုံးစံရှိပြီး မိမိတိုယ်တိုင်ကလည်း အငမ်းလွန်သွားသလိုမို့ဘာမျှ စောဒကမတက်။

ဝါစဉ်(၃)ဖြစ်သော ဟူလိန်း၏ အမိန့်ကို နာခံကာ တံခါးရှိရာသို့ လျှောက်လှမ်းသွားသည်။ လျှောက်သွား



ရင်း ကျန်းယုယုအို လည်ပြန်တစ်ချက်တော့ ကြည့်ဖြစ်အောင် ကြည့်သွားသေးသည်။

ကျန်းယုယုက ကျန်နေသေးသူ လေးယောက်ကို တစ်ချက် အကဲခတ်ကြည့်သည်။ အကင်းပါးသော မိန်းကလေးမို့ တစ်ချက်ကြည့်လိုက်သည်နှင့် မည်သူက အကြီးဆုံးခေါင်းဆောင်ဖြစ်သည်ကို သိသွားသည်။

''အနောက်ပိုင်း အဆိပ်ငါးဖော်ရဲ့ ခေါင်းဆောင်အဆိပ်ခြသေ့ ဟုန်စမ်းပိုင်ဆိုတာ ဒီက အစ်ကိုကြီး မဟုတ်လား''

ကျန်းယုယုက ဟုန်စမ်းပိုင်ကို ရိဝေဝေ မျှော်လုံးရွဲကြီးများနှင့် စူးစိုက်ကြည့်ကာ ခပ်ဖွဖွ အသံတိုးတိုးလေးနှင့်မေးလိုက်သည်။

စပ်စပ်စုစု ကျန်းယုယု မာယာများကြောင်း သိထားသည့်အပြင် ညီများ၏ ရှေ့မှောက်တွင်လည်း ဖြစ်နေသောကြောင့် ဟုန်စမ်းပိုင်သည် အတော်သတိထားနေသည်။ ကူနြွေသိန်းနေသည်။

သို့စဉ်တိုင် ကျန်းယုယု၏ အကြည့်က သူ့နှလုံးသားသို့တိုင် တိုးဖောက်ဝင်ကာ ဖွတာဟ တီးတိုးပြောသံလေးကသူ့သွေးများကို ဆူဝေသွားစေသည်။

''ဟုတ်ပါတယ်....ဟုတ်ပါတယ်''

ဟုန်စမ်းပိုင်က ပြန်အဖြေပေးသည်။

အဆိပ်ခြသေ့သည် ဝါစဉ်ကြီးသောကြောင့် အနောက်ပိုင်း အဆိပ်ငါးဖော်တွင် ခေါင်းဆောင်အစ်ကိုကြီး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသော်လည်း သိုင်းပညာတွင် ဝါစဉ်(၂)အဆိပ်ကျား ရိုင်း ကန်းယိန့်နှင့် ဝါစဉ်(၃) အဆိပ်စံပုလေ့ ဟူလိန်းတို့ လောက် အစွမ်းမထက်မြက်။ ခပ်ရိုးရိုး ခပ်အအ ဖြစ်သောကြောင့် လှင်ရည်ကိုင်ရည်တွင်လည်း ဉာဏ်ကောင်းသူ ဟူလိန်းလောက် မသွက်လက်၊ ကွက်ကျော်မမြင်တတ်။

ထို့ကြောင့် ဟန်ဟိတ်ကောင်းစေရန် ခပ်တည်တည် နေပြီး မာမာထန်ထန် စကားပြောတတ်သည်။

ယခု ကျွန်းယုယုကို ပြန်အဖြေပေးရာတွင်မူ သူ့စကားက မာထန်ခြင်းမရှိ။ အမူအရာကလည်း မတည်ကြည်။

ပြောထွက်သွားပြီးမှ မိမိလေသံပျော့ချိုပြီး အမူအရာကလည်း မတည်ကြည်ကြောင်း သတိပြုမိကာ ချက်ချင်းပင် မျက်နှာတည်တည်လုပ်၍ လေသံမာမာနှင့် ဆက်ပြော၏။

''ဒီမယ်...နားထောင်၊ ကျုပ် ရှင်းရှင်းပဲ ပြောမယ်၊ ကျုပ်တို့ရောက်လာတာ အဆိပ်သြဇာ ဆေးမြစ်အတွက်ပဲ၊ အဆိပ်သြဇာဆေးမြစ် ထုတ်ပေးရင် အားလုံးအေးဆေးမယ်၊ မဟုတ်ရင်တော့ ကျုပ်တို့ကို အဆိုးမဆိုနဲ့''

အဆိပ်ခြသေ့၏ လေသံနှင့်အမူအရာ အပြောင်းအလဲကို ကျွန်းယုယု အကဲခတ်မိသည်။ ဟွန်စမ်းပိုင်၏ စိတ်ထဲတွင် ဘယ်လိုမျိုး လှုပ်ရှားကာ ဘယ်လိုတွေးတောနေမည်ကို လည်း နားလည်သည်။

''အလို့...အဲဒီဆေးမြစ်က အနောက်ပိုင်း အဆိပ်နန်းတော်ရဲ့ ရတနာပစ္စည်း မဟုတ်လား''



ကျွန်းယုယုက အံ့သြလိက်လန့်သည့်အသွင်လေး ဆောင်ကာ ပြန်မေးသည်။

''မှတ်တယ်၊ ဆေးမြစ်ကို နဂါးလေး ရင်ထန်မင်း ခိုးသွားတယ်''

''ဟာ...ခက်တော့တာပါပဲ၊ ရင်ထန်မင်း ခိုးသွားတဲ့ အဆိပ်သြဇာဆေးမြစ် ကျွန်မဆီမှာ ဘယ်လိုလုပ် ရှိနေနိုင်မှာလဲရှင့်၊ ရှင်က ကျွန်မဆီ လာလည်ချင်တယ် ဆိုရင်လဲ လာလို့ရပါတယ်၊ ဒီလိုမျိုး အကြောင်းပြချက် ရှာဖို့မလိုပါဘူး၊ ကျွန်မကလဲ အနောက်ပိုင်း အဆိပ်ငါးဖော်ရဲ့ ခေါင်းဆောင်အစ်ကိုကြီး အဆိပ်ခြသေ့ ဟုန်စမ်းပိုင်ကို တွေ့ချင် စကားပြောချင်နေတာပါ၊ သိလား ခစ်...ခစ်...ခစ်''

ကျွန်းယုယုသည် ရယ်သံလွင်လွင်လေး ပြုရုံမက လက်နှစ်ဖက်ကို ခပ်ကွေးကွေးပြုကာ ခေါင်းနောက်ဘက်ရှိ ဆံပင်များကို အသာ လှမ်းပွတ်လိုက်၏။

ဟုန်စမ်းပိုင်မှာ မိမိ တစ်ယောက်တည်းသာ ဆိုလျှင် အဆိပ်သြဇာ ဆေးမြစ်အကြောင်း ဘေးဖယ်ထားကာ ကျွန်းယုယုနှင့် အကြည်ဆိုက်နေရပေတော့မည်။

ယခု ညီလေးယောက်လည်း ရှိနေရာ အစ်ကိုကြီးအနေဖြင့် သိက္ခာထိန်းနေရသည်။ စိတ်ထင်တိုင်း လုပ်လို့မရ။

အဆိပ်စံပုလေ့ ဟူလိန်းမှာ အကင်းပါးသူတစ်ယောက် ဖြစ်သည့်အတိုင်း အစ်ကိုကြီး၏ အခြေအနေတို့ ရိပ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှိုးအသော ဟုန်စမ်းပိုင်သည် ကျန်းယုယု၏ လှည့်စားသမျှ ခံရတော့မည်ကိုလည်း နားလည်သည်။

သူကိုယ်တိုင်ကလည်း ကျန်းယုယုနှင့် အကဲခမ်းချင်နေရာ အစ်ကိုကြီးနှင့် အစ်ကိုလတ်တို့နှစ်ယောက် အလှည့်ပြီးသွားရန် အမြန်လုပ်နိုင်ဖို့ ဝင်ပြောလေသည်။

"ကျွန်တော်တို့ အထင်မှားတာလဲ ဖြစ်ချင်ဖြစ်နိုင်ပါတယ် အစ်ကိုကြီး၊ ဒီတော့ အစ်ကိုကြီးက မိန်းကလေးကျန်းယုယုနဲ့ အေးအေးဆေးဆေး ပြောဆိုဆွေးနွေးကြည့်ပါ။ ကျွန်တော်တို့ စားသောက်ဆောင်မှာသွားပြီး စားသောက်ရင်း အစ်ကိုကြီးကို စောင့်နေမယ်"

"အေး...ကောင်းတယ်၊ မင်းတို့သွားကြ"

ကျန်းယုယုနှင့် နှစ်ယောက်တည်းနေနိုင်မည့် အခြေအနေကို ဖန်တီးယူချင်သော်လည်း ဉာဏ်ထိုင်းပြီး ရိုးအသော ဟုန်စမ်းပိုင်မှာ ဘယ်လိုလုပ်ရမည်ကို အကြံဆုတ်၍ မရတဲ ရှိနေသည်။ ဟူလိန်း၏ ပြောကြားချက်မှာ သူ့အကြိုက်ဖြစ်နေရာ မဆိုင်းမတွပင် ယောက်ခမ ညီငယ်များကို စားသောက်ဆိုင်သို့ သွားခိုင်းလေတော့သည်။

* * *

သိုင်းဟောဝန်နန်း တည်းခိုရိပ်သာတွင် အရှေ့ဘက် စားသောက်ဆိုင်နှင့် အနောက်ဘက်စားသောက်ဆိုင်ဟူ၍



စားသောက်ဆိုင် နှစ်ဆိုင်ရှိသည်။ အနောက်ပိုင်း အဆိပ်လေးဖော်တို့သည် ကျန်းယုယု တည်းခိုနေထိုင်ရာတွင် ပိုနီးသည့် အနောက်ဘက် စားသောက်ဆိုင်သို့ လာခဲ့ကြသည်။

အရက်နှင့် အသားကင်၊ အသီးအရွက်ကြော်များ မှာကာ စားသောက်ရင်း ဟုန်စမ်းပိုင်ကို စောင့်ကြသည်။

သူတို့လေးယောက်သည် စကားသိပ်မပြောကြ။

သူတို့၏စိတ်ထဲတွင် ကျန်းယုယုအကြောင်းကိုသာ တွေးနေကြသည်။ ကျန်းယုယုမှာ ထူးခြားပြီး ထက်မြက်သွက်လက်သော မိန်းကလေး တစ်ယောက်အဖြစ် သတင်းကြီးနေလေရာ သည့်လို အမျိုးသမီးမျိုးကို စိတ်ဝင်စားတတ်သည်မှာ ယောကျ်ားတို့၏ သဘာဝဖြစ်ရာ သူတို့ကိုလည်း အပြစ်မဆိုသာပေ။

လေးယောက်ထဲတွင် အဆိပ်ကျားရိုင်းကန်းယိက စိတ်အလှုပ်ရှားဆုံး။ အဆိပ်ဝံပုလွေ ဟူလိန်းက စိတ်အတည်ငြိမ်ဆုံး။

ဟုန်စမ်းပိုင်လို လူရိုးလူအကြီးက ကျန်းယုယုလှည့်စားသမျှ ခံရလျက် ဘာမျှ မည်မည်ရရမဖြစ်ဘဲ ပြန်လာရမည်ဟု ဟူလိန်းက တွက်သည်။

ကန်းယိမှာ ဟုန်စမ်းပိုင်နှင့်စာလျှင် အနည်းငယ် သွက်သော်လည်း ကျန်းယုယုကိုတော့ ယှဉ်နိုင်မည်မဟုတ်။ ကျန်းယုယု၏ ပရိယာယ်ဆင်ကွက်ထဲ တစ်နည်းမဟုတ် တစ်နည်း တိုးဝင်ရလျက် ပြန်လာရမည်ဟု ခန့်မှန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မိမိအလှည့်တွင် ကျန်းယုယုကို ကောင်းကောင်း အကြောင်းပြလိုက်မည်ဟု ဟူလိန်းက ကြံထားသည်။

အချိန်များ တရွေ့ရွေ့ ကုန်သွားသည်။

တွန်စမ်းပိုင် ပေါ်မလာ။

ကန်းယိမှာ မရိုးမရွ ဖြစ်လာသည်။ ဖင်တကြွကြွလည်း ရှိနေသည်။

နောက်ဆုံးတွင် မစောင့်နိုင်တော့။

"အစ်ကိုကြီး ရောက်မလာသေးဘူး၊ ဘယ်လို အခြေအနေ ရှိတယ်ဆိုတာ ငါသွားကြည့်လိုက်ဦးမယ်၊ မင်းတို့ သုံးယောက် ဒီမှာစောင့်နေခဲ့ကြ"

ကန်းယိသည် ပြောလည်းပြော၊ ထိုင်ရာမှလည်း ထသည်။ စကားဆုံးသည်နှင့် ခပ်သုတ်သုတ်လျှောက်လှမ်း၍ ထွက်ခွာသွားလေတော့သည်။

*　　*　　*

အထူးစည်းခိုဆောင်ထဲ ဝင်လိုက်သည်နှင့် ကျန်းယုယုကို လှမ်းတွေ့ရသည်။

ကျန်းယုယုသည် ပန်းပင်တစ်ပင်မှ ပန်းပွင့်များကိုကြည့်နေသည်။ အမူအရာက အေးဆေးတည်ငြိမ်လှသည်။



အဆိပ်ကျားရိုင်း ကန်းယိမှာ ချက်ချင်းပင် ခြေလှမ်းတုံ့ရပ်သွားသည်။ ကျန်းယုယုကို သည်လိုအသွင်အပြင်မျိုးနှင့် ခြံဝင်းထဲတွင် တွေ့ရလိမ့်မည်ဟု ကန်းယိ ထင်မထားခဲ့ပေ။

ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ကျန်းယုယု ထံသို့ လျှောက်လှမ်းသွားသည်။ ခြေသံကိုကြားသော်လည်း ကျန်းယုယုက လှည့်မကြည့်။

"အစ်ကိုကြီးကော"

ကျန်းယုယုအနားသို့ရောက်လျှင် ကန်းယိကမေးသည်။

"အိပ်ခန်းထဲမှာလေ"

ကျန်းယုယုက ခပ်အေးအေးပင် ပြန်ဖြေသည်။

"အဲဒီအထဲမှာ ဘာလုပ်နေတာလဲ"

ကန်းယိ၏အသံကတော့ မသိမသာ တုန်ယင်နေသည်။

"သူက အခုတစ်လော စိတ်မောလူမော ဖင်ပန်းတယ်လို့ ပြောတယ်၊ ကျွန်မက ကောင်းကောင်း အိပ်စက်ပြီး အနားယူသင့်တယ်လို့ ပြောလိုက်တာ ဟုတ်ပြီဆိုပြီး တစ်ခါတည်း အိပ်သွားတော့တာပဲ၊ စကားပြောဖော်ရမလားလို့ ဝမ်းသာနေတာ၊ စိတ်ကိုပျက်ရောပဲ"

မိမိနှင့် အဖော်ပြုစကားပြောလိုကြောင်း အရိပ်အမြွက်ပြမှုဖြစ်ကြောင်း ကန်းယိ နားလည်လိုက်သည်။

"ဒါဆို ကျုပ်တို့အေးအေးဆေးဆေး စကားပြောကြရအောင်လား"

"ရပါတယ်၊ လာလေ"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကျွားရိုင်းလည်း ကျွန်းယုယုနှင့် အတူယှဉ်က
အထူး တည်းခိုဆောင်ထဲသို့ ဝင်လိုက်သွားသည်။ အထူး
တည်းခိုဆောင်တွင် အိပ်ခန်းနှစ်ခန်းရှိကြောင်း ကန်းယိ
သိထားသည်။

"ထိုင်ပါဦးရှင်၊ လက်ဖက်ရည်ကြမ်းသောက်ပါဦး"

ကျွားရိုင်းကန်းယိ တွက်ထားသလို အိပ်ခန်းထဲသို့ ဖိတ်
ခေါ်သွားခြင်းမခံရ။ ဧည့်ခန်းထဲတွင် နေရာပေးသည်။
လက်ဖက်ရည်ကြမ်းတည်ခင်းသည်။

အရက်သောက်ရာမှ ထလာခဲ့သော ကန်းယိသည် လက်
ဖက်ရည်ကြမ်းသိပ်မသောက်ချင်။

သို့သော် စပ်စပ်စုစုကျွန်းယုယုကိုယ်တိုင် ပြင်ဆင်ပေး
သော လက်ဖက်ရည်ကြမ်းကိုတော့ မငြင်းပယ်။

ကျွန်းယုယုက လက်ဖက်ရည်ကြမ်းပန်းကန်ချအပေးတွင်
ကိုယ်အနည်းငယ် ယိမ်းယိုင်သွားသည်။ ကန်းယိကလည်း
အခွင့်ကောင်းကို လက်မလွှတ်တမ်းအသုံးချကာ ထိုင်နေရာ
မှထကာ သူမကို ဖေးမပေး၏။

ဖေးမသည်ဆိုရာ၌ သိုင်းဖက်လိုက်ခြင်းဖြစ်၏။

သူမကို သိုင်းဖက်လိုက်သည့်အချိန်မှာပင် အဆိပ်ကျွား
ရိုင်း ကန်းယိမှာ ကြမ္မာဆိုးကြုံရလေတော့သည်။ အဆိပ်
ခြသေ့ ဟွန်ခမ်းပိုင်တစ်ယောက် ဘာဖြစ်သွားခဲ့သည်ကို
လည်း သိလိုက်ရလေသည်။

အသိတော့ နောက်ကျသွားခဲ့လေပြီ။

သူသိလိုက်ရသည်တို့ကို ဘယ်လိုမျှ ပြန်မပြောနိုင်တော့။



ဘယ်နေရာကနေ ဘယ်လိုထုတ်ယူလိုက်သည်မသိ။ သူမ
လက်ထဲတွင် ခြောက်လက်မသာသာခန့်ရှိသော အရိုးလက်
ကိုင်မပါ အသွားသာရှိသည့် ဓားပါးလေး တစ်လက်
ရောက်လာ၏။ ဓားပါးလေးသည် အသွားထက်မြက်လှ၏။
ဦးကလည်း ချွန်ထက်နေသည်။

သူ့ကိုသိုင်းဖက်သော ကန်းယိ၏နောက်စေ့ကို ကျွန်း
ယုယုက ဓားပါးလေးကို ထိုးစိုက်သွင်းလိုက်သည်။

သည်လိုအခြေအနေမျိုးတွင် သည်လိုတိုက်ခိုက်မှုမျိုးကို
ရင်ဆိုင်ရလျှင် မည်သည့်ယောကျ်ားသားမျှ ခုခံရှောင်တိမ်း
နိုင်မည် မဟုတ်။

အဆိပ်ကျွားရိုင်းလည်း ခြွင်းချက်မဟုတ်။

တစ်ခါတည်း ပွဲပြတ်သွားလေပြီ။

* * *

အနောက်ပိုင်း အဆိပ်သုံးဖော်တို့ အရက်ဆက်သောက်
နေကြ၏။

အစ်ကိုနှစ်ယောက်ကို စောင့်နေကြသည်။

သူတို့စောင့်နေသူများ တစ်ယောက်မျှပေါ်မလာ။

အဆိပ်ပင့်ကူယမ်ယမ်သည် အတော်ကျို နေမထိ ထိုင်မထိ
ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ပိုင်း အဆိပ် ငါးဖော်တွင် ယမ်ယမ်သည် အငယ်ဆုံးဖြစ်သော်လည်း မိန်းမမှုတော့ အပွေဆုံးဖြစ်၏ ဟွန်စမ်းပိုင်၏အစီအစဉ်အရဆိုလျှင် ယမ်ယမ်သည် ကျန်း ယုယုနှင့် နောက်ဆုံးမှတွေ့ဆုံစကားပြောရဖို့ ရှိနေသည်။

အစ်ကို တစ်ယောက်ယောက်က ကိစ္စပြီးပြတ်အောင် လုပ်ဆောင်နိုင်သည်ဖြစ်စေ၊ အချိန် ကြာမြင့်လာသည်နှင့် အတူ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်ဖြစ် စေ ယမ်ယမ်၏အလှည့် ကျလာနိုင်စရာ အကြောင်း မရှိ တော့။

ယမ်ယမ်မှာ ကဲချင်နေသော်လည်း အစ်ကိုများကို မလွန် ဆန်ရဲ၊ မကျော်ဝံ့သောကြောင့် ကြိတ်မှိတ်၍ အောင့်အည်း နေရ၏။

ထိုအခိုက် တည်းခိုရိပ်သာ အမှုထမ်းလူငယ်လေးတစ် ယောက်က သူ့ကို မသိမသာ မျက်ရိပ်မျက်ခြည် ပြသည်ကို ယမ်ယမ် လှမ်းမြင်ရ၏။

"အိမ်သာ သွားလိုက်ဦးမယ်"

ယမ်ယမ်ကပြောပြီး အသာထွက်လာခဲ့သည်။

စားသောက်ခန်းအပြင်သို့ ထွက်အလာ ထိုအမှုထမ်း လူငယ်လေး ယမ်ယမ်အနားသို့ မယောင်မလည်ချဉ်းကပ် လာသည်။

"ကျွန်တော်က မမလေးကျန်းယုယု ရှိနေတဲ့ အထူး တည်းခိုဆောင်မှာတာဝန်ကျနေတဲ့လူပါ"



အမှုထမ်းလူငယ်လေး၏စကားကို ကြားရသောအခါ သူ့ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

"ဟုတ်ပြီ၊ ဘာကိစ္စရှိလို့လဲ၊ ပြောစမ်း"

"ပင့်ကူယမ်ယမ်ဆိုတာ အစ်ကိုလေးပဲနော်"

"မမှားဘူး၊ ပြောစရာရှိတာ မြန်မြန်ပြော"

"ဟိုလေ၊ မမလေးကျန်းယုယု မှာလိုက်တယ်၊ ကျူနိုတဲ့ နှစ်ယောက်ကို အသာထားခဲ့ပြီး အစ်ကိုလေးတစ်ယောက် တည်း သူ့ဆီမြန်မြန်လာခဲ့ပါတဲ့၊ ပြောစရာရှိလို့တဲ့"

ယမ်ယမ်က ဘာမျှ ထပ်စကားကြော ရှည်မနေတော့။ အမှုထမ်းလူငယ်လေးကို ငွေစ အတော်များများဆုချပြီး တစ်ကြိုးတည်း ထွက်သွားလေတော့သည်။

ငါးစာသာမက်ကာ ငါးမျှားချိတ်ကိုမမြင်သောနောက် ထပ် ငါးတစ်ကောင် ဖြစ်သွားရမည်ကိုတော့ ယမ်ယမ် မတွေးမိပါ။

* * *

အဆိပ်ဝံပုလွေဟူလိန်းနှင့် အဆိပ်မြွေခွေးချောင်ကျက် ဟူန်းတို့နှစ်ယောက် အရက်ဆက်သောက်နေကြသည်။

အရက်သောက်ကြသည်ဆိုသော်လည်း တစ်ချက်တစ်ချက် တွင် တစ်ငုံလောက်သာ။

အများအားဖြင့်တော့ ငြိမ်ကာထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ပိုင်းအဆိပ်ငါးဖော်တွင် ဟူလိန်းသည် ညာဏ်အကောင်းဆုံးနှင့်အကင်းအပါးဆုံးဖြစ်သည်။အကြံကောင်းများရှိပြီး ယိမ်သော အစီအစဉ်များလည်း ချမှတ်တတ်သည်။

ယခု အခြေအနေကိုသိပ်သဘောမတွေ့၍ အဆိပ်ခံပုလွေ ဟူလိန်းသည် အမျိုးမျိုး စဉ်းစားနေသည့်အတွက် နှုတ်ဆိတ်နေသည်။

အဆိပ်မြေခွေး ချောင်ကျက်ဟွန်းကတော့ စိတ်လိုက်မာန်ပါ ဟောဟောဒိုင်းဒိုင်းလုပ်တတ်သည်။ စကားတော့နည်းသည်။ ဟူလိန်းနှုတ်ဆိတ်ကာ စဉ်းစားနေသည့်အတွက် ချောင်ကျက်ဟွန်းလည်း အလိုလိုငြိမ်ချက်သား ကောင်းနေတော့သည်။

သည်လိုထိုင်၍ စောင့်နေရသည့် အလုပ်မျိုးကို ချောင်ကျက်ဟွန်းမုန်းသည်။ မလုပ်ချင်သည့်အလုပ်မို့ စိတ်ပျက်ကာ ငြီးငွေ့လို့လည်းဖြစ်နေသည်။ သူ့စိတ်တိုင်းကျသာ လုပ်ရမည်ဆိုလျှင် စင်စစ်စုစု ကျန်းယုယုထံသို့သွားကာ ပွဲကြမ်းလိုက်မည်သာဖြစ်၏။

ဟုန်စမ်းပိုင်နှင့် ကန်းယိတို့နှစ်ယောက် ပြန်မရောက်လာကြသည်နှင့်ပတ်သက်၍ အဖြေမှန်ကို အစဉ်းစားရခက်နေသော်လည်း ယမ်ယမ်ရုတ်တရက်ထသွားကာပြန်ပေါ်မလာသည့် အကြောင်းရင်းတော့ ဟူလိန်း သိပ်စဉ်းစားစရာမလို။ ကောင်းကောင်းခန့်မှန်းနိုင်သည်။



ယမ်ယမ် မိန်းမမှု ပွေရှုပ်ကြောင်းဟူလိန်းသိသည်။ ယခုဘာမပြော ညာမပြောထွက်သွားသည်မှာလည်း ကျန်းယုယုထံသွားမည်သာဖြစ်ကြောင်း နားလည်သည်။

အဆိပ်ပင့်ကူယမ်ယမ်သည် ဟုန်စမ်းပိုင်လို ရိုးအ,ခြင်းမရှိသော်လည်း မိန်းမနှင့်ပတ်သက်လျှင် မွန်းတတ်လွန်းသောကြောင့် ကျန်းယုယု၏လှည့်ကွက်များတွင် အမိခံရမည်ကိုလည်း သိသည်။

သည်လိုလူစား သည်လိုဖြစ်သည်ကို လျစ်လျူရှုထားချင်သော်လည်း မိမိတို့ကိုကြောကာ လုပ်သွားသည့်သဘောမို့ ဟူလိန်းက မခံချင်။

"ဟိုကောင် ယမ်ယမ် အပြင်ထွက်သွားတာ သိပ်မဟုတ်ဘူး၊ ကျန်းယုယုဆီကို သွားတာပဲဖြစ်ရမယ်၊ ငါတို့နှစ်ယောက် လိုက်သွားကြရအောင်"

ဟူလိန်းက ပြောလိုက်သည်။

သည်အတိုင်းငြိမ်ထိုင်ကာ စောင့်နေရသည်ကို ပျင်းရိငြီးငွေ့လှပြီဖြစ်သော ချောင်ကျက်ဟွန်းလည်း ချက်ချင်းထရပ်သည်။

* * *

ချက်ပျက်စီးကာ ဟင်းလင်းပွင့်နေသော တံခါးမှ ဟူလိန်းနှင့် ချောင်ကျက်ဟွန်းတို့ နှစ်ယောက် လျှောက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားကြသောအခါ ကျန်းယုယုသည် အထူး တည်းခို ဆောင်ထဲမှ လျှောက်လှမ်းထွက်လာချိန် ဖြစ်သည်။

သူမသည် အနီရောင်ဝတ်စုံကို လဲလှယ် ဝတ်ဆင်ထား သည်။ ထိုလဲလှယ်ဝတ်ဆင်ထားသော ဝတ်စုံမှာ အရောင် အသွေးသာ ပြောင်းသွားသည်။ ပါးလှပ်သော ပိုးသား ဝတ်စုံသာ ဖြစ်သည်။

အနီရောင် တောက်တောက်တို့ကြောင့် ပို၍ခင်ဆွဲအား ကောင်းနေပေသေးတော့သည်။

ဟူလိန်းနှင့် ချောင်ကျုက်ဟွန်းတို့ နှစ်ယောက် အစွ ရောက်လာကြသည်ကို တွေ့ရသည်တွင် ကျန်းယုယု၏ရင်ထဲ သိတ်ခနဲ တစ်ချက်ဖြစ်သွားသည်။

အနောက်ပိုင်း အဆိပ်ပါးဖော်တွင် အဆိပ်ဝံပုလွေ ဟူလိန်းသည် ဉာဏ်ကောင်းပြီး အကင်းပါးကာ လုပ်ရည် ကိုင်ရည် အသက်မြက်ဆုံးဖြစ်သည်ကို ကျန်းယုယု သိထား သည်။ မိမိ၏လှည့်စားကွက်များကို ရိပ်မိသွားလေပြီလား ဟူပင် တွေးမိသည်။

"ကျုပ်တို့ရဲ့ ညီထွေးလေး ယမ်ယမ် ဒီကိုရောက်လာ သလား"

တွေ့မိသည်နှင့် ဟူလိန်းက မေးခွန်းထုတ်သည်။

"သူလား....လာတာပေါ့၊ ဒါပေမယ့် ကျွန်မက သူ့လို အကောင်ငယ်လေးကို လက်ခံရမှာလား၊ မောင်းထုတ်ပစ် လိုက်လို့ ထွက်သွားပြီ"



ကျန်းယုယုက ဟူလိန်း ပြောသည့်စကားကို နင်းကာ ပါးနပ်စွာ ပြန်ဖြေသည်။

တကယ်တော့ အဆိပ်ပင့်ကူယမ်ယမ်မှာ ကျန်းယုယု၏ တစ်ချက်လှည့်စားမှုကိုပင် ရုန်းမထွက်နိုင်ဘဲ ကိုစ္စချောနေ ပေပြီ။

"အစ်ကိုကြီး ဟွန်စမ်းပိုင်နဲ့ အစ်ကိုလတ် ကန်းယိတို့ ကော"

ဟူလိန်းက ဆက်မေးသည်။

"အလို့လေး...လူကို ရာဇဝတ် တရားခံတစ်ယောက်လို စစ်မေးနေတာပါလား၊ သူတို့က ကလေးတွေလဲ မဟုတ် ဘူး၊ ခြေထောက်နှစ်ချောင်းကလဲ အကောင်းကြီး၊ သူတို့ သွားချင်ရာ သွားကြမှာပေါ့၊ ကျွန်မက ဘယ်လိုလုပ်သိနိုင် မှာလဲ"

ဟူလိန်းသည် ကျန်းယုယုအပေါ်တွင် သံသယအနည်း ငယ်သာ ရှိသည်။ ကျန်းယုယုက ပရိယာယ် ကောင်းပြီး မာယာများသော်လည်း မိမိအစ်ကိုကြီးနှင့် အစ်ကိုလတ်တို့ ကို အပြတ်အနိုင်ယူ ရှင်းလင်း ပစ်နိုင်လိမ့်မည်ဟု မယုံ။ လုပ်ရဲလိမ့်မည်ဟုလည်း မထင်။

ထို့ကြောင့် ကျန်းယုယုနှင့်ပြိုင်ကာ အငြင်းအခုံစကား မဆို။ သေချာအောင် လက်တွေ့လုပ်ဖို့သာ စိတ်ကူးသည်။

"လာဟေ့....အထဲကို ဝင်ကြည့်ကြရအောင်"

ဟူလိန်းကပြောရာ ကျန်းယုယုရင်ထိတ်သွားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထူး တည်းခိုဆောင်၏ အိပ်ခန်း နှစ်ခန်းထဲတွင် အလောင်းသုံးလောင်း ရှိနေသည်။ ဝှက်ထားသည်ဆိုသော်လည်း အထဲဝင်ကာ သေသေချာချာရှာကြည့်လျှင် တွေ့သွားနိုင်သည်။

ထို့ပြင် ဟူလိန်းနှင့် ချောင်ကျက်ဟုန်းတို့ နှစ်ယောက် အတူတွဲလျက်ရှိနေရာ ကျန်းယုယုအဖို့ ရင်ဆိုင်တိုက်ခိုက် အနိုင်ယူရန်လည်း ခက်ခဲနေသည်။ ကျန်းယုယုမှာ တိုက်ကွက် သိုင်းပညာ သိပ်ကောင်းသူမဟုတ်။

ကိုယ်ဖော့ပညာစွမ်းပြီး လက်နက်ပုန်းပစ်မှုကျွမ်းသူသာ ဖြစ်သည်။ ပရိယာယ်ဆင်ကာ အလစ်ဖမ်း တိုက်ခိုက်ရမှုကိုသာ အားထားရသည်။ ဟူလိန်းနှင့် ချောင်ကျက်ဟုန်းတို့မှာ သိုင်းပညာစွမ်း အတော်ကောင်းသည်။ နှစ်ယောက် အတူ တွဲရှိနေလျှင် အလစ်အငိုက်ဖမ်းဖို့ မဖြစ်နိုင်။

သူတို့နှစ်ယောက် လူကွဲသွားအောင် လုပ်နိုင်မှဖြစ်မည်။

"ရှာကြပါ၊ ကြိုက်သလို ရှာကြည့်ကြပါ"

ကျန်းယုယုက အေးစေးထားသည့် အသွင်ဖြင့် ပြောသည်။ တည်းခိုဆောင်ထဲသို့ အတူလိုက်ဝင်မည့်ဟန်လည်း မပြ။ ခပ်အေးအေးအမူအရာဖြင့် ရပ်မြဲရပ်နေသည်။

ဟူလိန်းသည် ချောင်ကျက်ဟုန်းကို အတူ ခေါ်ကာ တည်းခိုဆောင်ထဲ ဝင်မည်ပြုပြီးမှ စိတ်ကူးတစ်မျိုးရသည်။ ကျန်းယုယုကို အပြင်တွင် တစ်ယောက်တည်းလည်း မထားခဲ့ချင်။ တည်းခိုဆောင်ထဲတွင် ထူးထူးခြားခြား တွေ့ရမည်ဟူလည်း သိပ်မျှော်လင့်မထားသည့်အတွက် ကျန်းယုယုက



သူတို့နှစ်ယောက်ကို တည်းခိုဆောင်ထဲ ဝင်ရှာရန် ဖန်တီးသည်ဟူ အတွေးကသည်း ဝင်လာသည်။

"မင်း အပြင်မှာပဲ စောင့်နေခဲ့"

ဟူလိန်းက ချောင်ကျက်ဟုန်းကို ပြောသည်။

စောင့်နေရသည့် အလုပ်မျိုးကိုမကြိုက်လှသော ချောင်ကျက်ဟုန်း မျက်နှာတစ်ချက် မဲ့သွားသည်။ သို့သော် အနောက်ပိုင်း အဆိပ်နန်းတော်၏ တင်းကျပ်သော စည်းကမ်းအရတော့ မိမိထက် ဝါစဉ်ကြီးသူ အဆိပ်ခုံလော့ ဟူလိန်း၏အမိန့်ကို နာခံသည်။

"ကြော်.... အင်း.... ဟုတ်သားပဲ၊ အစောင့်ချထားခဲ့မှပေါ့၊ ရှင်တို့ အထဲဝင်ရှာကြတုန်း ကျွန်မ ထွက်ပြေးရင် ခက်နေဦးမှာ"

မိမိဆင်ထားသည့် အကွက်ဝင်သွားသောကြောင့် ကျန်းယုယု ကျေနပ်သွားသည်။ ဟူလိန်းတို့ မချင့်မရဲဖြစ်သွားအောင်လည်း ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

ဟူလိန်းက ကျန်းယုယု၏ ခနဲ့တဲ့တဲ့စကားကို မကြားဟန်ပြုကာ တည်းခိုဆောင်ထဲ ခပ်သွက်သွက်လျှောက်လှမ်းဝင်သွားသည်။

ချောင်ကျက်ဟုန်း ကျန်းယုယုအနားတွင် ရပ်စောင့်လျက် ကျန်နေခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ ဒီနေရာမှာပဲ ဒီအတိုင်း ရပ်နေရမှာလား၊ ပန်းခြံလေးထဲမှာ ဟိုနားဒီနား လျှောက်လို့ရမလားဟင်''

ဟူလိန်း တည်းခိုဆောင်ထဲ ဝင်သွားသည်တွင် ကျန်းယုယုက ချောင်ကျုက်ဟုန်းကို လှမ်းမေးသည်။

ချောင်ကျုက်ဟုန်း ပြန်မဖြေနိုင်မီမှာပင် မျက်နှာအမူအရာကို တစ်မျိုးပြောင်းလိုက်ကာ....

''အလို့... ဟိုမှာ ဟွန်စမ်းပိုင် လာနေပါရောလား''

အလွန်ပင် ရိုးစင်းလှသည့်ပရိယာယ်ဖြစ်သည်။

ချောင်ကျုက်ဟုန်းသည် ကျန်းယုယုကို လမ်းလျှောက်ရန် ခွင့်ပြုသင့်မပြုသင့် စဉ်းစားချင့်ချိန်နေသည်မို့ ရုတ်တရက် အငိုက်မိခံရလျက် နောက်လှည့်ကြည့်လိုက်မိ၏။

ထိုအခိုက်မှာပင် ကျန်းယုယု၏ ညာလက်က ဆတ်ခနဲ လှုပ်ရှားသည်။ အပြာရောင်လေးတစ်ချက် ဆင်းလက်၏။

ကျန်းယုယုက နွားမွေးတမျှ သေးမျှင်သော အဆိပ်အပ်မျှင်လေးဖြင့် ချောင်ကျုက်ဟုန်းကို လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။ ကျန်းယုယုပစ်လိုက်သော အဆိပ်အပ်မျှင်လေးသည် ချောင်ကျုက်ဟုန်း၏ လည်ကုပ်ကို စူးဝင်ထိမိသည်။

''အား''

ချောင်ကျုက်ဟွန်းမှာ တစ်ချက်သာ အော်နိုင်ကာ မှောက်လျက်လဲကျသည်။

* * *



တည်းခိုဆောင်ထဲသို့ ဝင်လာသော ဟူလိန်းသည် ကျန်းယုယု ပြောနေသည့်စကားများကို ကြား၏။ သည်အမျိုးသမီး ဘယ်လို ပရိယာယ်ဆင်ကွက်များ လုပ်လေဦးမည်နည်းဟု လည်း တွေး၏။

ထို့နောက် ချောင်ကျုက်ဟွန်း အော်သံနှင့် ဘိုင်းခနဲ လဲပြိုကျသွားသံတို့ကို ကြားရသည်တွင် အခြေအနေမဟန်တော့ကြောင်း နားလည်၏။ တည်းခိုဆောင်ထဲသို့ ဆက်မသွားတော့ဘဲ ချာခနဲလှည့်ကာ ပြန်ပြေးထွက်၏။

အဆိပ်ဓားရှည်ကိုလည်း အသင့်ဆွဲထုတ်ပြီး ဖြစ်၏။

တံခါးမှ အပြင်သို့ ပြေးထွက်မိသည်နှင့်ပင် တိုက်ခိုက်ခြင်း ခံရလေတော့၏။

သိုင်းသမားတစ်ယောက်အဖို့ အခန်းတစ်ခုထဲမှ အပြင်သို့ အထွက်သည် အန္တရာယ်အများဆုံးဖြစ်သည်။ တံခါး၏ ဝဲယာ တစ်ဖက်တစ်ချက်မှစောင့်ကာ တိုက်ခိုက်မှုကို ရင်ဆိုင်ရစရာရှိသည်။

ထို့ကြောင့် တံခါးမှ အပြင်သို့ ပြေးထွက်သောအခါ တံခါးဘေး တစ်ဖက်တစ်ချက် စီမှ တိုက်ခိုက်လာမည့် အန္တရာယ်ကို အထူးပင် သတိထားရသည်။

ဝံပုလွေ ဟူလိန်းသည် ထိုအကြောင်းကို ကောင်းကောင်း သိထားသည်။

သို့သော် ချောင်ကျုက်ဟုန်း၏ အော်သံနှင့် လဲပြိုကျသွားသံတို့ကြောင့် စိုးရိမ်စိတ်ပိုကာ အလောတကြီး ပြေးထွက်လာခဲ့ရာ တံခါး၏ ဝဲယာတို့မှ ဝင်တိုက်လာမည့်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကို သတိထားခြင်းမလုပ်မိဘဲ တစ်ချက် လစ်ဟာသွား၏။

ထိုလစ်ဟာချက်ကိုလည်း ချက်ချင်းလိုလိုပင် သိသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

မိမိ လစ်ဟာသွားကြောင်း နားလည်ကာ သတိထားတော့မည့်အပြုမှာပင် သူ့ဘယ်ဘက် နံဘေးတွင် လက်ဝါး ရိုက်ချက်တစ်ချက် အထိခံလိုက်ရ၏။

စပ်စပ်စုစု ကျန်းယုယုဝတ်ထားသည့် ညအခတ်အစားမှာ ပါးလှပ်လှသည့်အတွက် သူမ၏ ကိုယ်ခန္ဓာပေါ်တွင် လက်နက်တစ်စုံတစ်ရာ ဝှက်ထား၍ မရနိုင်ပေ။

ဟုန်စမ်းပိုင်၊ တန်းယိနှင့် ယမ်ယမ်တို့ကို ထိုးသတ်ခဲ့သော ဓားပါးလေးမှာ ညှော်ခန်းထဲရှိ ထိုင်ခုံနောက်တွင် ဝှက်ထားခြင်းဖြစ်သည်။

အဆိပ်မြွေခွေး ချောင်ကျက်ဟုန်းတို့ ပစ်ခတ်တိုက်ခိုက်ခဲ့သော အဆိပ်အပ်မျှင်လေးကတော့ ဆံပင်များအကြားတွင် ညှပ်ကာ ဝှက်ထားခဲ့၏။ ဟူလိန်းကို တိုက်ခိုက်ရန်အတွက်မူ ဝှက်ထားသော လက်နက်မရှိတော့။

ထို့ကြောင့် တံခါးဝနားတွင်ကပ်နေကာ လက်ဝါး ရိုက်ချက်ဖြင့် ဆီးကြိုရိုက်နှက်တိုက်ခိုက်ရလေ၏။

အလစ်ဖမ်း တိုက်ခိုက်နိုင်ခဲ့သော်လည်း ကျန်းယုယု၏ တိုက်ခိုက်ရေးသိုင်းပညာက သိပ်အဆင့် မမြင့်သည့်အတွက် လက်ဝါးရိုက်ချက် တစ်ချက်တည်းနှင့် ပွဲမသိမ်းနိုင်ခဲ့။



အဆိပ်စံပုခလွှ ဟူလိန်းသည် လဲကျမသွားဘဲ ယိမ်းယိုင်၍သာသွားသည်။

ကျန်းယုယုအတွက် ကံကောင်းထောက်မသည်မှာ ယိမ်းယိုင်သွားသော ဟူလိန်းသည် တံခါးပေါင်ကို ခေါင်းနှင့် သွားဆောင့်မိ၏။

မျက်လုံးများပြာကာ ခေါင်းထဲမိုက်ခနဲဖြစ်သည်။ ဓားရှည် လွတ်ကျသည်။

ကျန်းယုယုကလည်း အခွင့်ကောင်းကို မလွှတ်တမ်း အသုံးချကာ ဟူလိန်း၏ လက်မှ လွတ်ကျလာသော ဓားရှည်ကို မြေမထိမီပင် ဖမ်းယူကာ လွှဲခုတ်လိုက်သည်။

အနီးကပ် အပိုင်ခုတ်ချက်။

သည်တစ်ခါတော့ ပွဲသိမ်းသွားခဲ့လေပြီ။

* * *

"တယ်ကောင်းတဲ့ ဓားချက်ပါလား၊ သိပ်လှတယ်"

စကားသံပေါ်လာသည်။

ကျန်းယုယုမှာ အနောက်ပိုင်း အဆိပ်ငါးဖော်တို့၏ တက်တော်သား တစ်ယောက် ရောက်လာ လေပြီလားဟု တွေးမိကာ ထိတ်ခနဲဖြစ်သည်။ အသံပေါ်လာရာသို့ကမန်း ကတန်းလှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်နေသော ပင်းတံခါးဝနားတွင်ရပ်နေသည့် လူရွ
တစ်ယောက်ကို တွေ့ရသည်။

မင်းသားလေး ကျင့်ဝမ်ရယ် ဖြစ်သောကြောင့် ကျ
ယုယု၏စိုးရိမ်စိတ်များ ပျောက်သည်။

"ဟော....မင်းသားလေး ကျင့်ဝမ်ရယ်ပါလား၊ မလ
စဖူးဘာအကြောင်းကိစ္စများရှိလို့ ကျွန်မဆီရောက်လာတ
လဲ၊ ကြိုဆိုပါတယ်ရှင်"

ကျန်းယူယုက အပြုံးချိုချိုနှင့် စကားဆိုကာ မင်း
မင်းသားများကိုကြိုသည့် ဂါရဝပင်ပြုလိုက်သည်။

သူ၏ဓားချက်ဖြင့် တုံးခန် လဲကျသွားသည့် ဟူလိန်း
မျက်ရောင်သန်း၍ပင်မကြည့်။

ကျန်းယုယုသည် နာမည်ကျော် အနောက်ပိုင်းအဆိ
ငါးဖော်တို့ကို အနိုင်ယူချေမှုန်းလိုက်နိုင်ပြီး ဖြစ်သော်လည်
အမူအရာကတော့ အေးအေးဆေးဆေးပင်။

ကျင့်ဝမ်ရယ်က ပရိယာယ်မာယာများကာ သိလိုသည
သတင်းကို ရအောင် နှိုက်ထုတ် ယူတတ်သည်ဟု သို
လောကတွင် နာမည်ကြီးနေသော စပ်စပ်စုစု ကျန်းယု
ထို့ စူးစိုက်ကာကြည့်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက် အကြောင်း တ
ယောက် ကောင်းကောင်း သိနေကြ သော်လည်း ယခု
လူချင်း တွေ့တွေ့ဆိုင်ဆိုင်ဆုံဖူးခြင်းဖြစ်သည်။

"သူတို့က အဆိပ်ဝံပုလွေ ဟူလိန်းနဲ့ အဆိပ်မြွေ
ချောင်ကျက်ဟွန်းတို့ မဟုတ်လား"



ကျင့်ဝမ်ရယ်က မြေကြီးပေါ်လဲကျနေကြသူနှစ်ယောက်
ကို မေးငေါ့ပြပြီးမေး၏။

"ဟုတ်ပါတယ်"

"ကျန်တဲ့သုံးယောက်ကော"

"တည်းခိုဆောင် အိပ်ခန်း နှစ်ခန်းထဲက ခုတင်တွေ
အောက်မှာရှိနေပါတယ်၊ မင်းသားလေးဝင်ကြည့်ချင်ရင်
ဝင်ကြည့်နိုင်ပါတယ်"

ကျန်းယုယုက ပြန်ဖြေသည်။

"မကြည့်တော့ပါဘူး၊ သူတို့ကို မိန်းကလေးကျန်းက
ရှင်းပစ်လိုက်တာလား"

"ဟုတ်ပါတယ်၊ ရိုသဲ့သဲ့လာလုပ်ပြီး အနိုင် ကျင့်ချင်
ကြလို့ လုပ်လိုက်ရတာပါ"

"နဂါးလေး ရင်ထန်မင်းကိုကော ရှင်းပစ် လိုက်ပြီ
လား"

"ဟာ....မဟုတ်တာ"

"သူအခု ဘယ်ရောက်နေလဲ"

"သူ ပုန်းအောင်းနေပါတယ်"

"ဘာကြောင့် ပုန်းအောင်းနေတာလဲ"

"အနောက်ပိုင်း အဆိပ်ငါးဖော်တို့နဲ့ ပြဿနာ မဖြစ်
ချင်လို့ အသာရှောင်နေတဲ့သဘောပါ"

"ကျွန်တော် သိသလောက်တော့ ရင်ထန်မင်းဟာဒီလို
ရှောင်ပုန်းနေတတ်တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခု တင်ခေါက်မှာတော့ သူ့အတွက် ရှောင်နေတာ
က ပိုသင့်မယ်လို့ပြောပါတယ်"

"ရင်ထန်မင်း ကိုယ်တိုင် ပြောခဲ့တဲ့ စကားလား"

"ဟုတ်ပါတယ်"

"ရင်ထန်မင်းနဲ့ အနောက်ပိုင်း အဆိပ်ငါးဖော် တို့
ဘာပြဿနာများဖြစ်လို့လဲ"

"အနောက်ပိုင်း အဆိပ်နန်းတော် အဆိပ်ဩဇာ ဆေး
မြစ်တို့ ရင်ထန်မင်းက ယူလာခဲ့တာကြောင့်ပါ"

"လက်စသတ်တော့ အနောက်ပိုင်း အဆိပ်ငါးဖော်
မိန်းကလေးကျန်းဆီ ရောက်လာကြတာဟာ ရင်ထန်မ
အကြောင်း သတင်းစုံစမ်းဖို့ကိုး"

"ဒါပေမယ့် ဒီကိုရောက်တော့ သူတို့ကသတင်းစုံစမ်း
ဖို့ထက် ရိုသဲ့သဲ့နဲ့ ထိကပါး ရိကပါးလုပ်ဖို့ ပိုစိတ်အာ
ထက်သန်နေကြတယ်"

"အင်း....အင်း....နားလည်ပြီ"

"အမှန်ကိုပြောရရင် ဒီကိစ္စဟာ ရင်ထန်မင်းရဲ့ အကွ
ချစီစဉ်မှုပါ"

"ရင်ထန်မင်းရဲ့ အစီအစဉ်အတိုင်း မိန်းကလေးကျ
က အနောက်ပိုင်းအဆိပ်ငါးဖော်တို့လို မီးခဲတွေကိုတော
ရင်ဆိုင်ခဲ့တာကိုး၊ ဘာကြောင့်များ ဒီလောက်တော
စွန့်စားရတဲ့အလုပ်ကိုလုပ်ရတာလဲ"

"မနက်က လရိပ်မြိုင် အရက်ဆိုင်မှာ ရင်ထန်မင်
ဆုံမိပြီး အဆိပ်ခတ်ဖို့ကြံတာ မအောင်မြင်ခဲ့ဘူး၊ ဒီအတွ



ရင်ထန်မင်းက ကျွန်မအပေါ် ဘယ်လိုမှသဘောမထားဘဲ
ရင်းရင်းနှီးနှီး လေးလေးစားစား ဆက်ဆံခဲ့တယ်၊ ဒီ
လောက် သဘောထားပြည့်ဝပြီး ကြင်နာတတ်တဲ့
ယောကျ်ားတစ်ယောက်အတွက် ကျန်းယုယုက ဘာမဆို
လုပ်ပေးဖို့ အဆင်သင့်ပဲ"

"ရင်ထန်မင်း လုပ်ပုံက မဟုတ်သေးပါဘူး၊ တော်
တော် ညံ့ဖျင်းတယ်"

"ဘယ်လို မဟုတ်တာလဲ"

"ရင်ထန်မင်းရဲ့ သိုင်းပညာက မိန်းကလေးကျန်းထက်
အများကြီး ကောင်းတယ်၊ သူကိုယ်တိုင် အနောက်ပိုင်း
အဆိပ်ငါးဖော်ကို ရင်မဆိုင်ဘဲ မိန်းကလေးကျန်းရဲ့ အကူ
အညီရယူပြီး အသုံးချခဲ့တာကြောင့် ပြောတာ"

"သူ့သိုင်းပညာက ကျွန်မထက် အများကြီးသာတယ်
ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အနောက်ပိုင်း အဆိပ်ငါး
ဖော်လို လူစားမျိုးတွေကို ရင်ဆိုင်ဖြေရှင်းတဲ့ နေရာမှာ
တော့ နဂါးလေး ရင်ထန်မင်းလိုလူမျိုး ဆယ်ယောက်
ပူးပေါင်းလုပ်တာထက် စပ်စပ်စုစု ကျန်းယုယု တစ်ယောက်
တည်း လုပ်ရှားတာက အများကြီး ပိုထိရောက်ပါတယ်"

ကျင့်ဝမ်ရယ်လည်း သဘောပေါက်သွားကာ ခေါင်း
တဆတ်ဆတ်ညိတ်သည်။

သိုင်းပညာ စွမ်းရည်မြင့်မားထက်မြက်မှုသည် တစ်ဖက်
ရန်သူများကို ရင်ဆိုင်အနိုင်ယူရာတွင် အရေးပါသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အသုံးအဖြစ် ပေးသည့် တစ်ခုတည်းသော အကြောင်းရင်းမှု ပဟုတ်ပေ။

အနောက်ပိုင်း အဆိပ်ငါးဖော်တို့သည် သိုင်းပညာ ကောင်းကြပြီး ရက်စက်ကြမ်းကြုတ်သည်။ အဆိပ်ပညာ ကျွမ်းကျင်ကာ အဆိပ်လက်နက်များကို ကောင်းကောင်း သုံးတတ်သည်။

စပ်စပ်စုစု ကျန်းယုယုသည် အနောက်ပိုင်း အဆိပ်ငါး ဖော်ကို အနိုင်ယူချေမှုန်းခဲ့ရာတွင် သိုင်းပညာအစွမ်းကို အနည်းငယ်သာ သုံးခဲ့သည်။ သူမ၏အလှအပ၊ စကား ပြော စွမ်းရည်နှင့် ပရိယာယ်ကြွယ်မှုတို့ကို ထိမိစွာ အသုံး ချကာ အချိန်တိုတိုအတွင်း အပြတ်ရှင်းပစ်နိုင်ခဲ့သည်။

ကျန်းယုယုကိုယ်တိုင်မဟုတ်ဘဲ အခြား မိန်းမသား တစ် ယောက်ယောက်က ပြုလုပ်ခဲ့လျှင်ပင် အောင်မြင်ချင်မှ အောင်မြင်နိုင်မည်။ အကယ်၍ အောင်မြင်သည့်တိုင် ကျန်း ယုယုလုပ်ဆောင်သလို အစစအဆင်ပြေစွာ သေသေသပ် သပ် ချောချောမောမော လုပ်နိုင်မည်မဟုတ်ပါ။

စပ်စပ်စုစု ကျန်းယုယုကသာလျှင် သည်လိုမျိုး လုပ် ဆောင်နိုင်စွမ်းရှိ၏။

"ရင်ထန်မင်း ဘယ်မှာ ပုန်းနေတယ်ဆိုတာကို မိန်း ကလေးကျန်း သိသလား"

"သူ ပုန်းအောင်းမနေတော့ပါဘူး၊ မင်းသားလေး ရဲ့ နောက်ဘက်မှာ ရောက်နေပါပြီ"

ကျန်းယုယုက ပြုံးရယ်ကာ ပြောလိုက်သည်။



တစ်စုံတစ်ယောက်သည် နောက်ကျောဘက်တွင် ရှိနေ သည်ဟု ပြောဆိုကာ နောက်လှည့်အကြည့်တွင် အပိုင်ဝင် တိုက်ခိုက်မှုသည် သိုင်းလောကတွင် အလွန်ပင် ရိုးစင်း ရှေးကျသော ပရိယာယ်ဖြစ်သည်။

ရိုးစင်းပြီး ရှေးကျသော်လည်း ထိုပရိယာယ်ဆင်ကွက် ထဲ ဝင်တိုးမိကြသည့် သိုင်းသမားတွေကတော့ ရှိနေဆဲ။ အသုံးကျနေဆဲ။

မင်းသားလေး ကျွင့်ဝမ်ရယ်မှာ ပထမတန်းစားအဆင့် ဝင် သိုင်းသမားကောင်း တစ်ယောက်ဖြစ်သည်။ သတိ ကောင်းသည်။ အမြင်အကြားအာရုံ ထက်မြက်သည်။ သူ့ နောက်ကျောဘက်မှ တစ်ယောက် လာနေသည်ဆိုလျှင် ခြေသံကိုဖြစ်စေ၊ လှုပ်ရှားမှု တစ်ခုခုကိုဖြစ်စေ ကြားမိ သိမိမည်အမှန်။

ယခုမူ ဘာသံမျှလည်းမကြားရ။ ဘာမျှလည်း သတိ မပြုမိဖြဲဘဲနှင့် မိမိနောက်ဘက်တွင် နဂါးလေး ရင်ထန် မင်း ရောက်နေသည်ဟု ကျန်းယုယုက ပြောရာ ကျွင့်ဝမ်ရယ် မှာ ယုံရခက် မယုံရခက် ဖြစ်နေသည်။

သိချင်စိတ်ကလည်း ပြင်းပြလာရာ ဆတ်ခနဲ နောက်လှည့် ကြည့်လိုက်သည်။

သူ့နောက်ဘက် လက်တစ်ကမ်း ကျော်ကျော်လောက် အကွာတွင် ရင်ထန်မင်း မပြုံးတပြုံး အမူအရာနှင့် ရပ် နေသည်ကို တကယ်ပင် တွေ့ရလေသည်။

ကျွင့်ဝမ်ရယ် အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ ကိုယ်ဖျောက်ပညာက တယ်ကောင်းပါလား၊ ကျွန်တော် မရိပ်မိအောင်တောင် ကျွန်တော့်နောက်ဘက်ကို ရောက်လာနိုင်တယ်"

ကျော့်ဝမ့်ရယ်က ချီးမွမ်းသလိုလိုနှင့် မခံချင်စကားဆိုသည်။

"ကျွန်တော့်ကိုယ်ဖျောက်ပညာ ကောင်းလှလို့မဟုတ်ပါဘူး၊ အင်း...ခင်ဗျားကိုတော့ တစ်ခု သတိပေးရလိမ့်မယ်"

ရင်ထန်မင်းက ပြန်ပြောသည်။

"ဘာများပါလိမ့်"

"အဝတ်အစား ခပ်ပါးပါးဝတ်ထားတဲ့ မိန်းမချောမိန်းမလှတစ်ယောက်နဲ့ စကားပြောရရင် ပတ်ဝန်းကျင်ကို သတိမထားမိလောက်အောင် အာရုံစူးစိုက်ပြီး မကြည့်မိပါစေနဲ့၊ အဲဒီလိုကြည့်မိရင် နောက်ကျောဘက်မှာ လူရောက်နေတာကိုတောင် သတိမမူမိဘဲ ရှိလိမ့်မယ်"

ကျော့်ဝမ်ရယ်၏မျက်နှာ ရဲခနဲတစ်ချက်ဖြစ်သည်။

ထို့နောက် အရှက်ပြေရယ်မောလိုက်ကာ...

"အခုလို လက်တွေ့ သက်သေပြပြီး သတိပေးတာ ကျေးဇူးပါပဲ၊ ဒါနဲ့ ခင်ဗျားကိုမေးရဦးမယ်"

"မေးပါဗျာ"

"အနောက်ပိုင်းအဆီပင်ငါးဖော်တို့ကို ရှင်းပစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျန်းယုယုပြောခဲ့တဲ့စကားတွေက အမှန်တွေပါလား"

"တစ်ခုကလွဲပြီး အားလုံးအမှန်ချည်းပါပဲ"



"မမှန်တဲ့တစ်ခုက ဘာများလဲ"

"စပ်စပ်စုစုကျန်းယုယုက ကျွန်တော့်အတွက် ဘာမဆိုလုပ်ပေးဖို့အသင့်ရှိတယ်ဆိုတာပါ၊ တကယ်တော့ကျွန်တော်ရင်ထန်မင်းကသာ စပ်စပ်စုစု ကျန်းယုယုအတွက် ဘာမဆိုအချိန်မရွေးလုပ်ဆောင်ပေးဖို့ အသင့်ရှိနေပါတယ်"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ နဂါးလေးရင်ထန်မင်း၏စကားများသည် ကျန်းယုယု၏စိတ်ကို ကြည်နူးချမ်းမြေ့သွားစေသည်။ အမျိုးသမီးတိုင်းသည် သူတို့ကို ဦးစားပေးအလေးထားသည်ဆိုလျှင် ပြောရုံမျှနှင့်ပင် နှစ်သက်သဘောကျကြသည် မဟုတ်ပါလား။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သိုင်းဈေးပွဲတော်နေ့တို့ သိုင်းပညာယှဉ်ပြိုင်ပွဲနှင့် ဖွင့်လှစ်လေ့ရှိ၏။

နံနက်စောစော မိုးလင်းသည်နှင့် သိုင်းပညာယှဉ်ပြိုင်ပွဲ ပြုလုပ်ကာ သိုင်းဈေးပွဲတော်နေ့ကို စတင်မြဲဖြစ်၏။ ပါဝင်ယှဉ်ပြိုင်သူများထဲမှ အဓိက ယှဉ်ပြိုင်ဘက်နှစ်ဦး ရွေးချယ်မှုကို သိုင်းဈေးပွဲတော်နေ့မတိုင်မီ တစ်ရက်တွင် ကြိုတင်ပြုလုပ်သည်။

ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးထားသူများကို သင့်လျော်သလို အစွမ်းပြ ယှဉ်ပြိုင်ကြစေကာ ဆန်ခါတင် ၂-ယောက် ရွေးချယ်၏။ ထိုသူများသည် အဓိကပြိုင်ဘက် ၂-ဦးအဖြစ် ဈေးပွဲတော်နေ့ နံနက်စောစော သိုင်းပညာယှဉ်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။



ထိုက်တန်သောဆုများလည်း ချီးမြှင့်သည့်အတွက် သိုင်းဈေးပွဲတော်နေ့ဖွင့်ပွဲ သိုင်းပညာယှဉ်ပြိုင်ပွဲကို သိုင်းသမားများ အဘောပင် စိတ်ဝင်စားကြပေသည်။

ယခုကျင်းပမည့် သိုင်းဈေးပွဲတော်နေ့ဖွင့်ပွဲ သိုင်းပညာယှဉ်ပြိုင်မှုတွင် အဓိက ပြိုင်ဘက် ၂-ဦးတွင် နိုင်သူကို ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် ၃-ကွက်၊ ဒုတိယရသူကို ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် ၂-ကွက် သင်ကြားခွင့်ပြုမည်ဟု အတိအလင်းကြေညာထားရာ သိုင်းသမားများ အထူး စိတ်ဝင်စားနေကြပေ၏။

'မိုးမြေဝိညာဉ်အတွင်းအား'နှင့် 'ရောင်စဉ်သိုင်းပညာ' တို့သည် ပြိုင်ဘက်ကင်းသူတော်စင်လုကျင်းဟာန် ကွယ်လွန်ပြီးနောက် တိမ်မြုပ်ပျောက်ကွယ်သလို ဖြစ်နေခဲ့သည်။

လုကျင်းဟာန် အသက်ထင်ရှား ရှိခဲ့စဉ်က အကြောင်းအားလျော်စွာ တွေ့ဆုံခဲ့ရသူများထဲမှ အဆင်ပြေ သင့်လျော်သည့်သူကို ရောင်စဉ်သိုင်းပညာ တစ်ကွက်စ နှစ်ကွက်စ သင်ကြားပေးခဲ့သည်မှလွဲ၍ မျိုးဆက်အမွေခံ တပည့်ဟူ၍ အတိအလင်း လက်ခံသင်ကြားပေးမှု မရှိခဲ့သည့်အတွက် လုကျင်းဟာန် ကွယ်လွန်သွားသောအခါ သိုင်းမျိုးဆက်ပြတ်သွားသလိုရှိခဲ့သည်။

သိုင်းပြိုင်ပွဲတွင် ပထမရသူကို ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် ၃-ကွက် သင်ကြားခွင့် ပေးမည်ဆိုသည်ကပင် အတော်ကို စိတ်ဝင်စားစရာကောင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများ သိထားကြသည်က လူအနည်းငယ်ကို သူကျွင်းဟန်က ရောင်စဉ်သိုင်းကွက် တစ်ကွက်စ နှစ်ကွက်စ သင်ပေးခဲ့သည်ဆိုခြင်းသာဖြစ်သည်။ ထိုသို့ ရောင်စဉ်သိုင်းပညာ တစ်ကွက်စ နှစ်ကွက်စသင်ကြားခွင့်ရခဲ့ကြသူများထဲတွင် သိုင်းသမားများပါသလို အရပ်သားများလည်း ပါလေသည်။

ဤတွင် ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် ၃-ကွက်ကို မည်သူက တာဝန်ခံကာ သင်ပေးမည်နည်းဟူသောအချက်က အကြီးအကျယ်စဉ်းစားစရာဖြစ်နေ၏။ ကိုယ်တိုင် ဖိုလ်မစွဲနိုင်၍ သင်ကြားဖို့အခွင့်အရေး မရနိုင်စေကာမူ သင်ပေးမည့်သူ မည်သူဖြစ်သည်ဆိုခြင်းကိုတော့ သိလိုနေကြသည်။

ထိုသို့သိလိုသည့်စိတ်တခဲခုတည်းနှင့်ပင် သိုင်းဈေးလွင်ပြင်သို့ ရောက်လာကြသည့် သိုင်းသမားအရေအတွက်ကလည်း မနည်းလှပေ။

ပြိုင်ပွဲဝင်ရန် စာရင်းပေးကြသူတွေကတော့ ယခင်အကြိမ်များထက် အဆပေါင်းများစွာပင်ရှိနေ၏။

ထို့ကြောင့် သိုင်းပညာယှဉ်ပြိုင်ပွဲတွင်ပါဝင်မည့်အဓိကပြိုင်ဘက် ၂-ဦး ရွေးချယ်မှုတို့သည်း ယခင်ကလို တစ်ရက်တည်းမဟုတ်ဘဲ နှစ်ရက်ခွဲကာ ပြုလုပ်ရန် စီစဉ်ထားရသည်။



သိုင်းဈေးပွဲတော်နေ့မတိုင်မီ ၂-ရက်အလို့နှင့် ၁-ရက်အလိုတို့တွင် ပဏာမယှဉ်ပြိုင်မှုများပြုလုပ်ကာ အဓိကပြိုင်ဘက်တစ်ယောက်စီ ရွေးချယ်မည်ဖြစ်လေ၏။

သိုင်းဈေးပွဲတော်နေ့ကျင်းပရန် နှစ်ရက်အလိုဖြစ်သော ၃-လပိုင်း ၁၃-ရက်နေ့တွင် တစ်နေကုန်ဆိုသလိုပင်ပဏာမယှဉ်ပြိုင်မှုများ ပြုလုပ်သည်။ သိုင်းပညာ အစွမ်းအစရှိသူတွေ အတော်ပင် ပါဝင်သည့်အတွက် ယှဉ်ပြိုင်ပွဲအချို့သည် အကြိတ်အနယ်ရှိသည်။

ပွဲကြီးပွဲကောင်းများဟုပင် ဆိုနိုင်သည်။

ယှဉ်ပြိုင်ရာတွင် တစ်ဦးချင်း တစ်ကိုယ်တော်ပါဝင်ကြသလို အစုအဖွဲ့လိုက်၊ ဂိုဏ်းအလိုက် ပါဝင် ယှဉ်ပြိုင်ခြင်းများလည်း ရှိခဲ့ပသည်။

သုံးလပိုင်း ဆယ့်သုံးရက်နေ့ ပဏာမယှဉ်ပြိုင်ပွဲများမှ အဓိက ပြိုင်ဘက်အဖြစ် တစ်ကိုယ်တော် သိုင်းသမားနှောင်ကြိုးမဲ့ယောင်ကောင်းဖတ်ပေါ်ထွက်လာသည်။

* * *

(၃)လပိုင်း(၁၄)ရက်နေ့တွင် ဆက်လက် ပြုလုပ်မည့် ပဏာမယှဉ်ပြိုင်ပွဲများအတွက် စာရင်း ပေးထားသူများသည် (၁၃)ရက်နေ့ ပြိုင်ပွဲဝင်များထက် ပိုများသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် (၁၄)ရက်နေ့ နံနက်ပိုင်းပြိုင်ပွဲများ စတော မည့်အချိန်တွင် ပြိုင်ပွဲဝင်သိုင်းသမားများစာရင်းကို အ အလင်းထုတ်ပြန်သောအခါ နဂါးလေး ရင်ထန်မင်း အမည်ပါလာရာ ပြိုင်ပွဲဝင်တွေတစ်ယောက်ပြီးတစ်ယော နှုတ်ထွက်ကုန်ကြသည်။

နောက်ဆုံးတွင် နဂါးလေး ရင်ထန်မင်း၊ တောင်ပိုင် ကျားသစ် ကျန်းထင်းလန်၊ ဖြူမည်းညီနောင်၊ ပန်းဖွာ ဂိုဏ်းနှင့်ကျောက်စိမ်းညီအစ်မသုံးဖော်တို့သာကျန်ရှိတော သည်။

ယှဉ်ပြိုင်မည့်သူ (၁၅)ဦးရှိနေရာ သိုင်းလောက ထုံ တမ်းအတိုင်း ဦးစားပေးအနိုင်ရသူနှင့်ယှဉ်ပြိုင်မည့် အ များကို မဲနှိုက်ရွေးချယ်သည်။

ပထမအဆင့်တွင် တောင်ပိုင်းကျားသစ်ကျန်းထင်းလ က ဦးစားပေး အနိုင်ရသူအဖြစ် မဲပေါက်သည်။ ရင်ထ မင်းနှင့် ပန်းဖွားနီတို့က တစ်တွဲ၊ ကျောက်စိမ်း ညီအ သုံးဖော်နှင့် ဖြူမည်းညီနောင်တို့ကတစ်တွဲ ယှဉ်ပြိုင်ကြ မည်ဖြစ်သည်။

ပြိုင်မည့်သူ မများတော့သောကြောင့် ယှဉ်ပြိုင်ပွဲ မျ ကို နေရာခွဲကာ မလုပ်တော့၊ တစ်နေရာတည်း တွင်သ တစ်ပွဲပြီးတစ်ပွဲ ဆက်၍လုပ်သည်။

ရင်ထန်မင်းနှင့် ပန်းဖွားနီဂိုဏ်းတို့၏ ယှဉ်ပြိုင်မှု အရင်ဆုံးစလုပ်သည်။



ပန်းဖွားနီဂိုဏ်းကဂိုဏ်းအနေဖြင့်ပါဝင်ယှဉ်ပြိုင်ရာ ရင် ထန်မင်းနှင့်ရင်ဆိုင်ရန်အတွက် တတိယဂိုဏ်းဦးစီးမှူး အင် ခင်ဝါးထွက်လာသည်။

အင်ခင်ဝါးသည် ပန်းဖွားနီဂိုဏ်းတွင် ဝါစဉ်(၅)တွင် ရှိသော်လည်း သိုင်းပညာစွမ်းဆောင်မှု ဝါစဉ်အဆင့်(၁)ရှိ သူ ဂိုဏ်းချုပ်ကြီးထက်ပင် ပိုမြင့်သည်။

ပန်းဖွားနီဂိုဏ်းက မိမိပဲ့၏ အစွမ်းအထက်မြက်ဆုံး သော သိုင်းသမားကိုထုတ်ကာ ရင်ထန်မင်းနှင့် ရင်ဆိုင် စေသည်ဟု ဆိုနိုင်သည်။

အင်ခင်ဝါးသည် အသက်(၄၀)ခန့် ရှိသည်။ အရပ် ပျပ်ပျပ်၊ ပိန်ပိန်ပါးပါးဖြစ်ကာ သိုင်းသမား တစ်ဦးထက် ာပေသမားတစ်ယောက်၏ အသွင်နှင့် ပိုတူသည်။

''နဂါးလေး ရင်ထန်မင်းလို နာမည် ကျော်ကြားနေတဲ့ သိုင်းလုလင်တစ်ယောက်နဲ့ ယှဉ်ပြိုင်ရတာ ကျုပ်အတွက် တော ကျုပ်တို့ပန်းဖွားနီဂိုဏ်း အတွက်ကော ဂုဏ်ယူစရာ ပါပဲ၊ ကျုပ်ရဲ့' မဖြစ်စလောက် သိုင်းပညာလေးက နဂါး လေး ရင်ထန်မင်းအတွက် ရယ်စရာများ ဖြစ်နေ မလား သိဘူး''

ယှဉ်ပြိုင်ရန် ရင်ဆိုင်မိကြသည်နှင့် အင်ခင်ဝါးက ပြော သည်။

''မဟုတ်တာဗျာ....ပန်းဖွားနီဂိုဏ်းဦးစီးမှူးလို အကျော် အမော် တစ်ယောက်ဆီက သိုင်းယှဉ်ပြိုင်မှု အတွေ့အကြုံ

www.burmeseclassic.com

ဆည်းပူးနှာသူရတာကျွန်တော်ကံကောင်းလို့ပါ၊ သင်ကြားပြသပေးပါလို့ တောင်းပန်ပါရစေ”

ရင်ထန်မင်းက ဦးညွှတ် အရိုအသေပေးကာ ပြောသည်။

ကျောက်စိမ်း ညီအစ်မသုံးဖော်တို့ ထိုင်နေရာ ဘက်သို့လည်း မသိမသာတစ်ချက်လှမ်းကြည့်သည်။

* * *

အကြောင်းကံ ဖန်တီးမှုက ဆန်းကြယ်သည်ဟု ဆိုရမည်။

မိန်းမပျိုအငယ်မလေးပိယောင်သည် ကျောက်စိမ်း ညီအစ်မသုံးဖော်အနက် အငယ်ဆုံး ကျောက်စိမ်းကလျာဟန်ပိယောင်ဖြစ်သည်။

သူမစမ်းချောင်းကွေ့လေးတွင် ရေချိုးနေသည်ကိုတွေ့မြင်သွားကာ ဇရပ်အိုတွင် တစ်ခါ ထပ်မံ ဆုံတွေ့ခဲ့သည့် လူရွယ်ကတော့ နဂါးလေး ရင်ထန်မင်း ဖြစ်နေသည်။

နဂါးလေးရင်ထန်မင်းနှင့် ကျောက်စိမ်း ညီအစ်မသုံးဖော်ဖြစ်ကြသော ကျောက်စိမ်းဒေဝီ ဟန်ပိမ်မေ၊ ကျောက်စိမ်းသူဇာ ဟန်ပိရှင်းနှင့် ကျောက်စိမ်း ကလျာ ဟန်ပိယောင် တို့သည် သိုင်းလောကတွင် အတော် နာမည်ကျော်ကြားသည်။



ကျောက်စိမ်း ညီအစ်မတို့၏ အမည်များနှင့် သတင်းစကားတို့ကို ရင်ထန်မင်း ကြားဖူးသည်။ ထိုနည်းတူ ကျောက်စိမ်းညီအစ်မတို့ကလည်း နဂါးလေး ရင်ထန်မင်း၏အမည်နှင့် သတင်းကို ကြားဖူးသည်။

သို့သော် လူချင်းမူ ယခင်က တစ်ကြိမ်တစ်ခါမျှ မဆုံဖူးကြပေ။

အကြောင်း တိုက်ဆိုင်စွာ တွေ့ဆုံမိခဲ့ကြ သော်လည်း ရင်ထန်မင်းက ကျောက်စိမ်းညီအစ်မသုံးဖော်တို့မှန်း မသိသလို ရင်ထန်မင်းကလည်း ကျောက်စိမ်း ညီအစ်မများဖြစ်ကြောင်း မသိခဲ့ပေ။

ထိုသို့ အမှတ်မထင် တွေ့ဆုံခဲ့ကြပြီးသည့်နောက် မိန်းကလေးများဖြစ်သော ကျောက်စိမ်းညီအစ်မတို့က(အထူးသဖြင့်ကျောက်စိမ်းကလျာပိယောင်)စပ်စပ်စုစု စုံစမ်းကြည့်ခဲ့ရာမှ သူတို့နှင့် ဆုံတွေ့ခဲ့သည့် လူရွယ်မှာ နာမည်ကျော်ကြားသော နဂါးလေးရင်ထန်မင်းဖြစ်ကြောင်း သိသွားကြသည်။

အသက်(၁၇)နှစ်သာရှိသေးသော ကျောက်စိမ်းကလျာဟန်ပိယောင်သည် သူမတစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရေချိုးနေသည်ကို ယောကျ်ားပျိုတစ်ယောက်က တွေ့မြင်သွားမှုကြောင့် (ထိုသို့တွေ့မြင်သွားမှုမှာ မတော်တဆတိုက်ဆိုင်မှုသာဖြစ်ကြောင်း သိသော်လည်း) အတော်ပင်ရှက်စနိုး ရှိခဲ့သည်။

www.burmeseclassic.com



ထို့ကြောင့် လူရွယ်နှင့်ပြန်ဆုံမိသောအခါ ရှက်စိတ်ဖြင့် ရန်ပြုလျက် ငိုကြွေးထွက်ပြေးသည်အထိ ပေါက်ကွဲသွားခဲ့သည်။

ထိုလူရွယ်အပေါ် စိတ်ဝင်စား ရင်ခုန်မှုလေးကတော့ ဆယ်ကျော်သက်အရွယ် မိန်းကလေး၏ရင်ထဲတွင် အမြစ်တွယ်သွားခဲ့သည်။

ထို့နောက် ထိုလူရွယ်မှာ နဂါးလေးရင်ထန်မင်း ဖြစ်ကြောင်း သိသည့်အခါတွင်တော့ ပိုစိတ်လှုပ်ရှားလာသည်။ စိတ်တိမ်းညွတ်မှုတွေပင် ရှိလာသည်။

သိုင်းဈေး ပွဲတော်နေ့သို့ ရင်ထန်မင်း သွားရောက်ကြောင်း သိရသည့် အခါတွင်တော့ ဟန်ပိယောင်သည် သိုင်းဈေးလွင်ပြင်သို့ သွားရောက်ရန် အစ်မနှစ်ယောက်ကို ပူဆာလေသည်။

ကျောက်စိမ်းညီအစ်မသုံးဖော်တို့သည် တစ်ဆရာတည်းတပည့် သိုင်းပညာအတူတူ သင်ယူဖက်များ ဖြစ်ကြသည်။ သိုင်းလောကရှိ အခြားသော ညီအစ်မများထက် ထူးခြားသည်မှာ သူတို့သည် 'သွေးသောက်ညီအစ်မ' သက်သက်မဟုတ်ကြ။

တစ်အူထုံ့ဆင်း ညီအစ်မ အရင်းအချာများ ဖြစ်ကြသည်။

သူတို့ညီအစ်မ သုံးဖော်ကို သိုင်းပညာသင်ကြားပေးသူမှာလည်း သူတို့၏ အဘွားကိုယ်တိုင်ပင် ဖြစ်သည်။



ကျောက်စိမ်းညီအစ်မ သုံးဖော်တို့သည် ငယ်စဉ်ကပင် မိဘများကွယ်လွန်ကာ တစ်ဦးတည်းသော ဆွေမျိုးဖြစ်သူ ဘွားအေနှင့် အတူနေထိုင်ခဲ့ရသည်။ အဘွားက အဆင့်မြင့်သိုင်းပညာများအပါအဝင် သိသင့်,တတ်အပ်သည်များကို ဆက်လက် သင်ကြားပေးခဲ့သည်။

အဘွားဖြစ်သူ အသက်ကြီးရင့်၍ ကွယ်လွန်သွားသောအခါ ကျောက်စိမ်းညီအစ်မ သုံးဖော်တို့မှာ မိဘမဲ့ ဆွေမျိုးမဲ့ သဘောမျိုး ကျန်ရစ်ခဲ့ကြသည်။

သူတို့၏ မိဘများသည် ဆွေကြီးမျိုးကြီးများ ဖြစ်ကြသည်။ ဆွေမျိုးများ ကွယ်လွန်ကုန်ကြသည်တွင် ဆွေစုမျိုးစုပိုင် ပစ္စည်းဥစ္စာများသည် ကျောက်စိမ်းညီအစ်မတို့၏ မိဘများလက်သို့ ရောက်လာသည်။

မိဘများ ကွယ်လွန်သောအခါ ကျန်ရစ်သည့် အမွေများကို ကျောက်စိမ်းညီအစ်မတို့က လက်ခံရရှိကာ အရွယ်မရောက်သေးသည့်အတွက် အဘွားက ထိန်းသိမ်းပေးထားခဲ့သည်။

အဘွား ကွယ်လွန်သွားချိန်တွင်မူ ကျောက်စိမ်းညီအစ်မများမှာ အရွယ်လည်း ရောက်လာကြသည်။ သိုင်းပညာကောင်းသလို ရုပ်ရည်တွေကလည်း သုံးယောက်လုံး ချောမောကြသည့်အပြင် ပစ္စည်းဥစ္စာကလည်း ချမ်းသာသည့်အတွက် သူတို့နှင့်လက်ဆက်ချင်သော ယောကျ်ားပျိုများ ဝိုင်းဝိုင်းလည်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မသုံးယောက်တို့သည် မည်သူ့ကိုမှ ချစ်သူအဖြစ် ၎င်း မိတ်ဆွေ သူငယ်ချင်းအဖြစ်သာ ခင်မင်သင့်သူတို့ကို ခင်မင်ကြလျက် ပျော်ရွှင်တက်ကြွစွာ နေထိုင်လာခဲ့ကြသည်။

သိုင်းလောကတွင်လည်း သိပ်သွားသွားလာလာ မရှိ။ ရံဖန်ရံခါမျှသာ ပါဝင်လှုပ်ရှားတတ်ရာ ကျောက်စိမ်း ညီအစ်မသုံးဖော်ဟူ ကျော်ကြားနေမှုကို သိုင်းသမားအများ ကြားသိကြသော်လည်း လူချင်းတွေ့ဆုံမှုကတော့ နည်းပါးသည်။

သူတို့၏သိုင်းပညာကလည်း ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းကာ သင်ကြားပေးသော မျိုးဆက် သိုင်းပညာဖြစ်ပေရာ အခြားသော သိုင်းပညာရှင်များနှင့် ဆက်နွယ်ပတ်သက်မှုလည်း မရှိသလောက် ဖြစ်သည်။

သိုင်းဈေး ပွဲတော်နေ့သို့လည်း လာလေ့လာထ မရှိ။ ယခုတစ်ခေါက်တွင်မူ အငယ်ဆုံးညီမ ဟန်ပိယောင် ပူဆာလှသောကြောင့် ရောက်လာကြရခြင်း ဖြစ်သည်။

အစ်မနှစ်ယောက်သည် ညီမငယ်ကိုချစ်သလို အလိုလည်း လိုက်ကြပေသည်။

သိုင်းဈေးလွင်ပြင်သို့ ရောက်ကြသော်လည်း ရင်ထန်မင်းနှင့်တော့ မဆုံဖြစ်ကြသေး။ ဆုံမိနိုင်ရန် စုံစမ်းစီစဉ်နေကြဆဲမှာပင် ရင်ထန်မင်းတစ်ယောက် စပ်စင်စုစုကျွန်းယုယုနှင့်အတူ လရိပ် အရက်ဆိုင်ထဲမှ ထွက်သွားပြီးနောက် ပျောက်ဆုံးနေသည့် သတင်း ပေါ်ထွက်လာသည်။



ဟန်ပိယောင်သည် ကျွန်းယုယုအပေါ် အလိုအလျောက် မလိုလားသည့်စိတ်တွေ ပေါ်လာသည်။ ကျွန်းယုယုအပေါ်တွင်လည်း အမြင်မကြည်လင်သလို ဖြစ်သည်။

သိုင်းဈေးပွဲတော် သိုင်းယှဉ်ပြိုင်ပွဲတွင် ရင်ထန်မင်း ပါဝင် ယှဉ်ပြိုင်မလိုလို သတင်း သိုးသိုးသံ့သံ့ကိုလည်း ကျောက်စိမ်းညီအစ်မတို့ကြားခဲ့ရာ ဟန်ပိယောင်၏အတင်း တိုက်တွန်းချက်ဖြင့် ပြိုင်ပွဲဝင်ရန် အမည်စာရင်းပေးခဲ့ကြသည်။

ရင်ထန်မင်းသည် အနောက်ပိုင်းအဆိပ်ငါးဖော်တို့နှင့် ပြဿနာမဖြစ်စေလို၍ ရှောင်နေခဲ့ရာမှ ကျွန်းယုယု၏အကူအညီဖြင့် ကိုစ္စနေအားသွားသည့်နောက်တွင် ဆက်လက်ကာ ခပ်လျှိုလျှိုနေခဲ့သည်။

သိုင်းယှဉ်ပြိုင်ပွဲအတွက် အဓိကပြိုင်ဘက်ရွေးချယ်မည့် ပဏာမ ပြိုင်ပွဲတွင်မှ ရင်ထန်မင်း ပေါ်ထွက်လာကာ ကျောက်စိမ်းညီအစ်မတို့ကို တွေ့ရလေတော့သည်။ မိမိနှင့် မမျှော်လင့်ဘဲ ဆုံခဲ့မိသည့် ပိယောင်ဆိုသော မိန်းကလေးမှာလည်း ကျောက် စိမ်းကလျာ ဟန်ပိယောင် ဖြစ်နေကြောင်း သိရလေတော့သည်။

သူနှင့်ဆုံခဲ့မိသော မိန်းကလေး ပိယောင်ကို ကျောက်စိမ်း ညီအစ်မ သုံးဖော်မှ အငယ်ဆုံး ကျောက်စိမ်းကလျာ ဟန်ပိယောင် ဖြစ်လိမ့်မည်ဟု ရင်ထန်မင်း မထင်ခဲ့ပေ။ နာမည်ချင်း ဆင်တူသည်ဟူသာ မှတ်ယူထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထန်မင်း ကိုယ်တိုင်ကလည်း အမှတ်မထင်တွေ့ခဲ့ရသော ပိယောင်ဆိုသူ မိန်းကလေးအပေါ် စိတ်ဝင်စားမှု ရှိနေခဲ့၏။ သို့သော် ထိုမိန်းကလေးအကြောင်း ဘာမျှမသိရသည့်အတွက် အခက်ကြုံသလို ဖြစ်နေသည်။

သူ့တွင် လုပ်ဆောင်စရာ ကိစ္စကြီးကလည်း ရှိနေပြန်ရာ လျှပ်ရှား လုပ်ဆောင်ရင်း အခွင့်သင့်သလို စုံစမ်းရှာဖွေရန် စိတ်ကူးထားသည်။

ယခုတော့ ထိုမိန်းကလေးအကြောင်း သိရလေပြီ။

*   *   *

''စနိုင်ပါပြီ''

ဒိုင်လုပ်သူ သိုင်းသမားကြီး၏ အချက်ပေးသံ ပေါ်လာသည်။

အင်ခင်ဝါးနှင့် ရင်ထန်မင်းတို့၏ သိုင်းပညာယှဉ်ပြိုင်မှု စ,သည်။

အင်ခင်ဝါးက အသွားတစ်ပေသာသာရှိသည့် ဓားတိုလေး နှစ်လက်ကို ဘယ်ညာလက်နှစ်ဖက်တွင် ကိုင်စွဲထားသည်။ ခါးပတ်ကြားတွင်လည်း အလားတူ ဓားတို နှစ်လက် ထိုးထားလျက် ရှိနေသည်။

ရင်ထန်မင်း၏ လက်တွင် ဓားရှည်တစ်လက် ကိုင်ထားသည်။ ဓားရှည်အသွားက နှစ်ပေသာသာခန့်ရှိရာ ဓားရှည်



တစ်လက် ဆိုသည်ထက် ဓားမြှောင်ရှည်ဟု ခေါ်ရန်ပိုသင့်လျော်သည်။

လက်နက်များယှဉ်ကြည့်လျှင် ယေဘုယျအားဖြင့်တော့ ရင်ထန်မင်း၏ ဓားရှည်က အသွားပိုရှည်သည်။ သို့သော် အင်ခင်ဝါး၏ ဓားတိုများက အသွား တိုသော်လည်း အဝေးပစ်လက်နက်သဘောမျိုး သုံးကာ ပစ်ပေါက် တိုက်ခိုက်နိုင်သည့် အားသာချက်ရှိသည်။

ခါးပတ်ကြားတွင်အပိုဓားတို့နှစ်လက် ထိုးထားပြန်ရာ လက်ထဲရှိ ဓားတိုများဖြင့် ပစ်ပေါက် တိုက်ခိုက်သည့်တိုင် လက်နက်မဲ့ ဖြစ်မသွားနိုင်။ လက်နက်အခရအတွက်တွင်လည်း သာလွန်သလို ရှိနေသည်။

သိုင်းစျေးပွဲတော်နေ့ ယှဉ်ပြိုင်ပွဲများတွင် စည်းကမ်းသတ်မှတ်ချက်ဟူ၍ သေသေချာချာမရှိ။ စိတ်ကြိုက် တိုက်ခိုက်နိုင်သလိုမျိုးဖြစ်ရာ အဆိပ်လက်နက်ပုန်းများ သုံးစွဲခြင်းပင်လုပ်ကြသည်။

မည်သည့်နည်းလမ်းမျိုးကို သုံးသည်ဖြစ်စေ အနိုင်ရရှိမှုကိုသာ အခြေပြုဆုံးဖြတ်သည်။

''ရင်ထန်မင်းကလဲနော်၊ ဟိုဘက်လူက ဓားတိုလေး လက်တောင် ယူလာတာ၊ သူက ဘာကြောင့် ဓားမြှောင်ရှည်သာသာပဲရှိတဲ့ ဓားတစ်လက်တည်း ယူလာရတာလဲ၊ ဓားနှစ်လက်လောက်ယူလာတော့ ဘာဖြစ်မှာတုံး''

မိမိတို့အလှည့်မရောက်သေးသည့်အတွက် ယှဉ်ပြိုင်ပွဲကိုထိုင်ကြည့်နေသော ကျော့ကက်စိမ်းညီအစ်မ သုံးဖော်တို့

www.burmeseclassic.com

www.burmeseclassic.com



အနက်မှ ကျောက်စိမ်းကလျာ ဟန်ပိဒေယာင်က အားမလို အားမရဖြစ်ဟန်ဖြင့် ပြောသည်။

"သိပ်လဲ စိုးရိမ်မနေပါနဲ့ ညီမလေးရာ၊ သူကလဲ ခေတ်လူမှ မဟုတ်တာ၊ သူကိုယ်သူပိုင်လို့ အသွားသိပ်မရှည်တဲ့ ဓားတစ်လက်နဲ့ ဓားတိုလေးလက် ဆောင်လာတဲ့ လူကို ယှဉ်ပြိုင်တာပေါ့"

ကျောက်စိမ်းသူဇာ ဟန်ပိရှင်းက ပြောသည်။

"စိုးရိမ်တာ မဟုတ်ပါဘူးနော်၊ လက်နက်ချင်း ဘက်မညီသလိုဖြစ်နေလို့ ပြောတာပေါ့၊ ဟိုလူကြီးက သူ့ဓားတိုမှာ အဆိပ်သုတ်ထားပြီး လှမ်းပစ်၊ တာ...."

ဟန်ပိဒေယာင်၏ စကားမဆုံးမီမှာပင် အင်ခင်ဝါးက ညာလက်ရှိ ဓားတိုလေးနှင့် ရင်ထန်မင်းကို လှမ်းပစ်သည်။ စိမ်းဖန့်ဖန့်အရောင်များ လင်းလက်သည်။ ဓားသွားတွင် အဆိပ်ရည် သုတ်လိမ်းထားသည့် လက္ခဏာဖြစ်သည်။

ဟန်ပိဒေယာင် စကား တစ်ပိုင်းတစ်စရပ်သွားသည်။

"ဒလန့်"

အသံတစ်ချက်ပေါ်သည်။

ဟန်ပိဒေယာင်၏ ရင်ထဲတွင်လည်း 'ဒိန်း' ခနဲဖြစ်၏။ ဓားစိုက်မိသည့်အသံ မဟုတ်သော်လည်း စိုးရိမ်စိတ်အခံကြောင့် ရင်ခုန်သွားရသည်။

ရင်ထန်မင်းက သူ့ထံသို့ တန်းဝင်လာသော ဓားတိုလေးကို ဓားရှည်ဖြင့် ဖြတ်ကာ ရိုက်ထုတ်ပစ်လိုက်ခြင်း ဖြစ်သည်။ ရိုက်ထုတ်လိုက်သည့်အတွက် လမ်းကြောင်းပျက်ကာ



လွင့်စဉ်ထွက်သွားသော ဓားတိုသည် ပန်းဖွားနီဂိုဏ်းသားများရှိရာသို့ ကန်း၍သွားသည်။

ပန်းဖွားနီဂိုဏ်းသားတို့ သောသောညံရှုတ်ရှုတ် တစ်ချက်ဖြစ်သည်။ ဂိုဏ်းဦးစီးမှူးတစ်ယောက်က သူတို့ဘက် လမ်းကြောင်းပြောင်းဝင်လာသော ဓားတိုလေးကို အလိုက်သင့်သီးကာ ဖမ်းယူလိုက်သည်။

"ခတော်တယ်"

အင်ခင်ဝါးက ချီးမွမ်းစကားဆိုသည်။

သူ့ညာဘက်လက်ကလည်း ခါးပတ်ကြားတွင် ထိုးထားသော ဓားတိုလေးတစ်လက်ကို လျင်မြန်စွာ ဆွဲဆုတ် ကိုင်စွဲပြီး ဖြစ်သည်။

ပြောပြီးသည်နှင့် အင်ခင်ဝါးသည် ရှေ့သို့ လွှားခနဲခုန်တက်ကာ ရင်ထန်မင်း၏ ဘယ်ညာပခုံးနှစ်ဖက်ကို ဓားတိုနှစ်လက်နှင့် ထိုးစိုက်ချ၏။

ရင်ထန်မင်းသည် ဓားရှည်ကို အသင့် ခင်းထားသော်လည်း အင်ခင်ဝါးကို တန်ပြန်တိုက်ခိုက်ခြင်းမပြု။ ကိုယ်ကိုသာ လျင်မြန်စွာ တစ်ပတ်လှည့်လိုက်သည်။

အင်ခင်ဝါး၏ ဓားတိုနှစ်လက်မှာ လေကိုသာ ထိုးမိသည်။

ထိုးချက်မထိသောကြောင့် အားလွန်သွားဟန်ဖြင့် အင်ခင်ဝါးသည် ရှေ့သို့ယပ်ယိုးလဲကျသည်။ ထိုသို့လဲကျစဉ်အခါ အင်ခင်ဝါးက လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



စာယ်ညာ လက်များထဲရှိ ဓားတိုနှစ်လက် သိုင်းယှဉ်ပြိုင်ရာ စင်မြင့်ကြမ်းပြင်တွင် ထိုးစိုက်ဝင်သွား၏။

ကြည့်နေကြသူများထံမှ 'ဟင်'ခနဲ 'ဟယ်'ခနဲ ရေရွတ်သံများ ပေါ်ထွက်လာ၏။

အင်ခင်ဝါးတစ်ယောက် သိုင်းကွက် ၂-ကွက် ယှဉ်ပြီးသည်နှင့် ကိုယ့်အားအရှိန်ကိုယ်မထိန်းနိုင်ဘဲ ကျွမ်းထိုးဦးစောက်လဲကျကာ အရေးရှုံးနိမ့်လေပြီဟု တွေးသူက တွေးကြသည်။

သိုင်းစျေးပွဲတော်နေ့ သိုင်းပညာ ယှဉ်ပြိုင်ပွဲများတွင် စည်းကမ်းသတ်မှတ်ချက် သေသေချာချာမရှိဘဲ စိတ်ကြိုက်တိုက်ခိုက်နိုင်ကြသည် ဆိုသော်လည်း လဲကျသွားလျှင်ဖြစ်စေ၊ ကိုင်ထားသောလက်နက် လွတ်ထွက်သွားလျှင်ဖြစ်စေ အရှုံးပေးကြရလေ၏။

ယှဉ်ပြိုင်သူများအနေဖြင့် ထိုသို့ ချွတ်ချော်မှုမျိုး မဖြစ်ရအောင် အထူးဂရုစိုက်ကြရသည်။

ယခုလည်း အင်ခင်ဝါးလဲကျသွားလျှင် ပွဲပြီးသွားပေပြီ၊ အရှုံးပေးရပေလိမ့်မည်။

သို့သော် အင်ခင်ဝါး၏ တိုက်ကွက်ပရိယာယ်ဆင်မှုကို ချက်ချင်းလိုလိုပင် သိုင်းပရိသတ်များ တွေ့မြင်ကြရသည်။

အင်ခင်ဝါးသည် ဓားတိုနှစ်လက် သိုင်းယှဉ်ပြိုင်ပွဲ စင်မြင့်ကြမ်းပြင်တွင် စူးဝင်သည်ဆိုသည်နှင့် ဆုပ်ကိုင်ထားသော ဓားရိုးနှစ်ခုကို လက်နှစ်ဖက်ဖြင့် အားပြုထောက်



ကိုင်ကာ ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်လိုက်လေသည်။

ထိုအခါ သူ၏ကိုယ်မှာ ကင်းမြီးကောက်ထောင်သလို အခြေရောက်သည်။ အပေါ်ထောင်တက်သော ခြေထောက်နှစ်ဖက်ဖြင့် ရင်ထန်မင်း၏လက်ထဲမှဓားရှည်ကို လှမ်းကန်သည်။

ရင်ထန်မင်း၏ လက်ထဲမှလက်နက် လွတ်ထွက်သွားအောင် ထူးဆန်းသော ကိုယ်ဟန်ဖြင့် အလစ်အငိုက်ယူကာ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ ခြေကန်ချက်ကြောင့် ဓားရှည် လက်မှ လွတ်သွားလျှင် ရင်ထန်မင်း အရှုံးပေးရပေတော့မည်။

''ညစ်ပတ်တဲ့လူကြီး၊ မဟုတ်တာ လုပ်တယ်''

ကျောက်စိမ်းကလျာဟန်ပိယောင် ကမကျေမနပ်ရေရွတ်သည်။

အင်ခင်ဝါး၏ တိုက်နည်းပရိယာယ်သည် ဆန်းပြားသော်လည်း ရင်ထန်မင်းကိုတော့ မလွှမ်းမိုးနိုင်ပါ။ ရင်ထန်မင်းက အေးဆေးတည်ငြိမ်စွာ ညာလက်ကောက်ဝတ်ကို အသာ လှုပ်ရှားကစားလိုက်ရာ သူ၏ ဓားရှည်သည် လခြမ်းကွေးအသွင် လမ်းကြောင်းဖြင့်လှုပ်ရှားလျက် ကန်ထုတ်လာသော အင်ခင်ဝါး၏ခြေထောက်နှစ်ခုအကြားသို့ ရောက်သည်။

''ဟွတ်ပြီ၊ ကောင်းတယ်၊ ဟာ....ဒုက္ခပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပါယောင်က အားရဝမ်းသာမြည်တမ်း၏။ သို့သော်သံမဏိကားသည် အဆုံးပိုင်းတွင် အလန့်တကြားရေရွတ်သံအဖြစ် ပြောင်းလဲသွား၏။

ခြေကန်ချက်လွဲသွားသည်နှင့်အင်ခင်ဝါးသည်ရုတ်ခြည်းပုံမှန်အနေအထားအတိုင်း မတ်တတ်ပြန်ရပ်ကာ လက်ထဲရှိဓားတိုနှစ်လက်ကို ရင်ထန်မင်းထံ ပစ်လွှတ်လိုက်သည်။

''ဝှစ်....ဝှစ်''

စိမ်းဖန့်ဖန့်အရောင်များ လင်းလက်သည်။

ဓားတိုနှစ်လက်သည် တစ်လက်က ရင်ထန်မင်း၏ လည်မျိုဆီသို့ ဦးတည်ကာ ကျန်တစ်လက်က ပမ်းဗိုက်တည့်တည့်သို့ တန်းဝင်သည်။

အဘော်ပင် ရက်စက်လှသည့်တိုက်ကွက်ဖြစ်၏။

အနီးကပ် ပစ်လွှတ်ခြင်းဖြစ်သည့်အပြင် ဓားတိုများ၏အသွားပေါ်တွင်လည်း အဆိပ်များ သုတ်လိမ်းထား၏။ ချက်ကောင်းနေရာများကိုမယိမ်းအောင် ရှောင်ရှားနိုင်သည့်တိုင် အခြား တစ်နေရာရာကို သွေးစို့အောင် ရှပ်ထိမိသည်နှင့်ပင် အဆိပ်မိကာ ဒုက္ခတွေ့နိုင်ပေသည်။

အခြားနေရာတွင်ယှဉ်ပြိုင်မှုသာဆိုလျှင်သည့်သို့ကြောက်စရာကောင်းလှသော တိုက်ခိုက်မှုမျိုးကို ခွင့်ပြုမည်မဟုတ်။ ယခု သိုင်းချေးပွဲတော် သိုင်းယှဉ်ပြိုင်ပွဲမှာ ဝေးသီခေါင်ဖျားသော တောနက်တောင်ကြားတွင်ပြုလုပ်ပြီး အနိုင်ရမှုသာ အဆုံးအဖြတ်ဖြစ်လျက်ကြိုက်သလို တိုက်ခိုက်နိုင်သည့်အတွက် အင်ခင်ဝါးလို့ နာမည်ရ သိုင်းသမားကြီးတစ်ဦး



က ရက်စက်သော သိုင်းကွက်ထုတ်သုံးသည်ကို မည်သူကမျှ အပြစ်မပြောနိုင်ကြပေ။

အနိုင်ရရှိအောင် လုပ်ဆောင်မှုအဖြစ်သာ သဘောထားကြရပေမည်။

သည်တစ်ခါတော့ အပိုင်ဟု အင်ခင်ဝါး တွက်သည်။ အသက်ငယ်သော်လည်း လက်စွမ်းထက်လှသော နဂါးလေး ရင်ထန်မင်းကို အနိုင်ယူရုံသာမက အပြတ်ပင်ရှင်းနိုင်ပြီဟု အင်ခင်ဝါးကတွက်သည်။

သို့ရာတွင်....

* * *

အင်ခင်ဝါးက ထင်တိုင်းမပေါက်ပါ။

ရင်ထန်မင်း၏ဓားရှည်သည် လျှင်မြန်စွာလှုပ်ရှားသည်။ အလွန်မြန်လှသောကြောင့် ဓားလမ်းကြောင်း ဘယ်ပုံဘယ်နည်းရှိသည်ကိုပင် မသိမမြင်နိုင်ကြပါ။

''ထန်း....ထန်း''

လက်နက်ချင်း ထိတွေ့သံနှစ်ချက်ကိုသာ သိုင်းပရိသတ်များကြားရသည်။

ထို့ပြင် ဓားတိုနှစ်လက် ပန်းဖွားနီ ဂိုဏ်းသားများရှိရာဘက်သို့ လွင့်စဥ် ထွက်သွားသည် ကိုလည်း မြင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါလွှင့်စဉ်သွားသည့်အရှိန်အဟုန်ကစောစော ကထက်ပိုမြန်သည်။ ပိုအားပါသည်။

အင်ခင်ဝါး ပစ်လွှတ်လိုက်သည့်အားတွင် ရင်ထန်မင်းက ပုတ်ထုတ်ရင်း ထပ်မံဖြည့်ထည့်လိုက်ပုံရသည်။

ထို့ပြင် ပထမအကြိမ်တုန်းကလို ခါးတို နှစ်လက်သည် ဦးဘည်လမ်းကြောင်းတစ်ခုတည်းသွားခြင်းမဟုတ်ပေ။

ဆမ်းကြောင်းနှစ်ခုကွဲသည်။ ပစ်မှတ်နှစ်ခုဖြစ်သည်။

ခါးတိုတစ်ချောင်းက ပန်းဖွားနီဂိုဏ်း ဂိုဏ်းဦးစီးမှူး တစ်ယောက်ထံ တန်းဝင်သည်။ စောစောတုန်းက ခါးတို တစ်လက်ကို အမိဆီးဖမ်းလိုက်သော သိုင်းသမားကြီးပင် ဖြစ်သည်။

ယခုအကြိမ်တွင်လည်း ထိုဂိုဏ်းဦးစီးမှူး သိုင်းသမား ကြီးက သူ့ထံ တန်းဝင်လာသော ခါးတိုကို အလိုက်သင့် ဆီးယူဖမ်းလိုက်နိုင်သည်။ ပထမအကြိမ်တုန်းက ထက်တော့ ပို၍အားအင်စိုက်ထုတ်ရသည်။

ကျန်ခါးတိုကတော့ ပန်းဖွားနီဂိုဏ်းသားတစ်ယောက် ထံ ဦးတည်သည်။ ထိုဂိုဏ်းသားမှာ သိုင်းပညာမဆိုးသော် လည်း ဂိုဏ်းဦးစီးမှူး ကိုတော့ မမီ။ ပြီးတော့ အတွေ့ အကြုံနည်းသေးရာ မမျှော်လင့်ဘဲ သူ့ထံသို့ ခါးတို တစ် လက် ရုတ်တရက်ကြီးရောက်လာသောအခါ ဘာလုပ်ရမည် မသိဖြစ်သွားသည်။



ထို့ပြင် အင်ခင်ဝါး၏တိုက်နည်း ပရိယာယ် ကိုလည်း သဘောကျနေတာ အနိုင်ရရန် သေချာပြီ ဟုလည်း အပိုင် တွက်နေသည်။

အင်ခင်ဝါးအနိုင်ရလျှင် အောင်ဟစ် အားပေးရန်ပင် အသင့်ပြင်ထားသည်။

သည်တော့....

တစ်ချက်မျှပင် မလှုပ်ရဘဲ ခါးတိုထိုးစိုက်မိသည်။ အထိ ခံရသည့် နေရာကလည်း တတယ့် ချက်ကောင်းနေရာ။

ပန်းဖွားနီ ဂိုဏ်းသားမှာ အောင်သံပင်မပြုနိုင်ဘဲ ပက်လက်လန် လဲကျသွားလေတော့သည်။

အပိုင်ဖမ်းကာ အနီးကပ်ပစ်လိုက်သော ခါးတိုနှစ်လကို ရင်ထန်မင်းကို မထိကြောင်းသိသည်နှင့် အင်ခင်ဝါးသည် နောက်သို့ခုန်ဆုတ်လျက် ကျန်နေသေးသည့် ခါးတို့ တစ် ချောင်းကို ဆွဲထုတ်ဖို့ကြိုးစားသည်။

သူ ဆုတ်ရာနောက်သို့ ရင်ထန်မင်း၏ ခါးချက်က လိုက်လာသည်။

မိမိအပိုင်တိုက်ခိုက်မှုမထိရောက်သည့်အတွက် စိတ် လှုပ် ရှားနေသော အင်ခင်ဝါးမှာ ခါးရောင်လက်သည်တိုမြင် သောအခါ တုန်လှုပ်၍ပင် သွားသည်။ စိတ် လှုပ်ရှား တုန်လှုပ်မှုကြောင့် ဟာကွက်၊ လွတ်ကွက်တွေ ပေါ်ကုန် သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ခင်ဝါး၏ သိုင်းပညာအစွမ်းနှင့် ဆိုလျှင် ရင်ထန်မင်း၏ ဓားချက်ကို ခုခံ ကာကွယ်နိုင်စွမ်း ရှိသည်။ ခြေရှုပ်လက်ရှုပ်ရှိမည် ဖြစ်သော်လည်း အခြေအနေမဆိုးနိုင်။

စိတ်လှုပ်ရှား နေသောကြောင့် ခုခံ ကာကွယ်ခြင်းပင် မိမိရရမလုပ်နိုင်။ ဓားတိုကို ဘယ်လက်ဖြင့် ဆွဲထုတ်လိုက်ချိန်မှာပင် ဘယ်လက်ခုံကို ရင်ထန်မင်း၏ ဓားချက် ထိမိသည်။

"အား....."

အင်ခင်ဝါး အလန့်တကြားအော်မိသည်။

ထိချက် သိပ်မပြင်းသော်လည်း တုန်လှုပ်နေမှုအခံနှင့် အော်ဟစ်မိရာ ဒဏ်ရာအပြင်းအထန်ရသလို့မျိုး ဖြစ်သွားသည်။

အင်ခင်ဝါး၏ဘယ်လက်ထဲသို့ရောက်လာသော ဓားတိုကတော့ လွတ်ကျသွားခဲ့လေပြီ။

ရင်ထန်မင်း နောက်ခုန်ဆုတ်ကာ ဓားရှည်ကို သိမ်းလိုက်သည်။

အင်ခင်ဝါးပါးစပ်အဟောင်းသား ဖြစ်ကာနေခဲ့သည်။ ပန်းဖွားနီ ဂိုဏ်းသားများလည်း ကြက်သေ သေကုန်ကြသည်။

"လက်နက်တွေ အကုန်မရှိတော့ဘူး၊ ပန်းဖွားနီဂိုဏ်း ရှုံးသွားပြီ"

ကျောက်စိမ်းကလျာဟန်ပိယောင်၏ ဝမ်းသာ အားရ အော်လိုက်သံထွက်လာသည်။



"အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ရင်ထန်မင်းက ဟန်ပိယောင်ဘက်လှမ်းကြည့်ကာ မသိမသာဦးညွှတ် လျက်ပြောသည်။

"ရပါတယ်ရှင်....အားပေးရမှာပေါ့"

ဟန်ပိယောင်က ပြန်ပြောသည်။

"ကျွန်တော့်အပေါ် စိတ်ဆိုးပြေသွားပြီလား"

ဟန်ပိယောင်က ဘာမျှပြန်မပြော။ ရှက်ပြုံးလေးပြုံးကာ ခေါင်းငုံ့သွားသည်။

ရင်ထန်မင်း၏ ရင်ထဲတွင် အပျော်ကလေး တစ်ခု စီးဝင်သည်။

* * *

ရင်ထန်မင်း အတော်ပျော်သွားသည်။

အင်ခင်ဝါးကို အနိုင်ယူနိုင်သောကြောင့် မဟုတ်။

သူ စိတ်ဝင်စားမိနေသော ပိယောင်၏ ခင်မင်မှု အားပေးမှုကို ရသောကြောင့်ဖြစ်သည်။

သည့် ယှဉ်ပြိုင်ပွဲတွင် ပါဝင်မိသည့်အတွက်သည်း ကျေနပ်သည်။ မင်းသားလေး ကျင့်စမ်းရယ်ကို ကျေးဇူးတင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရင်ထန်မင်းသည် သည်လို သိုင်းပညာ ယှဉ်ပြိုင်ပွဲများတွင် ပါဝင်ရန် ဝါသနာမရှိပေ။ ဝေးဝေးကပင် ရှောင်တတ်သည်။

ယခု သိုင်းဈေးပွဲတော် သိုင်းပညာ ယှဉ်ပြိုင်ပွဲတွင် ပါဝင်ခြင်းသည် မင်းသားလေး ကျင့်ဝမ်ရယ်၏ တောင်းဆိုမှုကြောင့်ဖြစ်သည်။

ကျင့်ဝမ်ရယ်နှင့် အရက်ပြိုင်သောက်ရာတွင် အရှုံးပေးခဲ့သည့်အတွက် ရင်ထန်မင်းအနေဖြင့် လောင်းကြေးပြုထားခဲ့သည့်အတိုင်း ကျင့်ဝမ်ရယ်အတွက် ကိစ္စတစ်ခု လုပ်ဆောင်ပေးရဖို့ ရှိလာသည်။

ထိုကိစ္စမှာ သိုင်းဈေးပွဲတော် သိုင်းပညာ ယှဉ်ပြိုင်ပွဲတွင် ပါဝင်ကာ တောင်ပိုင်းကျားသစ်နှင့် ယှဉ်ပြိုင်ရန် ဖြစ်သည်။

ထိုအရက်သောက်ပြိုင်မှုနှင့် သိုင်းပညာ ယှဉ်ပြိုင်မှုတွင် ဝါသနာထုံလှသော ကျင့်ဝမ်ရယ်သည် သူ၏ သိုင်းပညာပြိုင်ဘက် တောင်ပိုင်းကျားသစ်၏ သိုင်းဟန်လှုပ်ရှားမှုနှင့် တိုက်နည်းပရိယာယ်များကို သေသေချာချာ လေ့လာ ချင်သည့် စိတ်ကူးပေါ်လာခဲ့သည်။

ယခုတစ်ခေါက် သိုင်းဈေးပွဲတော် သိုင်းပညာပြိုင်ပွဲတွင် တောင်ပိုင်းကျားသစ် ကျန်းထင်လန် ပါဝင်မည့်သတင်း ရသည်တွင် သူ၏စိတ်ကူးကိုလည်း အကောင်အထည်ဖော်ရန် စီစဉ်လှုပ်ရှားလေတော့သည်။



ပထမအဆင့်အနေဖြင့် ရင်ထန်မင်းနှင့် အရက်ပြိုင်သောက်ရာတွင် ခါတိုင်းလို ရှုံးသူက ဒင်္ဂါးခံကြေးအပြင် ထူးခြားသော လောင်းကြေးထပ်မှုကိုလုပ်သည်။ ရင်ထန်မင်း၏ စိတ်နေစိတ်ထားကို ကျင့်ဝမ်ရယ် ကောင်းကောင်း သိသည်။

အရက်ပြိုင်သောက်ကြရာတွင် ရင်ထန်မင်း နိုင်သည်က များသော်လည်း ထူးခြားသော လောင်းကြေးထပ်မှုတွင် ရင်ထန်မင်းစိတ်ဝင်စားကာ သိလိုစိတ်ဖြင့် အရှုံးပေးလိမ့်မည်ဟု ကျင့်ဝမ်ရယ်က တွက်ထားခဲ့သည်။

သူတွက်သည့်အတိုင်းပင် ရင်ထန်မင်း ရှုံးသွားခဲ့၏။

မိမိ လုပ်ပေးစေလိုသော ကိစ္စအကြောင်း အေးအေးဆေးဆေး ပြောတော့မည်အပြုတွင် ရင်ထန်မင်း ပျောက်ဆုံးသွားခဲ့ရာ ကျင့်ဝမ်ရယ်မှာ မီးဖိုပေါ်ရှိ အိုးအဖုံးထက်မှ ပုရွက်ဆိတ်လို အတော်ကြီးကို အနေရအထိုင်ရ ခက်ခဲ့သည်။

စပ်စပ်စုစု ကျန်းယုယုထံသို့သွားကာ စုံစမ်း မေးမြန်းခဲ့ရာ ရင်ထန်မင်းနှင့် ဆုံရပြီးနောက် သူ့အတွက် လုပ်ဆောင်ပေးရမည့်ကိစ္စကို အေးအေးဆေးဆေး ပြောနိုင်ခဲ့သည်။

ရင်ထန်မင်းမှာ သိုင်းပညာ ယှဉ်ပြိုင်မှု မလုပ်သော်လည်း မိမိအရှုံးပေးထားခဲ့သော အရက်သောက်ပြိုင်ပွဲ၏ ထူးခြားသော လောင်းကြေးထပ်မှုအရ ပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



ဇာတိစကားမဖျက်လို့ ကျင့်ဝမ်ရယ်၏ဆန္ဒအတိုင်း သိုင်း
ရွေးပွဲတော် သိုင်းယှဉ်ပြိုင်ပွဲတွင် ပါဝင်ခဲ့ရပေတော့၏။

* * *

ဒုတိယပွဲအဖြစ် ကျောက်စိမ်းညီအစ်မသုံးဖော်နှင့် ဖြူ
မည်းညီနောင်တို့ ယှဉ်ပြိုင်ကြရပေတော့မည်။

ကျောက်စိမ်း ညီအစ်မသုံးဖော်တို့ဘက်မှ ကျောက်စိမ်း
သူဇာ ဟန်ပိရင်းယှဉ်ပြိုင်ရန် ထွက်လာသည်။ သူမ၏ ပြိုင်
ဘက်ကတော့ မဟူရာဓားသမား ကိုးကင်ဝမ်း။

ဖြူမည်းညီနောင်တွေ ကျော်ကြားနေသော ငွေလုံရှင်
ကိုးကင်ထိုက်နှင့် မဟူရာဓားသမား ကိုးကင်ဝမ်းတို့သည်
အမြွှာပူး ညီအစ်ကိုများ ဖြစ်ကြသည်။ ရုပ်ချင်းလည်း ချွပ်
စွပ် တူသည်။ တစ်ယောက်က ဝတ်စုံဖြူဝတ်ကာ ငွေရောင်
လက်နေသော လုံကိုကိုင်စွဲ၍ တစ်ယောက်က အနက်ရောင်
ဝတ်စုံဝတ်ပြီး နက်မှောင်သော ဓားရှည်ကို ကိုင်သည့်
အတွက် ရွေးမရအောင်တူသော အမြွှာညီနောင်တို့ ကွဲကွဲ
ပြားပြား ဖြစ်နေကြသည်။

အသက် (၂၅)နှစ်ခန့်ရှိကြလျက် ထူးချွန်သော သိုင်း
သမား လူရွယ်များထဲတွင် ထိပ်တန်းအဆင့်တွင် ရှိကြ၏။

ကျောက်စိမ်းသူဇာ ဟန်ပိရင်းသည် အသက်(၁၈)နှစ်
ခန့်ရှိသည်။ ရုပ်ရည်ချောမောသော်လည်း အစ်မနှင့်ညီမတို့



ကို မမီသောကြောင့် ကျောက်စိမ်း ညီအစ်မသုံးဖော်တွင်
ရွက်ကြမ်းရေကျိုလို့ ဖြစ်နေရသည်။

သိုင်းပညာတွင်တော့ ညီအစ်မသုံးယောက်တွင် အစွမ်း
ထက်ဆုံးဖြစ်သည်။ အထူးသဖြင့် ကျောက်စိမ်းပလွေ ဓား
သိုင်းကို ပိုင်နိုင်လှသည်။ စိတ်တည်ငြိမ်ကာ အဆုံးအဖြတ်
မှန်သည်။

မဟူရာ ဓားသမား ကိုးကင်ဝမ်းနှင့်ကျောက်စိမ်းသူဇာ
ဟန်ပိရင်းတို့နှစ်ယောက် သိုင်းယှဉ်ပြိုင်ရာ စင်မြင့်ပေါ်
တက်လာကြသည်။

ဟန်ပိရင်းက အရှည် လေးပေသာသာခန့် ရှိသော
ကျောက်စိမ်း ပလွေတစ်ခု ညာဘက်လက်တွင် ကိုင်ထား
သည်။ ပလွေသည် ကျောက်စိမ်းအရောင် ခြယ်သထားခြင်း
မဟုတ်။ တကယ့်အကောင်းစား ကျောက်စိမ်းဖြင့် လက်ရာ
မြောက်စွာ ပြုလုပ်ထားသော ကျောက်စိမ်းပလွေအစစ်
ဖြစ်သည်။

လက်နက်အဖြစ် သုံးစွဲတိုက်ခိုက်နိုင်သလို တူရိယာပစ္စည်း
အဖြစ်လည်း တေးသံသာများ ပေါ်ထွက်အောင် မှုတ်နိုင်
သည်။ သိုင်းလောက၏ ထူးခြားသော လက်နက်ဆန်း၊
လက်နက်ကောင်းတစ်ခုဟု ဆိုရမည်။

ကိုးကင်ဝမ်းက မဟူရာဓားကို ဓားအိမ်စွပ်လျက်သား
ဖြင့် ညာလက်တွင် ခပ်ဆဆကိုင်ထားသည်။ မဟူရာဓားသည်
အရိုးအသွား လေးပေခန့်ရှိသည်။ ဓားရိုးနှင့် ဓားသွားတို့

www.burmeseclassic.com



က တစ်ဆက်စပ်တည်း ဖြစ်ကာ ခိုင်ခံ့ မာကျောသော မဟူရာကို ထွင်းထု ပြုလုပ်ထားသည်။

မားအိမ်ကတော့ သားရေနက်ဓားအိမ်။

ဓားအိမ်၊ ဓားရိုး၊ ဓားသွား အကုန်ပင် အနက်ရောင်။

အနက်ရောင် ဝတ်စုံကိုလည်း ဝတ်ထား လိုက်သေးသည်။ ချည်ထည်ဝတ်စုံဖြစ်သော်လည်း ချုပ်ပုံအထက်တန်းကျသည်။ ဝတ်စုံပုံစံကလည်း သားနားသည်။ ဦးထုပ်တော့ ဆောင်းမထား။ လက်တစ်လုံးသာသာကျယ်သည့် အနက်ရောင် ကြိုးပြားစကို နဖူးမှပတ်ကာ ခေါင်းနောက်ဘက်တွင် ခေါက်တုံ့ စည်းလျက် ကြိုးစ ခပ်ရှည်ရှည်ချထားသည်။

ရုပ်ရည်က ယောကျ်ားတစ်ယောက်အနေဖြင့် ချောမောသည်ဟု ဆိုနိုင်သည်။

အသက် (၂၅)အရွယ် လူရွယ်တစ်ယောက် ဖြစ်သော်လည်း ကိုးကင်ဝမ်းသည် ဟန်ပိရင်းကို မိန်းမချော တစ်ယောက်အနေဖြင့် စိတ်ဝင်စားသည့်ဟန် လုံးဝမရှိ။

တစ်ချက်လေးပင်လျှင် စူးစိုက်ကြည့်ခြင်း မလုပ်။

သိုင်းပညာ ယှဉ်ပြိုင်ဘက် တစ်ယောက် အဖြစ်သာ သဘော ထားသည်။ ယှဉ်ပြိုင်ဘက်ကို အကဲခတ်သည့် သဘောသာလျှင် ကြည့်သည်။

မိမိကို မိန်းကလေးတစ်ယောက်မှုပင် သတ်မှတ်ဟန်မတူဘဲ အရေး မစိုက်သောကြောင့် ဟန်ပိရင်းမှာ မခံချိမခံသာ ဖြစ်သည်။



ဒါကလည်းမိန်းကလေးများ၏သဘာဝပင်။ ယောကျ်ားမျိုးများ၏ လွန်ကဲစူးရဲသည့် အကြည့်များကို မုန်းတီးရွံရှာသော်လည်း သူတို့၏အလှကို အသိအမှတ်ပြုသည့်သဘော၊ မသိမသာကြည့်မှုကိုတော့ နှစ်သက်ကြသည်။

“စနိုင်ပြီ”

ဝင်မြင့်ပေါ်ရောက်၍ ကိုးကင်ဝမ်းနှင့် ဟန်ပိရင်းတို့ နှစ်ယောက် မျက်နှာချင်းဆိုင်မိသောအခါ ဒိုင်လူကြီးလုပ်သူ သိုင်းသမားကြီးက အချက်ပေးသည်။

ယှဉ်ပြိုင်သူနှစ်ယောက်က စတင် မတိုက်ခိုက်ကြသေး။ တစ်ယောက်ကို တစ်ယောက် အကဲခတ်သလို ကြည့်နေကြသည်။

သိုင်းပရိသတ်များကလည်း စတိုက်မည့်အချိန်ကိုစောင့်ကာ ကြည့်နေကြရာ အသံတိတ်၍ ငြိမ်သက်နေသည်။

*　　　*　　　*

ခဏမျှ ငြိမ်နေကြပြီးနောက် ကိုးကင်ဝမ်းက စတင်တိုက်ခိုက်သည်။

မဟူရာဓားကို ဓားအိမ်ထဲမှ မထုတ်သေးဘဲ ဓားအိမ်စွပ်လျက်သားနှင့်ပင် ဟန်ပိရင်းကို ဆတ်ခနဲ လှမ်းထိုးသည်။

“တယ်ကောင်းတဲ့ အကွက်ပါလား”

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပိရင်းက ချီးမွမ်းစကားဆိုရင်း ကျောက်စိမ်းပလွေဖြင့် ကိုးကင်ဝမ်း၏ ဓားအိမ်စွပ်လျှက်သား ရှိနေသော မဟူရာဓားကို ရိုက်ထုတ်ပစ်လိုက်သည်။

ကိုးကင်ဝမ်းက ကိုယ်ကိုအသာတိမ်းကာ မဟူရာဓားကို အသာပြန်သိမ်းသည်။ ဓားသိမ်းသည်ဆိုသော်လည်း ဆက်လက်တိုက်ခိုက်ရန် သိုင်းဟန်ခင်းလိုက်မှုသာ ဖြစ်သည်။

ဓားအသိမ်းတွင် ညာလက်ကောက်ဝတ်ကို ဆတ်လှုပ်လိုက်ရာ စွပ်ထားသောဓားအိမ် ကျွတ်ထွက်လာသည်။ ကျွတ်ထွက်လာသော ဓားအိမ်ကို ဘယ်လက်ဖြင့် ကျင်လည် သေသပ်စွာဆုပ်ကိုင်ဖမ်းသည်။ ညာလက်ထဲတွင် ကျန်နေခဲ့သော မဟူရာဓားဖြင့် စိုက်ချိုတ်သည်။

ဟန်ပိရင်းကလည်း ကျောက်စိမ်းပလွေကို စက်ဝိုင်းပုံလှည့်ပတ်ကာ မဟူရာဓားခုတ်ချက်ကို ပိတ်ဆို့တားဖျက်သည်။

ကျောက်စိမ်းပလွေ ဝှေ့ယမ်း လိုက်ရာတွင် ပလွေ၏ သံစဉ်ပေါ်သော အပေါက်လေးများထဲ လေတိုးဝင်ထွက်သည့်အတွက် အသံလေးများ ခပ်တိုးတိုးမြည်သည်။ ဂီတသံစဉ်လို အနိမ့်အမြင့် ဟန်ချက်ရှိသည့်အသံများ ဖြစ်သည်။

သိုင်းဖျှန် လှုပ်ရှားရင်း ပလွေသံလည်း ဖော်ထုတ်မှုပင်။

''ကောင်းတယ်၊ သိပ်ကောင်းတယ်''



မဟူရာဓားသမားက ထုတ်ဖော်ချီးမွမ်းသည်။ ဓားလွတ်နှင့် ဓားအိမ်တို့ကို အကွက်ကျကျ လှုပ်ရှားကာ တိုက်ကွက်ဆင်သည်။

သိုင်းသမားတို့သည် ဓားရှည်ကိုင်စွဲ တိုက်ပွဲဝင်ရာတွင် များသောအားဖြင့် ဓားထုတ်ယူပြီးနောက် ဓားအိမ်ကို လွှင့်ပစ်တတ်ကြသည်။

ကိုးကင်ဝမ်းကတော့ ဓားအိမ်ကိုပါ လက်နက်သဖွယ် အသုံးချလျက် ဓားလွတ်နှင့်အတူ ပူးတွဲလှုပ်ရှားသည်။

မဟူရာဓားသမား ကိုးကင်ဝမ်း၏ အတွင်းအားသည် ကျောက်စိမ်းသူဇာဟန်ပိရင်းထက် အနည်းငယ် မြင့်မားသည်။ သိုင်းပညာစွမ်းတွင်လည်း အတော်အသင့် သာလွန်သည်။

သာမန်အနေဖြင့်ဆိုလျှင် ကိုးကင်ဝမ်းက အနိုင်ရစရာ ရှိ၏။

သို့သော် လက်နက်ကိုယ်စီကိုင်ကာ ယှဉ်ကြသောအခါတွင်တော့ အခြေအနေ တစ်မျိုးဖြစ်သွားသည်။

ကိုးကင်ဝမ်း၏မဟူရာဓားသည် ဟန်ပိရင်း၏ ကျောက်စိမ်းပလွေနှင့်အရှည်ချင်းတူကာ သဘာဝကျောက်များနှင့် လုပ်ထားကြသည်များ ဖြစ်သော်သည်း မဟူရာဓားက ဒုကောင်းပြီး ကျောက်စိမ်းပလွေဘွင်တော့ အခေါင်းထွင်းထားလေရာ မဟူရာဓားက ပို၍လေးလံသည်။

မဟူရာဓားနှင့်စလျှင် ကျောက်စိမ်းပလွေက ပေါ့ပါးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးကင်ဝမ်း၏ မဟူရာဓားသိုင်းကလည်း အင်အားပြင်းထန်ကြမ်းတမ်းမှုတွင် အခြေခံထားလေရာ ဓားချက်များသည် အားအလွန်ပြင်းသည်။ ဓားသံ တဝုန်းဝုန်းပင် မြည်ဟိန်းသည်။

ဟန်ပိရင်း၏ ကျောက်စိမ်းပလွေ ဓားသိုင်းကတော့ အကွက်ဆန်းပြီး ပေါ့ပါးသည်။ လှုပ်ရှားတိုက်ခိုက်မှုတွင် ခပ်ငြိမ့်ငြိမ့်ပလွေသံက ရောလျက်ပါနေသည်။

လက်နက်ကိုယ်စီကိုင်စွဲကာ အကြိတ်အနယ်ရင်ဆိုင်တိုက်ခိုက်ကြသည့် ယှဉ်ပြိုင်ပွဲများတွင် လက်နက်ဆန်းပြားမှုက အရေးမပါ။ အရေးကြီးသည်မှာ ပြင်းထန်ခြင်း၊ ကြမ်းတမ်းခြင်း၊ အားကြီးခြင်းလည်းမဟုတ်။ ပေါ့ပါးခြင်း၊ အကွက်ဆန်းခြင်း၊ သိုင်းဟန် အပြောင်းအလဲများလည်း မဟုတ်။

လျင်မြန်ထိရောက်မှုသာ အဓိကဖြစ်သည်။ လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက် တိုက်ခိုက်နိုင်ခြင်းက အဆုံးအဖြတ်ပေးသည်။

သိုင်းပညာ မည်မျှစွမ်းကာ လက်နက်ကောင်းကိုင်ထားစေ တစ်ဖက်ပြိုင်ဘက်က လျင်လျင်မြန်မြန် ထိထိရောက်ရောက်တိုက်ခိုက်လာ၍ မိမိက သိုင်းကွက်တစ်ကွက်မျှ မလှုပ်ရှားရသေးမီ သေကွင်းသေကွက်နေရာကို အထိခံရပါက ထက်မြက်သော သိုင်းပညာနှင့် ဆန်းပြားသော လက်နက်ကောင်းတို့သည် ဘာမျှ အရာရောက်တော့မည် မဟုတ်။



ယခု နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်ကြရာတွင် အသီးသီးကိုင်စွဲထားကြသည့် လက်နက်များတွင် ဟန်ပိရင်း၏ ကျောက်စိမ်းပလွေက ကိုးကင်ဝမ်း၏ မဟူရာဓားထက် အနည်းငယ်ပို၍ပေါ့ပါး၏။ ပေါ့ပါးသည့်အတွက် လှုပ်ရှားရာတွင်လည်း မြန်သလိုရှိသည်။

ထို့ပြင် ဟန်ပိရင်းသည် ပေါ့ပါးသော ခြေလှမ်းဟန်များဖြင့် အသွက်ဆက်နိုင်ဆုံးရွေ့လျားကာ ကျောက်စိမ်းပလွေကိုလည်း သစ်ရွက်တစ်ခုပမာ ဝေ့ယမ်းတိုက်ခိုက်ရာ အားပြင်းသည့်တိုက်ကွက်များကို တစ်ကွက်ချင်း ဖော်ထုတ်နေသော ကိုးကင်ဝမ်းကို အုပ်စီးမိလာသည်။

ကိုးကင်ဝမ်း၏ ဓားချက်များသည် အားအင်ပြင်းထန်ကာ ထိမိလျှင်တစ်ချက်တည်းနှင့် ကိစ္စပြတ်သွားနိုင်သော်လည်း လျင်မြန်စွာနေရာပြောင်း လှုပ်ရှားနေသော ဟန်ပိရင်းကို ထိအောင်မခုတ်နိုင်။

ပွတ်ကာသီကာ လွဲချော်နေသည်။

နေရာမျိုးစုံမှ သွက်လက်စွာ ပြောင်းလဲ ထိုးခုတ်လာသော ဟန်ပိရင်း၏ ကျောက်စိမ်းပလွေ တိုက်ချက်များကတော့ ကိုးကင်ဝမ်း အသက်ရှူ မှားလောက်အောင် ခြိမ်းခြောက်နေသည်။

ကျောက်စိမ်းပလွေ ကိုင်စွဲထားသော်လည်း ဓားသိုင်းကွက်များဖြင့် လှုပ်ရှားတိုက်ခိုက်နေသည်မို့ ကျောက်စိမ်းပလွေသည် ထက်မြသော ဓားရှည်တစ်လက်လို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းပလေ့ဟူ သိနေကာ ခါးရှည်လို ခုတ်နိုင်၊ ထိုးနိုင် ထိရှနိုင်မည် မဟုတ်ဟုသိနားလည်ထားပြီး တကယ်တမ်းရင်ဆိုင်ရသည့်အခါတွင်တော့ ဓားချက်တစ်မျိုး ဖြစ်နေမှုက ဟန်ပိရင်းအတွက် အသာစီးရနေသည်။

ကိုးကင်ဝမ်းက ပလေ့တိုက်ကွက် ဒါမှမဟုတ် တုတ်ရှည်ရိုက်ချက်များကို ရှောင်သည့် အနေမျိုး ရှောင်ပြီးမှ ဓားသိုင်းကွက်ကို ရင်ဆိုင်ရကာ ခြေရှုပ်လက်ရှုပ် ဖြစ်သွားသည့် အကြိမ်ပင် သုံးလေးခါလောက်ရှိနေသည်။

မဟူရာဓားသိုင်း၏ ပြင်းထန်လှသော အားအ[illegible]အရှိန်အဟုန်က 'ဟန့်' နေသောကြောင့်သာ ကျောက်စိမ်းပလေ့ ဓားသိုင်းကွက်များ ထင်တိုင်း မပေါက်နိုင်ဘဲ ရှိနေတော့သည်။

မိမိလို နာမည်ရ ဓားသမားတစ်ယောက်က ပလေ့ကို ဓားရှည်လုပ်ကာ တိုက်နေသော မိန်းကလေး တစ်ယောက်ကို သိုင်းကွက် (၁၀)ကွက်ကျော် တိုက်ခိုက် ပြီးသည့်တိုင် အနိုင်မယူနိုင်ဘဲ အသေအလဲ တိုက်ခိုက်နေရသည့် အတွက် ကိုးကင်ဝမ်း ဒေါသထွက်လာသည်။

အနိုင်ယူရန် စိတ်လောကြီးလာသည်။

ထို့ကြောင့် အတင်းဝင်ကာ တအားခုတ်ပိုင်း ချလိုက်သည်။

စိတ်လောကြီးမှုကြောင့် အားလွန်သလိုဖြစ်အသွားတွင် ဟန်ပိရင်းက ကျောက်စိမ်းပလေ့ကို တစ်ချက်ဝှဲယာ ပတ်



ဝှေ့လိုက်ရာ မဟူရာ ဓားလွတ်နှင့် ဓားအိမ်တို့ကို မိမိ ရရ ဖြတ်ရိုက်မိသည်။

အားလွန်သလိုဖြစ်သွားမှုကို အလန့်တကြားပြန်အထိန်းတွင် လက်ဆုပ်အား လျော့သွားသည့် အတွက် မဟူရာ ဓားနှင့် ဓားအိမ်တို့ ကိုးကင်ဝမ်း၏ လက်နှစ်ဖက်မှလွတ်ထွက်သည်။

ဓားရော ဓားအိမ်ပါ လက်ထဲမှ လွတ်ထွက် သွားသည်တွင် ကိုးကင်ဝမ်း အကြီးအကျယ် ထိတ်လန့် သွားသည်။ ထက်စောင့် သိုင်းကွက်ကိုထုတ်သုံးကာ ညာလက်ဝါး တစ်ချက် ရိုက်ထုတ်သည်။

သေရေးရှင်ရေး ကြုံရလေပြီဟု ထင်မှတ်ထိတ်လန့်ကာ မသိစိတ်စေ့ဆော်မှုဖြင့် အလိုအလျောက် ရိုက်ထုတ် လိုက်ခြင်းဖြစ်သည်။

ကိုးကင်ဝမ်းက ညာလက်ဝါး ရိုက်ထုတ်လိုက်ချိန်မှာ ဟန်ပိရင်းက တစ်ဖက်လူ လက်နက်များ လက်လွတ်အောင် လုပ်နိုင်ပြီမို့ ပွဲသိမ်းသွားသည့် အတွက် သိုင်းကွက်များ ရုပ်ဆိုင်း ရုပ်သိမ်းလိုက်ချိန်နှင့် အံကိုက် ကွက်တိဖြစ်သွားသည်။

မိမိ အနိုင်ရပြီး ပွဲသိမ်းနိုင်ပြီဟု စိတ်ချနေသည့် ဟန်ပိရင်းမှာ ဘယ်လိုမျှ တိမ်းရှောင် ခုခံခြင်း မပြုနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကို လက်ဝါးရိုက်ချက် ကျကျနန အထိခံလိုက်ရသည်။

နောက်ပြန်လဲကျသွားသည်။

* * *

ကြည့်နေသူတို့ အံ့သြကုန်သည်။

ဗိုင်လူကြီးလုပ်သူ သိုင်းသမား ကြီးလည်း ငေးကြောင်ကြောင်ဖြစ်သည်။

ကိုးကင်ဝမ်း ကိုယ်တိုင်မှာလည်း ရုတ်တရက် ဘယ်လိုဖြစ်ပျက်သွားသည်ပင်နားမလည်နိုင်ဘဲမျက်လုံးအပြူးသားနှင့် ငိုင်တိုင်တိုင်ကြီးရပ်နေမိသည်။

ပထမဆုံးလှုပ်ရှားသူက ရင်ထန်မင်း။

ပြိုင်ပွဲစင်မြင့်ပေါ် လွှားခနဲ ခုန်တက်သည်။ ပက်လက်လဲကျနေသော ကျောက်စိမ်းသူဇာဟန်ပိရင်းကို အမြန်ပွေ့သည်။ ဟန်ပိရင်း၏ ပါးစပ်ထဲသို့ ဆေးကို သွက်လက်စွာ ထည့်ခွံ့လိုက်သည်။

ဒုတိယ လှုပ်ရှားသူကတော့ ကျောက်စိမ်းဒေဝီ ဟန်ပိမေ။ စင်မြင့်ပေါ် အမြန် တက်လာသည်။ သူ့နောက်မှ ကျောက်စိမ်းကလျာဟန်ပိယောင် လိုက်ပါလာသည်။



သူတို့ညီအစ်မနှစ်ယောက်နှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလို မင်းသားလေး ကျင့်ဝမ်ရယ် စင်မြင့်ပေါ်တက်လာသည်။

"ရှင်...ရှုံးသွားပြီ မဟုတ်လား၊ ဘာကြောင့် ဆက်တိုက်ခိုက်တာလဲ"

ကျောက်စိမ်းဒေဝီ ဟန်ပိမေက ကိုးကင်ဝမ်းကို အပြစ်တင်စကား လှမ်းပြောသည်။ လူကတော့ ညီမ ဘေးနားတွင် ပြေးဝင်ထိုင်သည်။

"မမလေး ဘယ်လိုနေလဲဟင်၊ ဘယ်လိုနေလဲ"

ဟန်ပိယောင်က ပျာပျာသလဲမေးသည်။

"သူ သတိလစ်တော့မလို့၊ ဒါပေမယ့် ကံကောင်းတယ်၊ သတိလစ်မသွားခဲ့ဘူး"

ရင်ထန်မင်းက ပြန်ပြောသည်။

လက်ဝါးရိုက်ချက်က အားပြင်းပြီး ရင်ဘတ် ကိုလည်း မိမိရရ ထိမိပေရာ သတိလစ်ပြီး အတွင်းဒဏ်အပြင်းအထန် ရမည်မှာ ဟန်ပိမေတို့က စိုးရိမ်နေကြသည်။

ရင်ထန်မင်းက ဟန်ပိရင်းသတိလစ်မလိုဖြစ်သော်လည်း သတိမလစ်တော့ကြောင်း ပြောလာတော့ ယုံရခက်ခက်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ စိုးရိမ်မှုနှင့် သံသယတို့ကို ချေဖျောက်သည့် အလား ဟုန်ပိရင်း၏ မျက်စိများ ပွင့်လာကာ စကား လည်းဆိုသည်။

"မစိုးရိမ်ပါနဲ့ မမကြီး"

အသံတိုးညှင်းသော်လည်း ပီသသည်။ မျက်နှာကတော့ ဖြူဖပ်ဖြူရော်နှင့် ညိုးနွမ်းနွမ်းဖြစ်နေလေသည်။

★

ပထမပိုင်း ပြီး၏။
ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

# တက္ကသိုလ် ဝင်းကြွယ်

## မိုး မြေ ဝိ ညာဉ် သိုင်း ရောင် စဉ်

(ဇာတ်သိမ်းပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အားနည်းဖျော့တော့သော စကားသံလေး ဖြစ်စေကာမူ ဟန်ပီရင်း သတိလစ်မေ့မြောနေခြင်း မဟုတ်ကြောင်း ထင်ရှားသိသာလေပြီမို့ အစ်မနှင့်ညီမဖြစ်သူတို့ စိုးရိမ်စိုတ်များ အတော်ပင်လျော့ပါးကုန်သည်။

"ညီမကြီး သတိမလစ်ဘူး"

"မမလေး သတိရနေတယ်"

ဟန်ပီမေနှင့် ဟန်ပီယောင်တို့နှစ်ယောက် ပြိုင်တူ လိုလိုပင် ပြောမိကြသည်။

"သူအားနည်းနေတယ်၊ အားပြည့် လန်းဆန်းသွားအောင် ကျွန်တော် အတွင်းအားဖြည့်သွင်း နှိပ်နယ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝမ်ရယ်က ပြောသည်။

"ကျေးဇူးပါပဲရှင်....မင်းသားလေးကို ဒုက္ခ ပေးသလို ဖြစ်နေပြီ"

ဟန်ပို့မေက ပြန်ပြောသည်။

ကျင့်ဝမ်ရယ် တိုးဝင်နိုင်ရန်လည်း နေရာဖယ်ပေးသည်။

ရင်ထန်မင်းကလည်း ဟန်ပိရင်းကို ဖေးမ ပွေ့ထားရာမှ အသာဖယ် ဆုတ်ပေးလိုက်သည်။ ကျင့်ဝမ်ရယ်က ဟန်ပိရင်းကို ထိုင်လျက်သား ရှိအောင်ပြုရာ ဟန်ပိယောင်က ဝင်ကူပေးသည်။

ထိုင်လျက်သား ဖြစ်သွားသော ဟန်ပိရင်း၏ နောက်ကျောဘက်တွင် ကျင့်ဝမ်ရယ် ထိုင်ချနေရာယူသည်။ ထို့နောက် အကြောများကို ထိုးနှိပ်လျက် အတွင်းအား ဖြည့်သွင်းပြုစုပေးမှုသည် အတော်ကြီးကို ထိရောက်သည်။ မျက်လှည့်ပြလိုက်သလိုပင် ဟန်ပိရင်း လန်းဆန်းလာ၏။ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာတွင် သွေးရောင်များ လွှမ်းလာသည်။

အသက်ရှူလည်း မှန်၍လာသည်။

သိပ်ပင်အချိန်မကြာလိုက်ပါ။

"စိုးရိမ်စရာ မရှိတော့ပါဘူး၊ အေးအေးဆေးဆေး ထိုင်ပြီး အနားယူနေလိုက်ပါတော့"

ဟန်ပိရင်း အသက်ရှူမှန်ကာ သွေးလေလည်ပတ်မှု ကောင်းလာသောအခါ ကျင့်ဝမ်ရယ်က အတွင်းအား ဖြည့်သွင်း ပြုစုပေးနေမှုကိုရပ်ကာ ပြောသည်။



ယှဉ်ပြိုင်ပွဲစင်မြင့်ပေါ်တွင် ကုသပေးနေရပေရာ သိုင်းပြိုင်ပွဲများလည်း ဆက်လုပ်ရန် ရှိနေသေးသောကြောင့် အခြေအနေ အတန်ကောင်းလာသည်နှင့် ကျင့်ဝမ်ရယ်တာ ယခုလို ပြောလိုက်ခြင်းဖြစ်သည်။

"အစ်ကို ရင်ထန်မင်းကိုရော မင်းသားလေး ကျင့်ဝမ်ရယ်ကိုပါ ကျေးဇူးတင်ပါတယ်"

သက်သာလာပြီဖြစ်သော ဟန်ပိရင်းက အသာတွယ် ဟန်ပြင်ပြီး ကျေးဇူးတင်စကားပြောသည်။

ကျွန်ညီအစ်မနှစ်ယောက်လည်း နဂါးလေး ရင်ထန်မင်းနှင့် မင်းသားလေး ကျင့်ဝမ်ရယ်တို့ကို ကျေးဇူးတင်စကား ပြော၏။

"သိုင်းကွက်ကို မရပ်နိုင်ဘဲ ဆက်လုပ်ရှားမိလို့ အခုလို ဖြစ်သွားရတာကို တောင်းပန်ပါတယ်၊ ကျုပ်အပြစ်ပါပဲ"

ပန်းဖွားနိဂိုဏ်း တတိယဦးစီးမှူး အင်ခင်ဝါးကလည်း ကျောက်စိမ်း ညီအစ်မ သုံးဖော်တို့ကို တောင်းပန်စကား ဆိုသည်။

သိုင်းချွေးပွဲတော် သိုင်းပညာ ယှဉ်ပြိုင်ပွဲများတွင် မတော်တဆဖြစ်မှုများ၊ လက်လွန်ခြေလွန်မှုများ အတွက် ယှဉ်ပြိုင်ဘက်အချင်းချင်း တောင်းပန်စကား ဆိုကြလေ့မရှိပါ။

ယခု အင်ခင်ဝါးက တောင်းပန်လာခြင်းသည် သူ့ကိုယ်သူ နှိမ်ချလျက် ကျောက်စိမ်းသူဇာ ဟန်ပိရင်းကို ဂုဏ်တင်ပေးမှုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ရှင်၊ ကိစ္စမရှိပါဘူး"

ကျောက်စိမ်းသူဇာ ဟန်ပိရင်းက ပြန်ပြောသည်။

သိုင်းပညာယှဉ်ပြိုင်မှု ဒုတိယအဆင့် ဆက်လက် ပြုလုပ်စီစဉ်ကြသည်။

ဒုတိယအဆင့် ယှဉ်ပြိုင်မှုတွင် နဂါးလေးရင်ထန်မင်း၊ တောင်ပိုင်း ကျားသစ် ကျန်းထင်းလန်နှင့် ကျောက်စိမ်းညီအစ်မသုံးဖော်တို့ရှိနေရာ ဦးစားပေး အနိုင်ရသူနှင့် ယှဉ်ပြိုင်မည့်လူများကို မဲနှိုက်ရွေးချယ်သည်။

ပထမအဆင့်ပြိုင်ပွဲတွင် ဦးစားပေးအနိုင်ရသူ မဲပေါက်ထားသည့် တောင်ပိုင်းကျားသစ်မှာ ဒုတိယအဆင့်တွင် ဦးစားပေးအနိုင်ရသူ မဖြစ်လို့တော့သည့်အတွက် မဲမနှိုက်တော့ဘဲ သူ့ဆန္ဒအလျောက် ယှဉ်ပြိုင်သူ လုပ်သည်။

"ကျွန်တော်က တောင်ပိုင်းကျားသစ်ရဲ့ သိုင်းပညာကို ဆည်းပူးကြည့်ချင်ပါတယ်၊ ကျောက်စိမ်းသူဇာ ဟန်ပိရင်း မတော်တဆ ထိခိုက်ခဲ့ရတာကြောင့် ကျောက်စိမ်းညီအစ်မ 'သုံးဖော်ကို ဦးစားပေးသင့်ပါတယ်၊ ဒါကြောင့် ကျွန်တော်လဲ ယှဉ်ပြိုင်သူလုပ်ဖို့ ဆန္ဒပြုတယ်"

ရင်ထန်မင်းက ပြောသည်။

ကျောက်စိမ်းညီအစ်မတို့က သူတို့ကို ဦးစားမပေးသင့်ကြောင်း ငြင်းဆန်ကြသေးသည်။ ဒိုင်လူကြီးအဖွဲ့ကပါ ဦးစားပေးမှုကို လက်ခံသင့်ကြောင်း ဝိုင်းဖန်းပြောဆို ဖျောင်းဖျတော့မှ သဘောတူကြသည်။





ဤသို့ဖြင့် ဒုတိယအဆင့်တွင် တောင်ပိုင်း ကျားသ ...န်းထင်းလန်နှင့် နဂါးလေး ရင်ထန်မင်း ရင်ဆိုင်ကျန်းထင်း ...ပ်ပြိုင်ကြလေတော့သည်။

...နံက သည်လို့

...ချင်လို၊ ယှဉ်ပြိုင်

* * * ...လိုက်ဖို့ပင် စိတ်ကူး

တောင်ပိုင်းကျားသစ်သည် ရင်ထန်ငံရသူအဖြစ် မဲပေါက်ခဲ့ ...ကိုနှင့် အသက်အရွယ် မတိမ်းမယိမ်း နှုံတွင် တမင် အရှုံးပေး ...သည်။ အရပ်မြင့်မြင့် ကိုယ်ဟန်သွယ်သွ ...ချစ်ပြီး ကျားသစ်တစ်ကောင်လို ပေါ်ကြသူများလို စေခေ ကျန်းထင်းလန်၏ ကျားသစ်လက်ပင် နောင်ဟာရချင်သလို ...ညာက နာမည်ကြီးလှသည်။ ...ပြိုင်ပွဲအတွက် မဲနှိုက် သူ၏သိုင်းပညာသည် ကျင့်ဝမ်ရယ်နှင့် ...အလျောက်နေပေး ...ယသာ ကန်းတူလောက်ရှိသည်။ သူတို့နှစ်ယေ ...ညာ ယှဉ်ပြိုင်မှု အတော်လုပ်ခဲ့ကြဖူးရာ သူတ...ပေါက်သွား တစ်လှည့်ဆိုသလို အနိုင်ရနေသည်။ ...ချင် ဟန် သရေပွဲများလည်း ရှိခဲ့သည်။ ...ာ် တိုက်

ယခု တစ်ခေါက် သိုင်းဈေးပွဲတော် သိုင်းပညာယှ... ပြိုင်ပွဲတွင် တောင်ပိုင်းကျားသစ် ပါဝင်ယှဉ်ပြိုင်မှုမှာ ...ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက်များနှင့် ပတ်သက်၍ ...ဖူးစမ်းလိုစိတ်ရှိသည့်အပြင် မင်းသားလေး ကျင့်ဝမ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



တာရားဝင်သိုင်းယှဉ်ပြိုင်ခွင့်ရရေး ရည်ရွယ်ချက်လည်း
ပေ်။

သိုင်းကဲ့ ကျင့်ဝမ်ရယ် သိုင်းပညာယှဉ်ပြိုင်ခဲ့ကြရာ တစ်ခါ
စီစဉ်ကြသည့်နှစ်ခါနှင့်လည်းမပြီး။ ဆုံမိတိုင်းပင် ပြိုင်၍သာ
ဒုတိယအတွက် ကျန်းထင်းလန့် စိတ်ရှုပ်သလိုလိုဖြစ်လာ
တော့ဝိပိုင်း ကျ.
ညီအစ်မသုံးဖော်ဝင်းဆုံတိုင်းပြိုင်နေမည့်အစား အနိုင်အရှုံး
ယှဉ်ပြိုင်မည့်လူများရှိစေမည့် တရားဝင်သိုင်းပြိုင်ပွဲတွင် နှစ်
ပထမအဆင့်ပြိုင်ပြိုင်ကြည့်လိုသည်။

ထားသည့် တော့ရှိသည့်အတွက် သိုင်းဈေးပွဲတော် သိုင်း
ဦးစားပေးအနိုင်ရပါဝင်မည့်အကြောင်း ကျင့်ဝမ်ရယ် သိ
တော့ဘဲ သူ့ဆန္ဒဖြက်လှည့်နှင့် သတင်းပေးလိုက်၏။ ထို

"ကျွန်တော်၊ ကျင့်ဝမ်ရယ်သည် မိမိနှင့် သိုင်းယှဉ်နိုင်
ဆည်းပူးကြခဲ့ားလိမ့်မည်ဟု ကျန်းထင်းလန်က တွက်လေ
မတော်တား

'သုံးဖော်သော် သူတွက်ထားသလို ကျင့်ဝမ်ရယ် သိုင်းပြိုင်ပွဲ
တော်လာဘဲ နဂါးလေး ရင်ထန်မင်းသာ ပြိုင်ပွဲဝင်အဖြစ်
ထွက်လာလေရာ (ရင်ထန်မင်းနှင့် ကျင့်ဝမ်ရယ်တို့
တိုင်းလို ဒကာခံကြေးအပြင် ထူးဆန်းသော လောင်း
ကြေးထပ်ဆင့်ကာ အရက်သောက်ပြိုင်ရာတွင် ကျင့်ဝမ်ရယ်
နိုင်သွားကြောင်းသတင်းလည်း သဲ့သဲ့ ကြားထားသည့်
အတွက်)ဤကိစ္စမှာ ကျင့်ဝမ်ရယ်က မိမိ၏သိုင်းပညာကို



အကဲခတ်နိုင်ရန် ပရိယာယ်ဆင်မှုဖြစ်ကြောင်း ကျန်းထင်း
လန့်တွက်မိသည်။

အမှန်အတိုင်းပြောရလျှင် ကျန်းထင်းလန်က သည်လို
အခြေအနေမျိုးဖြင့် ရင်ထန်မင်းနှင့်မယှဉ်ပြိုင်လို။ ယှဉ်ပြိုင်
ပွဲမှ ထွက်သွားရအောင် တမင်အရှုံးပေးလိုက်ဖို့ပင် စိတ်ကူး
ထားသည်။

ဖြစ်ချင်တော့ ဦးစားပေးအနိုင်ရသူအဖြစ် မပေါက်ခဲ့
သည့်အတွက် ပထမအဆင့်ပြိုင်ပွဲတွင် တမင် အရှုံးပေး-
ထွက်သွားရန်ပင် မဖြစ်တော့ပေ။

ယှဉ်ပြိုင်ရန် စာရင်းပေးထားကြသူများလို စောစော
ပိုင်းက နုတ်ထွက်မသွားခဲ့မိသည်ကိုပင် နောင်တရချင်သလို
လိုဖြစ်ခဲ့၏။ သည်တော့ ဒုတိယအဆင့်ပြိုင်ပွဲအတွက် မဲနှိုက်
မှုတွင်မပါဘဲ ယှဉ်ပြိုင်မည့်သူအဖြစ် ဆန္ဒအလျောက်နေပေး
ခဲ့သည်။

ရင်ထန်မင်း ဦးစားပေးအနိုင်ရသူအဖြစ် မဲပေါက်သွား
ပြီး ကျောက်စိမ်းညီအစ်မသုံးဖော်နှင့် ယှဉ်ရလျှင် ဟန်
ဆောင်ပန်ဆောင် သိုင်းကွက် လေးငါးကွက်လောက် တိုက်
ခိုက်ပြီး အရှုံးပေးလိုက်မည်ဖြစ်သည်။

သို့သော် ရင်ထန်မင်းက မိမိနှင့် သိုင်းပညာယှဉ်လိုသည်
ဟု အတိအလင်း ထုတ်ပြောကာ မဲနှိုက်ရန် ငြင်းဆန်ခဲ့ရာ
ကျန်းထင်းလန်မှာ ဘာမျှမတတ်နိုင်တော့ဘဲ နဂါးလေး
ရင်ထန်မင်းနှင့် ယှဉ်ပြိုင်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းညိုအစ်မများကို အရှုံးပေးခဲ့လျှင် တမင်အလျှော့ပေးခြင်းဖြစ်ကြောင်း သိသာနိုင်သောကြောင့် ကျန်းထင်းလန်အတွက် သိက္ခာကျစရာ၊ အရှက်ရစရာ အကြောင်း ကြီးကြီးကျယ်ကျယ်မရှိပေ။

အလွန်သုံး ရုပ်ချောသော မိန်းကလေးများကို ငဲ့ညှာ အလျှော့ပေးသည်ဟု ပြောဆိုတာ ခံရရုံသာရှိသည်။

နဂါးလေး ရင်ထန်မင်းနှင့်ကျတော့တစ်မျိုး။

သည်လို အရှုံးပေးလိုက်လို့မရ။ မဖြစ်။

အကြိတ်အနယ်ယှဉ်ပြိုင်ကာ ရှုံးနိမ့်သွားလျှင် အကြောင်းမဟုတ်သော်လည်း တမင်သက်သက် အလျှော့ပေးလိုက်လျှင်တော့ ကျန်းထင်းလန်အတွက် အကြီးအကျယ် အရှက်ရစရာဖြစ်၏။

တကယ် ဟိုက်ခိုက်ယှဉ်ပြိုင်တာလား၊ တမင်အလျှော့ပေးတာလားဆိုသည်ကို သိုင်းသမားများမျက်စိက ကောင်းကောင်း မြင်နိုင်သိနိုင်သည်။

သိုင်းဈေးပွဲတော် သိုင်းပညာယှဉ်ပြိုင်ပွဲတွင် ပါဝင်ခဲ့သည်ကို တောင်ပိုင်းကျားသစ်နောင်တရမိလေသည်။

* * *

နဂါးလေးရင်ထန်မင်းနှင့် တောင်ပိုင်းကျားသစ်ကျန်းထင်းလန်တို့ ယှဉ်ပြိုင်ပွဲစတော့မည်။



ကျောက်စိမ်းကလျာဟန်ပိယောင်သည် အစ်မများနှင့် အတူထိုင်နေရာမှ သိုင်းပညာယှဉ်ပြိုင်ရန် မျက်နှာချင်းဆိုင် နေရာယူထားကြသော ရင်ထန်မင်းနှင့်ကျန်းထင်းလန်တို့ကို လှမ်းကြည့်သည်။

မိန်းကလေး ရင်ထိတ်လှုပ်ရှားနေသည်။

တောင်ပိုင်းကျားသစ်က သူ၏လက်စွဲတော် ကျားသစ်လက်သည်းတုတ်ကို နောက်ကျောတွင်ထိုးထားသည်။ ကျားသစ် လက်သည်းတုတ်သည် ကြိုးငါးချောင်း ကျာပွတ်သဘောမျိုးဖြစ်သည်။ ရှစ်လက်မသာသာရှိသောလက်ကိုင်တွင် တစ်ပေခွဲခန့်ရှည်သော ပိုးကြိုးငါးခုတို့ ထိပ်ဖျားတွင် ရွှေဖြင့်ပြုလုပ်ထားသော ကျားသစ်လက်သည်းသဏ္ဌာန် ချိတ်ကောက်ငယ်လေးများ တပ်ဆင်ထား၏။

ကျာပွတ်အနေဖြင့်ဖြစ်စေ၊ ချိတ်ဆွဲစရာ လက်နက်အနေဖြင့်ဖြစ်စေ၊ အကြောထိုးပိတ်သည့် တုတ်သဘောဖြစ်စေ သုံးနိုင်သည်။

နဂါးလေး ရင်ထန်မင်းကတော့ ဘာလက်နက်မျှ ယူမလာ။ ပန်းဖွားနီဂိုဏ်း တတိယဂိုဏ်းဦးစီးမှူး အင်ခင်ဝါနှင့် ယှဉ်ပြိုင်စဉ်က ကိုင်ဆောင်ခဲ့သော ဓားရှည်ကိုမင် ယူမလာ။

တောင်ပိုင်းကျားသစ်ကို လက်နက်မဲ့ဖြင့် ရင်ဆိုင်မည့် သဘော။

နဂါးလေး ရင်ထန်မင်း၏ ‘လေပွေ လက်ဝါးသိုင်း’ အစွမ်းထက်ကြောင်း သိထား၊ ကြားဖူးထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်း ကျားသစ်မှာလည်း ကျားသစ် လက်သည်း အကုတ်အဆွဲ သိုင်းပညာဖြင့် နာမည်ရနေသည့် အကျော်အမော်တစ်ယောက်ဖြစ်လေရာ ဟန်ပိယောင်မှာ လက်နက်မဲ့ယှဉ်ပြိုင်မည့် ရင်ထန်မင်းအတွက် တွေးပူနေမိပြန်သည်။

"ရင်ထန်မင်းကလဲနော်.... တောင်ပိုင်း ကျားသစ်က ကျားသစ်လက်သည်း ထုတ်သုံးမှာကို ဓားရှည်လေး ဘာလေးတောင် ဆောင်မလာဘူး၊ လက်နက်မဲ့ရင်ဆိုင်ရတယ်လို့၊ ခက်တော့နေပြီ"

ဟန်ပိယောင်က ခပ်တိုးတိုးလေး ညည်းမိသည်။

"သူ့မှာလဲ အကြံနဲ့၊ ပိုင်ကွက်ရှိလို့နေမှာပေါ့ ညီမလေးရာ၊ အရမ်းစိုးရိမ် ပူပန်မနေပါနဲ့"

ဟန်ပိရင်းက ပြောသည်။

ကျောက်စိမ်းသူဇာ ဟန်ပိရင်းသည် မဟူရာဓားဆရာကြီးကင်ဝမ်း၏ လက်ဝါးရိုက်ချက် ပြင်းပြင်း အထိခံခဲ့ရသော်လည်း ရင်ထန်မင်း၏ ဆေးတိုက်ကျွေးခဲ့မှု၊ ကျင့်ဝမ်ရယ်၏ အတွင်းအားဖြည့်သွင်းပြုစုပေးမှုတို့ကြောင့် အတွင်းဒဏ်ရာမရတော့ဘဲ အတော်ပင်သက်သာနေရာ သိုင်းပြိုင်ပွဲကို ဆက်လက်ကြည့်ရှုနေသည်။

"စနိုင်ပြီ"

ဒိုင်လူကြီးလုပ်သူ သိုင်းသမားကြီး၏အချက်ပေးသံပေါ်လာရာ ညီအစ်မနှစ်ယောက် စကားစ ပြတ်သွားကြသည်။

ဒိုင်၏အချက်ပေးသံ မဆုံးမီမှာပင် တောင်ပိုင်း ကျားသစ်က စတင်တိုက်ခိုက်သည်။



တောင်ပိုင်းကျားသစ် တိုက်ကွက်ဖော်ဟန်က တစ်မျိုး၊ အခြားသော သိုင်းသမားများနှင့်မတူ တစ်မူဆန်းသည်။

ယေဘုယျအားဖြင့်ဆိုလျှင် စတင် တိုက်ခိုက်သည့်အခါ ရှေ့သို့ခုန်လွှားတက်ခြင်းဖြင့် အစပျိုးကြစမြဲပင်။

ကျန်းထင်းလန်ကတော့ ရှေ့သို့မတက်။ နောက်ကိုခုန်ဆုတ်သည်။

နောက်သို့ခုန်ဆုတ်ရင်း တောင်ပိုင်းကျားသစ်က ရင်ထန်မင်းကို ဆူးချွန်လက်နက်ပုန်း(၃)ခုဖြင့် လှမ်းပစ်သည်။

ယှဉ်ပြိုင်ပွဲကိုကြည့်နေသူ သိုင်းပရိသတ်များထဲမှ 'ဟင်' ခနဲ 'ဟာ' ခနဲ အံ့သြတုန်လှုပ်စွာ ရေရွတ်သံတွေ ပေါ်လာသည်။

သိုင်းဈေးပွဲတော် သိုင်းပညာယှဉ်ပြိုင်ပွဲများတွင် စည်းကမ်း တင်းကျပ်စွာမရှိဘဲ စိတ်ကြိုက် တိုက်ခိုက်နိုင်သည့်အတွက် လက်နက်ပုန်းများသုံးခြင်းမှာ မဆန်းပေ။

သို့ရာတွင်....

ယှဉ်ပြိုင်ပွဲစတင်သည့် ပထမသိုင်းကွက်အဖြစ် လက်နက်ပုန်း သုံးမှုကတော့ သည်တစ်ကြိမ် ပထမဆုံးဖြစ်ရာ အံ့သြတုန်လှုပ်သူများ အတော်လေးကို ရှိကြသည်။

အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်ခြင်း ဖြစ်သော်လည်း ရင်ထန်မင်းက သတိရှိသည်။ အလစ်မမိ။

တောင်ပိုင်းကျားသစ် ပစ်လွှတ်လာသော ဆူးချွန်လက်နက်ပုန်း (၃)ခုလုံးတို့ ညာလက်ဖြင့် မိမိရရဆီး၍ ဖမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိပစ်လွှတ်လိုက်သော ဆူးချွန်လက်နက်ပုန်းများ အရာမရောက်သည်ကို တွေ့ရသည်တွင် ကျန်းထင်းလန်သည် ရှေ့သို့ ခြေတစ်လှမ်း ပြန်တက်သည်။ ရင်ထန်မင်းကို ညာလက်ဝါးဖြင့် လှမ်းရိုက်သည်။

လျှပ်ပြက်သလို မြန်သည်။

အားလည်း ပြင်းသည်။

တောင်ပိုင်းကျားသစ်၏ လက်ဝါးရိုက်ချက် မှာလည်း ရင်ထန်မင်းကို မထိ။ ရင်ထန်မင်းက ကိုယ်တို့ ခပ်စောင်းစောင်းလေး အသာလှည့်ကာ လွတ်ရုံလေး ကပ်ရှောင်သည်။

"ရော့...ပြန်ယူ"

ရင်ထန်မင်းက ပြောရင်း ညာဘက်လက်တွင် ဆုပ်ဖမ်းထားသော ဆူးချွန်လက်နက်ပုန်း (၃)ခုကို တောင်ပိုင်းကျားသစ်ထံ ပြန်ပစ်လိုက်သည်။

မိမိ၏ တိုက်ခိုက်မှု နှစ်ခုလုံး အရာမထင်သည့်အတွက် စိတ်လှုပ်ရှားနေသော်လည်း ကျန်းထင်းလန်သည် ရင်ထန်မင်း ပြန်ပစ်လွှတ်လာသော ဆူးချွန်လက်နက်ပုန်း(၃)ခုကိုတော့ အမိအရ ဖမ်းယူလိုက်နိုင်သည်။

"ကျားလက်သည်းတုတ် ထုတ်သုံးတော့မယ်သတိထား။ ခင်ဗျားလဲ လက်နက်ယူချင် ယူပါလား"

ကျန်းထင်းလန်က ပြောသည်။

*  *  *



တောင်ပိုင်းကျားသစ် ကျန်းထင်းလန်သည် လမ်းမှန်သိုင်းသမား တစ်ယောက် ဖြစ်သည်။ သိုင်းကွက်အများ ထုတ်သုံးယှဉ်ပြိုင်မှုမျိုး မလုပ်လိုသည့်အတွက် အမြန်ပွဲသိမ်းနိုင်စေရန် 'စစချင်း ဆောက်နဲ့ထွင်း' ဆိုသလို အစတိုက်ကွက်တွင်ပင် လက်နက်ပုန်းဖြင့်ပစ်ခဲ့ရာ စိတ်မလုံသလိုရှိနေသည်။

ထိုသို့ စိတ်မလုံသလိုရှိနေမှုကို ကာကွယ်သည့်အနေဖြင့် မိမိ လက်နက်ထုတ်သုံးတော့မည့်အကြောင်း ပြောဆိုသတိပေးသည်။

"ရပါတယ်၊ ကျွန်တော်ဓိ လက်ဝါးသိုင်းနဲ့ပဲ ယှဉ်ပြိုင်မယ်"

ရင်ထန်မင်းက ခပ်အေးအေးပြောသည်။

တောင်ပိုင်း ကျားသစ် တစ်ချက်တော့ တွေဝေသည်။ သူနှင့် ရင်ထန်မင်းတို့သည် သက်တူရွယ်တူ ခေတ်ပြိုင်သိုင်းလုလင်များဖြစ်ရာ လက်နက်မဲ့ယှဉ်ပြိုင်သော ရင်ထန်မင်းကို လက်နက်ကိုင်စွဲကာ တိုက်ခိုက်ရမှာ သင့်လျော်ပါမည်လား။ မိမိအတွက် သိက္ခာကျ အရှက်ရစရာ ဖြစ်လေမည်လားဟု စဉ်းစားသည်။

သို့သော် သိုင်းဈေးပွဲတော် သိုင်းစညာယှဉ်ပြိုင်ပွဲသည် သိုင်းလောက၏ အခြားသော ယှဉ်ပြိုင်ပွဲများနှင့် မတူဘဲ စိတ်ကြိုက် တိုက်ခိုက်၍ရသည်ကို သတိရကာ ကျားသစ်လက်သည်းတုတ်ကို ထုတ်ယူကိုင်ဆောင်လိုက်သည်။

"ဒါဆို အားနာမနေတော့ဘူး၊ အကွက်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှပြောရင်း ကျားသစ်လက်သည်းတုတ်ကို ဝှေ့ယမ်းလိုက်သည်။

"ရှမ်း...."

ကျားသစ်လက်သည်းတုတ် လက်ကိုင်တွင် တွဲဆက်ထားသော ပိုးကြိုးမျှင်(၅)ခုသည် မြွေပါးကောင်လို လှုပ်ရှားသည်။ ပိုးကြိုးမျှင်များထိပ်မှ ရွှေသားဖြင့် လုပ်ထားသော ကျားသစ် လက်သည်းသဏ္ဍာန် ချိတ်ကောက်လေးများက လင်းလက်သည်။

ရင်ထန်မင်းကလည်း လက်ဝါးရိုက်ချက်ဖြင့် တုံ့ပြန်သည်။

တကယ်တော့ တောင်ပိုင်းကျားသစ်၏ ရိုက်ချက်က တကယ့် တိုက်ကွက်မဟုတ်။ အခင်းအကျင်းသက်သက်သာ ဖြစ်သည်။

ထိုနည်းတူ....

ရင်ထန်မင်း၏ လက်ဝါး ရိုက်ချက်ကလည်း အရိပ်အယောင်ပြလိုက်သည့် လှုပ်ရှားကွက်ဖြစ်သည်။

"တော်တယ်ဗျာ၊ ခင်ဗျားက ပရိယာယ်အကြွယ်သားပဲကိုး"

မိမိ၏သိုင်းကွက် ခင်းပြမှုကို ရင်ထန်မင်းကအယောင်ပြလက်ဝါးရိုက်ချက်ဖြင့် တန်ပြန်လာမှုကြောင့်ကျန်းထင်းလန်က ချီးမွမ်းစကားဆိုသည်။ မျက်နှာထားချိုသည်။ အပြောကလည်း ညက်သည်။

သို့ရာတွင်....



ထိုသို့ ချီးမွမ်းစကားများ ပြောထုတ်ချိန်မှာပင် ကျားသစ်လက်သည်းတုတ် လက်ကိုင်ဖြင့် ရင်ထန်မင်း၏ ညာပခုံးမှ သွေးကြောကွက်ကို လှမ်းသိုးသည်။

မျက်နှာထားချိုချို၊ အပြောညက်ညက်တို့နှင့် သည်တိုက်ကွက်က သာကယ့်ကို ဆန့်ကျင်ဘက် သွေးကြောကွက်နေရာကို အပိုင်သိုးချလိုက်မှု။

အကယ်၍ ကျန်းထင်းလန်၏ မျက်နှာ အမူအရာနှင့် အပြောညက်ညက်တို့တွင် အာရုံရောက်သော စိတ်ချလက်ချရှိနေမိလျှင် သွေးကြောသိုးနှက်ချက်ကို ကောင်းကောင်းကြီး ခံရပေလိမ့်မည်။

ထိုသွေးကြောကွက်မှာ သေကွင်းသေကွက်မဟုတ်သော်လည်း မိမိရရ ထိုးနှက်ခံရလျှင် ညာသက်တစ်ခုလုံး အကြောသေသလိုဖြစ်သွားမည်။ ဘယ်လိုမျှ လှုပ်ရှားနိုင်တော့မည်မဟုတ်။

ညာသက် မလှုပ်နိုင်လျှင် တစ်ဖက်လူ၏ ဆင့်ကဲတိုက်ချက်များအောက်တွင် အလူးအလဲခံရလျက် အရေးနိမ့်ရမှာသေချာသည်။

ရင်ထန်မင်းကတော့ တောင်ပိုင်းကျားသစ်၏ပရိယာယ်ဆင်ကွက်ထဲသို့ တိုးမဝင်။ အကြောထိုးပိတ်လာမှုကို ပေါ့ပါးသော လှုပ်ရှားနေရာပြောင်းမှုဖြင့် ရှောင်သည်။ တစ်ချိန်တည်းမှာပင် ညာသက်ဝါးစောင်းနှင့် ကျန်းထင်းလန်၏ ဘယ်ဘက်နံစောင်းကို ဖြတ်ခုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစောင်းခုတ်ချက် ဖြစ်သော်လည်း ဓားသိုင်းဟန်လို သုံးသည့်အတွက် လက်ဝါးစောင်းက ဓားသွားစာစ်ခုလို ဖြစ်နေသည်။

မိမိ၏ အကြောထိုးချက် လွဲသွားသည်နှင့် ကျန်းထင်းလန်သည် ကျားလက်သည်းတုတ်ကို အမြန်ရုပ်သိမ်းသည်။ တစ်လက်ကိုင်အရင်းနှင့် ရင်ထန်မင်း၏ ညာလက်ဖမိုးကို ဖြတ်ရိုက်သည်။

ရင်ထန်မင်းလည်း ညာလက်ဝါးစောင်း ခုတ်ချက်ကို အမြန်အကွက်ပြောင်းကာ ကျားလက်သည်းတုတ်၏ လက်ကိုင်ကို ပင့်ရိုက်သည်။ ပင့်ရိုက်ဟန်ပြကာ လှမ်းလုမှု ဖြစ်သည်။

တောင်ပိုင်းကျားသစ်သည် မိမိလက်နက် အဆုံးခံရနိုင်သည့် စွန့်စားမှုတော့မလုပ်။

ရင်ထန်မင်း၏ တိုက်ချက်ကို မတုံ့ပြန်တော့ဘဲ နောက်သို့သာ ခုန်ဆုတ်သွားသည်။ ခုန်ဆုတ်ရင်း ကျားလက်သည်းတုတ်ကိုဝှေ့ယမ်းကာ ပတ်ရိုက်သည်။ ကျားလက်သည်းတုတ်၏ ပိုးကြိုးမျှင် တစ်ခုထိပ်ရှိ ချိတ်က ရင်ထန်မင်း၏ အင်္ကျီလည်ကုပ်စကို ချိတ်မိသည်။

တောင်ပိုင်းကျားသစ်က ကျားလက်သည်းတုတ်ကို ပင့်ယူဆွဲလိုက်ရာ လည်ကုပ်တွင် ချိတ်မိနေသော ရင်ထန်မင်း၏ကိုယ် ကြွတက်ပါသွား၏။



သို့သော် ရင်ထန်မင်းမှာ ကျန်းထင်းလန်၏ လက်ထဲတွင် မိမိရရ အမိခံနေရသည့် အခြေအနေတော့ မရောက်သေးပါ။ ခုခံရုန်းထွက်နိုင်သည့် အခွင့်အလမ်းတွေ ရှိနေ၏။

ဝတ်ထားသော အင်္ကျီကို အမြန်ချွတ်ပစ်လျှင် ဖြစ်စေ၊ ချိတ်မိနေသော အင်္ကျီလည်ကုပ်စကို ဆုတ်ဖြဲပစ်လိုက်လျှင် ဖြစ်စေ လွတ်ထွက်သွားနိုင်သည်။

နဂါးလေး ရင်ထန်မင်းသည် ထိုနည်းလမ်း နှစ်ခုကို တစ်ခုမျှမလုပ်။

အင်္ကျီလည်ကုပ်တွင် ချိတ်မိနေသော ချိတ်၏ ပိုးကြိုးမျှင်ကို ညာလက်ဖြင့် လှမ်းကိုင် ပတ်ဆွဲသည်။ ထို့နောက် ကျန်းထင်းလန် ဆွဲပင့်ယူသော အားအဟုန်တွင် အလိုက်သင့် မျောပါလိုက်သွားသည်။

တောင်ပိုင်းကျားသစ်၏ ရင်ဘက်ကို ခြေအစုံဖြင့် လှမ်းကန်သည်။

မမျှော်လင့်သော တိုက်ခိုက်မှုမို့ ကျန်းထင်းလန်ရင်ထဲတွင် ထိတ်ခနဲဖြစ်သည်။ တိုက်ပွဲအတွေ့အကြုံ ကောင်းကောင်းရှိသည်မို့ ပျာပျာသလဲတော့ မဖြစ်။ ပြောင်းလဲသွားသော တိုက်ခိုက်မှုအခြေအနေနှင့် လိုက်လျောသော အပြောင်းအလဲကို လျင်မြန်စွာ ပြုလုပ်သည်။

ပင့်ယူဆွဲတင်ထားသော ကျားသစ် လက်သည်းတုတ်ကို ညာဘက်သို့ ယိမ်းသွားအောင် လုပ်လိုက်သည်။ ကျားသစ် လက်သည်းတုတ်၏ လမ်းကြောင်းဘေးသို့ ယိမ်းသွားမှုနှင့် အတူ ကျားလက်သည်းတုတ်ရှိ ပိုးကြိုးမျှင်တစ်ခုကို အားပြု

www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ထားသော ရင်ထန်မင်း၏ ကိုယ်သည်လည်း ဘေးသို့ တိမ်းစောင်းပါသွားသည်။

ဤတွင် သူ့ခြေကန်ချက်မှာလည်း အလိုလိုပင် လွဲချော်သွားသည်။ တောင်ပိုင်းကျားသစ်၏ ရင်ဘတ်ကို မကန်မိတော့။

တောင်ပိုင်းကျားသစ် ကျွန်းထင်းလန်က လေထဲတွင်ရှိနေသော ရင်ထန်မင်း၏ကိုယ် အောက်ကျလာမည့်အချိန်ကို တိကျစွာတွက်ကာ အောက်မှ ဘယ်လက်ဝါးနှင့် ပင့်တင် ရိုက်၏။

လေထဲတွင် မြောက်ကြွနေရာမှ အောက်သို့ ပြန်ကျသည့်အချိန်သည် ကိုယ်ဟန်လှုပ်ရှားမှု ပြောင်းလဲရန် အခက်ခဲဆုံးသော အချိန်ဖြစ်သည်။ သည်လို အခြေအနေမျိုးတွင် ဝမ်းဗိုက်ကို ဦးတည်ရိုက်လာသော လက်ဝါးရိုက်ချက်ကို ရှောင်ရှားရန်မှာ မဖြစ်နိုင်လောက်အောင်ပင် ခဲယဉ်း၏။

သို့ရာတွင်....

နဂါးလေး ရင်ထန်မင်းသည် ထိုခဲယဉ်းလွန်းလှသော လှုပ်ရှားပြောင်းလဲမှုကို ဖြစ်အောင် လုပ်နိုင်ခဲ့သည်။

ရင်ထန်မင်း၏ ကိုယ်ခန္ဓာသည် ရုတ်တရက် လေထဲတွင် အလျားလိုက်ဖြစ်လျက် အောက်သို့ကျလာနေမှုလည်း တစ်ချက် တုံ့သည်။ ဤတွင် ကြိုတင်တွက်ချက်ထားသည့်အတိုင်း မတွက်တော့သည့်အတွက် ကျွန်းထင်းလန်၏ ဘယ်လက်ဝါးရိုက်ချက် လွဲချော်သွားလေတော့သည်။



ရင်ထန်မင်းက တောင်ပိုင်းကျားသစ်ကို ညာခြေထောက်ဖြင့် လှမ်းကန်ပြန်သည်။ မမျှော်လင့်သော ပြောင်းလဲမှုများ ပေါ်ပေါက်လာသည့် အတွက် ကျွန်းထင်းလန် အံ့ဩသွားသည်။

ရှောင်တိမ်း ခုခံရန်ပင် မလုပ်နိုင်။

"ဖုန်း"

ညာဘက်ရင်ဘတ်တွင် ခြေကန်ချက်ထိသည်။

တောင်ပိုင်း ကျားသစ်မှာ အတွင်းအား ကောင်း၏။ ထို့ပြင် ရင်ထန်မင်းကလည်း လေထဲတွင် ကြိုးစားပမ်းစား ကိုယ်ဟန်လှုပ်ရှား ပြောင်းလဲရာမှ လှမ်းကန်ရသည့်အတွက် ခြေကန်ချက်တွင် အားသိပ်မပါ။

ခြေကန်ချက်ကျကျနန အထိခံရသော်လည်း တစ်ချက် ယိုင်သွားရုံသာ ရှိသည်။ ဇော်ရာအကြီးအကျယ်မရ။

ရင်ထန်မင်းလည်း ငင်မြင့်ကြမ်းပြင်ပေါ် ပြန်ခြေချမိသည်။

တစ်ယောက်ကို တစ်ယောက် အကဲခတ်သလိုကြည့်လိုက်ကြပြီးနောက် မြိုင်တူပင် လှုပ်ရှားကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးရင်ထန်မင်းနှင့် ဘောင်ပိုင်းကျားသစ် ကျန်းထင်းလန်တို့နှစ်ယောက် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

ကျားသစ်လက်သည်းတုတ်က ချားရဟတ်လို လှုပ်ရှားနေသည်။ ပိုးကြိုးမျှင်ငါးခုတို့ တဝီဝီ တဗွစ်ဗွစ် အသံများမြည်လျက် ဘက်ပေါင်းစုံမှ ရိုက်ချက်တွေ ပေါ်ထွက် နေသည်။

ရင်ထန်မင်း၏ လတ်ဝါးရိုက်ချက်များကလည်း ကျန်းထင်းလန်ကို ကောင်းကောင်း ခြိမ်းခြောက်နေသည်။

သိုင်းကွက် တစ်ကွက်ပြီးတစ်ကွက် လျှင်မြန်စွာ ပြောင်းလဲသည်။ သိုင်းပရိသတ်များမှာလည်း ဓာကယ့် ပွဲကြီးပွဲကောင်းကို စိတ်လှုပ်ရှားစွာ ကြည့်နေကြရသည်။

ပွဲကြည့်နေသူများတွင် ကျောက်စိမ်းကလျာ ပိယောင်မှာ စိတ်အလှုပ်ရှားဆုံးဖြစ်ပြီး မင်းသားလေး ကျင့်ဝမ်ရယ်ကတော့ စိတ်အကျေနပ်ဆုံးဖြစ်သည်။

ကျားလက်သည်းတုတ်၏ ပိုးကြိုးမျှင်နှင့် ချိတ်များအကြားတွင် သွက်လက်စွာ လှုပ်ရှား တိုးဝင်တိုက်ခိုက်နေသော ရင်ထန်မင်း ဘယ်အချိန် ချိတ်ဆွဲရိုက်နှက်မိလေမည်နည်းဟု ဟန်ပီယောင် စိုးရိမ်ကာ စိတ်လှုပ်ရှားသည်။

တောင်ပိုင်းကျားသစ်၏ သိုင်းကွက် အနုတ်အသိမ်းများ၊ သိုင်းဟန်အပြောင်းအလဲများ၊ တိုက်နည်းပရိယာယ် အလှုပ်အရှားများကို တဝကြီးပင် တွေ့မြင် ကြည့်ရှု



သောကြောင့် ကျင့်ဝမ်ရယ်က ကျေနပ်နေသည်။ အားရနေသည်။

ကျန်းထင်းလန်နှင့် ရင်ထန်မင်းတို့သည်လက်ရည်ညီကြသည်။ ကျားလက်သည်းတုတ်၏ ကုတ်ဆွဲ ရိုက်နှက်ချက်များက ရင်ထန်မင်းကိုမထိသလို ရင်ထန်မင်း၏ လက်ဝါးရိုက်ချက်များကိုလည်း ကျန်းထင်းလန်က ခုခံရှောင်တိမ်းချေဖျက်နေနိုင်သည်။

အပြန်အလှန် ယှဉ်ပြိုင်ရင်း တစ်ယောက်၏ သိုင်းပညာနှင့်ယှဉ်ပြိုင်စွမ်းရည်တို့တို တစ်ယောက်ကလေးစားလာကြသည်။ ပြိုင်ဘက်ကောင်းတွေ့နေရသည့်အတွက် နှစ်ယောက်လုံးလှုပ်ရှားရတာ အားရနေကြသည်။

ကျန်းထင်းလန်သည် ကျားသစ်လက်သည်းတုတ် ကိုင်စွဲတိုက်ခိုက်နေရသည်ကို အားမရသလို ရှိလာသည်။ မိမိကလက်နက်ကိုင်စွဲထားကာ တစ်ဖက်ကလက်နက်မဲ့ ယှဉ်ပြိုင်နေသည့်အတွက် သူတစ်ပြန် ကိုယ်တစ်လှည့် တိုက်ခိုက်ပြီး 'သရေ'ဖြစ်နေလျှင်ပင် မိမိကရင်ထန်မင်းထက် သိုင်းစွမ်းရည်မသိမသာ နိမ့်သလိုမျိုး အများထင်မြင်စရာဖြစ်မည်ဟု တွေးမိသည်။

ကျားသစ်လက်သည်းတုတ်ကို ဖယ်သိမ်းကာ လက်နက်မဲ့ဖြင့်ပင် ပြိုင်ရန်ဆုံးဖြတ်သည်။ လက်ချောင်းဆယ်ချောင်းဖြင့် ကုတ်ဆွဲ တိုက်ခိုက်မှုသည် ရင်ထန်မင်း၏ လက်ဝါးသိုင်းကို ကောင်းကောင်း ယှဉ်နိုင်မည်ဟု ကျန်းထင်းလန်က ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တောခနဦး"

ကျန်းထင်းလန်က ပြောပြီး နောက်ခြေတစ်လှမ်း ဆုတ်သည်၊

ရင်ထန်မင်းကလည်း လှုပ်ရှားတိုက်ခိုက်မှုကို ရပ်လိုက်သည်။

ကျန်းထင်းလန်က ညာလက်တွင်ကိုင်ထားသော ကျားလက်သည်းတုတ်ကို အောက်ပစ်ချလိုက်သည်။

ရင်ထန်မင်းနှင့် သိုင်းပညာ ပြိုင်ရသည်ကို လက်တွေ့ကာ အလွန်သဘောကျနေသည်မို့ ကျားလက်သည်းတုတ်ကို ခါကြားတွင်ပြန်ထိုးကာ ကျကျနန သိမ်းဆည်းရန်ပင် အချိန်မပေးလိုဘဲ အလွယ်အမြန်သဘောအောက်ပစ်ချလိုက်ခြင်းပင်ဖြစ်သည်။

"ဆက်လိုက်ကြရအောင်"

ကျားလက်သည်းတုတ်ကို ပစ်ချပြီးသည်နှင့် ပြောသည်။ ရှေ့သို့လည်း လှမ်းတက်ကာ ရင်ထန်မင်းကို ညာလက်ချောင်းများနှင့် လှမ်းကုတ်ဆွဲသည်၊

"ရပ်ကြ... ရပ်ကြ"

ခပ်စူးစူးအော်ဟစ်ဟန့်တားသံ ပေါ်လာသည်။

ရင်ထန်မင်းရော ကျန်းထင်းလန်ပါ အလိုလို တုံ့ရပ်ကုန်ကြသည်။ လှမ်းကြည့် လိုက်ကြရာ ဟန့်တားသူမှာ ကျောက်စိမ်းကလျာ ဟန်ပိယောင် ဖြစ်နေသည်ကို တွေ့ရသည်။

"ဘာဖြစ်လို့ ရပ်ရမှာလဲ"



ကျန်းထင်းလန်က အံ့သြဟန်ဖြင့် မေးသည်။

ဟန်ပိယောင်၏ ဟန့်တားလာမှု အတွက် ရင်ထန်မင်းကလည်း အံ့သြနေသည်။ သိချင်နေသည်။ သို့သော် ကျန်းထင်းလန်က မေးမြန်းလိုက်ပြီမို့ ရင်ထန်မင်း အသာပင်နှုတ်ဆိတ်လျက် ဟန်ပိယောင်၏ အဖြေစကားကို နားစွင့်နေသည်။

"ရှင့်ရဲ့ကျားလက်သည်းတုတ် လက်လွတ် သွားပြီလေ၊ ဒီတော့ ရှင်ရှုံးပြီပေါ့၊ ဘာမှဆက်တိုက်စရာအကြောင်း မရှိတော့ဘူး"

ဟန်ပိယောင်က ပြောသည်။

"ဟာ... အဲဒါ ကျွန်တော် တသသ လွှတ်ချပစ်တာပဲ"

"ရှင့်ဘာသာလွှတ်ချတာပဲဖြစ်ဖြစ်၊ မတော်တဆ လွတ်ကျသွားတာပဲဖြစ်ဖြစ်၊ အစ်ကိုထန်မင်းရဲ့ တိုက်ချက်ကြောင့် ကျသွားတာပဲ ဖြစ်ဖြစ် လက်ထဲက လက်နက်မရှိတော့ရင် ရှင်အရှုံးပဲလေ၊ ဟုတ်တယ် မဟုတ်လား ဒိုင်လူကြီးမင်းရှင့်"

ဟန်ပိယောင်က ဒိုင်လုပ်သူသိုင်းသမားကြီးကိုသက်သေထူသလိုလှမ်းမေးသည်။

"ထိခိုက်ဒဏ်ရာရရင်ဖြစ်ဖြစ်၊ လက်ထဲကလက်နက် လွတ်ကျရင်ဖြစ်ဖြစ် အရှုံးလို့သတ်မှတ်ပါတယ်"

ဒိုင်လုပ်သူသိုင်းသမားကြီးက သိုင်းဈေးပွဲတော် သိုင်းပညာယှဉ်ပြိုင်ပွဲ၏ တစ်ခုတည်းသောသတ်မှတ်ချက်အား ဆိုရှင်းသည့်အချက်ကို ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းကျွားသစ်မှာလည်း ဤအချက်ကို သိထားပေရာ ဘာမျှ စောဒကမတက်တော့။ မိမိစိတ်လောကြီးစွာ လုပ်ခဲ့မိသည်ကိုသာ အပြစ်တင်မိ၏။

"ခင်ဗျားက လက်နက်မဲ့ယှဉ်ပြိုင်ချင်လို့ ကျွားလက်သည်းတုတ်ကို ပစ်ချလိုက်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်ကတော့ ခင်ဗျားနဲ့သရေလို့ပဲ သဘောထားပါတယ်"

ရင်ထန်မင်းက ခပ်တိုးတိုးပြောရာ တောင်ပိုင်းကျွားသစ် ကျွန်းထင်းလန်မှာ မချိပြုံးသာပြုံးမိလေ၏။

* * *

အချိန်အတန်ကြာ အနားပေးနောက် တတိယအဆင့်ဖြစ်သော အပြီးသတ်နောက်ဆုံးယှဉ်ပြိုင်ပွဲကို ဆက်လက်ပြုလုပ်၏။ ဤပွဲတွင် အနိုင်ရသူသည် မနက်ဖြန်နံနက် ပြုလုပ်မည့် သိုင်းစျေးပွဲတောစ်နေ့ဖွင့်ပွဲ သိုင်းပညာယှဉ်ပြိုင်မှုတွင် အဓိက ပြိုင်ဘက်တစ်ယောက်အဖြစ် ပါဝင်ရပေမည်။

တတိယအဆင့် ယှဉ်ပြိုင်ပွဲတွင် နဂါးလေးရင်ထန်မင်းနှင့် ကျောက်စိမ်းညီအစ်မသုံးဖော်တို့ ယှဉ်ပြိုင်ကြရမည် ဖြစ်၏။



ကျောက်စိမ်းညီအစ်မ သုံးဖော်မှ ကျောက်စိမ်းဒေဝီ ဟန်ပိမေ ယှဉ်ပြိုင်ရန်ထွက်မည်အပြု ကျောက်စိမ်းကလျာ ဟန်ပိယောင်က ဟန့်တားပြောဆိုသည်။

"မမကြီးမထွက်ပါနဲ့၊ ရင်ထန်မင်းနဲ့ ကျွန်မယှဉ်ပြိုင်ချင်တယ်၊ ခွင့်ပြုပါနော်"

ဟန်ပိယောင်က ပူဆာသလိုမျိုး ခပ်နွဲ့နွဲ့ပြောသည်။

"ရင်ထန်မင်းကို ညီမလေးက ဘယ်လိုသိုင်းသမားထလို့လဲ၊ ပန်းဖွားနီဂိုဏ်းက တတိယဦးစီးမှူး အင်ခင်ဝါးနဲ့ တောင်ပိုင်းကျွားသစ် ကျွန်းထင်းလန်တို့ကို သူ ဘယ်လိုယှဉ်သွားတယ်ဆိုတာ ညီမလေးအမြင်ပဲ၊ ရင်ထန်မင်းက ညီမလေးရဲ့ပြိုင်ဘက်မဟုတ်ဘူး၊ ပြောရရင် မမကြီးတောင် နိုင်မယ် မထင်ဘူး"

ဟန်ပိမေက ပြန်ပြောသည်။

"ပြိုင်ဘက်မဟုတ်တာ သိပါတယ်နော်၊ သူနဲ့ယှဉ်ကြည့်ချင်လို့ပါ"

"ညီမလေး ရှုံးမှာပေါ့"

"ရှုံးတော့ ဘာဖြစ်လဲ မမကြီးရဲ့၊ ကျွန်မတို့ ဒီကိုလာခဲ့ကြတာဟာ ပြိုင်ပွဲမှာဝင်ပြိုင်ပြီး အနိုင်ရဖို့မှမဟုတ်တာ၊ ရင်ထန်မင်းနဲ့တွေ့ပြီး အဲ....ခင်မင်ကြဖို့ပဲမဟုတ်လား၊ သူနဲ့ သိုင်းပြိုင်တော့ ခင်မင်မှု ပိုရနိုင်တာပေါ့"

"မင်းကိုယ်မင်း မိန်းကလေးဆိုတာ သတိထားဦး၊ မဆင်မခြင် လျှောက်ပြောမနေနဲ့"

ကျောက်စိမ်းသူဇာဟန်ပိရင်းက ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အစ်မတွေမို့လို့ ပြောတာပါ၊ သူများရှေ့ဆို ဒီလိုမျိုးဘယ်ပြောမှာလဲ၊ နော်...မမကြီး၊ ညီမလေး သွားပြိုင်မယ်၊ ပြီးတော့ ရင်ထန်မင်းက ကျွန်မကိုအလျှော့ပေးချင်ပေးမှာပါ၊ အားလုံး အေးအေးဆေးဆေး ဖြစ်သွားလိမ့်မယ်"

ဟန်ပိမေနှင့် ဟန်ပိရှားတို့သည် ညီမအငယ်ဆုံး ဟန်ပိယောင်ကို အလွန်ချစ်ကြ၏။ ဟန်ပိယောင်က ရင်ထန်မင်းကို စိတ်ဝင်စားကာ မရမကပူဆာသောကြောင့် သိုင်းပွဲတော်သို့လာခဲ့ကြပြီး သိုင်းပညာယှဉ်ပြိုင်ရန်လည်း စာရင်းသွင်းခဲ့ကြသည်။

ယခု ရင်ထန်မင်းနှင့် သိုင်းပညာယှဉ်ပြိုင်ခွင့်ရဖို့ ပူဆာနေသော ဟန်ပိယောင်ကို အတင်းအကျပ်မဟန့်တားတော့တော့ပေ။

* * *

ဟန်ပိယောင်နှင့် ရင်ထန်မင်းတို့နှစ်ယောက် ပြိုင်ပွဲစင်မြင့်ပေါ်တွင် မျက်နှာချင်းဆိုင်ရပ်မိကြသည်။

"ကျောက်စိမ်းကလျာဟန်ပိယောင်သို့ မိန်းမချောလေးနဲ့ သိုင်းပညာယှဉ်ပြိုင်ခွင့်ရတာ တို့အတွက် အမှတ်တရရှိနေမှာပါ၊ ဒီလို အခွင့်အရေးမျိုးပေးတဲ့အတွက် ဟန်ပိယောင်ကို ကျေးဇူးတင်ပါတယ်"



မိန်းကလေးမျက်နှာစ်သက်အောင်ပြောဆိုပြုမူတတ်သည့် ပေသီအတိုင်း ရင်ထန်မင်းက မသိမသာ ဦးညွှတ်ကာ ပြောလိုက်သည်။

တကယ်ပြောသည်လား၊ ပါးစပ်ဖျားမှ ထွက်လာသည့် စကားတွေလားဆိုသည်ကို ခွဲခြားမသိသော်လည်း ရင်ထန်မင်း၏ ပြောကြားမှုက ဟန်ပိယောင်ကို ကြည်နူးချမ်းမြေ့စေသည်။

"မဟုတ်ပါဘူးနော်၊ နဂါးလေးရင်ထန်မင်းလို နာမည်ကျော်တစ်ယောက်ဆီက သိုင်းပညာ ဆည်းပူးခွင့်ရတာဟာ ကျွန်မ ကံကောင်းလို့ပါ၊ သိရဲ့လား၊ သက်ညှာပေးပါနော်"

ဟန်ပိယောင်က ပြုံးပြုံးလေးနှင့်ပြန်ပြောသည်။

"စိတ်ချပါ၊ ခင်းအလှပျက်မသွားစေရပါဘူး"

"ကျေးဇူးတင်ပါတယ်တဲ့ရှင်"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အပြုံးအလှနှင့် စကားဆိုနေကြရာ ဒိုင်လုပ်သူ သိုင်းသမားကြီးက ပြိုင်ပွဲစရန် ပြောဆိုသံကိုပင် သတိမပြုမိကြ။

"ကိုင်း...စကြပါ"

ဒိုင်လုပ်သူသိုင်းသမားကြီးက သူတို့နှစ်ယောက်အကြားသို့ တိုးဝင်ကာ အသံကျယ်ကျယ်နှင့် ထပ်ပြောရပြန်သည်။

"တို့ စတော့မယ်၊ အသင့်ဖြစ်တယ် မဟုတ်လား"

ရင်ထန်မင်းက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''ရတယ်၊ အစ်ကို စပါ''

ဟန်ပိယောင်က ပြန်ပြောသည်။

ရင်ထန်မင်းလည်း သိုင်းကွက်နင်းလျက် ဟန်ပိယောင်ကို ညာလက်ဝါးနှင့် လှမ်းရိုက်သည်။ ဟန်ပိယောင်က လှစသော ကိုယ်ဟန်လှုပ်ရှားမှုဖြင့် ကြော့ကြော့မော့မော့လေး ရှောင်ထွက်သည်။

''ဟောဒီမှာ ပြန်တိုက်ပြီ''

ရှောင်တိမ်းပြီးနောက် အသံလွင်လွင်လေးနှင့်ပြောကာ လက်ဝါးစုံ ဆင့်ကဲရိုက်ချက်တစ်ကွက် ရိုက်ထုတ်သည်။

ရင်ထန်မင်းက ဟန်ပိယောင်၏ ဘယ်ညာဆင့်ကဲ လက်ဝါးရိုက်ချက်များကို သူ၏ညာဘယ်လက်ဝါးတို့ဖြင့် အသာဆက်ကာ ရိုက်ထုတ်ဖယ်ရှားသည်။

ထို့နောက် သူတို့နှစ်ယောက်သည် တစ်ယောက် တစ်လှည့် သိုင်းကွက်ထုတ်ရင်း အပြန်အလှန် တိုက်ခိုက်ကြလေသည်။

ရင်ထန်မင်းက လေပွေလက်ဝါးသိုင်းကို သုံးသည်။

ဟန်ပိယောင်က ကျောက်စိမ်း စမ်းရေသိုင်းကို သုံးသည်။

ထိုသိုင်းပညာ နှစ်ခုလုံးသည် ပေါ့ပါးသွက်လက်မှုကို အခြေခံသည်။ လေပွေ လက်ဝါးသိုင်းက မြန်ဆန်သည်။ ကျောက်စိမ်းစမ်းရေ သိုင်းကတော့ ညက်ညောသည်။ သူတို့နှစ်ယောက်၏ သိုင်းဟန် လှုပ်ရှားမှုများသည် အဆင်ပြေ



ဆီလျော်သည်။ သိုင်းဟန်များ ပေါင်းစည်းမိသလိုပင် ဖြစ်နေသည်။

တစ်ဦး၏သိုင်းကွက်နှင့် လှုပ်ရှားဟန်များကို တစ်ဦးက သဘောကျ နှစ်သက်လာကြသည်။

သိုင်းပရိဆတ်ပေါင်းအနေနှင့်လည်း လိုက်လျောညီထွေရှိလှသော သိုင်းဟန်လှုပ်ရှားမှု အဆက်အစပ်တို့ကြောင့် ကြည့်ရတာ အလွန်ပင် ကောင်းနေသည်။ အခြားသော သိုင်းပညာ ယှဉ်ပြိုင်မှုများနှင့်မတူ တစ်မူကွဲပြားသောအရသာကို ခံစားနေကြရသည်။

အဆင့်မြင့်အစွမ်းထက် သိုင်းကွက်များဖြင့် မိုးပြိုမြေလန်အောင် တိုက်ခိုက်ကြသည့် အကြိတ်အနယ် ယှဉ်ပြိုင်ပွဲများမှာ မြင်ရခဲသော်လည်း ထိပ်တန်းသိုင်းပညာရှင်များ ရင်ဆိုင်မိလျှင် ပေါ်ပေါက်နိုင်သည်။

ယခုလို အဆက်အစပ် ပြေပြစ်ကာ လိုက်လျောညီထွေရှိလှသည့် သိုင်းဟန်လှုပ်ရှားမှုမျိုးကတော့ သည့်တစ်ကြိမ်သာလျှင် အကြောင်းတိုက်ဆိုင်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရင်ထန်မင်းနှင့် ဟန်ပိယောင်တို့မှာလည်း သိုင်းပညာယှဉ်ပြိုင်ရင်း တစ်ယောက်စိတ်ကို တစ်ယောက် နားလည်သိရှိသွားကြသည်။ အတိအလင်း ဖွင့်မပြောကြရသေးသည့်တိုင် နှလုံးသားချင်းလည်း ပေါင်းစည်းမိသည်။

ယှဉ်ပြိုင်ရတာကို အလွန် သဘောကျသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်အတိုင်း ဆီလျော်ပြေပြစ်သည့် သိုင်းဟန်အခင်းအကျင်းများကို အပြန်အလှန်ပြုနေလျှင် ပြိုင်ပွဲနှင့် မတူနိုင်တော့ဘဲ အရှုံးအနိုင်လည်း အဖြေထွက်မည် မဟုတ်သည်ကို ရင်ထန်မင်း တွေးမိသည်။

ထို့ပြင် မိမိအနေဖြင့် 'အမှား' တစ်ခုကို ပြုမိခဲ့ကြောင်းကိုလည်း ရုတ်တရက် အသိဝင်သည်။

ဤတွင်....

* * *

ရင်ထန်မင်း၏ သိုင်းဟန်လှုပ်ရှားမှု ရုတ်ခြည်း ပြောင်းလဲသည်။

ဟန်ပိယောင်၏ လက်ဝါးရိုက်ချက်များကို ခုခံရှောင်တိမ်းပြီး သူ့အလှည့်အဖြစ် တုံ့ပြန်ရာတွင် စောစောပိုင်းတစ်ချိန်သုံးလုပ်ခဲ့သည့် လျင်မြန်သွက်လက်မှုသာ ပါရှိသော သိုင်းကွက်ဖော် လှုပ်ရှားဟန်သာ မဟုတ်တော့ဘဲ အတွင်းအားကို ပိုထည့်လာသည်။ ပို၍လည်းမြန်သည်။ သွက်သည်။

ရင်ထန်မင်း၏ သိုင်းဟန်လှုပ်ရှားမှု ရုတ်တရက်ပြောင်းလဲသွားခြင်းသည် ဟန်ပိယောင်ကို လှန့်လိုက်သလို ဖြစ်သည်။

သိုင်းပညာ ယှဉ်ပြိုင်နေသည် ဟူသော အသိကလည်း ရှိနေရာ လှန့်လိုက်သလို ဖြစ်သွားသည်နှင့် သိုင်းတတ်



မြောက်သူတို့၏ ဗီဇဉာဉ်စေ့ဆော်မှုအရ ခုခံတန်ပြန်ကွက်ကို အလိုအလျောက် ဆင်လိုက်မိသည်။

ကျောက်စိမ်း စမ်းရေသိုင်း၏ အရေးပေါ် အသက်ကယ် သိုင်းကွက်ကိုပင် ထုတ်သုံးလိုက်မိသည်။ ထိုအရေးပေါ် အသက်ကယ်သိုင်းကွက်သည် ခုခံကာကွယ်ကွက် ဖြစ်သော်လည်း ခံစစ်သိုင်းကွက် အများစုလို ရှောင်တိမ်းနောက်ဆုတ်မှုမဟုတ်။

တစ်ဖက်တိုက်စစ်ကို တန်ပြန်တိုက်ကွက်ဖြင့် ဟန့်ကာလှန်ထုတ်သည့် သိုင်းကွက်ဖြစ်သည်။

လျင်မြန် အသွက်လက်ဆုံးသော လှုပ်ရှားမှုဖြင့် ရင်ထန်မင်း၏ ဘယ်ဘက် ရင်ဘတ်ပေါ်ရှိ အချက်အချာ သွေးကြောကွက် တည့်တည့်ပေါ်သို့ ဘယ်လက်ဝါး ရိုက်ချက်တစ်ချက် ကန်းဝင်သည်။ တစ်ချိန်တည်းမှာပင် ဟန်ပိယောင်၏ ကိုယ်ခန္ဓာလည်း ညာဘက်သို့ ခပ်ယိမ်းယိမ်းလေး စောင်းကာ တစ်ပတ်လည်၍ ခုန်လွှားထွက်သည်။

"ဖုန်း"

လက်ဝါးရိုက်ချက်ထိသည်။

"အား"

ရင်ထန်မင်း ညည်းသံတစ်ချက်ပြုကာ ယိမ်းယိုင်၏။ သူ့မျက်နှာပေါ်တွင် မယုံနိုင်အောင် အံ့ဩသွားသည့် အသွင် ပေါ်လာ၏။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသည် ရုတ်တရက် သွေးဆုတ်သွားသလို ဖြူဖပ်ဖြူရော်ဖြစ်သည်။

"ဝေါ"

ပါးစပ်မှ သွေးများ အန်ထွက်သည်။

ပြီးတော့...

'ဘိုင်း' ခနဲ လဲပြိုကျသွားသည်။

ဟန်ပိယောင်မှာ မျက်လုံး အပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ရှင်ထန်မင်းကို အံ့သြတုန်လှုပ်စွာကြည့်သည်။ သည်မျှအထိ ကြီးကြီးကျယ်ကျယ် ဖြစ်သွားရန် ဟန်ပိယောင် လုံးဝ မရည်ရွယ်ပါ။ ကျောက်စိမ်း စမ်းရေသိုင်း၏ အရေးပေါ် အသက်ကယ်သိုင်းကွက်ကို ထုတ်သုံးရန်လည်း စိတ်ကူးပင် မရှိခဲ့။

ရုတ်တရက် ပေါ်ပေါက်လာသော အကျဉ်းအကျပ် အခြေအနေကြောင့် အလိုအလျောက် တုံ့ပြန်လှုပ်ရှားခဲ့မိရာ မိမိဘာသာပင် ဘာလုပ်လိုက်မိမှန်းမသိ။ ရှင်ထန်မင်း လဲပြိုကျသွားတော့မှပင် ကျောက်စိမ်း စမ်းရေသိုင်း၏ အရေးပေါ် အသက်ကယ် သိုင်းကွက်ကို ထုတ်သုံးလိုက်မိမှန်း ရိပ်မိလေတော့သည်။

ရှင်ထန်မင်း အနားသို့ လူတစ်ယောက် လှစ်ခနဲ ပြေးဝင် ရောက်ရှိလာ၏။

တောင်ပိုင်းကျားသစ် ကျန်းထင်းလန်ပင်ဖြစ်သည်။

"သူ အတွင်းဒဏ် အပြင်းအထန်ရသွားပြီ၊ အမြန်ကုပေးမှ ဖြစ်မယ်"



တောင်ပိုင်းကျားသစ်က အလောတကြီး ပြောသည်။ လဲကျနေသော ရှင်ထန်မင်းကို ဆတ်ခနဲ ကောက်ယူပွေ့သည်။

ကျင့်ဝမ်ရယ်နှင့် ကျန်းယုယုတို့လည်း ရောက်လာကြ၏။ တောင်ပိုင်းကျားသစ်က ကျင့်ဝမ်ရယ်ကို တစ်ချက် စူးစိုက်ကြည့်သည်။ ထိုအကြည့်ထဲတွင် အဓိပ္ပာယ်တွေ ပါရှိနေ၏။ ကျင့်ဝမ်ရယ်သည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ ဘာမျှမပြောတော့။

ကျန်းထင်းလန်က သတိလစ်မေ့မြောသလို ခွေပျော့နေသော ရှင်ထန်မင်းကို ပွေ့ချီ၍ ခပ်သုတ်သုတ်ထွက်သွား၏။ ကျင့်ဝမ်ရယ်နှင့် ကျန်းယုယုတို့လည်း နောက်မှ ထကိုပ်မကွာ လိုက်ပါသွားကြလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

(၃)လပိုင်း (၁၅)ရက်။
သိုင်းစျေးပွဲတော်နေ့။

အရက်ဦးရောင်နီပျိုးသည့် အချိန်မှာပင် သိုင်းစျေးပွဲတော် စတင်ဖွင့်လှစ်၏။ သိုင်းစျေးပွဲတော်နေ့ သိုင်းပညာယှဉ်ပြိုင်ပွဲ စတင်ပြုလုပ်သည်။

အဓိကပြိုင်ဘက်အဖြစ် ရွေးချယ်ထားခြင်း ခံရပြီး ဖြစ်သည့် နှောင်ကြိုးမဲ့ ယောင်ကောင်းဖတ်နှင့် ကျောက်စိမ်းညီအစ်မ သုံးဖော်တို့ ယှဉ်ပြိုင်ကြသည်။

ယောင်ကောင်းဖတ်နှင့် ယှဉ်ပြိုင်မည့်သူမှာ ကျောက်စိမ်းဒေဝီ ဟန်ပိခမေ ဖြစ်သည်။ ဟန်ပိမေသည် ကျောက်စိမ်းပလွေကို ကိုင်စွဲကာ ပြိုင်ပွဲစင်မြင့်ပေါ် တက်လာသည်။



ယောင်ကောင်းဖတ်လည်း တက်လာသည်။ သူ့လက်နက်ကတော့ ခြောက်ပေသာသာခန့်ရှည်သော ကြေးတုတ်။

ယောင်ကောင်းဖတ်သည် လမ်းလွဲသိုင်းသမားဆိုးတစ်ယောက် ဖြစ်၏။ တစ်ကိုယ်တော် သွားလာလှုပ်ရှားသော်လည်း ယောင်ကောင်းဖတ်၏ နောက်လိုက်လုပ်ရန် ဝန်မလေးသော လမ်းလွဲသိုင်းသမားဆိုး အများအပြားရှိ၏။

ယောင်ကောင်းဖတ်ကလည်း အခွင့်သာလျှင်သာသလို လုစုလုယူဝေးနှင့် ရမ်းကားမှုများ လုပ်တတ်သည်။ ထိုအခါမျိုးတွင် အလျဉ်းသင့်သလို လူများ စုစည်းခေါ်ယူတတ်သော်လည်း နောက်လိုက်တပည့်ဟူ၍မည်သူ့ကိုမှ သေသေချာချာ အသိအမှတ်မပြု။

ယောင်ကောင်းဖတ်တွင် မိတ်ဆွေလည်းမရှိ။ ထို့ပြင်ထူးခြားသည်မှာ ယောင်ကောင်းဖတ်သည် အမျိုးသမီးများကို စိတ်မဝင်စားခြင်းဖြစ်သည်။

ထို့ကြောင့် သူ၏ရမ်းကားမှုများတွင် အမျိုးသမီးများကို အနိုင်ကျင့်စော်ကားမှုများမပါ။ တိုက်ခိုက် လုယက်မှုတွေသာ ဖြစ်သည်။ ရက်ရက်စက်စက်လည်း ပြုတတ်လေသည်။

အမျိုးသမီးများနှင့် ကလေးငယ်များကိုပင် ညှာတာခြင်း မရှိ။

အကြွင်နာမဲ့ ယောင်ကောင်းဖတ်ဟူ နာမည်ရခဲ့ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများကို စိတ်မဝင်စားရုံသာက မုန်းတီးအထင်သေးမှုစိတ်လည်း ရှိသည်။ အထူးသဖြင့် သိုင်းပညာတတ်သော အမျိုးသမီးများကို အမြင်ကတ်သည်။

ယခု ကျောက်စိမ်း ညီအစ်မသုံးဖော်နှင့်ယှဉ်ပြိုင်ရမည့် အခြေအနေရှိလာသည့်တွင် ယောင်ကောင်းဖတ် အနောက် မကျေမနပ်ဖြစ်နေသည်။

ခိုင်လုပ်သူက အချက်ပေးလိုက်သည်နှင့်ယှဉ်ပြိုင်မှုစတင်သည်။ ယောင်ကောင်းဖတ်က ကြေးတုတ်ကြိုးကို ဝှေ့ယမ်းကာ ဖြတ်ယိမ်းထိုးရိုက် လှုပ်ရှားဟန် များဖြင့် တိုက်စစ်ဆင်သည်။

ဟန်ပီမေကအကွက်ကျကျခြေလှမ်းကာ နေရာအပြောင်းအလဲလုပ်ရင်းကျောက်စိမ်းပလွေသိုင်းကွက် တစ်ကွက်ချင်းမှန်မှန်ထုတ်ကာ ပြန်လည်တိုက်ခိုက်သည်။

“ကျောက်စိမ်းဒေဝီ ဟန်ပီမေတဲ့၊ ရုပ်ကတော့ အတော်ချောတာပဲကိုး.... သိုင်းပညာယှဉ်ဖို့ထက် အတူတူ အိပ်ရာဝင်ဖို့က ပိုကောင်းတယ်၊ အင်း....ငါက မင်းလိုမိန်းမစားကိုစိတ်မဝင်စားတာက ခက်တယ်၊ ဒီတော့ မင်းကို အနိုင်တိုက်အမိဖမ်းပြီးရင်တောင် ငါ့အတွက်ကတော့ အသုံးဝင်မှာမဟုတ်ဘူး၊ သြော်.... သိပြီ....မင်းကို ကြောင်ပါးကြီး လွှဲပေါက်ဆီပို့ရမယ်၊ သူ့လက်ထဲရောက်သွားရင်တော့ လွှဲပေါက်က မင်းလိုမိန်းမချောလေးကို....”



ပြိုင်ရင်း ယောင်ကောင်းဖတ်က ဟန်ပီမေကို အမျိုးမျိုး နှိမ့်ချစကားများအဆက်မပြတ်ပြောနေသည်။ နှိမ့်ချစကားခိုသည့်ထဲတွင် ညစ်ညစ်ညမ်းညမ်းပြောမှုတွေက ပိုသည်။

ကြားနေရသော ဟန်ပီရင်နှင့် ဟန်ပီသောင်တို့ ခုံ ယောက်ပေါ် ဒေါသထွက်ကာ ရှက်လည်းရှက်ပြီး မျက်နှာနီလျက် အံတကြိတ်ကြိတ်ဖြစ်နေကြသည်။

ဟန်ပီမေကတော့ ယောင်ကောင်းဖတ်၏ ညစ်ညစ်ညမ်းညမ်းစကားများကို လုံးဝအရေးမစိုက်။ ဒေါသလည်း မထွက် ရှက်လည်းမရှိ။ ဘာမှမကြားမသိ၊ ဘာမျှ ခံစားမှုမရှိဘဲ တည်တည်ငြိမ်ငြိမ်ဖြင့်သာ သိုင်းကွက်များ ထုတ်ဖော်နေသည်။

ဤခြေအစ်ချက်လေးမျှပင် စိတ်လည်း လုံးဝမလှုပ်ရှား။ ပကတိတည်ငြိမ်ရင့်ကျက်စွာ ရှိနေသည့် ဟန်ပီမေ၏ အသွင်က ယောင်ကောင်းဖတ်အတွက် တကယ့်ကို မခံချင်စရာဖြစ်နေသည်။

မခံချင်စိတ်ကြောင့် ပိုစိတ်လှုပ်ရှားသည်။ ဒေါပွသည်။ အပြောအဆိုများ ပိုရိုင်းရင်းကြမ်းတမ်းလာသည်။

ဟန်ပီမေကတော့ ဘယ်လိုမျှလှုပ်ရှားခြင်းမရှိ။ တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြိုင်နေသည်။

သည်တော့ ယောင်ကောင်းဖတ်သာလျှင် တစ်ယောက်တည်း ဒေါသတွေထွက်ကာနေသည့် အခြေအနေ ဖြစ်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်များ ဖော်ထုတ် လှုပ်ရှားယှဉ်ပြိုင်ရာ စိတ်တည်ငြိမ်မှုသည်အလွန်အရေးကြီးသည်။ စိတ်လှုပ်ရှားလျှင် အမှားတွေ့ရမည်ကသေချာသည်။

ဒါကို သိုင်းသမားတိုင်းနားလည်ကြသည်။

သို့ရာတွင်သိုင်းသမားအများမှာ သံလျက်နှင့်စိတ်မထိန်းနိုင်ကြ။ အခြေအနေအမျိုးမျိုးကြောင့်စိတ်လှုပ်ရှားကြကာ မှားကွက်တွေ လုပ်မိကြသည်။ အရေး ရှုံးနိမ့်ခဲ့ကြရလေသည်။

ယောင်ကောင်းဖတ်မှာလည်း ပါရင့် သိုင်းသမား ဆိုးကြီးတစ်ယောက်ဖြစ်ရာ သိုင်းပြိုင်ရာတွင် စိတ်တည်ငြိမ်ရန်လိုကြောင်း ကောင်းကောင်းသိသည်။

ညစ်ညစ်ညမ်းညမ်း စကားများ ပြောဆိုခြင်းမှာလည်း ဟန်ပိမေ ရှက်ဒေါသတွေ ထွက်ကာ စိတ်လှုပ်ရှားစေရန် ပရိယာယ်ဆင်မှုဖြစ်သည်။

သို့ရာတွင်....။

ကိုယ့်အတတ်ကိုယ်စူးဆိုသလို သူ၏ ပရိယာယ်က ဟန်ပိမေကို ရှက်ဒေါသဖြစ်ကာ စိတ်လှုပ်ရှားအောင် မဖန်တီးနိုင်။ သူကိုယ်တိုင်သာ ဟန်ပိမေ၏ စိတ်တည်ငြိမ်ရင့်ကျက်စွာ ရှိနေမှုကြောင့် မခံချင်ဖြစ်လျက် ဒေါသ ထွက်ကာ စိတ်လှုပ်ရှားနေရလေပြီ။

ယောင်ကောင်းဖတ်၏ သိုင်းပညာက ဟန်ပိမေထက်သာသည်။ တိုက်ပွဲအတွေ့အကြုံလည်းဟန်ပိမေထက်ပိုများသည်။ အတွင်းအားကလည်းဟန်ပိမေထက်ကောင်းသည်။



ပုံမှန်ပြိုင်မည်ဆိုလျှင် ဟန်ပိမေအနိုင်ရစရာ အကြောင်းမရှိသလောက်ကို နည်းပါးလှသည်။ ယောင်ကောင်းဖတ်ခြေချော်လက်ချော်ဖြစ်ကာ အကွက်မှား ဟာကွက်ပေါ်မှသာ ဟန်ပိမေအနိုင်ရရန် အခွင့်အလမ်းရှိနိုင်သည်။

ဒါတောင်မှ ထိုအခွင့်ကောင်းကို မိမိရရ လျင်မြန်စွာ အသုံးချနိုင်မှဖြစ်မည်။

ယခုမူ....။

* * *

ဒေါသထွက် စိတ်လှုပ်ရှားနေသောယောင်ကောင်းဖတ်၏ တိုက်ကွက်တွင် လွတ်ကွက်ဟာကွက်တွေ ပေါ်လာလေသည်။

ဟန်ပိမေကလည်း အခွင့်ကောင်းကိုလက်လွတ်မခံ။ မိမိရရ အသုံးချ၏။ ကျောက်စိမ်းပလွေခားသိုင်း၏ အစွမ်းအထက်ဆုံး တိုက်စစ် သိုင်းကွက်ဖြစ်သော 'သံသာလှိုင်းသိုင်းကွက်' ကိုထုတ်သုံးကာ တိုက်စစ်ဆင်လိုက်၏။

ယောင်ကောင်းဖတ်အနေဖြင့် ပုံမှန်အနေအထားတွင် စိတ်ဟည်တည်ငြိမ်ငြိမ်နှင့် ရှိနေလျှင်ပင် 'သံသာလှိုင်းသိုင်းကွက်' ၏တိုက်စစ်အားကိုအတော်ကြိုးစားပမ်းစားတော်ခံရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို စိတ်လှုပ်ရှားကာ ဟာကွက်လွတ်ကွက်များ ပေါ်သည့်အချိန်လွှပ်တော့ ပိတ်ဆို့တားဆီးမှု မလုပ်နိုင်၊ ရှောင်တိမ်းရန်လည်း အခွင့်မသာ။

"ဒုတ်"

ကျောက်စိမ်းလှေလွှအဖျားက ယောင်ကောင်းဖတ်၏ ဘယ်ဘက်ညှပ်ရိုးကို ထိမိသွား၏။

လက်ကယ်တော့ ထိုအကွက်က လှန့်ကွက်သိုင်းဟန်ဖြစ်၏၊ ဘယ်ဘက်ညှပ်ရိုးကို ထိုးနှက်တော့မလို ခြိမ်းခြောက်ကာ ဘယ်ဘက်ရင်ဘတ်ပေါ်ရှိ အဓိက သွေးကြောကွက်နေရာအပိုင် လှမ်းထိုးတိုက်ခိုက်မည်ဖြစ်၏။

ယောင်ကောင်းဖတ်မှာ ဒေါမာန်ပွားကာ စိတ်လှုပ်ရှားလျက် ဟာကွက်လွတ်ကွက်တွေပေါ်ကာ ခြေရှုပ်လက်ရှုပ်ဖြစ်နေသည့်အတွက် အယောင်ပြတိုက်ခိုက်မှုကပင် မိမိ ရရ ထိုးမိသွားလေတော့သည်။

ဒေါသထွက်ကာ ဟန်ပိမေ့ကိုစိစိညက်ညက်ကြေအောင် ကိုက်ပစ်ချင်စိတ်တွေလည်း ပြင်းထန်နေချိန်တွင် တစ်ဖက်ကိုထိအောင် မတိုက်ခိုက်နိုင်ဘဲ မိမိသာလျှင် တစ်ဖက်လူ၏ တိုက်ချက် အထိခံရသောအခါ ယောင်ကောင်းဖတ်မှာ ဒေါသကြီးအကျယ်ခံပြင်းသည်။ ဒေါသစိတ်များ အထွတ်အထိပ်သို့ ရောက်၏။ စိတ် အရမ်းလှုပ်ရှားသည်။

ပြင်းပြခက်ထန်ကြမ်းတမ်းလှသောစိတ်လှုပ်ရှားပြောင်းလဲမှုများကြောင့် ယောင်ကောင်းဖတ်၏ ကိုယ်ခန္ဓာအတွင်း



သွေးလေ လှုပ်ရှားမှုများသည် လမ်းကြောင်း လွဲကုန်ကြသည်။

ဟင်ဗိုတစ်ယောက်၏ တိုက်ခိုက်မှုမပါရှိဘဲ ကိုယ့်ဘာသာကိုယ် အတွင်းဒဏ်ရအောင်လုပ်သလို ဖြစ်သွားသည်။

သည်ကြားထဲတွင် ယောင်ကောင်းဖတ်သည် စိတ်ဖြေလျှော့ နောက်ဆုတ်ခြင်းပင်မလုပ်ဘဲ မိမိအထိခံလိုက်ရသည်ကို လက်တုံ့ပြန်လိုစိတ် အားကြီးစွာဖြင့် ဟန်ပိမေ့ကို ကြေးတုတ်ကြီးဖြင့် သိမ်းရိုက်သည်။

သို့သော်...

စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ ထိုသို့ တိုက်ကွက်ဆင်ရန်ကြိုးစားမှုက သူ၏အတွင်းဒဏ်ကို ပိုမိုဆိုးရွားစေသည်။

"ဘိုင်း"

ယောင်ကောင်းဖတ် မတ်တတ်ပင်ဆက်မရပ်နိုင်တော့။ တစ်ခါတည်း လဲကျသွားလေတော့သည်။

ဟန်ပိမေပင် အံ့ဩကာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မိမိ ထုတ်သုံးလိုက်သော သံဆူလှိုင်း သိုင်းကွက်၏ အယောင်ပြလှုပ်ရှားမှုသိချက် သည်မျှလောက် မပြင်းထန်ကြောင်း သူမသိသည်။ ထိုအယောင်ပြလှုပ်ရှားမှု၏သိချက်သည် ယောင်ကောင်းဖတ်လို အားကောင်းမောင်းသန် သိုင်းသမားခိုးကြီးတစ်ယောက်ကို တစ်ခါတည်း ဘိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခနဲ လဲကျသွားစေသည်ကို ဘယ်လိုမှ နားမလည်နိုင်အောင် ရှိနေသည်။

ယှဉ်ပြိုင်ပွဲကတော့ အပြီးသတ်သွားခဲ့ပါပြီ။

* * *

သိုင်းပညာယှဉ်ပြိုင်ပွဲ ပြီးဆုံးသွားပြီးသည့်နောက် သိုင်းဈေးပွဲတော်၏ ထူးခြားသော အရောင်းအဝယ်ပြုမှု စတင်လေတော့သည်။

သိုင်းဈေးပွဲတော်လွင်ပြင်၏အချက်အချာကျသောနေရာတွင် တောင်အတုတစ်ခုနှင့် တောင်အတုအောက်ခြေတွင် ကျောက်လိုဏ်ဂူအတုတစ်ခုပြုလုပ်ထား၏။ ယာယီဆောက်လုပ်ထားသော အတုများဖြစ်ကြသော်လည်း သေသပ်ကာ လက်ရာမြောက်၏။

အိမ်ဂေဟာကြီးများ၊ နန်းဆောင်များနှင့် ပန်းခြံကြီးများတွင်ရှိသော ဗထမတန်းစား တောင်အတု၊ လိုဏ်ဂူအတုများနှင့် အသွင်အပြင်ချင်း ယှဉ်နိုင်သည်။

တောင်အတုသည် အိမ်ကြီးတစ်ဆောင်စာလောက်ရှိသည်။ လိုဏ်ဂူအတုကတော့ အလယ်အလတ်တန်းစား အိမ်ငယ်တစ်လုံးစာလောက်ကျယ်သည်။ တောင်အတု၏အောက်ခြေတွင် လိုဏ်ဂူအတု၏အဝရှိသည်။



ထိုတောင်အတုနှင့် ကျောက်ဂူအတုတို့ကို 'တောင်တစ်လုံးလိုဏ်ဂူ'ဟု ခေါ်သည်။ သိုင်းဈေးပွဲတော်၏ အဓိက အဆောက်အအုံလည်းဖြစ်သည်။

သိုင်းဈေးပွဲတော်နေ့များတွင် ခင်းကျင်းသော ဆိုင်ခန်းနှင့် အခြားအဆောက်အအုံတို့၏ တည်နေရာနှင့်ပုံပန်းသဏ္ဌာန်တို့ တစ်ချိန်နှင့်တစ်ချိန် အပြောင်းအလဲရှိသော်လည်း တောင်တစ်လုံးလိုဏ်ဂူကတော့ ဘာအပြောင်းအလဲမှမရှိ။

သိုင်းဈေးပွဲတော်နေ့ဟူ၍ စတင်ခဲ့သည့် အချိန်မှစ၍ တည်ဆောက်သည်ကလည်း နေရာတစ်ခုတည်း။ အရွယ်အစားနှင့်ပုံသဏ္ဌာန်ကလည်း တစ်မျိုးတည်း။

သိုင်းဈေးပွဲတော်၏ ထူးခြားသော အရောင်းအဝယ်ပြုမှုကို တောင်တစ်လုံးလိုဏ်ဂူတွင် ပြုလုပ်သည်။

အရောင်းအဝယ်ပြုလုပ်မှု အစီအမံ အခင်းအကျင်းကလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ လျှို့ဝှက်မှုအပြည့်ရှိနေသည်။

အရောင်းအဝယ် ပြုလုပ်မည့်သူများသည် မိမိတို့ရောင်းလို ဝယ်လိုသည့် အရာများကို ကြိုတင်စာရင်းပေးလျက် အမှတ်စဉ်ဂဏန်းများ ရေးထားသော ကြေးပြားဝိုင်းလေးများကို သိုင်းဈေးပွဲတော်နေ့မတိုင်မီ တစ်ရက်အလိုက ယူထားကြရသည်။

သိုင်းဈေးပွဲတော်နေ့ရောက်ရှိ၍ထူးခြားသောအရောင်းအဝယ်ပြုလုပ်ချိန်တွင် မိမိလက်ဝယ်ရရှိထားသော ကြေး

www.burmeseclassic.com

www.burmeseclassic.com



ပြားဝိုင်းပါ ဂဏန်း အမှတ်စဉ်အရ တောင်တစ်လုံး လိုက်ဂူထဲသို့ အလှည့်ကျ ဝင်ကြရသည်။

သိုင်းဈေးသည်ကြီးဝမ်နှင့် နှစ်ယောက်ချင်းတွေ့ဆုံကာ အရောင်းအဝယ်စကားများ ဆိုရသည်။ ဈေးတည့်လျှင် အရောင်းအဝယ်ဖြစ်သည်။

တောင်တစ်လုံး ကျောက်ဂူထဲသို့ ဝင်ရောက်ရန်လာကြသည့် သိုင်းသမားများသည် မျက်နှာဖုံးများ စွပ်ကြရ၏။ မျက်နှာဖုံး ပုံစံကိုမူ သတ်မှတ်မထား။ မျက်နှာမပေါ်စေရအောင် ကာရံပေးထားနိုင်လျှင်ရသည်။

ကြိုက်ရာမျက်နှာဖုံးကို စွပ်လာနိုင်သည်။

သိုင်းသမားအများစုကတော့ ခေါင်းစွပ်မျက်နှာဖုံးနက်များကို စွပ်လာကြလေ့ရှိသည်။ တောင်တစ်လုံးလိုက်ဂူထဲသို့ ပထမဆုံး စချင်းတွင် အမှတ်စဉ်(၁)မှ (၁၀)အထိ ရထားသူ ဆယ်ယောက် ဝင်ရသည်။

သို့နောက်တွင်တော့ ငါးယောက်လျှင် တစ်သုတ်အဖြစ် အမှတ်စဉ်အလိုက် ဆက်လက် ဝင်ရောက်သာခွင့် ပေး၏။ တောင်တစ်လုံး လိုက်ဂူထဲတွင် ရှိနေသော နောက်ဆုံး အမှတ်စဉ်ကို တောင်တစ်လုံးလိုက်ဂူအဝင်ဝနားရှိ တိုင်တွင် ချိတ်ပြထားသည်။

ဤနည်းဖြင့် မိမိတို့အလှည့်ရောက်မည့်အချိန်ကို လူတိုင်း ခန့်မှန်းနိုင်ကြသည်။ အလှည့်ကျရောက်ချိန်နီးလျှင် တောင်တစ်လုံးလိုက်ဂူအနားတွင် အသင့်သွားနေလိုက်ရုံသာ ဖြစ်သည်။



တောင်တစ်လုံး လိုက်ဂူကို သိုင်းဈေးပွဲတော်နေ့တွင်သာ ဖွင့်သည်။ သိုင်းဈေးပွဲတော်နေ့မရောက်မီ ပိတ်ထားကာ သိုင်းဈေးပွဲတော်နေ့ပြီးသည်နှင့် ဖျက်သိမ်းပစ်လိုက်သည်။

သိုင်းပညာ ယှဉ်ပြိုင်ပွဲ ပြီးစီးသွားသည်နှင့် တောင်တစ်လုံးလိုက်ဂူရှေ့တွင် မျက်နှာဖုံးစွပ်ထားသောလူဆယ်ယောက် ရောက်ရှိကာ အသင့်ရှိနေကြသည်။ အမှတ်စဉ်(၁)မှ (၁၀)ရှိသော ကြေးပြားဝိုင်းများ ရရှိထားကြသူများ ဖြစ်သည်။

ခဏအကြာတွင် တောင်တစ်လုံးလိုက်ဂူဝ ပွင့်သွား၏။

ဧည့်ကြိုလုပ်မည့်လူ ထွက်လာသည်။

"အမှတ်စဉ် တစ်ကနေ တစ်ဆယ်အထိ ဝင်နိုင်ပါပြီ"

ဧည့်ကြိုက ကြေညာသည်။

မျက်နှာဖုံးစွပ်ထားသူဆယ်ယောက် အစဉ်လိုက်တန်းစီကာ ဂူဝမှ ဝင်သွားကြသည်။ နောက်ဆုံးလူ ဝင်သွားပြီးသောအခါ ဂူဝတံခါးပိတ်သည်။

ဧည့်ကြိုသည် ဂူဝနှင့် မလှမ်းမကမ်းရှိတိုင်တွင် (၁၀) ဂဏန်း ရေးထားသည့်ပိတ်စကို ချိတ်လိုက်သည်။ ပြီးတော့ ဂူဝတွင် ကျောက်ရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်စွာ မားမားကြီး ရပ်နေလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဂူ၏ အတွင်းဘက်တွင် အခန်းလေးတစ်ခုရှိသည်။ ထို အခန်းလေးထဲတွင် ညှော်ကြီးနှစ်ယောက် အသင့်စောင့်နေသည်။ ဝင်လာကြသူ ဆယ်ယောက်မှ အမှတ်စဉ်(၁)မှ (၅)အထိလူများကို ညှော်ကြီးတစ်ယောက်က လမ်းပြကာ အခန်းလေး၏ အတွင်းဘက်တံခါးမှ ခေါ်ထုတ်သွား၏။

"ထိုင်ခုံတွေမှာ အမှတ်စဉ်အလိုက် ထိုင်ကြပါခင်ဗျာ"

အခန်းလေးထဲတွင် ကျန်နေခဲ့သော ညှော်ကြီးက ပြောသည်။

ထိုအခန်းလေးထဲတွင် ထိုင်ခုံငါးခုံရှိနေရာ မျက်နှာဖုံးစွပ် ငါးယောက်လည်း မိမိတို့၏ အမှတ်စဉ်များအလိုက် နေရာယူထိုင်လိုက်ကြသည်။

အတွင်းဘက်သို့ လိုက်ပါသွားကြသည့် လူငါးယောက်မှာလည်း နောက်ထပ်အခန်းကျဉ်းလေးထဲသို့ ရောက်သည်။ ထိုအခန်းထဲတွင်လည်း ထိုင်ခုံငါးခုံရှိသည်။

ညှော်ကြီးက အထွေအထူးပြောရန်မလိုဘဲ မျက်နှာဖုံးစွပ် ငါးယောက်တို့က ထိုင်ခုံများတွင် မိမိတို့ ရထားသည့် အမှတ်စဉ်များအတိုင်း ဝင်ထိုင်လိုက်ကြသည်။

အခန်းလေး၏ ဝဲဘက်နှင့် ယာဘက် နံရံများတွင် ကျောက်သင်ပုန်းတစ်ချပ်စီရှိသည်၊ ဝဲဘက်ရှိ ကျောက်သင်ပုန်းပေါ်တွင် ယခုတစ်ခေါက် ဈေးပွဲတော်နေ့တွင် တောင်တစ်လုံး လိုက်ဂူတွင် ရောင်းချမည့်အရာများကို ရေးထားသည်။ လက်ယာဘက်နံရံပေါ်ရှိ ကျောက်သင်ပုန်းမှာမူ ဝယ်ယူလိုသည့်အရာများ စာရင်းဖြစ်သည်။



သိုင်းဈေးပွဲတော်ပြုလုပ်ရာ သိုင်းဈေးလွင်ပြင်တွင် မိမိတို့ အဆက်အသွယ်နှင့် မိမိတို့ပြုလုပ်ကြသော 'ကျိတ်ဝိုင်း' ဟုဆိုရမည့် အရောင်းအဝယ် အပေးအယူများတော့ရှိ၏။ ယင်းတို့ကို သိုင်းဈေးပွဲတော်က မည်သို့မျှ အရေးယူ တားဆီးခြင်းမရှိသလို အသိအမှတ်သည်း မပြုပါ။

သိုင်းဈေးပွဲတော်၏ ထူးခြားသော အဓိက အရောင်းအဝယ်များကို သိုင်းဈေးပွဲတော်နေ့၌ တောင်တစ်လုံးလိုက်ဂူတွင်သာ ပြုလုပ်သည်။

သည်နေ့ တောင်တစ်လုံးလိုက်ဂူတွင် ရောင်းချမည့်အရာများ စာရင်းတွင် ခနစ်ထွေမျက်နှာဖုံး၊ မြားတစ်စင်း တန်ရက်ကျိ၏ ရက်ပေါင်းသုံးဆယ်နှင့် ပြိုင်ဘက်ကင်း သူတော် လုကျွင်းဟန်၏ ဝါးခေါင်းအိုးဟူ၍ သုံးခုသာရှိ၏။ ဝယ်လိုသည့်အရာ စာရင်းတွင် အဆိပ်အမြုတေ ဆေး မြစ်၊ အရိုးဆွေးသဲ၊ ဆေးစိမ်ကျောက်ပြား၊ ဝင်ရိုးစွန်း ဝံဖြူသားရေဦးထုပ်၊ သွေးနက်ခါးအားလုံး ငါးမျိုး ရှိသည်။

ခုနစ်ထွေ မျက်နှာဖုံးမှာ မျက်နှာ(၇)မျိုး ဖန်တီးပြုနိုင်သော ရုပ်ပြောင်းရုပ်လွှဲ မျက်နှာဖုံး ဖြစ်သည်။ မြားတစ်စင်း တန်ရက်ကျိမှာ လက်ဖြောင့် လေးသမား ယောက်ဖြစ်ကာ ပစ်မှတ်တစ်ခုကို မလွဲတမ်း ထိမှန်အောင် ပစ်နိုင်သောကြောင့် မြားတစ်စင်းသာ သုံးသည် နာမည်ကျော်ကြားသည်။ သူ့ကို ရက်ပေါင်း(၃၀)ကြာ

www.burmeseclassic.com

www.burmeseclassic.com



ငှားရမ်းအသုံးချနိုင်သည့် အခွင့်အရေးကို ရောင်းခြင်းဖြစ်သည်။

ပြိုင်ဘက်ကင်း သူတော်စင် လုကျင်းဟန် ကွယ်လွန်သွားသည်မှာ ကြာပြီဖြစ်သည်။ အဆင့်မြင့် သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်သော်လည်း သူ၏ ဝါးဆစ်ခေါင်းအုံးသည် သိုင်းပညာနှင့် ပတ်သက်၍ ဘာမျှအသုံးမဝင်ပါ။ ရှားပါးသည့် အမှတ်တရ ပစ္စည်းတစ်ခုအနေဖြင့်သာ တန်ဖိုး ရှိသည်။

အရိုးဆွေး အဆိပ်သဲသည် အဆိပ်လကိနက် တစ်မျိုးဖြစ်သည်။ ထိမှန်ခံရလျှင် အဆိပ်စွမ်းရည်များသည် အရေပြားနှင့် အသားများကို စိမ့်ဝင်လျက် အရိုးတိုင် ရောက်သည်။ ချက်ချင်း အဆိပ်မသင့်သော်လည်း သုံးလအတွင်း အရိုးများဆွေးကာ ကောင်းကောင်း ဒုက္ခတွေ့နိုင်သည်။

အေးစိမ့် ကျောက်ပြားကမူ အအေးဓာတ် အခြေခံ အတွင်းအားများလေ့ကျင့်ရာတွင် တိုးတက်မြန်ဆန်အောင် အထောက်အကူ ပေးနိုင်စွမ်းရှိသည်။

ဝင်ရိုးစွန်း ဝက်ဝံဖြူ ဦးထုပ်ကတော့ အထူးခြားဆုံးပင်။ ဝက်ဝံဖြူများ ကျက်စားနေထိုင်ရာ ဝင်ရိုးစွန်းဒေသမှာ ဝေးလံလှပြီး ရာသီဥတုကလည်း အလွန်အေးမြလှသဖြင့် ရာ သွားလာရန် မဖြစ်နိုင်လောက်အောင် ခက်ခဲသည်။ ဝင်ရိုးစွန်းဝက်ဝံဖြူ၏ သားရေမင်လျှင် ရွှေထက်ရှားသည့် အဖိုးတန် ပစ္စည်းဖြစ်သည်။



သိုင်းလောကတွင် ဝင်ရိုးစွန်းဝက်ဝံဖြူ သားရေဦးထုပ်ဆို၍ တစ်လုံးတည်းသာ ရှိသည်။ ပိုင်ရှင်ကတော့ နှင်းမြုံဂိုဏ်းချုပ်ကြီး ဖန်းတာ့ရင် ဖြစ်သည်။ အလွန်လည်းတန်ဖိုးထား ဂုဏ်ယူကာ အမြဲဆောင်းထားလေ့ ရှိသည်။

သူ့အသက် ရှင်လျက်နှင့်တော့ ထိုဦးထုပ်ကို ဘယ်နည်းနှင့်မျှ အရယူနိုင်မည်မဟုတ်။ ဝင်ရိုးစွန်းဝက်ဝံဖြူသားရေဦးထုပ်ကို လိုချင်သည်ဆိုခြင်းမှာ နှင်းမြုံဂိုဏ်းချုပ်ကြီးကို လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းမှုသာ ဖြစ်ပေတော့သည်။

သွေးနက်ဓားကတော့ မကောင်းဆိုးဝါးများကို နှိမ်နင်းနိုင်သည်ဟု သတင်းကြီးနေသည့် ရှေးဟောင်း ဓားတစ်လက်ဖြစ်သည်။

* * *

''သိုင်းစျေးသည်ကြီး ဝမ်ကို ဝင်တွေ့နိုင်ပါပြီ၊ တစ်ယောက်ပြီးမှ တစ်ယောက်ဝင်ပါ''

အမှတ်စဉ်(၁)မှ (၅)ဖြစ်သော မျက်နှာဖုံးစွပ် လူငါးယောက် နေရာယူ ထိုင်ကြပြီးသော အခါ ညော့်ကြိုက ပြောသည်။

ရှေ့ဆုံးထိုင်ခုံတွင် ထိုင်နေသော လူက အသာထကာ အခန်းကျဉ်းလေး၏ အခြားတံခါးတစ်ခု ရှိရာသို့ သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုတံခါးတွင် တံခါးရွက်မရှိ။ အခန်းဆီးသာ ကာထားသည်။

ကာထားသော အခန်းဆီးကို ဖယ်၍ ဝင်လိုက်သော အခါ စင်္ကြံလမ်းတစ်ခုသို့ ရောက်သည်။ စင်္ကြံ လမ်းသည် ခပ်သေးသေး ရှည်ရှည် ဖြစ်သည်။ လိုဏ်ခေါင်း လမ်းကြောင်းတစ်ခုနှင့်ပင် တူနေသည်။

စင်္ကြံ လမ်းထဲတွင် မီးအိမ်ငယ် သုံးလုံးထွန်းထားလေသည်။

နေအလင်းရောင် ဝင်နိုင်သည့်အပေါက်မရှိသော်လည်း ကောင်းစွာလင်းနေသည်။

သေးသေးရှည်ရှည် လိုဏ်ခေါင်းသဏ္ဌာန် စင်္ကြံလမ်း အဆုံးတွင် တံခါးပေါက်တစ်ခုသို့ရောက်သည်။ ထိုတံခါးပေါက်တွင်လည်း တံခါးရွက်မရှိ၊ အခန်းဆီးသာကာထားသည်။

အခန်းဆီးကို အသာဖယ်ကာ လှမ်းဝင်လိုက်ရာအခန်းကျယ်ကြီးတစ်ခုသို့ ရောက်သည်။ ကောင်းကင် တစ်ခုလုံး လိုဏ်ဂူ၏ပင်မအခန်းကြီးဖြစ်သည်။

ကျယ်ဝန်းပြီး အလင်းရောင်လည်း ကောင်းကောင်း ရသည်။

အခန်းကြီးထဲတွင် စားပွဲတစ်ခုရှိသည်။ စားပွဲ၏ တစ်ဖက်တစ်ချက်တွင် ထိုင်ခုံတစ်လုံးစီ ချထားသည်။ စားပွဲမှာ အတော်ကြီးသည်။ ထိုင်ခုံများကလည်း မသေးလှသို့သော် အခန်းက ကျယ်ဝန်းပေရာ စားပွဲနှင့်ထိုင်ခုံတို့မှာ သေးငယ်သလိုထင်ရသည်။



အခန်းနံရံတွင် ဗီရိုတစ်လုံးရှိသည်မှလွဲ၍ အခြား ပရိဘောဂ ဘာမျှမရှိ။

စားပွဲနောက်ရှိထိုင်ခုံတွင် သိုင်းဈေးသည်ကြီးဝမ် ထိုင်နေသည်။ စားပွဲရှေ့ထိုင်ခုံကတော့ လွတ်နေသည်။ စားပွဲပေါ်တွင် မှတ်တမ်းစာအုပ်တစ်အုပ်၊ စာရွက်လွတ်အနည်းငယ်၊ စုတ်တံတစ်ချောင်းနှင့် စာရေးသည့်ကိရိယာပစ္စည်းတစ်စုံရှိသည်။

"ကျုပ် သိုင်းဈေးသည်ကြီး ဝမ်ပါ၊ ကြိုဆို ပါတယ်၊ ထိုင်ပါ"

သိုင်းဈေးသည်ကြီး ဝမ်က ခရီးဦးကြိုဆို စကားပြောသည်။

အမှတ်စဉ်(၁)ရထားသော မျက်နှာဖုံးစွပ်သည်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်း လာပြီး ထိုင်ခုံ လွတ်တွင် ထိုင်ချသည်။

"အမှတ်စဉ်ကြေးပြား ကြည့်ပါရစေ"

မျက်နှာဖုံးစွပ်လူက အင်္ကျီ လက်မောင်းစကြားမှလက်ထိုးသွင်းကာ တစ်စုံတစ်ရာကို နှိုက်ယူကာပြသည်။

အမှတ်စဉ်ကြေးပြားတော့ မဟုတ်။

သက်တန့်ပုံ နောက်ခံတွင် ဓားတိုတစ်လက် ကိုင်ထားသော ဘီလူးခေါင်းရုပ်ပုံပါရှိသည့် သင်္ကေတပြား တစ်ခု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဈေးသည်ကြီး ဝမ်၏ကိုယ် ဆတ်ခနဲတုန်သည်။
ထိုင်နေရာမှသည်း ဝုန်းခနဲထရပ်သည်။
ပျာပျာသလဲပင် ဦးညွှတ်အရိုအသေပေးသည်။

''ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးပါတယ်၊ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သိုင်းလောကကို ဦးစီးရှေ့ဆောင်နိုင်ပါစေ''

အမှတ်စဉ်(၁)ရထားသော သူအသွင်ဖြင့် ရောက်လာသည့်မျက်နှာဖုံးစွပ်မှာ ဈေးပွဲတော်နေ့ကို နောက်ကွယ်မှ လျှို့ဝှက်စွာ ထိန်းချုပ်စီမံနေသော သက်တန့်ဘီလူးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ဖြစ်နေသည်။

* * *

သက်တန့်ဘီလူးဂိုဏ်းသည် လူသူအင်အားတောင့်တင်းကာ သိုင်းပညာစွမ်းထက်မြက်သည့် လက်ရွေးစင် သိုင်းသမားများနှင့် လက်ရဲဇက်ရဲကြမ်းကြမ်းရမ်းရမ်းလှုပ်တတ်သော လက်မရွံ့ သိုင်းသမားများ ရှိသော်လည်း သိုင်းလောကတွင် ပေါ်ပေါ် ထင်ထင် လှုပ်ရှားခြင်း မပြုသေးပေ။

သိုင်းဂိုဏ်းအချို့ကို သြဇာခံအဖြစ် သိမ်းသွင်းထားနိုင်ပြီး သိုင်းလောကနှင့်ပတ်သက်၍ ဆောင်ရွက် ဖွယ်ရာရှိသည်များကို ကိုယ်စား ဆောင်ရွက်လှုပ်ရှားနေခဲ့သည်။



ဓားတစ်ရာရဲတိုက်မှာလည်း သက်တန့်ဘီလူးဂိုဏ်း၏သြဇာခံဖြစ်သည်။

အဘက်ဘက်မှ ပြည့်စုံကာ အင်အား တောင့်တင်း နေသော်လည်း အတိအလင်းပေါ်ထွက် မလှုပ်ရှားသေးခြင်းမှာ သက်တန့်ဘီလူးဂိုဏ်း ဂိုဏ်းချုပ်ကြီး၏ စိုးရိမ်ကြောင့်ကြမှုတစ်ရပ်ကြောင့်ဖြစ်သည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်ကြီး၏ သိုင်းပညာသည် သိုင်းလောကတွင် ထိပ်တန်းအဆင့်လောက်တွင် ရှိသည်။ သူ့ကို ယှဉ်နိုင်သည့် သိုင်းသမားလည်း မရှိသလောက်ပင် ရှားသည်။

သို့ရာတွင် သက်တန့်ဘီလူး ဂိုဏ်းချုပ်ကြီးသည် 'မိုးမြေဝိဉာဉ်အတွင်းအား'နှင့် 'ရောင်စဉ်သိုင်းပညာ'တို့ကိုတော့ အတော်ပင် စိုးရိမ်သောက ရှိသည်။ ထိုသိုင်းပညာတို့ကို သူ့အနေဖြင့် ယှဉ်နိုင်စွမ်းရှိမှရှိပါမလားဟူလည်း စိတ်မချဖြစ်နေသည်။

မိုးမြေဝိဉာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာ တို့ကို တတ်မြောက်သူ ပြိုင်ဘက်ကင်း သူတော်စင်လုကျင်းဟန်ကွယ်လွန်သွားပြီဖြစ်သော်လည်း လုကျင်းဟန်၏ သိုင်းပညာ အမွေဆက်ခံရရှိသူ သိုင်းမျိုးဆက် တစ်ယောက်ယောက်ကျန်နေရစ်မည်ကို တွေးပူနေသည်။

ထိုသို့သော သိုင်းမျိုးဆက်ကျန်ခဲ့ခြင်း ရှိမရှိ သေသေချာချာသိရအောင် အထပ်ထပ် အဖန်ဖန် စုံစမ်းမှုများကို လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဈေးပွဲတော်များမှာလည်း ထိုထို စုံစမ်းစစ်ဆေးသည့်လှုပ်ရှားမှုများဖြစ်ကြသည်။

ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် တစ်ကွက်စနှစ်ကွက်စ တတ်မြောက်သူအနည်းအကျဉ်းကို ခြေရာကောက်ဖော်ထုတ်သိရှိခဲ့သော်လည်း လုကျင်းဟန်၏ သိုင်းပညာများကို အမွေဆက်ခံရရှိသည့် သိုင်းမျိုးဆက်အကြောင်းတော့ တိကျရေရာသည့်သတင်း တစ်စွန်းတစ်စမျှ မရခဲ့ပေ။

ထိုသို့သိုင်းမျိုးဆက်ကျန်ရစ်သည်ဟူသောကောလာဟလသတင်းများရခဲ့သော်လည်း သေသေချာချာ စစ်ဆေးစုံစမ်းကြည့်သောအခါတွင်တော့ အထင်နှင့် ကားချဲပြောသည့် အခြေအမြစ်မရှိသော သတင်းမှားများဖြစ်ကြောင်း တွေ့ခဲ့ရသည်။

ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် တစ်ကွက်စ နှစ်ကွက်စ တတ်မြောက်ထားသူတို့အနေဖြင့် သူ့ကို မည်သို့မျှ အန္တရာယ်မပေးနိုင်သည့်အတွက် သက်တန့်ဘီလူးဂိုဏ်းချုပ်က ထိုသူများကို ဘာမျှမလုပ်ခဲ့။

သက်တန့်ဘီလူးဂိုဏ်းတွင် ပါဝင်ချင်လာအောင် စည်းရုံးကာ စိတ်ပါလာသူသုံးယောက်ကို ဂိုဏ်းဝင်အဖြစ်လက်ခံကာ အခွင့်အရေးပေး၍ပင်ထားခဲ့သည်။

ဂိုဏ်းဝင်ဖို့ စိတ်မပါသူများကိုလည်း မိတ်ဆွေများအဖြစ်ရှိနေအောင်လုပ်ထားလျက် ဆိုက်သင့်သလို ကူညီပေးတမ်းထားသည်။



ယခုအခါတွင် လုကျင်းဟန်၏သိုင်းပညာအမွေဆက်ခံရသော သိုင်းမျိုးဆက်မရှိနိုင်တော့ဟု ကောက်ချက်ချနိုင်မည့် အခြေအနေရောက်လာရာ သက်တန့်ဘီလူးဂိုဏ်းချုပ်က မိမိဘို့ဂိုဏ်းကို လူသိရှင်ကြားပြုလျက် ပေါ်ပေါ်ထင်ထင်လှုပ်ရှားတော့ရန်ဆုံးဖြတ်ကာ ပြင်ဆင်မှုများပင် လုပ်ဆောင်သင့်သမျှ လုပ်ဆောင်ပြီးလေပြီ။

ယခုတစ်ခေါက် ကျင်းပသော သိုင်းဈေးပွဲတော်မှာလည်း နောက်ဆုံးအကြိမ်ဖြစ်၏။ ဤသိုင်းဈေးပွဲတော်နေ့အပြီးသတ်ပြီးလျှင် နောက်ထပ် သိုင်းဈေးတော်နေ့ မရှိတော့ဘဲ သက်တန့်ဘီလူးဂိုဏ်းသာ ထင်ထင်ရှားရှားပေါ်ပေါက်လာပေလိမ့်မည်။

အပြီးသတ် နောက်ဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သော သိုင်းဈေးပွဲတော်နေ့သို့ သက်တန့်ဘီလူးဂိုဏ်းချုပ်သည် ရုပ်ဖျက်ကာ လာရောက်ကြည့်ရှုခဲ့၏။ ဤသို့လာရောက်ကြည့်ရှုခဲ့ရာမှ သူ့စိတ်ထဲတွင် သံသယပင်စရာလေးများတွေ့ရသောကြောင့် အရေးပေါ် ဆောင်ရွက်နိုင်ရန် သိုင်းဈေးသည်ကြီးဝမ်ထံသို့ ကိုယ်တိုင်လာတွေ့ဆုံခြင်းဖြစ်သည်။

သိုင်းဈေးပွဲတော်နေ့များနှင့်ပတ်သက်သမျှ အားလုံးကို သိုင်းဈေးသည်ကြီးဝမ်ကို လုံးဝ အာဏာကုန်လွှဲအပ်ထားကာ သိုင်းဈေးပွဲတော်နေ့ပြီးစီးမှသာ ဂိုဏ်းချုပ်ကို သွားရောက်တွေ့ဆုံလျက် အသေးစိတ် အစီရင်ခံ တင်ပြမြဲဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အယောင်မပြသေးဘဲ အသာ လျှို့ဝှက်၍နေလေသော သက်တန့်ဘီလူး ဂိုဏ်းချုပ်ကိုယ်တိုင် မလာစဖူး မိမိထံသို့ ရုတ်တရက် ရောက်လာသည့်အတွက် အရေးပေါ်ကိစ္စတစ်ခုခုဖြစ်ပေါ်ပြီဟု သိုင်းချေးသည်ဝမ်တွက်မိ၏။

ထို့ကြောင့် အရိုအသေပြုနှုတ်ဆက်စကားဆိုပြီးနောက် သိုင်းချေးသည်ကြီးဝမ်သည် ဂိုဏ်းချုပ်ပြောမည့် စကားများကို အသာ နားစွင့်နေသည်။

"နဂါးငွေးရင်ထန်မင်းနဲ့ မင်းသားလေးကျင့်ဝမ်ရယ်တို့အပေါ် ခင်ဗျား ဘယ်လိုမြင်လဲ"

ဂိုဏ်းချုပ်က စမေးလာသည်။

"သူတို့နှစ်ယောက်လုံး အသက် ငယ်ရွယ်ကြပေမယ့် အတော်ကို သိုင်းပညာအစွမ်းထက်ကြပါတယ်၊ တစ်ကိုယ်တော်သဘောလုပ်ရှားနေကြတာပါပဲ၊ဂိုဏ်းချုပ်ကြီးစုံစမ်းနေတဲ့ သိုင်းမျိုးဆက်ဖြစ်မယ်ဆိုရင် သူတို့နှစ်ယောက်သာ အဖြစ်နိုင်ဆုံးလူတွေပါပဲ"

"ဟုတ်ပြီ....ဆက်ပြော"

"သူတို့နှစ်ယောက် သိုင်းချေးသွင်ပြင်ကို ရောက်လာတာနဲ့ ကျွန်တော် အသာစောင့်အကဲခတ်ကြည့်နေပါတယ်၊ ရင်ထန်မင်းက အနောက်ပိုင်းအဆိပ်နန်းတော်ရဲ့ အဆိပ်ဩဇာဆေးမြစ်ကို ခိုးယူလာတယ်၊ သူဟာ လုကျင်းဟန်ရဲ့ သိုင်းမျိုးဆက်ဖြစ်တယ်ဆိုရင် ဒီလိုကိစ္စမျိုးလုပ်မှာ မဟုတ်ပါဘူး"



"ယတိပြတ်ပြောလို့မရဘူးလေ၊ ကျုပ်တို့ မသိနိုင်တဲ့ အကြောင်းရင်းတစ်ခုခုကြောင့် ဒီလိုမျိုး လုပ်တာဆိုရင်ကော"

"ဟုတ်ကဲ့၊ အဲဒီလိုလဲ ဖြစ်နိုင်ပါတယ်"

"ဒါနဲ့ ရင်ထန်မင်းက အဆိပ်ဩဇာဆေးမြစ်ကို ထုတ်ရောင်းမယ်လို့သတင်းဖြစ်နေတာကကော"

"သူခိုးလာတဲ့ အဆိပ်ဩဇာဆေးမြစ်ကို သိုင်းချေးပွဲနေ့မှာ ရောင်းချင်တယ်လို့ အကြောင်းကြားထားချက်ရှိပါတယ်"

"ဒါဆို ဘာကြောင့် ရောင်းမယ့်စာရင်းထဲမှာ အဆိပ်ဩဇာ ဆေးမြစ် မပါဘဲ အခုယ်စာရင်းထဲမှာ ပါနေရတာလဲ"

"ရင်ထန်မင်းက အဆိပ်ဩဇာဆေးမြစ် ရောင်းမယ်ဆိုတဲ့သတင်းပျံ့နေတာကြောင့်လား မသိဘူး၊ ဝယ်ချင်တဲ့လူတွေ အတော်များများက လာစာရင်းပေးကြတယ်၊ ဒါပေမယ့် အရောင်းပစ္စည်းအပ်ရမယ့် နောက်ဆုံးအချိန်မှာတော့ ရင်ထန်မင်းပေါ်မလာဘူး၊ ဆေးမြစ်လဲမအပ်ဘူး၊ ဒါကြောင့် ကြိုတင်ဆက်သွယ်မှုရှိပေမယ့် အရောင်းပစ္စည်းစာရင်းထဲမှာ အဆိပ်ဩဇာဆေးမြစ်အမည်ကို မထည့်ဘဲ ဖယ်ထုတ်ပစ်ရတာပါ"

"သိုင်း ယှဉ်ပြိုင်ပွဲမှာ သူ ဒဏ်ရာရသွားတာကြောင့် လာမဆက်သွယ်နိုင်တော့တာလား မသိဘူး"

"ဖြစ်နိုင်ပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



''သူဖတ်ရာရထားတာနဲ့ ပတ်သက်ပြီးတော့ ခင်ဗျား ဘယ်လိုထင်လဲ''

''ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ မကြည့်မမြင်ခဲ့ရပေမယ့် ကျွန်တော့် အယောက်တော်တွေ ပြောကြားချက်အရ ရင်ထန်မင်းဟာ အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရသွားတာပါ၊ သူဟာ ကျောက်စိမ်းကလျာ ဟန်ပိယောင်ကို စသိုလို့ တိုက်ရင်းက အပိုင်အနိုင်ယူဖို့ အကွက်ဆင်ရာမှာ ဟန်ပိယောင်ရဲ့ ခုခံဟန်ပြန်ကွက်က လက်ဦးသွားတယ်လို့ သိရပါတယ်''

''ကျုပ်လဲ အဲဒီ သိုင်းပြိုင်ပွဲကို သွားကြည့်ခဲ့ပါတယ်၊ ဒါပေမယ့် အဝေးကနေ မယောင်မလည် လှမ်းကြည့်တာဆိုတော့ မမြင်လိုက်ရဘူး''

''သူ အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရသွားတယ်ဆိုတော့ ကျွန်တော်တို့ စုံစမ်းနေတဲ့လူ မဖြစ်နိုင်တာသေချာသွားပါပြီ၊ လုကျင်းဟန်ရဲ့ သိုင်းပညာအမွေခံ သိုင်းမျိုးဆက် တစ်ယောက်ဟာ ကျောက်စိမ်းကလျာ ဟန်ပိယောင်လို မိန်းကလေးတစ်ယောက်ရဲ့ လက်ဝါးရိုက်ချက် ဆယ်ချက် အသိ ခံရတာတောင် ဒီလိုအတွင်းဒဏ်ရာ ရစရာအကြောင်းမရှိဘူး''

သက်တန့်ဘီလူး ဂိုဏ်းချုပ်ဟာ ခေါင်းတဆတ်ဆတ်လုပ်ကာ စဉ်းစားသလို ပြုနေသည်။ ဈေးသည်ကြီးဝမ်ကလည်း ဘာမျှဆက်မပြောဘဲ အသာငြိမ်နေသည်။



''မင်းသားလေး၊ ကျင့်ဝမ်ရယ်ကို လက်တွေ့ ရင်ဆိုင်တိုက်ခိုက်ပြီး စမ်းသပ်ကြည့်ပါ၊ လောက်ယူကိုလဲ လှမ်းမကမ်းကနေ အကြည့်ခိုင်း၊ သံသယဖြစ်စရာလေးတွေရှိလာတယ်ဆိုရင် အပြတ်ရှင်းပစ်လိုက်''

ခဏအကြာတွင် ဂိုဏ်းချုပ်က ပြောသည်။

ကျင့်ဝမ်ရယ်မှာ သိုင်းလောကတွင် ဝင်ထွက်လှုပ်ရှားနေသော်လည်း မင်းမျိုးမင်းနွယ် မင်းသား အာခံအမှုန်တစ်ယောက် ဖြစ်ပေရာ တိုက်ခိုက် သုတ်သင်ပစ်လိုက်လျှင် ဆိုးရွားသော အကျိုးဆက် အန္တရာယ်တွေ ပေါ်လာနိုင်သည်ကို သိသည့်အတွက် ဈေးသည်ကြီးဝမ် တုန့်တုန့်လှုပ်လှုပ် ဖြစ်သည်။

''ကျုပ်ပြောတာ ကြားတယ်မဟုတ်လား''

''ဟုတ်ကဲ့၊ ကြားပါသယ် ဂိုဏ်းချုပ်ကြီး''

''ကြားတယ်ဆိုရင် ကျုပ်ပြောတဲ့အတိုင်း လုပ်''

''ဟုတ်ကဲ့....ဟုတ်ကဲ့''

''လုကျင်းဟန်ရဲ့ ဝါးခေါင်းအုံးကိုတော့ ဘယ်သူက ရောင်းဖို့ လာအပ်တာလဲ''

''သူဖုန်းစားအိုကြီး တစ်ယောက်ပါ''

''သူဖုန်းစားအစစ်လား အတုလား''

''သူဖုန်းစား အတုဖြစ်ဖို့ များပါတယ်၊ ဒါကြောင့် ကျွန်တော့်လူ နှစ်ယောက်ကို စောင့်ကြည့်ဖို့ ခိုင်းထားပါတယ်''

''ဘယ်တုန်းက ပစ္စည်းလာအပ်တာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မနေ့ည အရောင်းပစ္စည်းဆောက်ခဲ့တဲ့ နောက်ဆုံးပိတ်အချိန်မှာပါ"

"အဲဒီ သူဖုန်းစားအတုကော ဝါးခေါင်းအုံးဝယ်တဲ့လူကော ရှင်းပစ်လိုက်"

"ဂိုဏ်းချုပ်ကြီး အမိန့်အတိုင်းပါ"

အမိန့်နာခံလိုက်ရသော ဈေးသည်ကြီးဝမ်မှာ အဓော်လေးပင် စိတ်လှုပ်ရှားချနေသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် ခက်ထန်မာကျောသော်လည်း သည်လိုပြင်းထန်လှသည့် သုတ်သင်မှုမျိုးကို ယခင်က မလုပ်ဖူးခဲ့ပါ။ သံသယစင်စရာအကြောင်း အနည်းငယ်မျှသာ ရှိသူများကိုပါ သုတ်သင်ပစ်ရန် စေခိုင်းနေသည်ကို နားမလည်နိုင်သလို ဖြစ်နေသည်။

သည်ဈေးပွဲတော်နေ့ပြီးပြတ်လျှင် သက်တန့်ဘီလူးဂိုဏ်းကို ထင်ထင်ပေါ်ပေါ် အတိအလင်း လှုပ်ရှားတော့မည်ဖြစ်သည့်အတွက် အန္တရာယ်ပြုနိုင်မည့် ရန်ကြွင်းရန်ငုတ် မရှိရလေအောင် သက်တန့်ဘီလူးဂိုဏ်းချုပ်က အပြတ်ရှင်းပစ်နေခြင်း ဖြစ်သည်။

"မြားတစ်စင်း တန်ရက်ကျိုရဲ့ ရက်သုံးဆယ်ကို ဝယ်ယူလိုက်"

သက်တန့်ဘီလူးဂိုဏ်းချုပ်က အမိန့်ပေးသည်။

"ဟုတ်ကဲ့"

"စခန်းတည်ဆောက်ဖို့ အစီအမံတွေအသင့်ရှိပြီလား"



"အားလုံး အဆင်သင့်ပါ၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ရရင် အားလုံး စကြပါတော့မယ်"

"ကောင်းတယ်၊ စ, လုပ်ကြပေတော့"

* * *

ပြိုင်ဘက်ကင်းသူတော်စင် လုကျင်းဟန်၏ ဝါးခေါင်းအုံးကို ဝယ်ယူနိုင်ရန် ဈေးပြိုင်ပေးကြသူ ခုနှစ်ယောက်ပင် ရှိသည်။

အမှတ်စဉ် (၁၄)ရထားသူက ဈေးအမြင့်ဆုံးပေးကာ ဝယ်ယူသွားသည်။

ငွေချေပစ္စည်းအပ်ပြီးနောက် သိုင်းဈေးသည်ကြီးဝမ်၏ လျို့ဝှက် ညွှန်ကြားစီစဉ်ထားမှုအတိုင်း လက်မရှိသိုင်းသမား စွန်ရဲ(၁၀)နှင့် (၁၁)တို့သည် ဝယ်ယူသွားသူ၏ နောက်မှ မယောင်မလည်နှင့် နောက်ယောင်ခံ လိုက်သွားကြသည်။

ထိုသူသည် ခေါင်းစွပ် မျက်နှာဖုံးနက်ကြီးကို စွပ်လျက်သား အနက်ရောင် ဝတ်စုံကြီးကို ဝတ်လျက်သားနှင့်သွားနေသည်။

သိုင်းဈေးပွဲတော်နေ့တွင် သည်လိုဝတ်စားပုံမျိုးသည် အတော်ပင် လူကြိုက်များသည်။ ဈောင်တစ်လုံးလိုက်ဂူဈေးနောင်းပွဲတွင် ပါဝင်သူများသည် တစ်နေကုန်ပင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်လျက်သား လျှောက်သွားလာနေတတ်ကြသည်။

တောင်တစ်လုံးလျှိုကျော်ဂူ ဈေးရောင်းပွဲတွင် ပါဝင်ခြင်းမရှိသူအချို့ကလည်း ထိုဝတ်စားမှုမျိုး တုပလုပ်ဆောင်သွားလာနေကြသည်။ သိုင်းဈေးပွဲတော်၏ နေရာတိုင်းလိုလိုမှာပင် မျက်နှာဖုံးနက်စွပ်လျက် အနက်ရောင်ဝတ်စုံဖားဖားကြီးများဝတ်ထားသည့်လူတွေ လက်ညှိုးထိုးမလွဲအောင် ရှိနေသည်။

မိမိတို့ နောက်ယောင်ခံလိုက်သူသည် အဝတ်အစားဆင်တူ၊ အသွင်အပြင်တူလို ဖြစ်နေကြသည့် အခြားသောမျက်နှာဖုံးနက်စွပ်ကာ ဝတ်စုံနက်ဖားဖား ဝတ်ထားကြသူများ အကြားတွင် ရောနှောကာ မျက်ခြည်ပြတ် ပျောက်ကွယ်သွားမည်ကို စွန်ရဲနှစ်ယောက် တွေးပူမိကြသေး၏။

သို့သော်....

သူတို့အတွက် ကံကောင်း ထောက်မနေသည်ဟု ပြောရလေမည်လားမသိ။ အမှတ်စဉ်(၁၄)ရထားသူသည် သိုင်းဈေးပွဲတော်၏ လူစည်ကားရာ နေရာများကို မသွား။ ပွဲခင်းအပြင်ဘက်သို့သာ ခပ်မှန်မှန်လျှောက်လှမ်း၍ တစ်ခါတည်း တန်းထွက်သွားသည်။

စွန်ရဲ(၁၀)နှင့်(၁၁)တို့အတွက် နောက်ယောင်ခံလိုက်ရမှု အဆင်ပြေနေသည်။



သိုင်းဈေးပွဲတော် ပွဲခင်းပရဝဏ်အပြင်ဘက်တွင်တော့ လူသူကင်းရှင်းသလိုဖြစ်နေသည်။ ထိုသူရှေးရှုသွားရာတွင် တောင်ကမူလေးတစ်ခုနှင့် ဝါးရုံလေးငါးရုံရှိနေသည်။

ထိုနေရာသည် မျက်ကွယ်လည်းဖြစ်လျက် လူသူလည်းကင်းဝေးသည်။ ထိုနေရာတွင်ပင် အမှတ်စဉ်(၁၄)ရထားသူကို အပြတ်ရှင်းပစ်လိုက်ကြရန် စွန်ရဲ(၁၀)က ဆုံးဖြတ်ကာ သူ့အဖော်ကို လက်ဟန်ပြသည်။

စွန်ရဲ(၁၁)ကလည်း နားလည် သဘောတူကြောင်းကို ပြန်လက်ဟန်ပြသည်။

ဝါးရုံများအကြားသို့ ဝင်မိကြသည်။
စွန်ရဲနှစ်ယောက်တို့ အလုပ်စကြပြီ။
လက်နက်များကိုယ်စီ ထုတ်ယူလိုက်ကြသည်။

* * *

စွန်ရဲများ၏ လက်နက်မှာ စွန်ရဲဓားဖြစ်သည်။ စွန်ရဲတစ်ကောင်၏ နှုတ်သီးသဏ္ဌာန်ဖြစ်ကာ ဓားဖျားက ကောက်ကာ ကောက်၍ ချွန်ထက်သော ချိတ်တစ်ခုလိုဖြစ်သည်။

ဓားရွက်တွင် အသွားတစ်ဖက်သာပါရှိသည်။ ဓားရွက်မှာကား အခြားသော ဓားများထက် အတော်ကျယ်ပါးလှသည်။ ပါးလှသည့်အတွက် ပေါ့ပါးသော

www.burmeseclassic.com



ကြောင့် အလျင်အမြန် ထိုးခုတ်တိုက်ခိုက်သည့် သိုင်းကွက်များအတွက် အထူးသင့်လျော်သော ဓားဖြစ်သည်။

စွန်ရဲသိုင်းသမားများ၏ သိုင်းဟန်ကလည်း စွန်ရဲ တစ်ကောင် တိုက်ခိုက်သလို အရှိန်အဟုန်မြန်မြန်နှင့် ထိထိမိမိ သိုင်းဟန်များဖြစ်ကြသည်။ အမြန်ဝင်၊ အမြန်တိုက်၊ အမြန်ထွက်၊ အမြန်ရှောင်၊ အလွန်ပင် သွက်လက်မြန်ဆန်သည်။

လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်တတ်သည့်အပြင် ဓားချက်များကလည်း ရက်စက်သည့်အတွက် တစ်ဖက်လူ ဘာဖြစ်သွားသည်ကို မသိသေးမီပင် စွန်ရဲသိုင်းသမားများက လက်ဦးသွားပြီး ဖြစ်နေတတ်သည်။

ယခုလည်း လက်နက်များ ဆွဲထုတ်မှုနှင့်အတူ လှုပ်ရှားတိုက်ခိုက်မှုကလည်း ဆက်တိုက်ပင် ပေါ်ထွက်သည်။

"ဂွစ်"

စွန်ရဲ(၁၀)၏ ဓားချက်ဝှေ့ယမ်း လေခွင်းသံသဲ့သဲ့ ပေါ်သည်။ စွန်ရဲ(၁၁)၏ ဓားချက်တော့ ဘာသံမှမကြည်။

နှစ်ယောက်ညှပ်၍ တိုက်ခိုက်မှုတွင် စွန်ရဲ(၁၀)က ဓားသံ သဲ့သဲ့ ပေါ်ထွက်အောင် ထမင်လုပ်ကာ တစ်ဖက်လူ၏ အာရုံကို ဆွဲဆောင်သည်။ စွန်ရဲ(၁၀)၏ဓားသံကြောက် အာရုံ ရောက်ချိန်တွင် စွန်ရဲ (၁၁)၏ အသံမဲ့ဓားချက်က ပွဲသိမ်း ထိုးနှက်လာပေလိမ့်မည်။

စွန်ရဲ(၁၀)နှင့်(၁၁)တို့သည် သည်လိုနှစ်ယောက်တွဲကာ တိုက်ခိုက်သုတ်သင်မှုများ လုပ်နေကျမို့ အပေးအယူမျှ၏



ပါးခေါင်းအိုး ဝယ်သွားသောလူ တစ်ခါတည်းနှင့် ပြတ်သိမ်းရမည်စွာ သူတို့ အပိုင်တွက်ထားကြသည်။

သို့ရာတွင်....

သိုင်းလောကတွင် အပိုင်ဟု သေချာခဲပါက်တွက်လို့မရ။ တွက်ထားသည့် အတိုင်း ဖြစ်မလာဘဲ စိတ်သင်တိုင်း မပေါက်သည့် အကြိမ်များလည်း ရှိတတ်သည်။

သူတို့၏ ပစ်မှတ်ဖြစ်သော အမှတ်စဉ်(၁၄)ရထားသူသည် ရုတ်တရက် ကိုယ်ယောင်ဖျောက်သိုက်သလို ပျောက်ကွယ်သွားသည်။

မိမိတို့ ရှေ့ဘက်တွင် ထင်းထင်းကြီးရှိနေရာမှ မြေလျှိုးမိုးပျံသွားသည့်အလား၊ လူလုံးပျောက်သွားသည့် အတွက် စွန်ရဲနှစ်ယောက် အကြီးအကျယ် အံ့ဩသွားသည်။ သူတို့၏ ဓားချက်များကလည်း လွဲချော်ကာ ကိုးရိုးကားရား ဖြစ်ကုန်ကြသည်။

မိမိတို့အချင်းချင်း ပြန်မခုတ်မိအောင် မနည်းကြီးထိန်းလိုက်သိမ်းလိုက်ရသည်။ သိုင်းဟန်တွေကတော့ ပျက်ကုန်သည်။ လူတွေလည်း ယိမ်းယိုင်ရှုပ်ထွေးကုန်သည်။

သူတို့နှစ်ယောက် ဟန်ချက်များကို ပြန်ထိန်းလိုက်နိုင်ချိန်မှာတော့ ဒဂ်ါးဝိုင်းလက်နက်ပုန်း ... သူတို့အနားသို့ ရောက်လာလေပြီ။

လက်နက်ပုန်းဖြင့် အပစ်ခံရကြောင်းသိသည့် အချိန်မှာပင် လက်နက်ပုန်းဒဂ်ါးဝိုင်းများက စွန်ရဲ(၁၀)နှင့်(၁၁)

www.burmeseclassic.com



တို့၏ ချက်ကောင်းနေရာများကို ကျကျနန ထိမှန်သွားကြလေတော့သည်။

အမှတ်စဉ်(၁၄) ရထားသူလည်း စွန်ရဲနှစ်ယောက်၏အနားသို့ လှစ်ခနဲရောက်လာသည်။ ခေါင်းစွပ် အနက်ကို ဆတ်ခနဲဆွဲချွတ်လိုက်သည်။

သို့သော် စွန်ရဲ(၁၀)နှင့်(၁၁)တို့သည် သူတို့နောက်ယောင်ခံလိုက်ကာ သုတ်သင်ရမည့်လူ၏မျက်နှာကို မမြင်နိုင်တော့။

ဘိုင်းခနဲ၊ ဘိုင်းခနဲပင် လဲကျသွားကြလေပြီ။

အကယ်၍ မြင်နိုင်စွမ်း ရှိကြမည် ဆိုလျှင် စပ်စပ်စုစု ကျွန်းယုယုကို တွေ့ကြမြင်ကြရပေလိမ့်မည်။

"တို့မောင်တွက်တဲ့အတိုင်း အားလုံး ကွက်တိကျ ဖြစ်တာပဲ၊ သူတို့ တို့နောက်ကနေ နောက်ယောင်ခံ လိုက်လာကြတယ်၊ ပြီးတော့ တို့မောင် ကြိုမှန်းဆပေးထားသလိုပဲ ဒီဝါးရုံတွေကြားထဲ ရောက်တာနဲ့ ဝင်တိုက်ကြတာပဲ"

ကျွန်းယုယုက အားရစွာပြောသည်။

"သိပ်မချီးကျူးပါနဲ့ဗျာ၊ သိုင်းသမားဆိုးတွေရဲ့ ယုတ်မာကောက်ကျစ်တဲ့ စိတ်နေစိတ်ထားကို သိပြီး ပရိယာယ်ဆင်လိုက်တာပါ၊ သူတို့က ကျွန်တော်ဆင်ထားတဲ့ပရိယာယ်ဆင်ကွက်ထဲ တည့်တည့်ကို တိုးလာကြတာကိုး၊ မမရဲ့ကိုယ်ဖော့ပညာနဲ့ လက်နက်ပုန်း ပစ်လွှတ်မှုတလဲ အရမ်းကို ကောင်းလွန်းလို့ တစ်ခါတည်းပွဲပြတ်သွားတာပါ"



စကားသံနှင့်အတူ ဝါးရုံတစ်ခု၏ နောက်ကွယ်မှ နဂါးလေးရင်ထန်မင်း ပျော်ကလှမ်းထွက်လာလေသည်။

*　　*　　*

ရင်ထန်မင်းနှင့် ကျွန်းယုယုတို့ နှစ်ယောက်လုံးသည် သက်တန့်ဘီလူးဂိုဏ်း၏ လှုပ်ရှားမှုများကို မိမိတို့ စိတ်ဝင်စားမှုနှင့်မိမိတို့ စောင့်ကြည့်စုံစမ်းနေခဲ့ကြသည်။

ယခင်က သက်တန့်ဘီလူးဂိုဏ်းသည် အလွန်လျှို့ဝှက်သိသိပ်စွာ လှုပ်ရှားနေခဲ့ရာ သတင်းအစအနလေး ရနိုင်ဖို့ပင် အလွန်ကို ခက်ခဲနေခဲ့သည်။

သို့ရာတွင် သက်တန့်ဘီလူးဂိုဏ်း ထင်ထင်ရှားရှား ပေါ်ထွက်လှုပ်ရှားတော့ရန် စီစဉ်လာသည့်အခါတွင်တော့ လျှို့ဝှက်မှုများ သိပ်မရှိတော့သည့်အတွက် ရင်ထန်မင်းနှင့် ကျွန်းယုယုတို့အနေဖြင့် သတင်းများ ရသင့်သလောက် ရခဲ့သည်။

အနောက်ပိုင်း အဆိပ်နန်းဆောင်နှင့် သက်တန့်ဘီလူးဂိုဏ်းတို့ ပူးပေါင်းရန် ကြံစည်လာမှုသတင်းတို သူတို့နှစ်ယောက် ကြားသိခဲ့ကြသည်။

မိတ်ဖွဲ့ ပူးပေါင်းမှုလက်ဆောင်အဖြစ် အနောက်ပိုင်း အဆိပ်နန်းတော်က အဆိပ်ဩဇာ ဆေးမြစ်တို့ သက်တန့်ဘီလူးဂိုဏ်းချုပ်လက်သို့ပေးအပ်ရန် စီစဉ်နေမှုကိုပါ သိရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြရာ ရင်ထန်မင်းက လက်ဦးမှုယူသည့်အနေဖြင့် အဆိပ်ဩဇာဆေးမြစ်ကို ခိုးယူခဲ့သည်။

အဆိပ်ဩဇာဆေးမြစ် လက်ကျိုင်အားကိုး ရှိနေသည့်အတွက် ရင်ထန်မင်းသည် လရိုပ်အရက်ဆိုင်တွင် ကျန်းယုယု၏ အဆိပ်ခတ်ထားသော အရက်ကို သောက်သော်လည်း အဆိပ်မသင့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ အဆိပ်မသင့်ခဲ့မှုမှ နေ၍ ရင်ထန်မင်းနှင့် ကျန်းယုယုတို့နှစ်ယောက် 'တစ်ယောက်ခြေကို တစ်ယောက်ကမြင်ကာ' နားလည်မှုရှိလျက် ပူးပေါင်းမိသွားကြလေသည်။

ရင်ထန်မင်းသည် သူဖုန်းစားအိုကြီးတစ်ယောက်အသွင်ရုပ်ဖျက်လျက် မြို့ပ်ဘက်ကင်း သူတေဒီစင် လူကျင်းဟန်၏ ဝါးခေါင်းအုံးကို ရောင်းချပေးရန် ဈေးသည်ကြီး ဝမ်ထံသို့ သွားအပ်ခဲ့သည်။

ထိုသို့ ဝါးခေါင်းအုံးရောင်းချရန် ပေးအပ်ခြင်းသည် သက်တန့်ဘီလူးဂိုဏ်း၏ အနေအထားကို စူးစမ်းနိုင်ရန် 'ငါးစာချ'လိုက်သည့်သဘောပင်။

သိုင်းဈေးသည်ကြီး ဝမ်သည် သက်တန့်ဘီလူးဂိုဏ်း၏ အရေးပါသော လူတစ်ယောက်ဖြစ်ကြောင်း ရင်ထန်မင်းက သံသယရှိနေသည်မှာ ကြာပေပြီ။ ထိုသံသယ ဖြစ်နေမှုအပေါ်အခြေခံကာ ဈေးသည်ကြီးဝမ်က ဝါးခေါင်းအုံးရောင်းရန် လာအပ်သူကိုရော ဝယ်ယူသူကိုပါ အန္တရာယ်ပြုလိမ့်မည်ဟု ရင်ထန်မင်းကတွက်ခဲ့သည်။



သူဖုန်းစားအိုကြီးအသွင် အယောင်ဆောင်ခဲ့သည့် မိမိနောက်သို့ ခြေရာခံလိုက်လာခဲ့ကြသော သိုင်းဈေးသည်ကြီးဝမ်၏ လူနှစ်ယောက်ကို ရင်ထန်မင်းကရှင်းပစ်လိုက်ပေပြီ။

ယခု ရင်ထန်မင်း၏ တွက်ဆအကြံပေးစီစဉ်ချက်အတိုင်း ကျန်းယုယုက ဝါးခေါင်းအုံးကို အရဝယ်ယူခဲ့ကာ သူမကို သတ်သင်ရန် လိုက်ပါလာသူ သက်တန့်ဘီလူးဂိုဏ်း၏ လက်မရွံ့ သိုင်းသမား စွန်ရဲနှစ်ယောက်ကို လျင်မြန်သော ကိုယ်ဖော့ပညာစွမ်းဖြင့် လှည့်စားလျက် သွက်လက်သည့် လက်နက်ပုန်း ပစ်ခတ်မှုပညာဖြင့် အနိုင်ယူသိုက်ခြင်း ဖြစ်သည်။

"တို့ ဘာဆက်လုပ်ရှားကြမလဲ"

ကျန်းယုယုက ရင်ထန်မင်းကို မေးသည်။

"ကျွန်တော်တို့ အတွေအထူးလုပ်ရှားစရာ လိုမယ်မထင်ပါဘူး ခမရယ်၊ သူတို့ဘက်က လုပ်ရှားမှုတွေ အများကြီး လုပ်လာပါလိမ့်မယ်၊ ကျွန်တော်တို့က အဆင်ပြေအောင် လုပ်သွားဖို့ပါပဲ"

ရင်ထန်မင်းက ခပ်အေးအေး ပြန်အဖြေပေးသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရင်ထန်မင်းသည် မိုးထိတောင် သိုင်းဆရာကြီး၏သား ရင်ချိဖောင်နှင့် တောင်ပင်လယ် မယ်တော်ကြီး၏ သမီး အန်းရှားယုတို့မှ မွေးဖွားသော တစ်ဦးတည်းသောသား ဖြစ်သည်။

မိုးထိတောင် သိုင်းဆရာကြီးနှင့် တောင်ပင်လယ် မယ်တော်ကြီးသည် သိုင်းပညာ စွမ်းပြီး လုပ်ရည် ကိုင်ရည် ကောင်းသည်။ ဉာဏ်စွမ်းဉာဏ်စလည်း ထက်မြက်ကြသည်။

သို့ရာတွင်....

သူတို့နှစ်ယောက်၏ သိုင်းလောကတွင် ရပ်တည်မှုအနေ အထားကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းဟု ဆိုရလောက်အောင် ရင်ဆိုင်ဆန့်ကျင်ဘက် ဖြစ်နေကြသည်။



မိုးထိတောင် သိုင်းဆရာကြီးသည် ရှောင်လင်ဂိုဏ်း၏ အဝေးရောက် တပည့်ကြီးဖြစ်သည်။ ဖြောင့်မတ်တည်ကြည်သည်။ လမ်းလွှဲသိုင်းသမားများ၊ သိုင်းလောကစည်းကမ်း အစဉ်အလာ ချိုးဖောက်သူများကို ပြတ်ပြတ် သားသား နှိမ်နင်း အရေးယူနေသည့် သိုင်းလောက ခုံသမာဓိကြီး တစ်ယောက်တည်း ဖြစ်သည်။

တောင်ပင်လယ် မယ်တော်ကြီးကတော့ တောင်ပိုင်း ပင်လယ်ပြင်တစ်ဝှမ်းရှိ သိုင်းသမားများ၏ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်သည်။ တောင်ပိုင်းပင်လယ်ပြင်မှ သိုင်းသမားအများစုသည် ပင်လယ်ဓားပြအဖွဲ့များ ဖြစ်ကြသည်။ စရိုက်ကြမ်းတမ်းသည်။ စိတ်နေစိတ်ထား ခက်ထန်သည်။

အကြောင်းကိစ္စ တစ်ခုခုပေါ်ပေါက်လျှင် ပါးစပ်နှင့် မပြော။ လက်နက်စွဲကာ ခုတ်ထစ် တိုက်ခိုက်ပစ်တတ်သည်။ အနိုင်ရလျှင် ရက်ရက်စက်စက်လုပ်ဘတ်သလို ရှုံးလျှင်လည်း နိုင်သူပြုသမျှ လည်စင်းခံဖို့ ဝန်မလေးကြ။

ပင်လယ်ဓားပြတိုက်မှုများ မလုပ်ကြတော့သော်လည်း ရှေးခေတ် ပင်လယ်ဓားပြကြီးများ လျှို့ဝှက်စွာထားရစ်ခဲ့ ကြသော ရတနာသိုက်များ ရှာဖွေမှုများတွင်တော့ အရှုံး အမှုံးတို့ ဝါသနာပါကြသည်။ လုပ်ဆောင်ကြသည်။

ရတနာသိုက်များရှာဖွေရင်း တိုက်ခိုက်သတ်ဖြတ်မှုများ ကို ကြမ်းကြမ်းရမ်းရမ်း လုပ်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးထိတောင် သိုင်းဆရာကြီးသို့ သိုင်းလောက ရှောင်လင်ဂိုဏ်း၏ အဝေးရောက်တပည့်၊ သိုင်းဒေသကာခုံ့သမာခိ လူကြီးတစ်ယောက် အမြင်အရတော့ ဘောင်ပင်လယ် မယ်တော်ကြီးနှင့် တောင်ပင်လယ်သိုင်းသမားများသည် သိုင်းသမားဆိုး၊ လူရမ်းကား၊ မိစ္ဆာကောင်တွေ ဖြစ်သည်။

ဤသို့သောအခြေအနေ ရှိနေသည့်ကြားက ရှောင်လင်ဂိုဏ်းသား သုံးယောက်သည် တောင်ပင်လယ်သို့ ခရီးထွက်ကြရင်း ရတနာကျွန်း မြေပုံတစ်ခုနှင့် ပတ်သက်သည့် အရှုပ်အရှင်းတွင် ပါဝင်မိကြကာ တောင်ပင်လယ် သိုင်းဂိုဏ်းတစ်ခုဖြစ်သော ရေဘဝဲဂိုဏ်း၏ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။

ဤကိစ္စကိုဖြေရှင်းရန် မိုးထိတောင်သိုင်းဆရာကြီးသည် သားဖြစ်သူ ရင်ချိုဖောင်အပါအဝင်နောက်ပါသိုင်းသမားတစ်စုနှင့် တောင်ပင်လယ်သို့ သွားရောက်ခဲ့သည်။

သေသေချာချာ စုံစမ်းစစ်ဆေးရာ ရတနာကျွန်း မြေပုံကိစ္စတွင် ရှောင်လင်ဂိုဏ်းသား သုံးယောက်တို့ ပါဝင်ပတ်သက်မှုရှိခဲ့သည်ကို ဖော်ထုတ်သိရှိခဲ့ကြသည်။

အပြစ်ရှိကြောင်း ပေါ်လွင်သော်လည်း အပြစ်ပေးစီရင်ရေးတွင်တော့ ရေဘဝဲဂိုဏ်းနှင့် မိုးထိတောင် သိုင်းဆရာကြီးတို့အဖွဲ့ သဘောအကြီးအကျယ် လွဲခဲ့ကြသည်။

တောင်ပင်လယ် သိုင်းသမားများ အကြားတွင်တော့ ရတနာသိုက်များနှင့် ပတ်သက်၍ ပါဝင် ရှုပ်ထွေးမှုနှင့်



ပတ်သက်သည့်အပြစ်ဒဏ်ကရှင်းသည်။ တစ်ခါတည်းအဆုံးစီရင်ပစ်လိုက်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် သိုင်းလောက ထုံးတမ်းစဉ်လာနှင့် ခေတ်အဆက်ဆက် စီရင်ထုံးများအရတော့ ရတနာသိုက်မြေပုံနှင့် ပတ်သက်မှုသည် အသေးအဖွဲ့ စည်းကမ်းဖောက်ဖျက်မှုမျိုးသာဖြစ်၏။

အပြစ်ဒဏ်စီရင်ခြင်းပင် လုပ်လေ့မရှိ။

သက်ဆိုင်ရာဂိုဏ်းများ၏ ဂိုဏ်းစည်းကမ်းအရ အရေးယူ ဒဏ်ခတ်မှုမျိုးသာ ပြုကြလေ့ရှိ၏။

မိုးထိတောင် သိုင်းဆရာကြီးက ရှောင်လင်ဂိုဏ်း၏ စည်းကမ်းအတိုင်း ဒဏ်ပေးမည်ဟုပြောရာ ရေဘဝဲဂိုဏ်းက မကျေနပ်၊ လက်မခံ။

ဖြေရှင်းရန်ရောက်နေကြသော မိုးထိတောင်သိုင်းဆရာကြီးတို့အဖွဲ့ကိုပင် တိုက်ခိုက်သတ်ဖြတ်တော့မည့်အခြေအနေမျိုးပင် ပေါ်လာခဲ့သည်။

အခြေအနေ အထူးတင်းမာလာခဲ့ရာ ဝူတန်းဂိုဏ်း၊ ခွန်လွန်ဂိုဏ်း၊ ဝေါမေဂိုဏ်း၊ ချီသိုက်ဂိုဏ်း သိုင်းလောက၏ ဦးစီးရှေ့ဆောင်သိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကတွင် နာမည်ထင်ရှားသော သိုင်းပညာရှင်ကြီးများစုပေါင်းကာ စွက်ဖက် မေတ္တာရပ်ခံကြတော့မှ ရေဘဝဲဂိုဏ်းက အလျှော့ပေးခဲ့သည်။

ဖမ်းဆီးထားသော ရှောင်လင်ဂိုဏ်းသားတို့ကို လွှတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ဂိုဏ်းမှာလည်း စည်းကမ်းကြီးသော ဂိုဏ်းတစ်ခုပီပီ ထိုဂိုဏ်းဝင်သုံးယောက်ကို ဖိဖိစီးစီးပင်ဒဏ်ခတ်ခဲ့သည်။

ဤကိစ္စများကိုဖြေရှင်းရင်း မိုးထိတောင်သိုင်းဆရာကြီးတို့သည် တောင်ပင်လယ်မယ်တော်ကြီး၏ အိမ်ဂေဟာတွင် ရက်ပေါင်းများစွာ တည်းခိုနေထိုင်ခဲ့ရာ မိုးထိတောင်သိုင်းဆရာကြီး၏တစ်ဦးတည်းသောသား ရင်ချိဖောင်နှင့်တောင်ပင်လယ်မယ်တော်ကြီး၏ တစ်ဦးတည်းသော သမီး အန်းရှားယုတို့ မေတ္တာမျှခဲ့ကြသည်။

ရင်ချိဖောင်နှင့်အန်းရှားယုတို့မှာ တကယ့် မေတ္တာစစ်မေတ္တာမှန်နှင့် နှစ်နှစ်ကာကာ ချစ်မြတ်နိုးကြခြင်းဖြစ်လေသည်။

သို့ရာတွင် နှစ်ဖက်မိဘများ၏ အနေအထားတို့က ချစ်သူနှစ်ဦး အကြောင်းဆက် ဝေါင်းဖက်နိုင်မည့် မျှော်လင့်ချက် အလွန်နည်းနေခဲ့၏။

ဤအခြေအနေကို နားလည်ကြသော ရင်ချိဖောင်နှင့် အန်းရှားယုတို့သည် နှစ်ဦးသဘောတူ ထွက်ပြေးကြကာ တိတ်တဆိတ် လက်ထပ်ခဲ့ကြ၏။

ရင်ချိဖောင်နှင့်အန်းရှားယုတို့နှစ်ယောက် တိတ်တဆိတ်လက်ထပ်လိုက်မှုသည် ပြင်းထန်သော ဖောက်ခွဲမှုကြီးတစ်ခုလုပ်လိုက်သလိုဖြစ်သည်။

မိုးထိတောင်မှသိုင်းသမားများ၊ မိုးထိတောင်၏မိတ်ဆွေသိုင်းသမားများ၊ တောင်ပင်လယ်သိုင်းသမား စသည်တို့က ရင်ချိဖောင်တို့ဇနီးမောင်နှံနောက်သို့ သဲသဲမဲမဲလိုက်ကြသည်။

မြေလှန်ရှာကြသည်။

မိုးထိတောင်သိုင်းသမားများနှင့် မိုးထိတောင်မိတ်ဆွေသိုင်းသမားများ၏ ရည်ရွယ်ချက်မှာ ရင်ချိဖောင်ကို မိုးထိတောင်သို့ ပြန်ခေါ်ကာ အန်းရှားယုကို တောင်ပင်လယ်မယ်တော်ကြီးထံ ပြန်ပို့ရန်ဖြစ်၏။

တောင်ပင်လယ် သိုင်းသမားများကတော့ စရိုက်ကြမ်းကာ ဒေါသကြီးသူများမို့ ရင်ချိဖောင်နှင့် အန်းရှားယုကိုပါ အပြတ်ရှင်းပစ်ဖို့ဖြစ်ကြသည်။

ရင်ချိဖောင်နှင့် အန်းရှားယုတို့လင်မယားမှာ သဲကြီးမဲကြီး လိုက်ရှာကြသူများ၏အန္တရာယ်၊ သဘာဝ အတားအဆီးတို့၏အန္တရာယ်၊ ခရီးကြမ်းတမ်းခက်ခဲမှု စသည်တို့ကို ရင်ဆိုင်ရင်း တစ်ပြေးတည်းပြေးနေရသည်။

ဘယ်နေရာတွင်မှ အတည်တကျ၊ အေးအေးချမ်းချမ်း မနေနိုင်။

လိုက်ရှာကြသူများမှာလည်း ဇွဲကောင်းလွန်းလှသည်။

ရက်ရှည်လများကြာသည့်တိုင် လက်မလျှော့ကြ၊ ကမ္ဘာဆုံးတိုင် လိုက်ရှာနေကြမည့်အသွင်ရှိနေ၏။

သည်လို ပြေးလွှားနေရသည့်ကြားထဲပင် အန်းရှားယုမှာ ကိုယ်ဝန်ရှိလာရာ ကိုယ်ဝန် လရင့်လာသည်နှင့်အမျှ ပို၍ ဒုက္ခတွေ့လာရသည်။ ပင်ပန်းဆင်းရဲလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန် ၇-လခန့် ရှိလာသည့်အချိန်တွင်တော့ သူတို့ လင်မယားအတွက် နားခိုရာနေရာတစ်ခုရသွားခဲ့သည်။

တောထဲတောင်ထဲတွင် ပြေးရှောင်နေရင်း တောပျော်ရသေ့ကြီးကျောက်ဟုန်နှင့်ဆုံတွေ့ရကြသည်။

ကျောက်ဟွန်သည်ရှောင်လင်ဂိုဏ်း၏ ၁၆-ဆက်မြောက် ဂိုဏ်းချုပ်ဟောင်း ဖြစ်၏။ တစ်ချိန်က သိုင်းလောက၏ ကေရာဇ်မင်းဟူ၍ဆိုစမှတ်ပြုရလောက်အောင် သိုင်းပညာ စွမ်းထက်က သိုင်းလောကတစ်လွှား တွင်ကျယ်ခဲ့သည်။

သို့ရာတွင်....

လူတစ်ကိုယ် ပျော့ကွက်တစ်ခုရှိစမြဲဆိုသလို စည်းကမ်းကြီးလှသော ရှောင်လင်ဂိုဏ်းကြီး၏ သိက္ခာကြီးမားလှသည့် ဂိုဏ်းချုပ်ကြီး တစ်ယောက် ဖြစ်နေသော်လည်း ကျောက်ဟုန်သည် မိမိစိတ်ကိုမိမိ နိုင်အောင်မထိန်းနိုင်ဘဲ မိန်းမပျိုတစ်ယောက်အပေါ် စွဲစွဲလမ်းလမ်းချစ်ခဲ့မိသည်။

မိမိရင်ထဲမှ မေတ္တာစိတ်ကို ဖွင့်မပြောမိစေရန် အထူးကြိုးစား ထိန်းသိမ်းနေလာခဲ့ရာ ထိုမိန်းကလေး လက်ထပ်ထိမ်းမြားသော အခါတွင်တော့ ပေါက်ကွဲသွားခဲ့သည်။

သတို့သားဖြစ်သူကို အသေသတ်ရန် ထွက်လာခဲ့ရာ နောက်ဆုံးအချိန်တွင်မှ မိမိအမှားကိုသိ၍ နောက်ဆုတ်ပြန်လာခဲ့သည်။ ကိုယ်ထိလက်ရောက် မကျူးလွန်ခဲ့ရသော်လည်း ထိုသို့ စိတ်မထိန်းနိုင်ဘဲ ထွက်သွားမှုအတွက် နောင်တ အကြီးအကျယ်ရခဲ့သည်။



ထိုအကြောင်းကိုလည်း ရှောင်လင်ဂိုဏ်း၏ အကြီးအကဲအချို့ သိသွားလေရာ ကျောက်ဟွန်မှာ ရှောင်လင်ဂိုဏ်း၏ (၁၆)ဆက်မြောက် ဂိုဏ်းချုပ်အဖြစ်မှ မိမိဘာသာ ထုတ်ပယ်ပစ်ကာ အပြစ်ခံယူခဲ့သည်။

သံဝေဂရလျက် တောထဲတောင်ထဲတွင် တစ်ကိုယ်တည်း နေထိုင်ကာ တရားဓမ္မဆောက်တည်၍နေခဲ့ရာ တောပျော်ရသေ့ကြီး ကျောက်ဟွန် ထင်ရှားလာခဲ့သည်။ သိုင်းလောကတွင် ပါဝင်ပတ်သက်မှု မရှိတော့သော်လည်း သိုင်းသမားများကမူ ကျောက်ဟွန်ကို လေးခန့်နေကြဆဲဖြစ်သည်။

ကျောက်ဟုန်နှင့် တွေ့သည့်အချိန်တွင် ရင်ချိုဖောင်ဇနီးမောင်နှံမှာ ပြေးလွှားလှုပ်ရှားမှုဒဏ်၊ အစာရေစာ ငတ်ပြတ်ခဲ့မှုဒဏ်၊ ရင်ဆိုင်တိုက်ခိုက်ခဲ့ရမှုဒဏ်တို့ကြောင့် ဒဏ်ရာကိုယ်စီနှင့် မောပန်းနွမ်းနယ် အားပြတ်နေကြသည်။

တောပျော်ရသေ့ကြီးက ရင်ချိုဖောင်တို့ ဇနီးမောင်နှံကို သူ နေထိုင်ရာ ကျောက်ဂူသို့ ခေါ်သွားခဲ့သည်။ အစာရေစာများကျွေးသည်။ ဆေးဝါးများတိုက်သည်။ လိုအပ်သော ပြုစုကုသမှုများ လုပ်ပေးသည်။

အကယ်၍ ကျောက်ဟုန်နှင့်မဆုံရလျှင် ရင်ချိုဖောင်နှင့် အန်းရှားယုတို့ နှစ်ယောက်မှာ တောထဲ တောင်ထဲတွင် ဒဏ်ရာရ အားပြတ်နေမှုကြောင့် သေဆုံးသွားကြရမည့် အခြေအနေပင် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဟူန်နှင့် ဆုံခဲ့ရသောကြောင့်သာ အသက်ဆက်ရှင်သန်ခဲ့ကြသည်ဟု ဆိုရပေမည်။

သဲကြီးမဲကြီး လိုက်ရှာနေကြသူများသည် တောပျော်ရသေ့ကြီး နေထိုင်ရာကျောက်ဂူသို့ပင် ခြေရာခံရောက်ရှိလာကြသည်။

တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်မြတ်နိုးကြသော ရင်ချိဖောင်နှင့် အန်းရှားယုတို့ မေတ္တာစိတ်ကို ကိုယ်ချင်းစာ နားလည်သော ကျောက်ဟူန်သည် သိုင်းလောက၏ ကိစ္စများတွင် ပါဝင်ခြင်းမပြုတော့သော်လည်း သည်လင်မယားနှစ်ယောက်ကိုတော့ အပြတ်ပင် အကာအကွယ် ပေးခဲ့သည်။

စောင့်ရှောက်ပေးခဲ့သည်။

ကျောက်ဟူန်၏ သိုင်းပညာစွမ်းနှင့် ဟန်ဟိတ်ကလည်း ကြီးလှပေရာ ကြမ်းတမ်းခက်ထန်သော တောင်ပင်လယ်သိုင်းသမားများပင် ရမ်းရမ်းကားကား မလုပ်ရဲကြ။

တောပျော်ရသေ့ကြီး ကျောက်ဟူန်၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် အေးချမ်းသောကင်းစွာ နေထိုင်ခဲ့ရင်း အန်းရှားယုသည် သားယောက်ျားလေးမွေးခဲ့ရာ ရင်ထန်မင်းဟု အမည်ပေးခဲ့သည်။

ဒုက္ခအမျိုးမျိုး အန္တရာယ်အသွယ်သွယ်တို့ကို ရင်ဆိုင်ကျော်လွှားခဲ့ရစဉ်က ရခဲ့သောဒဏ်များနှင့် ဆင်းရဲပင်ပန်းမှုတို့ကြောင့် အန်းရှားယုမှာ ကလေးမီးဖွားပြီးနောက် ကွယ်လွန်သွားခဲ့သည်။



ရင်ချိဖောင်မှာလည်း အလွန်မြတ်နိုးလှသည့် ဇနီးသည် ကွယ်လွန်သွားမှုကြောင့် ပူဆွေးသောကရောက်ရသည့် စိတ်ဝေဒနာပါ ထပ်ဆင့်ခံစားရကာ တရှောင်ရှောင်ဖြစ်နေခဲ့ပြီး ရင်ထန်မင်း တစ်နှစ်သားအရွယ်တွင် ကွယ်လွန်ခဲ့ပြန်သည်။

တစ်ကိုယ်တည်း အေးချမ်းစွာ နေထိုင်နေသောကျောက်ဟူန်မှာလည်း မိဘမဲ့ ကျန်ရစ်ခဲ့သော ရင်ထန်မင်းကို ကျွေးမွေး စောင့်ရှောက်ခဲ့ရလေတော့သည်။ မိမိသွားလေရာရာကို ရင်ထန်မင်းအား အတူခေါ်ဆောင်ခဲ့သည်။

သိုင်းလောကကို စွန့်ခွာ ကျောခိုင်းခဲ့ပြီ ဖြစ်သော်လည်း သိုင်းပညာ ဝါသနာပါမှုကတော့ ရှိနေသည့် ကျောက်ဟူန်သည် ရင်ထန်မင်းကို ငယ်စဉ်ကပင် အကြောအဆစ်များ သန်မာစေရန်၊ ကျန်းမာသန်စွမ်းစေရန် ပြုစုမှုများ လုပ်ပေးခဲ့သည်။

တောတောင်ထဲ လှည့်လည်သွားလာရင်း အတွင်းအားအခြေခံခိုင်မာစေသည့် သစ်သီးသစ်ဥများတို့ရှာတွေ့သောအခါ ကိုယ်တိုင်စီမံပြီး ရင်ထန်မင်းအား ကျွေးခဲ့သည်။ မတ်တတ်သွားစအချိန်ကပင် အခြေခံသိုင်းဟန်များ စတင်သင်ကြားပေးခဲ့သည်။

ထို့ပြင် မိမိ တတ်မြောက်ထားသော စာပေပညာ၊ စူးစမ်း လေ့လာမှုအဘဘ်နှင့် သေနင်္ဗျူဟာအသွယ်သွယ်တို့ကို သင်ပြပေးသည့်အပြင် မိမိ၏ တစ်သက်တာ တွေ့ကြုံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည့် ဖြစ်ရပ်များကိုလည်း အခါအခွင့်သင့်တိုင်း ပြော ပြခဲ့သည်။

ရင်ထန်မင်းမှာ ပင်ကိုဉာဏ်ကောင်းရာ တကယ့်အရ ကောင်းနှင့် လက်ယပ်သင်ကြားရသောအခါ အလွန်ပင် အကျိုးရှိခဲ့သည်။ ကျောက်ဟူန်လို သမ္မာရင့်ဝါရင့် သိုင်း ပညာရှင်ကြီး တစ်ယောက်၏ ဘဝတစ်သက်တာ အတွေ့ အကြုံကိုကလည်း ရင်ထန်မင်းအတွက် အဖိုးမဖြတ်နိုင် သော အသိဉာဏ်နှင့် ပရိယာယ်များ တိုးပွားစေခဲ့၏။

ကျောက်ဟူန်သည် ရှောင်လင်ဂိုဏ်းချုပ်အဖြစ်မှ မိမိ ဘာသာ အငြိမ်းစားကာ ထွက်ပယ်ခဲ့သူမို့ ရှောင်လင်သိုင်း ပညာများကို ရင်ထန်မင်းအား သင်ကြားပေးဖို့ကတော့ ခက်နေသည်။ သိုင်းပညာအခြေခံများလောက်ကိုသာ သင် ပြပေးနိုင်သည်။

ရင်ထန်မင်းအတွက် ကုသိုလ်ကံ ထောက်ပံ့သည်မှာ ကျောက်ဟူန်သည် တစ်ကိုယ်တည်း အေးချမ်းစွာ နေထိုင် ရင်း အားလပ်ချိန်များတွင် သိုင်းကွက်ဆန်းများ ကြံဆနေ ခဲ့ရာမှ လေပွေလက်ဝါးသိုင်းကို တီထွင်နိုင်ခဲ့ခြင်းပင်။

မိမိ၏ ကိုယ်ပိုင်တီထွင်မှုဖြစ်သော လေပွေလက်ဝါး သိုင်းကိုတော့ ကျောက်ဟူန်က ရင်ထန်မင်းကို သင်ကြား ပေးခဲ့သည်။

ရင်ထန်မင်း (၁၁)နှစ်သား အရွယ်တွင် တောနက် တောင်ကြား တစ်နေရာတွင် ဖြိုင်ဘက်ကင်း သူတော်စင် လူကျင်းဟန်နှင့်ဆုံမိခဲ့ကြသည်။



လူကျင်းဟန်မှာ အဆိပ်သင့်နေသည်။ အသက်ရှင်နေ သေးသော်လည်း အဆိပ်ဒဏ်က ကျွမ်းနေပြီမို့ ကြာကြာ မနေနိုင်တော့သည်ကို လူကျင်းဟန်ကသိသည်။

မိမိအသက်မသေဆုံးမီ မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းတို့ကို အမွေပေးသွားနိုင်ရန် ဖြောင့်မတ် တည်ကြည်ပြီး ဉာဏ်ရည်ဉာဏ်သွေး ကောင်းကာ အသက် ငယ်ရွယ်နုပျိုသူ တစ်ယောက်ကိုလည်း ရှာဖွေနေခိုက် ဖြစ်သည်။

ရေကန်အသင့် ကြာအသင့်ဆိုသလိုအခုစအရာရာအဆင် ပြေသွားသည်။

ရင်ထန်မင်းကို အလွန် သဘောကျသျက် တောပျော် ရသေ့ကြီး ကျောက်ဟူန် ကလည်း သဘောတူအားပေး သည့်အတွက် လူကျင်းဟန်က သိုင်းမျိုးဆက် အဖြစ် ရွေး ချယ်ကာ သူတတ်မြောက်ထားသမျှသော သိုင်းပညာများ ကို အမွေပေးသင်ကြားပေးခဲ့သည်။

မိမိကို အဆိပ်ခတ်လုပ်ကြံကာ သိုင်းကျမ်းကို ခိုးယူသွား ခဲ့သူအကြောင်းကိုလည်း ရင်ထန်မင်းအားပြောပြီးထိုသူကို စုံစမ်းရှာဖွေလျက်စောင့်ကြည့်အကဲခတ်ရန်သေသေချာချာ မှာကြားခဲ့သည်။

"သူ့ကို စုံစမ်းရှာဖွေခိုင်းတာဟာ ငါ့ကို အဆိပ်ခတ် ပြီး သိုင်းကျမ်း ခိုးယူသွားတဲ့ အတွက် လက်စားချေဖို့ မဟုတ်ဘူးဆိုတာ သေသေချာချာမှတ်ထားပါ၊ သူက မိုးမြေ အတွင်းအားနဲ့ ရောင်စဉ်သိုင်းပညာတွေကို လမ်းမှန်ကျင်း

www.burmeseclassic.com

www.burmeseclassic.com



မှန်အသုံးချပြီး အများကောင်းကျိုး အတွက် လုပ်ဆောင် နေတယ်ဆိုရင် မင်းက အသာကြည့်နေလိုက်ရုံပဲ၊ ဒီသိုင်း ပညာတွေ မင်းတတ်ထားတယ် ဆိုတာလဲ တတ်နိုင် သမျှ လျှို့ဝှက်ထားပေတော့၊ အေး...သူက ငါ့ဆီက ခိုးယူသွား တဲ့သိုင်းပညာတွေကို အသုံးပြုပြီး မတရားမှုတွေကျူးလွန် မယ်၊ မလုပ်သင့်တာတွေ လုပ်မယ်ဆိုရင်တော့ မင်းအနေ နဲ့ အမှန်တရားဘက်ကရပ်တည်ပြီး သိုင်းလောကရဲ့ရန်ဆူး ရန်ငြောင့်ကို ဖယ်ရှားတဲ့သဘောမျိုးနဲ့ပဲ သူ့ကို တိုက်ခိုက် နှိမ်နင်းပါ''

ဖြောင့်မတ်တည်ကြည်ပြီး စိတ်သဘောထား ကောင်း မွန်သော လုကျင်းဟွန်သည် မိမိကို အဆိပ်ခတ်လုပ်ကြံမှုကို ပင် အပြစ်မယူဘဲ ရင်ထန်မင်းအား ပြောဆိုမှာကြားထား ခဲ့သည်။

ရင်ထန်မင်းကို သုံးနှစ်တာမျှ မိုးမြေအတွင်းအား ကျ စဉ်နှင့် ရောင်စဉ်သိုင်းပညာတို့ သင်ကြားပေးပြီးနောက် ပြိုင်ဘက်ကင်းသူတော်စင်လုကျင်းဟန်သည် အဆိပ်သင့် မှုဒဏ်ကြောင့် ကွယ်လွန်သွားခဲ့သည်။

မသေမီ သူ့ထံတွင် ရှိနေသော သေသူရှင်စေ ဂမုန်း နှစ်ခုကိုလည်း ရင်ထန်မင်းကို အမွေပေးခဲ့သည်။

လုကျင်းဟန် ကွယ်လွန်ပြီးနောက် သူသင်ကြား ပေး သောသိုင်းပညာများကို ပိုင်နိုင်ကျွမ်းကျင် အခြေခိုင်အော ရင်ထန်မင်းက ဆက်လက်လေ့ကျင့်ခဲ့သည်။



ရင်ထန်မင်းအသက်(၁၆)နှစ်ပြည့်သောအခါ မွေးစား ဖခင်ဖြစ်သူ တောပျော်ရသေ့ကြီးကျောက်ဖွန်၏ သဘော တူခွင့်ပြုချက်ဖြင့် သိုင်းလောကတွင် ဝင်ရောက် လှုပ်ရှား ခဲ့ရာ သိုင်းပညာ အစွမ်းထက်ပြီးအတင်းပါး အကွက်မြင်မှု တို့ကြောင့် တိုတောင်းလှသော အချိန်အတွင်း မှာပင် နဂါးလေးရင်ထန်မင်းဟု ထင်ရှား လူသိများလာခဲ့လေ သည်။

ပြိုင်ဘက်တင်း သူတော်စင်ကို အဆိပ်ခတ် လုပ်ကြံကာ သိုင်းကျမ်းစာအုပ်ခိုးယူသွားသောသူကို လိုက်လံစုံစမ်းခဲ့ရာ ခြေရာကောက်မရနိုင်ဘဲ ရှိနေခဲ့ပြီးနောက် သက်တန့်ဘီလူး ဂိုဏ်း၏ လှုပ်ရှားမှုများ အကြောင်း သတင်းအစအနကို ကြားသိခဲ့သည်။

မိမိရှာနေသူသည် သက်တန့်ဘီလူးဂိုဏ်းတွင် အရေး ပါသော လူတစ်ယောက်ဖြစ်နိုင်ကြောင်း စဉ်းစားမိကာ ရင်ထန်မင်းသည် သက်တန့်ဘီလူးဂိုဏ်းအကြောင်းကို ဖိဖိ စီးစီးဆက်လက်စုံစမ်း နေခဲ့ရာမှ ယခုအခါတွင် သက်တန့် ဘီလူးဂိုဏ်းသားအချို့နှင့် ရင်ဆိုင်ရသည့် အခြေအနေမျိုး အထိ ရောက်ခဲ့ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့သည် သိုင်းဈေးသည်ကြီး ဝမ်အတွက် အလုပ်အရှုပ်ဆုံးသောနေ့ဖြစ်သည်။

သိုင်းဈေးပွဲဘောင်နေ့ကို စီမံ လုပ်ဆောင်ရပြီး တောင်တစ်လုံးလိုဏ်ဂူအရောင်းအဝယ်များနှင့်လက်မလည်အောင်ရှိနေသည့် ကြားမှ ဂိုဏ်းချုပ်ကိုယ်တိုင် ရောက်လာကာ အထူး တာဝန်ပေးစေခိုင်းမှုများကိုလည်း လုပ်ဆောင်နေရသည်။

တောင်တစ်လုံး လှိုဏ်ဂူ၏နံနက်ပိုင်း အရောင်းအဝယ်များလုပ်ဆောင်ပြီး၍ နေ့လယ်ဘက် ခေတ္တရပ်နားချိန်တွင် သိုင်းဈေးသည်ကြီး ဝမ်သည် သိုင်းပညာ ယှဉ်ပြိုင်ပွဲတွင် ပထမနှင့်ဒုတိယ ရရှိခဲ့ကြသော ကျောက်စိမ်းညီအစ်မသုံးဖော်၊ အကြွင်နာမဲ့ ယောင်ကောင်းဖတ်တို့နှင့် သီးသန့်တွေ့ဆုံရသည်။

ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက်များ သင်ကြားနိုင်ရေးအတွက် စီစဉ် လုပ်ဆောင်ပေးပြီး သက်တန့်ဘီလူးဂိုဏ်းအကြောင်း အရိပ်အမြွက် ပြောပြလျက် ဂိုဏ်းဝင်အဖြစ် ပါဝင်ရန် ဆွဲဆောင်စည်းရုံးခြင်းများ လုပ်ရသေးသည်။

ကျောက်စိမ်းညီအစ်မ သုံးဖော်နှင့်အကြွင်နာမဲ့ ယောင်ကောင်းဖတ်တို့က သက်တန့်ဘီလူးဂိုဏ်းကို စိတ်ဝင်စားမှုပြကြလျက် ဂိုဏ်းဝင်အဖြစ် ပါဝင်ရန် သဘောတူကြသည့်အတွက် သိုင်းဈေးသည်ကြီးဝမ်အလုပ်တစ်ခုပြီးပြတ်အောင်မြင်သွားခဲ့သည်။



သို့ရာတွင် ဂိုဏ်းချုပ်ကိုယ်တိုင် အထူးတာဝန်ပေးအပ်ခဲ့သော ကိစ္စများကိုတော့ အဆင်ပြေ အောင်မြင်အောင် မလုပ်နိုင်။

ပြိုင်ဘက်ကင်းသူကော်စင် လုကျွင်းယန်၏ ဝါးခေါင်းအိုးဝယ်ယူသွားသော အမှတ်စဉ်(၁၄)ရထားသူကို သုတ်သင်ပစ်ရန်စေလွှတ်လိုက်သော စွန်ရဲ (၁၀)နှင့်(၁၁)တို့ ပြန်ရောက်လာခြင်းမရှိပေ။

ဝါးခေါင်းအိုး ရောင်းချရန် လာအပ်ခဲ့သည့် 'သူဖုန်းစား အိုကြီး'ကို စောင့်ကြည့်ရန် စေလွှတ်ထားသော လက်ပါးစေ သိုင်းသမား နှစ်ယောက်ထံမှလည်း ဘာအဆက်အသွယ်မျှ ရောက်မလာ။

သူ၏ သိုင်းလောကအတွေ့အကြုံများအရ တစ်ဖက်လူ၏ လက်ချက်ဦးသွားပြီဖြစ်ကြောင်း သိုင်းဈေးသည်ကြီးဝမ်နားလည်လိုက်သည်။

သန်ဘက်ခါဆိုလျှင် သက်တန့်ဘီလူးဂိုဏ်းက ထင်ထင်ပေါ်ပေါ် ရပ်တည်ရေးအတွက် လှုပ်ရှားမှုများ စတင်တော့မည်မို့ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုလည်း သိုင်းဈေးသည်ကြီး ဝမ်ဘစ်ယောက် လက်မလည်အောင် လုပ်ဆောင်နေရသည်။

သူဖုန်းစားအိုကြီး နှင့် ဝါးခေါင်းအိုး ဝယ်ယူသွားသူတို့ကို အပြတ်မရှင်းနိုင်ခဲ့သည့် တာဝန် လစ်ဟင်းမှုတို့ကို ပြန်လည်'ထေ'နိုင်ရန်အတွက် သိုင်းဈေးသည်ကြီးဝမ်အနေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျန်ကိစ္စများကို အထူးပင်ဂရုစိုက်ကာ ပြီးစီးအောင်မြင်အောင် လုပ်ဆောင်ရပေတော့မည်။

ကျင့်ဝမ်ရယ်သည် သက်တန့်ဘီလူး ဂိုဏ်းချုပ် စုံစမ်းရှာဖွေနေသော သိုင်းမျိုးဆက် ဟုတ်၊မတွတ် စုံစမ်းရေးတွင် မိမိကိုယ်တိုင်ပါဝင်ရန် သိုင်းဈေးသည်ကြီး ဝမ် ဆုံးဖြတ်လိုက်သည်။

တောင်တစ်လုံးလိုဏ်ဂူ အရောင်းအဝယ်၏ ညနေပိုင်းကိစ္စများ လုပ်ဆောင်ပြီးစီး၍ သိုင်းဈေးသည်ကြီးဝမ်သည် လောက်ယု၊ မြွေးတစ်စင်း တန်ရကဲကျိတို့ အပါအဝင် ဇွန်နာက်ပါငါးယောက်နှင့် ထွက်ခွာရန် အလုပ်တွင် မားတစ်ရာရဲတိုက်၏ ရဲတိုက်မှူးကြီးနှစ်ယောက်ဖြစ်ကြသော မုန်တိုင်းမား ကိုက်တာ့ဟူနှင့် လျှပ်စီးမား ဖိန်းထောင်တို့ ရောက်လာကြသည်။

ဘုံကျောင်းပျက် နေရာအနီးတွင် မင်းသားလေး ကျင့်ဝမ်ရယ် ရှိနေကြောင်း သတင်းလာပေးခြင်း ဖြစ်သည်။

သိုင်းဈေးပွဲတော်နေ့ တတိယအကြိမ် ပြုလုပ်ခဲ့စဉ်က သိုင်းဈေးပွဲတော် ပရဝဏ်၏ အပြင်ဘက်ခပ်လှမ်းလှမ်းတွင် ယာယီဘုံကျောင်းတစ်ခု ဆောက်လုပ်ထားခဲ့ဖူးသည်။

ထို့နောက်ပိုင်း ဆက်လက် ပြုလုပ်သော သိုင်းဈေးပွဲတော်နေ့များတွင်မူ ယာယီဘုံကျောင်း ဆောက်လုပ်မှု မလုပ်တော့ပေ။ ယာယီဘုံကျောင်း တစ်ကြိမ်ဆောက်လုပ်ခဲ့ဖူးသည့် နေရာကို ဘုံကျောင်းပျက်နေရာဟု ခေါ်တွင်လာခဲ့ကြသည်။



မားတစ်ရာရဲတိုက်သည် သက်တန့်ဘီလူးဂိုဏ်း၏ လှုပ်ရှားမှုများကို ကိုယ်စားလုပ်ဆောင်နေသော လက်အောက်ခံ ဂိုဏ်းခွဲတစ်ခု ဖြစ်သည်။ မားတစ်ရာရဲတိုက်၏ ရဲတိုက်မှူးကြီးနှစ်ယောက်သည် သက်တန့်ဘီလူးဂိုဏ်းတွင် ဂိုဏ်းခွဲမှူးအဆင့် ရှိကြသည်။

သိုင်းဈေးသည်ကြီးဝမ်မှာလည်း သက်တန့်ဘီလူးဂိုဏ်းတွင် ဂိုဏ်းခွဲမှူး တစ်ယောက်ဖြစ်ရာ အဆင့်တူများဟု ဆိုနိုင်သည်။

သက်တန့်ဘီလူးဂိုဏ်း ထင်ထင်ပေါ်ပေါ် ရပ်တည်နိုင်ရေးအတွက် ရက်ပိုင်းအတွင်း စတင်လှုပ်ရှားတော့မည်မို့ မားတစ်ရာ ရဲတိုက်မှူးကြီးနှစ်ယောက်က သိုင်းဈေးသည်ကြီး ဝမ်ကို အတိအလင်း လာရောက်တွေ့ဆုံကာ အရေးကြီးသည့် သတင်းပေးကြခြင်း ဖြစ်သည်။

လိုအပ်လျှင် အကူအညီရနိုင်ရန်အတွက် သိုင်းဈေးသည်ကြီး ဝမ်က မုန်တိုင်းမား ကိုက်တာ့ဟူနှင့် လျှပ်စီးမား ဖိန်းထောင်တို့ကို အတူခေါ်လာခဲ့သည်။

*　　*　　*

ဘုံကျောင်းပျက်နေရာသည် သိုင်းဈေးပွဲတော် ပရဝဏ်အပြင်ဘက် ခပ်လှမ်းလှမ်းတွင် တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့သယ်ဘက်တွင် အကြော်ဆိုင်လေးတစ်ဆိုင်နှင့် မြေခင်း လောင်းကစားဝိုင်းငယ် တစ်ခုရှိ၍ လူထူထူဖြောက်ဖြောက် လာရောက်တတ်သည်။

သို့သော်....

ညဘက်တွင်တော့ အကြော်ဆိုင်နှင့် လောင်းကစားဝိုင်းလည်း သိမ်းသောကြောင့် လူသူ ပြတ်လပ်နေတတ်၏။ သည်နေ့ညနေပိုင်းတွင်တော့ ထိုနေရာရှိလောင်းကစားဝိုင်းလေးသို့ ကျော့ဝမ်ရယ် ရောက်ရှိလာသည်။

လောင်းကစားဝိုင်းက နေဝင်ဖျိုးဖျအချိန်တွင် သိမ်းသည်။ ဝိုင်းသိမ်းပြီး ခဏအကြာတွင် ထိုနေရာ၌ လူရှင်းသွားတော့သည်။

လောင်းကစားဝိုင်း သိမ်းပြီးနောက် အေးအေးဆေးဆေး ပြန်လာခဲ့သည့် ကျော့ဝမ်ရယ်သည် သိုင်းသမား(၃) ယောက်နှင့် ရင်ဆိုင်တိုးမိသည်။

သိုင်းဈေးသည်ကြီးဝမ် မစလွှတ်လိုက်သော သက်တန့်ဘီလူးဂိုဏ်း၏ လက်မရွံ့သိုင်းသမား စွန်ရဲ ၃-၄-၅-တို့ဖြစ်ကြသည်။

သိုင်းဈေးသည်ကြီးဝမ်နှင့် မားတစ်ရာ ရဲတိုက်မှူးကြီးနှစ်ယောက်တို့ကတော့ ခပ်လှမ်းလှမ်းမှ ချုံကွယ်တစ်ခုတွင် ရပ်ကာ စောင့်ကြည့်နေကြသည်။ သူတို့အနီးတွင် လောက်ယု ရှိနေသည်။

လောက်ယုသည် လှကျင်းဟန်ထံမှ ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက် နှစ်ကွက် သင်ကြား တတ်မြောက် ခဲ့လျက်



ဂိုဏ်းချုပ်၏ စည်းရုံးသိမ်းသွင်းမှုဖြင့် သက်တန့်ဘီလူးထံ ရောက်နေသူ ဖြစ်သည်။

ကျော့ဝမ်ရယ်၏ သိုင်းလှုပ်ရှားဟန်များသည် ရောင်စဉ်သိုင်းပညာ ဟုတ်မဟုတ် အကဲခတ်ပေးဖို့ လောက်ယုက တာဝန်ယူထားရသည်။

မြားတစ်စင်း တန်ရက်ကျိုကတော့ မြက်ပင်ရှည်များအကြားတွင် ဝပ်ကာ ပုန်းအောင်းနေ၏။ ကျော့ဝမ်ရယ်ကို သံသယဖြစ်ဖွယ်ရာ ရှိလာလျှင် သိုင်းဈေးသည်ကြီးဝမ်က လှို့ဝှက်အချက်ပြလိုက်မည်ဖြစ်ကာ တန်ရက်ကျိုက မြားနှင့်လှမ်းပစ်လုပ်ကြံဖို့ စီစဉ်ထားသည်။

မိမိရှေ့တွင် သိုင်းသမားသုံးယောက် ပေါ်လာသည်နှင့် အခြေအနေမဟန်ကြောင်း ကျော့ဝမ်ရယ် ရိပ်မိသည်။ မလှမ်းမကမ်းရှိ သိုင်းဈေးသည်ကြီးဝမ်တို့ကို လည်းမြင်၏။

"ခဏနေပါဦးလေ"

စွန်ရဲ(၃)က ဟန့်တားသည်။

"ဘာကိစ္စရှိလို့လဲ"

ကျော့ဝမ်ရယ်က ခပ်ဆတ်ဆတ် ပြန်မေးသည်။

"မင်းသားလေးရဲ့ သိုင်းပညာအစွမ်းကို စမ်းကြည့်ချင်လို့ ဆိုပါတော့"

"ခင်ဗျားတို့က သိုင်းဈေးသည်ကြီးဝမ်ရဲ့ လူတွေလား"

"ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



''သိုင်း ဈေး သည့်ကြီး ဝမ်နဲ့ ကျုပ်နဲ့က ဘယ်လိုမှ ပြဿနာမရှိခဲ့ဘူး၊ ချောင်းရေနဲ့ပင်လယ်ရေလို ကိုယ့်ဘာသာကိုယ် သီးသီးသန့်သန့် နေလာခဲ့ကြတာပဲ၊ ဘာကြောင့်များ လာပြီး ရန်ပြုတိုက်ခိုက်ကြတာလဲ''

စွန်ရဲများက ဘာမျှ ပြန်မပြောကြ။

သူတို့သည် သက်တန့်ဘီလူးဂိုဏ်း၏ လက်မရွံ့ သိုင်းသမားများ ဖြစ်ကြရာ ဦးစီးခေါင်းဆောင်လုပ်သူတို့က အမိန့်ပေးသည့် အတိုင်း လိုက်နာ လုပ်ရှားကြရဖို့သာ တာဝန်ရှိသည်။ မည်သည့်အကြောင်းကြောင့် လုပ်ရသည်ကို သိဖို့မလို။ သိထားသည့်တိုင် တစ်ဖက်လူက မေးလာသည်ကို ရှင်းပြကြလိမ့်မည် မဟုတ်ပါ။

ထိုအချိန်မှာပင် သိုင်းဈေးသည်ကြီးဝမ်က တိုက်ခိုက်ကြတော့ရန် အချက်ပေးသံပြုလိုက်သည်။

စွန်ရဲ ၃-၄-နှင့် ၅-တို့လည်း မင်းသားလေး ကျင့်ဝမ်ရယ်ကို ဝိုင်းဝန်း တိုက်ခိုက်ကြလေတော့သည်။

* * *

စွန်ရဲသုံးယောက်တို့က ကျင့်ဝမ်ရယ်ကို ဝိုင်းတိုက်ခိုက်ကြသည်။ သူတို့သုံးယောက်ကိုင်သော လက်နက်များကတော့ မတူကြပါ။

စွန်ရဲ (၃)က ဓားရှည်ကိုင်သည်၊ စွန်ရဲ(၄)ကတော့ ကျာပွတ်ပျော့ကို သုံးသည်။ စွန်ရဲ ၅-၏ လက်နက်ကတော့ တုတ်ရှည်ဖြစ်သည်။ သူတို့သုံးယောက် ပူးပေါင်းကာ ဝိုင်းတိုက်ခိုက်မှုက အတော်ပင် ကြောက်စရာကောင်းသည်။



စွန်ရဲ ၃-၏ဓားချက်များက လျှပ်ပြက်သလို မြန်ဆန်သွက်လက်သည်။ ''စွန်ရဲ ၄-၏ ကျာပွတ်ရိုက်ချက်များက လေမုန်တိုင်းတိုက်သလို အားအင်ကြီးမားသည်။ စွန်ရဲ ၅-၏ တုတ်ရှည်ရိုက်ချက်တို့သည် မိုးကြိုးပစ်ခွင်းသလို ပြင်းထန် ကြမ်းတမ်းသည်။

သူတို့သုံးယောက်သည် သားကောင်ကို ထိုးဆိတ်နေသော စွန်ရဲများလို တဟုန်ထိုးကြမ်းကြမ်းများဖြင့် ခပ်ရမ်းရမ်း တိုက်ခိုက်နေကြသည်။

ကျင့်ဝမ်ရယ်သည် ဓားရှည်ကိုညာလက်တွင် မြဲမြဲစွာ ဆုပ်ကိုင်လျက် စွန်ရဲသုံးယောက်တို့၏ ပြင်းထန်ကြမ်းတမ်းသော တိုက်စစ်ကို ရင်ဆိုင်သည်။ ရန်သူဘက်က အင်အားများနေသော်လည်း အလေးထားပုံမရှိ။

သူ့မျက်နှာပေါ်တွင် မထီတရီအပြုံးလေးပင် ခိုတွဲနေလေသေးသည်။ ယခုလို ရင်ဆိုင် တိုက်ခိုက်ရသည်ကိုပင် သဘောကျ နှစ်ခြိုက်နေသည့်အသွင်ပင်။

တစ်ဖက်လူသုံးယောက် တိုက်စစ်ဖွင့်လာသည်နှင့် ကျင့်ဝမ်ရယ်ကလည်း သွက်လက်စွာ လှုပ်ရှားသည်။

''ဟိုဘ်....''

ပါးစပ်မှ ဟစ်ကြွေးသံပြုရင်း စွန်ရဲ ၄-ထံ လွှားခနဲ ခုန်ဝင်သည်။ လက်ထဲရှိ ဓားရှည်ကို ခပ်တင်းတင်းဆုပ်ကိုင်

ထားသော်လည်း ဓားသိုင်းကွက် ဖော်ထုတ်ခြင်းမလုပ်သေး။

ခပ်ရဲရဲခုန်ဝင်လာသော ကျောင့်စမ်ရယ် မိမိ၏ ကျောပွတ်ရိုက်ချက်များအကြားတွင် ကားခနဲ ဖြစ်သွားလိမ့်မည်ဟု စွန်ရဲ ၄-ကတွက်သည်။ ကျောင့်စမ်ရယ် ခုန်ဝင်လာသည်ကလည်း စွန်ရဲ ၄-၏ကျောပွတ်ရိုက်ချက် စက်ကွင်းများအကြားသို့ တန်း၍ နေသည်။

ကျန်စွန်ရဲနှစ်ယောက်ကလည်း စွန်ရဲ ၄-၏ ကျောပွတ်ရိုက်ချက် ရစ်ပတ်ထိမိသည်နှင့် အပိုင်ခင်ထိုးခုတ်ရိုက်နှက်ရန် အသင့် သိုင်းကွက်ခင်းလိုက်ကြသည်။

သို့ရာတွင်....

စွန်ရဲများ အပိုင်တွက်သလို လက်တွေ့ဖြစ်မလာ။

ခုန်လွှားဝင်လာသော ကျောင့်စမ်ရယ်၏ ကိုယ်ဟန်သည် ရုတ်တရက် ပြောင်းလဲသွားသည်။ ကျောပွတ်ရိုက်ချက်များ၏ စက်ကွင်းလွတ်ရာနေရာတွင် ရှိသွားသည်။

"သတိထား၊ နောက်ပြန် ကျောပွတ်ရိုက်ချက် အမြန်ပြောင်း"

စွန်ရဲ ၃-က အရေးတကြီး အော်ဟစ်ပြောဆိုသည်။ သူသည် ဓားရှည်ကိုင်စွဲထားသော်လည်း ကျောပွတ်ပျော့သိုင်းများကိုလည်း ကျွမ်းကျင်ဟန်တူသည်။

စွန်ရဲ ၃-သည် တစ်ခုတော့ သတိလွတ်သွားသည်။ စွန်ရဲ ၄-ကို လှမ်းသတိပေးသော်လည်း မိမိကိုယ်တိုင်ကတော့ သိုင်းကွက်နှင်းထားမှု အပြောင်းအလဲ လုပ်ခြင်း မပြုမိ။



သတိပေးစကားကြောင့် စွန်ရဲ ၄-သည် နောက်ပြန်ကျောပွတ်ရိုက်ချက်သို့ အမြန်ပြောင်းလိုက်ရာ လူမှာလည်း နေရာရွှေ့သွားလျက် ကျောင့်စမ်ရယ်၏ ဦးတည်ပစ်မှတ်ထားမှုမှ လွတ်သည်။

ထိုအခါ ကျောင့်ဝမ်ရယ်သည် လွတ်သွားသော စွန်ရဲ ၄-ကို အရအမိ လိုက်တိုက်ဖို့ မကြိုးစားတော့။ မိမိနှင့် ဓားတစ်ကမ်းအကွာတွင် စွန်ရဲ ၃-ဘက်သို့သာ ဓားတစ်ချက် ဝိုက်ခုတ်သည်။

"စွပ်"

"အား"

သူများကို လှမ်းသတိပေးသော်လည်း မိမိကိုယ်တိုင်တော့ သတိလစ်သလို ဖြစ်နေသော စွန်ရဲ ၃-တစ်ယောက် ကျောင့်စမ်ရယ်၏ ဓားချက် အထိခံလိုက်ရလေတော့သည်။

ယိမ်းယိုင်လဲကျသွားသော စွန်ရဲ ၃-၏ လက်ထဲမှ ဓားရှည်ကို ကျောင့်ဝမ်ရယ်က ဘယ်လက်ဖြင့် အရလှမ်းလု၏။

ထို့နောက် လေထဲတွင် ရှိနေလျက်ကပင် စွန်ရဲ ၃-ထံမှ လုယူရရှိသော ဓားရှည်ကို စွန်ရဲ ၅-ထံ လှမ်းပစ်၏။

စွန်ရဲ ၅-မှာ စွန်ရဲ ၃-၏ သတိပေးသံကြောင့် အသာပင် ထိန်းကာ အခြေအနေကို အကဲခတ်ကြည့်နေ၏။ သိုင်းကွက်နှင်း နေရာယူထားမှုတော့ မပြောင်း။

သတိပေးသူ စွန်ရဲ ၃-ကိုယ်တိုင် ကျောင့်စမ်ရယ်၏ ဓားချက်အထိခံရသည်ကို မြင်ရတော့ စွန်ရဲ ၅-အံ့သြသွားရ၏။

www.burmeseclassic.com



ထိုသို့ အံ့ဩသွားခိုက်မှာပင် သူ့ထံသို့ ဓားရှည်တစ်လက် တန်းဝင်လာရာ စွန်ရဲ ၅-အလန့်တကြား ရှောင်လိုက်၏။

ဓားရှည်သည် ဓားပျံတစ်လက်၏ အရှိန်အဟုန်မျိုးဖြင့် ဝင်လာရာ စွန်ရဲ ၅-မှာ ရှောင်သော်လည်း မလွတ်။ ရင်ဘတ်မှ နောက်ကျောတိုင် ထုတ်ချင်းဖောက် အထိခံရ၏။ အော်သံပင်မပြုနိုင်။

တစ်ခါတည်း လဲကျသွားသည်။

ပွဲစသည် ဆိုသည်နှင့် မိမိတို့ဘက်မှ လူနှစ်ယောက် ကျင့်ဝမ်ရယ်၏ လက်ချက် အထိခံသွားကြရသောကြောင့် တစ်ဖက်လူများ အံ့ဩတုန်လှုပ်ကုန်ကြသည်။

စွန်ရဲ ၄-သည် အံ့ဩတုန်လှုပ်သွားသော်လည်း လက်မရွံ့ သိုင်းသမားတစ်ယောက်ပီပီ နောက်တွန့်ခြင်း မရှိ။ ကျာပွတ်ပျော့ကို ဝှေ့ယမ်းကာ ကျင့်ဝမ်ရယ်ကို တရကြမ်း ရိုက်နှက်တိုက်ခိုက်သည်။

ကျင့်ဝမ်ရယ်သည် စွန်ရဲ ၄-၏ ကျာပွတ်ရိုက်ချက်များကို ထိထိမိမိခုခံချေဖျက်နေ၏။ ကျာပွတ်ရိုက်ချက်တို့မှာ ကျင့်ဝမ်ရယ်ကို အန္တရာယ်မပေးနိုင်။ တစ်ကွက်ပြီးတစ်ကွက် ပြိုပျက်၍ချည်းနေသည်။

*           *           *



သိုင်းဈေးသည်ကြီးဝမ်သည် စွန်ရဲ ၃-ယောက်နှင့် မင်းသားလေး ကျင့်ဝမ်ရယ်တို့ ရင်ဆိုင်တိုက်ခိုက်နေမှုကိုကြည့်ရင်း အံ့ဩစိတ်လှုပ်ရှားနေ၏။

ကျင့်ဝမ်ရယ်၏ နှုန်းနတ်သားဓားသိုင်း အစွမ်းထက်မြက်ကြောင်း သိုင်းဈေးသည်ကြီးဝမ် ကြားဖူးထားသည်။ သူတို့ဘက်မှ လက်မရွံ့သိုင်းသမားစွန်ရဲ ၃-ယောက်တို့ကလည်း သိုင်းပညာ အတော်ထက်မြက်ကြ၏။

အကြောက်အရွံ့မရှိ။ တရကြမ်းတိုက်ခိုက်ဓာတ်ကြသည်။

စွန်ရဲ ၃-ယောက်အနေဖြင့် ကျင့်ဝမ်ရယ်ကို ကောင်းကောင်း ထိန်းနိုင်လိမ့်မည်ဟု သိုင်းဈေးသည်ကြီးဝမ်က တွက်ထား၏။

ကျင့်ဝမ်ရယ်နှင့် စွန်ရဲ ၃-ယောက်တို့ အပြန်အလှန်တိုက်ခိုက်နေကြပုံကို ဖောက်ယုက သေသေချာချာကြည့်ရှုကာ လုကျင်းဟန်၏သိုင်းမျိုးဆက်အမွေခံဖြစ်နိုင်သည့်၊ မသက်ာဖွယ်ရာအချက်တွေ့၍ပြောပြသည်နှင့် သိုင်းဈေးသည်ဝမ်က ပုန်းအောင်းနေသော မြားတစ်စင်းတန်ရက်ကျိုကို အချက်ပေးလိုက်ရသာဖြစ်၏။

တန်ရက်ကျိုက မင်းသားလေးကျင့်ဝမ်ရယ်ကို မြားတစ်ချက်တည်းနှင့် အပြတ်ရှင်းပစ်လိုက်ပေလိမ့်မည်။

ရောင်စဉ်သိုင်းပညာ၏ သိုင်းဟန် လှုပ်ရှားမှုများကို သိုင်းဈေးသည်ဝမ် မျက်ဝါးထင်ထင် မတွေ့မမြင်ဖူးပေ။ ရောင်စဉ်သိုင်းသည် ပျော့ပျောင်းညင်သာမှုနှင့် အားအင်ပြင်းထန်မှုတို့ ဖွန်ချက်ညီညီ ပေါင်းစပ်နေသည့်သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်ကာ လှုပ်ရှားတိုက်ခိုက်ရာတွင် မျက်စိအမြင်တွင် ပျော့ပျောင်းညင်သာလှသည်ဟုထင်ရသော်လည်း တစ်ဖက်လူကို ထိချက်နာစေနိုင်သည့် အရှိန်မဲ့ အင်အားစွမ်းရည်များရှိနေလျက် အထိခံရလျှင် အပြင်မန်း ဒဏ်ရာဒဏ်ချက်ပြောပလောက်အောင်မပေါ်လွင်ဘဲ အတွင်းဒဏ် ပြင်းထန်စွာ ရနိုင်ကြောင်းဟူသော သဘောတရားလောက်ကိုသာ ကြားသိထားသည်။

ယခု သိုင်းချေးသည်ကြီး တွေ့မြင်နေရသော ကျင့်ဝမ်ရယ်၏ သိုင်းဟန်များသည် ပေါ့ပါးသွက်လက်သော်လည်း များအင်ပြင်းထန်သည့် ခါးချက်တွေဖြစ်နေသည်။ ထိချက်အားကလည်း ပြင်းထန်ကြောင်း ထင်ရှား ပေါ်လွင်နေသည်။

သည်တော့ ရောင်စဉ်သိုင်းတတ်မြောက်ထားခြင်းမရှိဟု ကောက်ချက်ချရမလိုဖြစ်နေသည်။

သို့သော်....

မိမိတို့၏ လက်မရှိသိုင်းသမား စွန်ရဲ ၃-ယောက်တို့ကို စတင် ရင်ဆိုင်မိသည်နှင့် အလဲလဲအကွဲကွဲဖြစ်အောင် ချိုးနှိမ်တိုက်ခိုက်မှုကတော့ တော်ရုံတန်ရုံ သိုင်းပညာအဆင့်မြင့်ရှိနှင့် မစွမ်းဆောင်နိုင်။

ရောင်စဉ်သိုင်းလို ထိပ်တန်းအစွမ်းထက် သိုင်းပညာတတ်ထားသူမှသာ လုပ်ဆောင်နိုင်မည်မို့ စဉ်းစားစရာရှိနေသည်။



သိုင်းချေးသည်ကြီးဝမ် အကြံအိုက်ကာ လောက်ယုမည်သို့ ကောက်ချက်ချ အကြံပေးမည်နည်းဟု စောင့်နေမိသည်။

စွန်ရဲ ၄-၏ အခြေအနေကလည်း သိပ်မဟန်တော့။ ကျင့်ဝမ်ရယ်၏လက်ချက် အမိခံရဖို့အချိန် အတော်ကိုနီးဆောသည်ကို သိုင်းချေးသည်ကြီးဝမ် အကဲခတ်မိသည်။

လောက်ယုကလည်း ဘာမျှမပြောသေး။

တိုက်ခိုက်နေကြသည်များကိုသာ မျက်မှောင်ကုတ်ကာ အကဲခတ်နေဆဲ။

သိုင်းချေးသည်ကြီးဝမ်က ဆုံးဖြတ်ချက်တစ်ခုကို မိုက်မိုက်တန်းကန်းပင်ဆုံးဖြတ်သည်။

မြားတစ်စင်း တန်ရက်ကျိုကို လှမ်းအချက်ပေးသို့က်၏။

* * *

"ဒေါင်...."

"ဝှီး...."

လေးခွင်းလိုက်သံနှင့်အတူ မြားတစ်စင်း အဟုန်ပြင်းစွာ လွင့်ပျံလာသည့်အသံ ဆက်တိုက်ပေါ်လာသည်။

သို့ရာတွင်....

သိုင်းချေးသည်ကြီးဝမ် ကြိုတင် အကွက်ချ စီစဉ်ထားသည့်အတိုင်း မြားဖြင့်ချောင်းမြောင်းပစ်ခတ်မှုပေါ်ပေါက်လာသော်လည်း အကြီးအကျယ် လွဲချော်မှုရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေတိုးခွင်းကာ ထွက်ပေါ်လာသော မြားတံသည် ကျင့်ဝမ်ရယ်ရှိရာသို့ဦးတည်ခြင်းမရှိ။

သိုင်းစေ့ါးသည်ကြီး ဝမ်တို့ လူစု ရှိရာဘက်သို့သာ တန်းတန်းမတ်မတ်ဝင်လာသည်။

သိုင်းစျေးသည်ကြီးဝမ်တို့လူစု သောသောရုတ်ရုတ် လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။

ပြေးကြ လွှားကြ၊ ရှောင်ကြ တိမ်းကြသည်။

ဝင်လာသောမြားကို လွတ်အောင်တော့ ရှောင်လိုက်နိုင်ကြသည်။

အတော်လေးတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ကြသည်။

"ဟေ့...တန်ရက်ကျိ၊ အယ်လိုလုပ်လိုက်တာလဲ"

သိုင်းစျေးသည်ကြီးဝမ်က ဒေါသတကြီး ဆဲဆိုကြိမ်းမောင်းကာ မြားတစ်စင်းတန်ရက်ကျိပုန်းအောင်းနေရာသို့ ပြေးသွားသည်။

ကျန်လူများလည်း အလိုအလျောက်ပင် သူ့နောက်မှ လိုက်လာကြသည်။

"အား...."

စွန်ရဲ ၄-၏ အော်ဟစ်သံကြားရသောကြောင့် သိုင်းစျေးသည်ကြီးဝမ်တို့လူစု ရုတ်တရက် ခြေလှမ်းတုံ့ရပ်ကာ လှမ်းကြည့်မိကြသည်။

တိုက်ခိုက်မှုက တစ်စခန်းသတ်သွားခဲ့လေပြီ။



စွန်ရဲ ၄-လဲကျနေသည်။ မင်းသားလေး ကျင့်ဝမ်ရယ်ကိုမူ မတွေ့ကြရတော့။ စွန်ရဲ ၄-ကို ချေမှုန်းတိုက်ခိုက်ပြီးနောက် ထွက်ခွာသွားဟန်တူသည်။

သိုင်းစျေးသည်ကြီးဝမ့်သည်ကျင့်ဝမ်ရယ်နောက်သို့ လိုက်ရန် စိတ်ကူးမိသေးသည်။ သို့သော် လိုက်ရှာ၍ ရနိုင်ဖို့ မလွယ်ကြောင်း နားလည်သည့်အတွက် ထိုစိတ်ကူးကို ဖျက်လိုက်သည်။

မြားတစ်စင်းတန်ရက်ကျိပုန်းအောင်းရန် နေရာချထားပေးသည့်နေရာသို့သာ ဆက်သွားသည်။ ကျန်လူများလည်း သူ့နောက်မှ လိုက်လာခဲ့ကြသည်။

မြေကြီးပေါ်တွင် စင်းစင်းကြီးလဲကျနေသော တန်ရက်ကျိကို တွေ့ရသည်။ အသက်တော့ မသေပါ။ မအော်ဟစ်နိုင်အောင် အကြောဆိုးပိတ်ခံထားရခြင်းဖြစ်သည်။

သိုင်းစျေးသည်ကြီးဝမ်နှင့် ြားတစ်ရာရဲတိုက်မှ ရဲဘိုက်မှူးကြီးနှစ်ယောက်တို့က တန်ရက်ကျိအား အကြောဖြေဖွင့်ပေးဖို့ ကြိုးစားကြသေးသည်။

သို့ရာတွင် တန်ရက်ကျိသည် အဆင့်မြင့် လျှို့ဝှက်ဆန်းပြားသော အကြောထိုးပိတ်နည်းဖြင့် အကြောပိတ်ခံထားရသောကြောင့် သူတို့သုံးယောက်လုံး အကြောဖြေဖွင့်ပေးခြင်း မပြုနိုင်ကြ။

သူ့အလိုအလျောက် အကြောပြေပွင့်သွားမည့်အချိန်ကို စောင့်ရန်သာရှိသောကြောင့် လောက်ယုက တန်ရက်ကျိ

www.burmeseclassic.com

www.burmeseclassic.com



အားထမ်းကာ ကျောက်တစ်လုံးလိုက်ဂူသို့ တပ်ခေါက်ပြန်လာခဲ့ကြရလေသည်။

တန်ရက်ကျိုကို အကြောပိတ်ပြီး ယူတို့လူစုရှိရာသို့ တန်ရက်ကျိုး၏လေးဖြင့်လှမ်းပစ်ခဲ့သူမှာ နဂါးလေးရင်ထန်မင်းဖြစ်ကြောင်း ဈေးသည်ဝမ်တို့သိမသွားကြပေ။

ရင်ထန်မင်း အတွင်းဒဏ် အပြင်းအထန်ရနေသည်ဟူသော ဈေးသည်ကြီးဝမ်တို့က ထင်နေကြပေသည်။

တကယ်တော့ ရင်ထန်မင်း မည်သည့် အတွင်းဒဏ်မျှ မရခဲ့ပါ။

ကျောက်စိမ်းကလျာ ဟန်ပိယောင်ကို အလျှော့ပေးနိုင်ရန်နှင့် မိခိကို လုကျင်းဟန်၏သိုင်းမျိုးဆက်တစ်ယောက်ဟူသဲသယဝင်နေကြသူတို့ကို သို့လော သို့လော အတွေးပွားသွားအောင် လှည့်စားနိုင်ရန် ရင်ထန်မင်းက ပရိယာယ်ဆင်ကာ အတွင်းဒဏ်ပြင်းပြင်းထန်ထန်ရသွားသည့်အသွင်မျိုး အယောင်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုအယောင်ဆောင်မှုကို တောင်ပိုင်းကျားသစ်က ရိပ်စားမိကာ ယုတ္တိရှိအောင် ဝင်ရောက် ပြောဆိုလှုပ်ဆောင်ပေးခဲ့သည့်အတွက် ရင်ထန်မင်း၏ပရိယာယ်ဆင်မှုကောင်းကောင်းအောင်မြင်ခဲ့ပေသည်။

★

## အခန်း (၄)

သိုင်းဈေးပွဲတော်နေ့ ပြီးဆုံးပြီးသွားပြီးနောက်တစ်နေ့တွင် တောင်တစ်လုံး လိုက်ဂူ ယာယီအဆောက်အအုံကို ဖျက်သိမ်းပစ်လိုက်သည်။

ဈေးဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုဆောင်၊ လောင်းကစားရုံ၊ ဆောင်ကြာမြိုင် စသည့် ယာယီအဆောက်အအုံတို့ကတော့ ဆက်ရှိနေမြဲ။ သိုင်းဈေး လွင်ပြင် တွင်လည်း သိုင်းသည့်သည်များဖြင့် စည်ကားနေဆဲ။

ဒါကလည်း သိုင်းဈေးပွဲတော်နေ့များ၏ထုံးစံသို့ ဖြစ်နေသည်။

သိုင်းဈေးပွဲတော် လွင်ပြင်သည် သိုင်းဈေးပွဲတော်နေ့မတိုင်မီတစ်လခန့်ကစတင်ကာ လှုပ်ရှားစည်ပင်ခဲ့ပြီး၊ သိုင်းဈေးပွဲတော်နေ့ ပြီးဆုံးပြီးနောက် စည်ကားမှုတစ်စစလျော့ပါးလာကာ တစ်လခန့် အကြာတွင်တော့ လူသူအသွား

www.burmeseclassic.com



အလာမရှိသည့် တောင်ကြားလွင်ပြင်တစ်ခုအဖြစ် ပြန်လည်ခြောက်ကပ်သွားပေလိမ့်မည်။

သို့ရာတွင်....

သည်တစ်ခေါက်တွင်တော့ ယခင်ကနှင့်မတူသော ထူးခြားသည့်အပြောင်းအလဲတွေ ရှိလာသည်။

(၃)လပိုင်း(၁၇)ရက်နေ့တွင်ထူးခြားသည့်အပြောင်းအလဲများ၏ အစပျိုးမှု ပေါ်ပေါက်လာသည်။

ထိုနေ့နံနက်တွင် သိုင်းဈေးလွင်ပြင်သို့ မြင်းလှည်းအုပ်စုကြီးတစ်စု ထူးထူးခြားခြားပင် ရောက်ရှိလာသည်။

မြင်းလှည်းအုပ်စုကြီး၏ ရှေ့ပြေး အဖွဲ့ငယ်လေးဆည်မြားနီသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အလံကို လွှင့်ထူထားကြသည်။

သို့ရာတွင် ထိုမြင်းလှည်း အုပ်စုကြီးကို ခေါင်းဆောင်ကြီးမှူးလာကြသူများနှင့် စောင့်ကြပ်လာကြသော သိုင်းသမားများကတော့ မြားနီသယ်ယူ ပို့ဆောင်ရေးအဖွဲ့ဝင်တွေမဟုတ်ကြပေ။

ရက်စက်ကြမ်းကြုတ်မှု၊ ဟောဟောရမ်းရမ်းလုပ်တတ်မှု၊ အကောက်ဉာဏ်များမှုတို့ဖြင့် နာမည်ကြီးနေသော အရိပ်မဲ့တစ္ဆေ စူးလိကျောင်း၊ ကင်းခြေများ ယုန်ချန်းဝန်နှင့် မြေအောင်းဖုတ်ကောင် တုကူးခက်တို့ သုံးယောက်က ခေါင်းဆောင်လာကြသည်။

ခေါင်းဆောင်သိုင်းသမားကြီး သုံးယောက်သည် မြင်းဖြူကြီးများကို စီးကာ အလံတိုင် ရှေ့ပြေး အဖွဲ့ငယ်၏



နောက်မှ ဟန်ပါပါလိုက်ပါလာသည်။ သူတို့သုံးဦး စီးလာကြသောမြင်းဖြူကြီးများသည် ပထမတန်းစား မြင်းချောမြင်းသန့်များဖြစ်ကြသည်။

ရွှေခြူ ငွေခြူများ အပါအဝင် ကျောက်မျက်ရတနာများစီခြယ်ထားသည့် ကကြိုးတန်ဆာများက ခေါင်းဆောင် သိုင်းသမားကြီး သုံးယောက်တို့၏ ဟန်ပါဖော်ကို ပိုတင့်တယ် ထင်ရှားစေသည်။

မြင်းလှည်းအုပ်စုကြီးတွင် မြင်း(၄)ကောင် ဆွဲသော ဝန်တင်မြင်းလှည်းကြီး (၁၅)စီးပါရှိသည်။ ဝန်တင်မြင်းလှည်းကြီးတစ်စီးနှင့်တစ်စီး ခပ်ခွာခွာ မောင်းနှင်လာကြကာ မြင်းလှည်းကြီး နှစ်စီးအကြားတွင် အားကောင်းမောင်းသန် ယောက်ျားကြီး (၂၀)ခန့် အစုလိုက် လမ်းလျှောက် လိုက်ပါလာကြသည်။

မြင်းကိုယ်စီ စီးထားကြသော အစောင့် သိုင်းသမားလူရွယ် (၂၅)ယောက်ခန့်ကလည်း မြင်းလှည်း အုပ်စုကြီး၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် ဝန်းရံ လိုက်ပါလာကြသည်။

အစောင့် သိုင်းသမားများ စီးသော မြင်းများသည် ခေါင်းဆောင် သိုင်းသမားကြီးသုံးယောက်၏ မြင်းဖြူကြီးများကို မမီသော်လည်း ဒေါက်ကောင်း၍ သန်မာသည်၊ ဖြိုးကြုံခိုင်သည်။

ဝန်တင် မြင်းလှည်းကြီးများ ပေါ်တွင်တော့ ဂုံနီကျောက်များ၊ အုတ်ခဲများ၊ ကျောက်မှုန့်များ၊ ပျဉ်ပြား

www.burmeseclassic.com

www.burmeseclassic.com



နှင့်အရွယ်အစားအမျိုးမျိုး၊ ပေါက်တူး၊ ဂေါ်ပြား၊ တူး ဆောက်၊ ရဲတင်း၊ လွှစသော ကိရိယာတန်ဆာပလာမျိုးစုံ တင်ထားသည်။

သိုင်းဈေးလွင်ပြင်တွင် ရှိနေကြသေးသော သိုင်းသမား များအဖို့ ထိုမြင်းလှည်းအုပ်စုကြီး ရောက်ရှိ လာခြင်းမှာ အတော်ပင် ထူးဆန်းနေသည်။ ထင်မြင်ချက် အမျိုးမျိုး ပေးကာ ပြောမဆုံးအောင်ရှိနေကြသည်။

ဝန်တင် မြင်းလှည်းကြီးများပေါ်တွင် ပါလာသော ပစ္စည်းများကြောင့် ကြီးမားခန့်ထည်သည့် အဆောက် အအုံကြီးတစ်ခု အခိုင်အခံ့ တည်ဆောက်ရန် ဖြစ်ကြောင်း ကိုတော့ လူတိုင်းနားလည်ကြသည်။ သိကြသည်။

သို့ရာတွင် သည်မျှလောက် ချောင်ကျကာ သိုင်းဈေး ပွဲတော် အခါသမယများမှ လွဲ၍ လူရိပ်လူယောင်မင် မရှိ ခြောက်ကပ်နေသော နေရာတွင် ကြီးမား ခန့်ထည်သော အဆောက်အအုံကို မည်သူတွေကလာဆောက်ပြီး ဘယ်လို လူစားတွေ အခြေချ နေထိုင်ကြလေမည်နည်းဟု မိမိတို့ ထင်မြင်ချက်နှင့် မိမိတို့ အမျိုးမျိုးပြောဆို ထင်ကြေးပေး နေကြသည်။

သည်နေရာသည် တစ်နည်းတစ်ဖုံ စည်ကားလုပ်ရှား လာလိမ့်မည်ဟု ခန့်မှန်းကြသူတွေက အတော်မင် များ သည်။

ထိုသူတို့၏ခန့်မှန်းချက် မမှားခဲ့ပေ။

* * *



ထူးဆန်းသော မြင်းလှည်း အုပ်စုကြီး ရောက်လာမှု ကြောင့် သိုင်းဈေးလွင်ပြင်လည်း တစ်နည်းတစ်ဖုံ စည် ကား လာခဲ့ပြန်သည်။

ထိုမြင်းလှည်း အုပ်စုကြီးသည် ဘုံကျောင်းပျက် နေရာ တွင် အခြေစိုက် စခန်းချသည်။ သူတို့စခန်းကျယ်ကြီး၏ ပတ်သည်ကို ဆူးခက်တံတိုင်း ယာယီခတ်သည်။

ယာယီတံတိုင်း ဆိုသော်လည်း ထိုးဖောက် ဝင်ရန် အတော်ပင်ခက်ခဲသော ထူထပ်သိပ်သည်းမှု ရှိသည်။

သိုင်းဈေးလွင်ပြင်ရှိ ဆိုင်များတွင်လည်း လူများကြိတ် ကြိတ်တိုး စည်ကားလာသည်။ ခါတိုင်းကလို စည်ကားမှု တစ်စစလျော့သွားမည့် အခြေအနေမရှိတော့။ တိုး၍သာ စည်ပင်လာမည့် အလားအလာတွေ အပြည့်ရှိနေသည်။

ဖျက်သိမ်း ထွက်ခွာသွားရန် စီစဉ်နေသော ဆိုင်များ လည်း မဖျက်သိမ်းဖြစ်တော့။ ဆိုင်သစ်များပင် ပေါ်လာ သည်။

ပြန်သွားတော့ရန် စိတ်ကူးနေကြသော သိုင်းသမား များလည်း မပြန်ဖြစ်ကြတော့။ ဘယ်လိုထူးခြား ပြောင်း လဲမှုတွေ ဖြစ်လာဦးမည်နည်း ဟူသော သိစိတ်ဖြင့် သိုင်း ဈေးလွင်ပြင်တွင် ဆက်၍ နေထိုင်နေကြသည်။

ဤသို့ဖြင့် သိုင်းဈေး လွင်ပြင်တွင် မူလရှိနေကြသည့် သိုင်းသမားများအပြင် မြင်းလှည်းအုပ်စုကြီးနှင့် အတူပါ လာကြသည့် သိုင်းသမားများ၊ အလုပ်သမားများ၊ မြင်း လှည်းသမားများပါ ထပ်တိုးကာ လူပိုများလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်လာသောပစ္စည်းများ ချပြီးနောက် ဝန်တင် မြင်းလှည်းများ ပြန်သွားကြသည်။ အစောင့်သိုင်းသမားများနှင့် အလုပ်သမားများကတော့ ခြံဝင်းကျယ်ကြီးထဲတွင် ကျန်နေခဲ့သည်။

ထိုခြံဝင်းကြီးသည် သိုင်းဈေးပွဲတော် ပရဝဏ်နှင့် ခပ်လှမ်းလှမ်းတွင် ရှိသည်။

သိုင်းဈေးပွဲတော် ပရဝဏ်အတွင်းမှ လူများသည် ဆောက်လုပ်ရေးခြံဝင်းကြီးဆီသို့မသွားကြပါ။ ဆိုင်များက အရောင်းအဝယ်ကို သူတို့၏ ဆိုင်နေရာတွင်သာ ပြုလုပ်ရာ ဆောက်လုပ်ရေးခြံဝင်းကြီးမှလူများက ဆိုင်များတွင်သာ လာ၍ ဝယ်ယူကြ၏။

ဆိုင်များအနေဖြင့် ဆောက်လုပ်ရေး ခြံဝင်းကြီးထဲသို့ သွားရောက် ရောင်းချရန်မလိုအပ်။ ရောင်းရေးဝယ်တာ အဆင်ပြေနေ၏။

ခြံဝင်းခတ်ကာ တံခါးထွင် အစောင့်သိုင်းသမားများ အလှည့်ကျ စောင့်ကြပ်နေရာ သိုင်းဈေးပွဲတော် ပရဝဏ်တွင်ရှိနေကြသော သိုင်းသမားများအနေဖြင့်လည်း သူ့စည်း ကိုယ့်စည်းစောင့်ကြသည့် သိုင်းသမားများထုံးစံအတိုင်း ဆောက်လုပ်ရေး ခြံဝင်းကြီးဆီသို့ မသွားကြပေ။

ဆောက်လုပ်ရေးခြံဝင်း၏ သိုင်းသမားများနှင့် ဆိုင်များတွင် ဆုံမိကြမှုတွေသာရှိ၏။

သို့ရာတွင်....



ဆောက်လုပ်ရေးခြံဝင်းကြီးထဲသို့ ဝင်ရောက် ရောင်းချနေသော ဈေးသည်တစ်ယောက်တော့ရှိနေ၏။

ထိုသူမှာ ဆိုင်းထမ်းယောင်ကျိုဖုဖြစ်၏။

ယောင်ကျိုဖုသည် သိုင်းဈေးပွဲတော်၏ တစ်မူထူးသော ဈေးသည်ဟူ၍ဆိုရမည်။ သိုင်းဈေးပွဲတော်တွင် အခြားဈေးသည်များက ယာယီဆိုင်များ ဆောက်လုပ်ကာ အရောင်းအဝယ်လုပ်ကြသော်လည်း ယောင်ကျိုဖုကတော့ သူရောင်းချသည့်ပစ္စည်းများကို ဆိုင်းထမ်းဖြင့်ထမ်းကာ သိုင်းဈေးပွဲတော် နေရာအနှံ့ ခြေကျင်လျှောက်၍ ရောင်းချသည်။

ယောင်ကျိုဖုလို ဆိုင်းထမ်းဖြင့် ထမ်းကာ လှည့်လည်ရောင်းချသည့် ဈေးသည်ဟူ၍ သိုင်းဈေးပွဲတော်တွင် သူတစ်ယောက်တည်းသာရှိသည်။

အခြား မည်သူမျှ သူ့လို ဆိုင်းထမ်းဖြင့်ထမ်းကာ လိုက်၍ မရောင်းပါ၊

သူ ရောင်းချသည်က အပေါ်စားအရက်ဖြူနှင့် ဈေးချိုသော ပဲပြားဟင်း၊ ကန်စွန်းရွက်ကြော်တို့ဖြစ်သည်။

လမ်းများပေါ်တွင်ပင် ခပ်ပေါပေါ ခပ်လွယ်လွယ် သောက်သုံးနိုင်သောကြောင့် သူ့ဟာနှင့်သူတော့ အရောင်းအဝယ်ဖြစ်၏။

ယောင်ကျိုဖုတို့လင်မယားသည် သိုင်းဈေးပွဲတော်အချိန်တိုင်း ရောက်လာကာ ဆိုင်းထမ်းဖြင့် ရောင်းချလေ့ရှိ၏။ သူတို့ ဘယ်အရပ်ဒေသကလာသည်ကိုတော့ မည်သူမျှ မသိကြပါ။ သူတို့သည် ယွန်ကျားရွာမှလည်း မဟုတ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဈေးပွဲတော် ဗရဝဏ်အနီးတွင် ယာယီတဲအိမ်လေးတစ်ခုထိုးကာ လင်မယားနှစ်ယောက် နေထိုင်ကြလေ့ရှိသည်။

အစပိုင်းတွင်တော့ ဆောက်လုပ်ရေးခြံဝင်းတံခါးနားတွင် ဆိုင်းထမ်းချကာ ရောင်းချသည်။ ထိုခြံဝင်းကြီးထဲရှိ လူအများစုမှာ သူရောင်းချသော အပေါစားအရက်ဖြူနှင့် ဈေးချိုသော ပဲပြားမာင်း၊ ကန်စွန်းရွက်ကြော်တို့နှင့်အလွန်ပင် အစပ်အဟပ်တည့်ကာ ပထမနေ့မှာပင် ဖောက်သည်ကောင်းတွေ ဖြစ်သွားကြလေတော့သည်။

ဒုတိယနေ့တွင်တော့ ထိုအလုပ်ကြမ်းသမားများ၏ ဖိတ်ခေါ်မှုဖြင့် ယောင်ကျိဖုသည် ဆောက်လုပ်ရေးခြံဝင်းကြီးထဲသို့ဝင်ရောက်နိုင်ကာ ဟိုဟိုသည်သည်ပင် လှည့်လည်ကာ ရောင်းချနိုင်ခဲ့၏။

အလုပ်ကြမ်းသမားများသာမက အစောင့်သိုင်းသမားများကပါ ဝယ်ယူအားပေးကြသည်။

ထမ်းယူသွားသမျှ အကုန်ပင် ရောင်းရသောကြောင့် ယောင်ကျိဖုသည် အခြားနေရာများသို့ လှည့်လည်သွားရောက်ရောင်းချရန်ပင်မလိုတော့။ ဆောက်လုပ်ရေး ခြံဝင်းကြီးသည် သူ့အတွက် ဈေးကွက်ကောင်းတစ်ခု ဖြစ်နေပေတော့သည်။

* * *



(၃)လပိုင်း (၂၀)ရက်နေ့။

သည်နေ့ ယောင်ကျိဖု အရမ်းကို ရောင်းကောင်းသည်။ တစ်ထမ်းယူသွားသော အရက်နှင့်ဟင်းလျာတို့ နံနက်ပိုင်းတွင်ပင် ကုန်သွားသည်။

အလုပ်ကြမ်းသမားများ လုပ်ခငွေ ရှင်းပေးသည့်နေ့ဖြစ်ကြောင်း သိရသည့်အခါ ထပ်မံ ရောင်းချနိုင်ကြောင်း နားလည်သည့်အတွက် ယောင်ကျိဖုသည် အိမ်ပြန်ကာ ဟင်းလျာများ အမြန်ချက်ပြုတ်ပြီး တစ်ခေါက်ပြန်ရောင်းရန် စိတ်ကူးရ၏။

သူ့ဖောက်သည် အလုပ်ကြမ်းသမားများကို တစ်ခေါက်ပြန်လာဦးမည်ဟု ပြောဆိုခဲ့ပြီး အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။

သိုင်းဈေးပွဲတော် ပရဝဏ်ကို ဖြတ်သွားရသောလမ်းမှ မပြန်။ အပြင်ဘက်ဖြတ်လမ်းမှ ပြန်လာခဲ့သည်။ ထိုဖြတ်လမ်းတွင် ချုံပုတ်များ ထူထပ်သော်လည်း ခရီးတိုသည့်အတွက် အချိန်တိုတိုအတွင်း အိမ်ပြန်ရောက်သွားနိုင်လေသည်။

ဖြတ်လမ်းတစ်နေရာသို့အရောက် ချုံကွယ်တစ်ခုနောက်မှ လူနှစ်ယောက် ထွက်လာသည်။

နဂါးလေးရင်ထန်မင်းနှင့် စပ်စပ်စုစုကျုန်းယုယုတို့ ဖြစ်ကြကြောင်း ယောင်ကျိဖုသိသည်။ ခြေလှမ်းတုံ့မလို ဖြစ်သွားပြီး ကျာခြေရရဆက်လျှောက်သည်။

''ဈေးသည်ကြီး ခဏလောက်နေပါဦး''

www.burmeseclassic.com

www.burmeseclassic.com



ရင်ထန်မင်းက ပြောသည်။

"အရက်နဲ့ဟင်းလျာတွေ ဘာမှမကျန်တော့ဘူး၊ အကုန် ရောင်းကုန်သွားပြီ၊ ဒါကြောင့် ဟင်းအမြန် ပြန်ချက်ပြီး ထပ်ရောင်းရအောင် အိမ်ပြန်လာတာပါ"

ယောင်ကျိဖုက ပြန်ပြောသည်။

"အင်း.... အရက်နဲ့ ဟင်းလျာတွေ ရောင်းကုန်သွားပြီ ဆိုတော့ မသောက်ရ မစားရတော့ဘူးပေါ့၊ စကားနည်း နည်းတော့ ပြောလို့ရနိုင်တယ် မဟုတ်လား"

"ရပါတယ်၊ ပြောစရာရှိတာ တိုတိုနဲ့မြန်မြန်ပြောပေါ့၊ ကျွန်တော့်မှာ အချိန်သိပ်မရလို့ပါ၊ အိမ်ကို အမြန်ပြန်ရဦး မယ်လေ"

"ဆိုင်းထမ်းကြီး ခဏချထားလိုက်ပါဦး"

"ရပါတယ်၊ ဘာမှမပါတော့တာ၊ ပေါ့ပေါ့လေးပဲ"

"ချထားလိုက်ပါဦးလေ"

ယောင်ကျိဖုလည်း စကားအချေအတင် ပြောမနေလို သောကြောင့် ထမ်းထားသော ထမ်းပိုးနှင့် ဆိုင်းထမ်းကို ချထားလိုက်ရသည်။

"ခင်ဗျားက ဟိုခြံဝင်းကြီးထဲဝင်ပြီး ရောင်းနေတာဆို တော့ အဲဒီအထဲကအကြောင်းတွေ သိနေမှာပေါ့"

"ကျွန်တော်က အရက် ရောင်းသမားပါ၊ အရက်ပဲ ရောင်းပါတယ်၊ သတင်း အရောင်းအဝယ် မလုပ်ပါဘူး၊ ကျွန်တော့်အတွက် အန္တရာယ်ဖြစ်လာနိုင်တယ်မဟုတ်လား၊ မိတ်ဆွေတို့ လူရွေးတာ မှားနေပြီ"



"မမှားပါဘူးလေ၊ ရှင်ဟာ အသင့်လျော်ဆုံး လူတစ် ယောက်ပါပဲ"

ကျွန်းယုယုက ဝင်ပြောသည်။

"ခင်ဗျား ဘာတိုဆိုလိုတာလဲ"

ယောင်ကျိဖုက ကျွန်းယုယုကို စူးစမ်းသလိုကြည့်ကာ ပြန်မေးသည်။

"ရှင်ဟာ အထမ်းသမားဈေးသည် ယောင်ကျိဖုပါ၊ ကျွန်မတို့ကလဲ ဒီလိုပဲသတ်မှတ် လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်မသိနေတာ ဘာစ်ခုကတော့ တစ်မျိုးဖြစ်နေတယ်"

ယောင်ကျိဖုမျက်နှာ ကွက်ခနဲပျက်သည်။ ချက်ချင်းပင် ပြန်ခြွေဆည်ကာ ထိန်းလိုက်ရသည်။

"ဘာ....တစ်မျိုးလဲ"

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က နှင်းမြူဂိုဏ်းချုပ်ကြီး ဖန်းတာ့ရင်ရဲ့ တစ်ဦးတည်းသောသမီး ဖန်းကူကျွန်းဟာ ဖန်းတာ့ရင်ရဲ့တပည့် ကုန်စွန်းလိုင်နဲ့ ခိုးရာလိုက်ပြေးသွား ခဲ့တယ်၊ ဖန်းဘာ့ရင်နဲ့ နှင်းမြူဂိုဏ်းသားတွေက မြေလှန် ရှာပေမယ့် မတွေ့ခဲ့ကြဘူး၊ ကောင်းကောင်းခြေရာဖျောက် သွားနိုင်ခဲ့ကြတယ်"

ကျွန်းယုယုက စကားကို ခေတ္တရပ်ကာ ယောင်ကျိဖုကို စူးစိုက်ကြည့်သည်။ ယောင်ကျိဖုက မျက်နှာထားတည်တည် လုပ်ထားသည်။

www.burmeseclassic.com



''ကျွန်မတို့နဲ့ ပူးပေါင်းပါ၊ ရှင် တစ်ယောက်ဘည်း ကျိတ်လုပ်နေတဲ့ ကိစ္စအတွက်လဲ ကျွန်မတို့က အများကြီး ကူညီပေးနိုင်ပါတယ်''

ယောင်ကျိဖုံ သိသိသာသာပင် အမူအရာ ပျက်သွားသည်။

''ခင်ဗျား ဘယ်လိုလုပ်ပြီး သိနေတာလဲ''

ကျန်းယုယုက တစ်ချက်ပြုံးလိုက်ပြီး....

''ဒီလို သတင်းမျိုးကို မသိဘူးဆိုရင် ကျွန်မနာမည် စမ်စပ်စုစု ကျန်းယုယုလို့ ခေါ်မနေတော့ဘူး''

''ကောင်းပြီလေ၊ ဘယ်လိုပူးပေါင်း ဆောင်ရွက်ရမှာလဲ''

''ဟိုခြံဝင်းကြီးထဲက လူတွေအကြောင်း ခင်ဗျားသိသမျှ ပြောပြပါ၊ ပြီးတော့ ကျွန်တော့်ကို ခင်ဗျားအသွင်ရုပ်ဖျက်ပြီး ခြံဝင်းကြီးထဲဝင် ဈေးရောင်းနိုင်ဖို့ ကူညီပါ''

ရင်ထန်မင်းက ဝင်ပြောသည်။

''ကျွန်ဆော် အိမ်ကို လိုက်ခဲ့ပါ၊ အေးအေးဆေးဆေး ပြောကြတာပေါ့''

''ကျွန်တော်တို့ အတူတူ သွားကြဖို့ မကောင်းဘူး။ ခင်ဗျားပြန်နှင့်ပါ၊ ကျွန်တော် လိုက်လာခဲ့ပါမယ်''



''ရှင့်ဇနီးသည်ကို ပြောလိုက်ပါ၊နှင်းမြူဂိုဏ်းချုပ်ကြီး ဖမ်းတာရင် ကွယ်လွန်သွားပြီဆိုတဲ့သတင်း သိုးသိုးသံ့သံ့ ကြားရတယ်လို့၊ သေတော့ မသေချာသေးဘူး''

ကျန်းယုယုက ပြောလိုက်သည်။

*   *   *

ယောင်ကျိဖုသည် သူတို့ဇနီးမောင်နှံနေထိုင်ရာ ယာယီတဲအိမ်လေးသို့ ပြန်ရောက်ပြီး မကြာမနှောင်းမှာပင် ဆိုင်အလုပ်သမားတစ်ယောက်အသွင် ရုပ်ဖျက်ထားသော ရင်ထန်မင်း ရောက်လာသည်။

ယောင်ကျိဖု၏ ဇနီးသည်က ပဲပြားဟင်းနှင့် ကန်စွန်းရွက်ကြော်များ မီးဖိုထဲတွင် ချက်ပြုတ်နေကာ ရင်ထန်မင်းနှင့် ယောင်ကျိဖုတို့ နှစ်ယောက်က အိမ်ရှေ့ခန်းတွင် ခေါင်းချင်းဆိုင်ကာ စကားပြောကြသည်။

ယောင်ကျိဖုက သူသိသမျှ ဆောက်လုပ်ရေးခြံဝင်းကြီးထဲမှ အကြောင်းများကို ပြောပြသည်။

ဆောက်လုပ်ရေးခြံဝင်းကြီးထဲတွင် အလုပ်ကြမ်းသမား တစ်ထောင်နီးပါး ရှိသည်။ အစောင့်သိုင်းသမား (၅၀) ခန့်ရှိကာ ကင်းစောင့်ခြင်းအပြင် အလုပ်ကြမ်းသမားများကို အဆိုင်းလိုက်ခွဲကာ ကြီးကြပ်အုပ်ချုပ်ရသည့် အလုပ်ကိုလည်း ထိုသိုင်းသမားများက အလှည့်ကျ လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအဝဝကို အရိပ်မဲ့တစ္ဆေးလိုကျောင်း၊ ကင်းခြေများဟုန်ချန်းဝန်နှင့် မြေအောင်းဖုတ်ကောင် တုကူးခက်တို့သုံးယောက်က စီမံခန့်ခွဲသည်။ သူတို့ သုံးယောက်သည် ခေါင်းဆောင်များလည်းဖြစ်ကြသည်။

အလုပ်ကြမ်းသမားများသည် အသက်အရွယ် ပေါင်းစုံဖြစ်သည်။ အားလုံးပင် ကြံ့ခိုင်သန်စွမ်းကြသလောက် အသိဉာဏ်ကတော့ နိမ့်သည်။ တစ်ယောက်မျှပင် စာမတတ်။ ဗဟုသုတလည်း ဘာမျှမရှိ။ ခိုင်းသည်ကို လိုက်လုပ်တတ်မှုသာရှိသည်။

မြေတိုင်းခြင်း၊ မြေပြုပြင်ခြင်းများလုပ်ဆောင်ပြီးစီး၍ အုတ်မြစ်ချရန် စီစဉ်နေသည်။ မည်သည့်အဆောက် အအုံဆောက်လုပ်မည်ကို သေသေချာချာ မသိသော်လည်း မြေပြုပြင်တူးဆွထားမှု အနေအထားအရတော့ ကြီးမားထည်ဝါသော အဆောက်အအုံကြီးတစ်ခု ဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။

အလုပ်ကြမ်းသမားများ ရသည့်လုပ်ခကတော့ အတော်လေးကောင်းသည်။ လုပ်ခကို သုံးရက် တစ်ကြိမ် ရှင်းပေးသည်။ အလုပ်ကြမ်းသမားများသည် အလုပ်ကို ကျွဲလို နွားလိုကုန်းရုန်းလုပ်ကြကာ ရသည့်လုပ်ခကိုသည်းကောင်းကောင်း သုံးဖြုန်းပစ်သည်။

အစောင့်သိုင်းသမား၏သိုင်းပညာသည် သာမန်အဆင့်ထက်မြင့်မည်ဟု ခန့်မှန်းရသည်။



''ကျုပ်ထင်တာ မလွဲဘူးဆိုရင်တော့ အင်အား ကြီးမားတဲ့ သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းရဲ့ ဌာနချုပ် စခန်းဆောက်နေတာ ဖြစ်လိမ့်မယ်၊ အဲဒီဂိုဏ်းကြီးဟာလဲ လျှို့ဝှက်ဖွဲ့စည်းထားရာကနေ မကြာခင် ထင်ထင် ပေါ်ပေါ်လှုပ်ရှားလာနိုင်တယ်''

ယောင်ကျိဖုက သူ့ထင်မြင်ချက်ကိုပါ ဆက်ပြောလေသည်။

''ဟုတ်တယ်...ကျွန်တော်တို့လဲ ဒီလိုပဲတွေးတယ်၊ အဲဒီဂိုဏ်းနဲ့ ပတ်သက်ပြီး ခင်ဗျားက ဘယ်လို ထင်မြင်ထားသလဲ''

ရင်ထန်မင်းက စကားထောက်ပေးလိုက်သည်။

''အင်အား အခတော်ကောင်းမှာတော့ အမှန်ပဲ၊ လမ်းမှန်ကမ်းမှန် အဖွဲ့အစည်း ဖြစ်မယ်တော့ မထင်ဘူး၊ ပြီးတော့ အဲဒီဂိုဏ်းရဲ့ ဦးစီးခေါင်းဆောင်ဟာ....''

ယောင်ကျိဖုသည် စကားကို အဆုံးမသတ်၊ တစ်ပိုင်းတစ်စနှင့် ရပ်ကာ ပြောသင့် မပြောသင့် ချင့်ချိန်ဟန်ဖြင့် ငြိမ်နေသည်။

ယောင်ကျိဖု၏ အမူအရာကို ကြည့်ရင်း ရင်ထန်မင်း အတွေးတစ်ခု ဖျတ်ခနဲပေါ်လာသည်။

''ကျွန်တော်ကို သံသယဖြစ်နေတာနဲ့ သွားတူနေမလား မသိဘူး''

ရင်ထန်မင်းက ပြောလိုက်သည်။

''ခင်ဗျားက ဘယ်လိုများ သံသယ ဖြစ်နေလို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ဟာ ပြိုင်ဘက်ကင်း သူတော်စင် လုကျင်းဟန်ကို လုပ်ကြံသွားတဲ့လူ ဖြစ်မယ်လို့ ကျွန်တော်သံသယဝင်နေတယ်''

ရင်ထန်မင်းက ခပ်ဘွီးတွီးပြောသည်။

* * *

ယောင်ကျိဖုက ရင်ထန်မင်းကို 'ဖျတ်'ခနဲ ကြည့်လိုက်သည်။

သူ့မျက်နှာပေါ်တွင် အမူအရာ မျိုးစုံတို့ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသည်။

ယောင်ကျိဖုသည် လုကျင်းဟန်နှင့် ဆုံမိကာ ရောင်စဉ် သိုင်းပညာ၏ သိုင်းကွက်နှစ်ကွက်သင်ကြားခွင့်ရခဲ့ကြောင်း နှင့်သိုင်းစျေးပွဲတော်၏လုပ်ရှားမှုများနောက်ကွယ်မှ လျှို့ဝှက်ချက်ကို တိတ်တဆိတ်စုံစမ်းနေသည့် အကြောင်း တို့ကို ကျန်းယုယု ပြောပြ၍ ရင်ထန်မင်း သိထားခဲ့သည်။

သိုင်းစျေးပွဲတော်သည် သက်တန့်ဘီလူးဂိုဏ်း၏ လှုပ်ရှားမှုတစ်ခုဖြစ်ကာ သက်တန့်ဘီလူးဂိုဏ်း၏ ဂိုဏ်းချုပ်မှာ လည်း လုကျင်းဟန်ကိုလုပ်ကြံကာ သိုင်းကျမ်းခိုးယူ သွားသူ ဖြစ်နိုင်ကြောင်း သတင်းအစအနၢ သဲလွန်စ များကို ရင်ထန်မင်းကတွေ့ထားသည်။



ထိုအချက်များပေါ်တွင် မူတည်ကာ ယောင်ကျိဖုတစ်ယောက် သိုင်းစျေးပွဲတော် များတွင် အထမ်းစျေးသည် အဖြစ် အရက် လိုက်ရောင်းနေမှုမှာ လုကျင်းဟန်ကို လုပ်ကြံခဲ့သူအား ရှာဖွေဖော်ထုတ် လို့သောကြောင့် ဖြစ်လိမ့်မည်ဟုတွေးမိကာ မိမိတွေးဆချက် မှန်မမှန် သိနိုင်ရန် ပြောချလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ် အဲ့ဒီလိုပါပဲ''

ယောင်ကျိဖုက ခပ်တိုးတိုးပြန်ဖြေသည်။

''ဒီလိုဆိုရင် ကျွန်တော်တို့ ကောင်းကောင်းပူးပေါင်း ဆောင်ရွက်လို့ရပြီ''

''ဟုတ်တယ်....ပူးပေါင်းဆောင်ရွက်ကြမယ်''

ပဲပြားဟင်းနှင့် ကန်စွန်းရွက်ကြော် များလည်း ချက်ပြုတ်ပြီးစီးပြီမို့ ဆောက်လုပ်ရေး ခြံဝင်းထဲသို့ တစ်ခေါက် သွားရောင်းရန်အသင့်ဖြစ်ပေပြီ။

ရင်ထန်မင်းက သူ့ရုပ်ကို ယောင်ကျိဖုနှင့် တူအောင် ရုပ်ဖျက်ပြုပြင်သည်။

ယောင်ကျိဖုနှင့် ရင်ထန်မင်းတို့ နှစ်ယောက် အရုပ်အမောင်း၊ကိုယ်လုံးကိုယ်ပေါက် မတိမ်းမယိမ်း ဖြစ်သည်။ ဆံပင်အရောင်အဆင်း အနေအထားချင်းကတော့ ကွဲပြားသည်။

သို့သော် ယောင်ကျိဖုသည် ဆိုင်းထမ်းနှင့်စျေးရောင်း ထွက်လျှင် အပြားကြီးကြီး ဝါးခမောက်ကို ခပ်အုပ်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေလေ့ ရှိသည်မို့ ဆံပင်ချင်း မတူသည်က ဘာမျှ ပြဿနာမဟုတ်။

မျက်နှာချင်းတူအောင်သာ ဂရုစိုက်ရုပ်ဖျက်ရသည်။

ယောင်ကျိဖု၏ ဇနီးသည်မှာ ရုပ်ဖျက်ပညာ အတော်ကို ကျွမ်းကျင်သည်မို့ ရင်ထန်မင်း၏ ရုပ်ဖျက်မှုတွင် များစွာ အကူအညီရသည်။ သေသပ်ပိရိအောင် လုပ်ပေးနိုင်သည်။

အရောင်းအဝယ်လုပ်မှုနှင့် ဈေးများကလည်း သိပ်ရှုပ် ရှုပ်ထွေးထွေးမရှိသောကြောင့် ယောင်ကျိဖု တစ်ခါရှင်းပြ သည်နှင့် ရင်ထန်မင်း နားလည်သွား၏။

လိုအပ်သည်များကို စီစဉ်လုပ်ဆောင်ပြီးနောက် ရင်ထန် မင်းသည် ယောင်ကျိဖု၏ ဆိုင်းထမ်းကြီးကို ထမ်းကာ ထွက်လာခဲ့သည်။

ယောင်ကျိဖုကတော့ ဇနီးသည်နှင့်အတူ ယာယီ တဲအိမ် လေးတွင် ကျန်ရစ်နေခဲ့သည်။

* * *

သိုင်းဈေးသည်ကြီးဝမ် ဆောက်လုပ်ရေးခြံဝင်းကြီးထဲ ရောက်လာခဲ့သည်။

သူသည် သိုင်းဈေးပွဲတော်နေ့ကို ကြီးကြပ်စီမံသော သိုင်းဈေးသည်ကြီးဝမ်၏ အသွင်အပြင် မဟုတ်တော့ဘဲ သူ၏ ပင်ကိုဇာတိရုပ်ဖြစ်သည့် ကျားဖြူအောင်ပင်းယောင် အသွင်ဖြင့် ရုပ်ဖျက်ခြင်းမရှိဘဲ ရောက်လာသည်။



ရင်ထန်မင်းသည် ကျားဖြူအောင်ပင်းယောင်ကိုသိ၏။ သို့သော် သိုင်းဈေးသည်ကြီးဝမ်မှာ ကျားဖြူအောင်ပင်း ယောင်က ရုပ်ဖျက်ထားသူဖြစ်သည်ကိုတော့ မသိ။

ကျားဖြူ အောင်ပင်းယောင်သည် သိုင်းဈေးပွဲတော် နေ့တွင် သိုင်းဈေးသည်ကြီးဝမ်အဖြစ် ရုပ်ဖျက်ကာအရောင်း အဝယ်များလုပ်လျက် ကျန်နေ့များတွင် ပင်ကိုရုပ်အတိုင်း သိုင်းဈေးပွဲ လွင်ပြင်တွင် သိုင်းသည်သည် ပရိသတ်များ အကြား ဝင်ထွက်သွားလာနေပေရာ ဆိုင်းထမ်းဖြင့်အရက် ရောင်းနေသော လမ်းလျှောက်ဈေးသည် ယောင်ကျိဖုကို ကောင်းကောင်းသိသည်။

ဆိုင်ခန်းဖွင့်ကာ မရောင်းဘဲ လမ်းလျှောက်ဈေးသည် လုပ်နေသော ယောင်ကျိဖုကို တစေ့တစောင်း အကဲ ခတ်ခြင်းပင် လုပ်နေခဲ့သည်။ ယောင်ကျိဖု၏ ပိရိသေသပ် သော လှုပ်ရှားမှုများကြောင့် အောင်ပင်းယောင်သည် ယောင်ကျိဖု၏ မူလဇာတိအခြေအနေကို မသိခဲ့ပေ။

သို့သော် ယောင်ကျိဖု၏ သွားလာလှုပ်ရှားပုံများကို တော့ အောင်ပင်းယောင် ကောင်းကောင်း သိနေခဲ့၏။

ယောင်ကျိဖု အယောင်ဆောင်ကာ ခြံဝင်းကြီးထဲတွင် ဈေးလှည့်ရောင်းနေသော ရင်ထန်မင်းကို စတင်တွေ့ရှိ သည့်အချိန်တွင် အောင်ပင်းယောင်၏ စိတ်ထဲတွင် တစ်ခုခု မှားယွင်းမှု ရှိနေသလို ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကျိဖုသည် ဖန်းတာ့ရင်၏တပည့် နှင်းမြူဂိုဏ်းဝင် သိုင်းသမားတစ်ယောက်ဖြစ်ခဲ့ကြောင်း မည်သူမျှမရိပ်မိစေရန် အထူးပင် သတိပြုနေထိုင်သည်။ သူ၏ သွားလာလှုပ်ရှားမှုများတွင် သိုင်းဟန်မပါရအောင် ဂရုစိုက် ထိန်းသိမ်းသည်။

လမ်းလျှောက်ပုံသည် တစ်ယောက်၏ စရိုက်သွင်ပြင် ထင်ရှားသိသာနေအောင် လုပ်ထားလေ့ရှိသည်။

ရင်ထန်မင်းသည် ယောင်ကျိဖုနှင့် ရုပ်ချင်းတူအောင် ရှပ်ဖျက် အယောင်ဆောင်ထားနိုင်သော်လည်း သူ၏သွားလာ လှုပ်ရှားမှုများတွင် သိုင်းဟန်လုံးဝမပါအောင်တော့ မလုပ်နိုင်။

တတ်နိုင်သမျှ ကြိုးစား အယောင်ဆောင်သော်လည်း သည်နေ့မှ စလုပ်ရသည်မို့ ပိရိခြင်းတော့မရှိ။ ပြီးတော့ သူ၏ ရောင်းဝယ်ဟန်ကလည်း ယောင်ကျိဖုနှင့် ကွဲပြားမှုလေးတွေ ရှိနေပြန်သည်။

ယောင်ကျိဖုက ဈေးရောင်းရရေးကို အထူးဦးစားပေးသည်။ ရောင်းကောင်းနေလျှင် ထိုနေရာတွင် အချိန်အကြာကြီး ဆိုင်းထမ်းချကာ ရောင်းနေမြဲပင်။ ရင်ထန်မင်းကတော့ ဆောက်လုပ်ရေး ခြံဝင်းကြီးထဲသို့ အခွင့်ကောင်းရကာ ဝင်နိုင်ခဲ့သည့်အချိန်အတွင်း အတတ်နိုင်ဆုံးနေရာအနှံ့ ရောက်နိုင်အောင် ကြိုးစားသည်။

တစ်နေရာတည်းတွင် အခြေချသလိုမျိုးမရောင်း။ ဟိုဟိုသည်သည် သွားလာနေနိုင်ဖို့ အဓိကလုပ်နေသည်။



ဤသည်တို့မှာ သိပ်မပြောပလောက် သော်လည်း ယောင်ကျိဖု၏ရောင်းဝယ်မှုနှင့် လှုပ်ရှားလုပ်ကိုင်ဟန်များကို ကောင်းကောင်းသိထားနေသူ အောင်ပင်းယောင်၏ စူးရှသော မျက်စိအမြင်တွင်တော့ သံသယဖြစ်ဖွယ်ရာတွေ တွေ့နေရလေတော့သည်။

စေ့စပ်သော အောင်ပင်းယောင်သည် ယောင်ကျိဖု၏ အိမ်သို့သွား၍ အကဲခတ်ကြည့်ရှုရန် လျှို့ဝှက်ညွှန်ကြားမှု လုပ်လိုက်သည်။ ခြံဝင်းကြီးထဲတွင် လှည့်လည်ရောင်းချနေသော ယောင်ကျိဖုကို မသိမသာ စောင့်ကြည့်နေရန်လည်း တိတ်တဆိတ်စေခိုင်းသည်။

သူကိုယ်တိုင်ကတော့ ဟန်မပျက်ပင် လုပ်စရာရှိတာတွေ ဆက်လုပ်နေသည်။

ထိုညနေပိုင်းလောက်တွင် ယောင်ကျိဖု၏အိမ်ကို သွားကြည့်ရှုစုံစမ်းခိုင်းသူထံမှ သတင်းပို့ချက် ရောက်လာသည်။

သတင်းပို့ချက်ရောက်လာချိန်တွင် အောင်ပင်းယောင်သည် ဓားတစ်ရာရဲတိုက်မှူးကြီးနှစ်ယောက်၊ ကျောက်စိမ်းညီအစ်မသုံးဖော်တို့နှင့်အတူ သက်တန့်ဘီလူးဂိုဏ်း၏ ကိစ္စများကို တိုင်ပင် ပြောဆိုနေခဲ့၏။

သက်တန့်ဘီလူးဂိုဏ်းတွင် အောင်ပင်းယောင်နှင့် ဓားတစ်ရာရဲတိုက်မှူးကြီးနှစ်ယောက်တို့မှာ အဆင့်တူ ဂိုဏ်းခွဲမှူးကြီးများ ဖြစ်ကြသော်လည်း သက်တန့်ဘီလူးဂိုဏ်း ထင်ထင်ရှားရှား ပေါ်ထွက်လာနိုင်ရေးအတွက် ဆိုခဲ့လောလောဆယ် စီစဉ်လုပ်ဆောင်နေမှုများတွင် အောင်

www.burmeseclassic.com

www.burmeseclassic.com



ပင်းယောင်လို ဂိုဏ်းချုပ်က တိုက်ရိုက် အမိန့်ပေးနေသည်မို့ အလိုအလျောက်ပင် အောင်ပင်းယောင်မှာ တာဝန်ခံဂိုဏ်းခွဲမှူးကြီးလို ဖြစ်နေသည်။

ဓားတစ်ရာရဲတိုက်မှူးကြီးနှစ်ယောက်ပင် အောင်ပင်းယောင်၏ စီမံခန့်ခွဲမှုကို လိုက်နာနေကြရသည်။

ယောင်ကျိုဖု၏အိမ်သို့ သွားရောက်စုံစမ်းမှုအကြောင်း ထူးလျှင် ချက်ချင်း သူ့ထံသို့ အမြန်သတင်းပို့ရန် အောင်ပင်းယောင်က ညွှန်ကြားထားသည့်အတွက် ဂိုဏ်းကိုစွမ်းများ တိုင်ပင်နေရာသို့ပင် သတင်းပို့ချက်ရောက်လာခြင်းဖြစ်၏။

"တစ်ယောက်ယောက်က ယောင်ကျိုဖု အယောင်ဆောင်ပြီး ခြံဝင်းထဲဝင်လာစုံစမ်းနေတယ်၊ အကြောင်းထူးတော့ပေါ်ပြီ"

သတင်းပို့ချက်ရသည်နှင့် အောင်ပင်းယောင်က တီးတိုး ရေရွတ်သည်။

"ဘယ်သူက အယောင်ဆောင်လာတာလဲ"

မုန်တိုင်းဓား ကိုက်တာ့ဟူက မေးသည်။

"သေသေချာချာတော့ မပြောနိုင်ဘူး၊ ရင်ထန်မင်းဖြစ်ဖို့များတယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုကြဦး"

ပြောပြောဆိုဆို အောင်ပင်းယောင် ထိုင်ရာမှ ထကာ ခပ်သုတ်သုတ်ထွက်သွားသည်။

ချောင်းမြောင်းလုပ်ကြံစေမည့် အစီအစဉ်ပျက်သွားပြီးနောက် အောင်ပင်းယောင်က မင်းသားလေး ကျင့်ဝမ်



ရယ်ကို စောင့်ကြည့်ရန် အစီအစဉ်များ သေသေချာချာ လုပ်ပေးထားခဲ့သည်။

ယခုအချိန်တွင် ကျင့်ဝမ်ရယ် လောင်းကစားဝိုင်းတစ်ခုတွင် ရှိနေကြောင်း သတင်းပို့ချက်အရ နေ့လယ်ကပင် ရထားခဲ့သည်။

အစကတော့ ယောင်ကျိုဖုအသွင် အယောင်ဆောင်လာသူသည် ကျင့်ဝမ်ရယ် ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု အောင်ပင်းယောင် ထင်မိခဲ့သေးသည်၊ ထိုသတင်းပို့ချက်ကြောင့် ထိုသို့ထင်မြင်နေမှုကို ဖျက်ပစ်ခဲ့ရသည်။

ကျင့်ဝမ်ရယ်ကို သေးနှင့် ချောင်းမြောင်းပစ်ခတ်ရန် တာဝန်ပေးထားခဲ့သူ တန့်ရက်ကျိ အကြောပိတ်ခံခဲ့ရရာတွင် အကြောထိုးပိတ်မှုလက်ရာ ဆန်းပြားလှသည့်အတွက် အောင်ပင်းယောင်တို့အဖို့ စဉ်းစားစရာ အတော်ဖြစ်ခဲ့သည်။

တန့်ရက်ကျိအား အကြောသိုးပိတ်ခဲ့သူသည် လှဘျင်းဟန်၏ သိုင်းမျိုးဆက် အမွေခံသူ ဖြစ်လိမ့်မည်ဟုမှန်းတွေးခဲ့ကြသည်။

ကျင့်ဝမ်ရယ်သည် မိတ်ဆွေအပေါင်းအသင်းများသော်လည်း သူနှင့် ရင်းရင်းနှီးနှီးရှိသူတို့မှာ တောင်ပိုင်းကျွန်းသစ် ကျန်းထင်းလန်နှင့် နဂါးလေး ရင်ထန်မင်းတို့နှစ်ယောက် ဖြစ်ကြ၏။

တောင်ပိုင်းကျွန်းသစ်၏ သိုင်းပညာဇာစ်မြစ်ကို အောင်ပင်းယောင်တို့ ကောင်းကောင်းသိကြသည်။ ပြိုင်ဘက်ကင်း

www.burmeseclassic.com

သူတော်စင် လူကျင်းဟန်နှင့် ဘယ်လိုမျှ မစပ်သက်။ တန်ရက်ကို အကြောပိတ်ခံလိုက်ရသည့်ထူးဆန်းသော အကြောပိတ်နည်းမှာလည်း ကျန်းထင်းလန်၏လက်ရာမဟုတ်။

သည်တော့ ရင်ထန်မင်းကိုသာ သင်္ကာမကင်းစရာဖြစ်နေသည်။

သို့သော် ရင်ထန်မင်းတစ်ယောက် အတွင်းဒဏ်အပြင်းအထန်ရထားကြောင်းလည်း သိထားရပြန်ရာ သည်ကိစ္စများမှာ ရင်ထန်မင်းလက်ချက်ဖြစ်မည်ဟုအသေအချာပြောဖို့လည်း ခက်နေ၏။

ရင်ထန်မင်း အတွင်းဒဏ် ပြင်းပြင်းထန်ထန်ရသည်ဆိုခြင်းမှာ တကယ်မှ ဟုတ်ပါရဲ့လား။ အယောင်ဆောင်လှည့်စားမှုတစ်ခု ဖြစ်နေလေမည်လားဟုပင် အောင်ပင်းယောင် တွေးမိနေ၏။

ယခု ယောင်ကျိဖုအသွင် အယောင်ဆောင်မှု ပေါ်ပေါက်လာလေရာ ထိုအတွေးက ပိုခိုင်မာသည်။

အောင်ပင်းယောင်သည် ယောင်ကျိဖုအသွင်အယောင်ဆောင်ထားသူကို တိုက်ခိုက်သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ ထိုသူသည် ရင်ထန်မင်းမဟုတ်သည့်တိုင် မိမိတို့၏လှုပ်ရှားမှုကို လာစုံစမ်းသည့်အတွက် သုတ်သင်ရှင်းလင်းစစ်ထိုက်နေပေပြီ။

အောင်ပင်းယောင်က ကိုယ်တိုင် ဖမ်းဆီးသုတ်သင်မည်ပြုသော်လည်း ယောင်ကျိဖုမှာ အရက်နှင့်ဟင်းလျာများ



ရောင်းကုန်၍ ပြန်ထွက်သွားသောကြောင့် အမီလိုက် တိုက်ခိုက်ရန် အမြန်ပြင်ဆင်ရသည်။

လက်မရှိ့သိုင်းသမား သုံးယောက်တို့ခေါ်ကာ လိုက်မည်ပြုပြီးနောက် လိုအပ်လျှင် အင်အားဖြည့် တိုက်နိုင်ရန် ဓားတစ်ရာရဲဘိုက်မှူးကြီးနှစ်ယောက်ကိုပါ အကူအညီခေါ်လာခဲ့သည်။ ဆောက်လုပ်ရေး ခြံဝင်းကြီးနှင့် မိုင်ဝက်ခန့်အကွာတွင် ယောင်ကျိဖုကိုလိုက်၍မီသွား၏။

လိုက်မီသည်နှင့် လက်မရှိ့သိုင်းသမား (၃)ယောက်က ယောင်ကျိဖု၏ နောက်ကျောဘက်တွင် နေရာယူလိုက်ကြသည်။ အောင်ပင်းယောင်နှင့် ဓားတစ်ရာရဲဘိုက်မှူးကြီးနှစ်ယောက်က ရှေ့တည့်တည့်တွင် ပိတ်၍ ရပ်နေကြရာ ယောင်ကျိဖုကို ရှေ့နောက်ညှပ်ကာ ဝိုင်းရံထားသလိုဖြစ်သွားသည်။

"ဘယ်လိုလဲ ရင်ထန်မင်း၊ မင်းက အတွင်းဒဏ် အပြင်းအထန် ရသလိုလုပ်၊ ကိုယ်ယောင်ဖျောက်ပုန်းအောင်းနေပြီး ယောင်ကျိဖုအသွင် အယောင်ဆောင် ပြန်ပေါ်လာတာကိုး၊ ကျုပ်ကိုတော့ လှည့်စားလို့မရပါဘူးလေ"

အောင်ပင်းယောင်က ဟန်ပါပါပြောလိုက်သည်။

ယောင်ကျိဖုအသွင် ရုပ်ဖျက် အယောင်ဆောင်ထားသူသည် နဂါးလေးရင်ထန်မင်း ဖြစ်လိမ့်မည်ဟု အသေအချာ မပြောနိုင်သေးသော်လည်း မိမိတွက်ကိန်းမှန်မမှန် စူးစမ်းသည့်အနေဖြင့် မှောင်ထဲတွင် လက်နက်ပုန်း ရမ်းပစ်သလိုမျိုး လုပ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မျက်စိအကြည့် တော်တော် စူးသားပဲကိုး၊ ကျွန်းတော်မှန်း သိတယ်၊ ချီးကျူးပါတယ်"

ယောင်ကျိုဖုအသွင် ဆောင်ထားသူ ရင်ထန်မင်းက ပြန်ပြောသည်။

ယခု အောင်ပင်းယောင်ခေါ်လာသော လက်မရွံ့သိုင်းသမား (၃)ယောက်တို့မှာ စွန်ရဲများထက် ပိုအဆင့်မြင့်သည့် 'သုံးရောင်ခြယ် ယက္ခ' တို့ ဖြစ်ကြသည်။ ယက္ခနီ၊ ယက္ခနက်နှင့် ယက္ခညိုဟူ၍ အသီးသီးအမည်ရကာ အနီရောင်ဝတ်စုံ၊ အနက်ရောင်ဝတ်စုံနှင့် အညိုရောင်ဝတ်စုံများ ဝတ်ဆင်ကြသည်။

လမ်းမှန်သိုင်းသမားများ စုပေါင်းတိုက်ခိုက်မှုကြောင့် ပြိုကွဲသွားခဲ့သော မြောက်ပိုင်းယက္ခဆိုးဂိုဏ်းမှ ကြွင်းကျန်ခဲ့သည့် သိုင်းသမားဆိုးကြီးများ ဖြစ်ကြသည်။

အောင်ပင်းယောင်နှင့် ဓားတစ်ရာရဲတိုက်မှူးကြီး နှစ်ယောက်မှာလည်း ပထမတန်း သိုင်းအကျော်အမော်များ ဖြစ်ရာ သည်မျှလောက် အင်အားကြီးနှင့် လိုက်လာကြသည့်အတွက် မိမိ၏ အယောင်ဆောင်မှု ပေါ်သွားလေပြီဟု တွေးကာ ရင်ထန်မင်းကလည်း ဖုံးကွယ်ဖို့ မကြိုးစားတော့ဘဲ အတိအလင်း ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

မိမိတွက်ကိန်း မှန်သွားပြီမို့ အောင်ပင်းယောင်က ကျေနပ်သည်။ သူက လက်မရွံ့သိုင်းသမား သုံးရောင်ခြယ်ယက္ခတို့ကိုသာ တိုက်ပွဲဝင်ခိုင်းပြီး မိမိတို့က အသာဘေးမှ အကဲခတ်ကြည့်ရန် စီမံထားသော်လည်း ရင်ထန်မင်း ဖြစ်



ကြကြောင်း သိရသောအခါ မိမိတို့ပါ တစ်ခါတည်း ဝင်ပါလျက် အမြန်ဆုံးပွဲသိမ်း အပြတ်ရှင်းပစ်ရန် အောင်ပင်းယောင်က ပြောင်းလဲ ဆုံးဖြတ်လိုက်သည်။

"ကျုပ်တို့သုံးယောက်ပါ ဝင်ပြီး တစ်ခါတည်း ပြတ်သွားအောင် ဝိုင်းတိုက်ကြစို့"

အောင်ပင်းယောင်က မုန်တိုင်းဓား ကိုက်တာ့ဟူနှင့် လျှပ်စီးဓား မိန်းထောင်တို့ကို ပြောလိုက်သည်။

"နာမည်ရ သိုင်းသမားကြီးတွေ လုပ်နေပြီး တစ်ယောက်နဲ့ အများ ဝိုင်းတိုက်ကြတာ မရှက်ကြဘူးလား"

ထို့နောက် သစ်ပင်အကွယ်မှ တောင်ပိုင်းကျားသစ် ကျွန်းထင်းလန်. ပေါ်ထွက်လာသည်။

"ကျုပ်တို့ကိစ္စမှာ ဝင်ပြောစရာမလိုဘူး၊ ဝိုင်းတိုက်ဖို့ လိုအပ်ရင် တိုက်ရမှာပဲ"

အောင်ပင်းယောင်က တောင်ပိုင်းကျားသစ်ကို မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်သည်။

"တိုက်ချင်တယ်ဆိုရင်လဲ တိုက်ကြပေါ့၊ ဒါပေမယ့် ကျွန်တော်ပြောမယ့် စကားတစ်ခွန်းကိုတော့ နားထောင်ပါဦးလေ"

"ဘာလဲ ပြော"

"ခင်ဗျားတို့အတွက် အရေးတကြီးလုပ်စရာ ကိစ္စပေါ်နေတယ်"

"သွားစမ်းပါ၊ ဘာကိစ္စပဲ ဖြစ်ဖြစ်၊ ရင်ထန်မင်းနဲ့ အပြတ်ရှင်းပြီးမှ လုပ်လဲ ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟို တောင်ဘက်ဆီတို့သာ လှမ်းကြည့်လိုက်ပါ။ ဘယ်လောက် အရေးကြီးတဲ့ကိစ္စ ပေါ်နေသလဲ ဆိုတာ ခင်ဗျားသိလိမ့်မယ်"

အောင်ပင်းယောင်သည် ဝါရင့်သိုင်းသမားကြီး တစ်ယောက် ဖြစ်သည်။ အာရုံပြောင်းသွားအောင် တစ်နေရာရာကို အကြည့်ခိုင်းကာ အလစ်ဖမ်း တိုက်ခိုက်သည့် အလွန်ရိုးစင်းသလောက် ထိရောက်သော ပရိယာယ် လှည့်စားမှုကို ကောင်းကောင်းသိထားသည်။

ယခု သူတို့လူစု၏ အနေအထားမှာ....

အောင်ပင်းယောင်တို့ သုံးယောက်က အရှေ့ဘက်ကို ကျောပေးလျက် အနောက်ဘက်သို့ မျက်နှာမူထားကြသည်။ သုံးရောင်ခြယ် ယက္ခတို့က အနောက်ဘက်ကိုကျောပေးကာ အရှေ့ဘက်သို့ မျက်နှာမူထားကြသည်။

တောင်ပိုင်းကျားသစ်က မြောက်ဘက်အရပ်ကို ကျောပေးပြီး တောင်ဘက်အရပ်သို့ မျက်နှာမူထားသည်။

တောင်ဘက်အရပ်မှာ သူတို့လူစု၏ နောက်ကွယ်လို ဖြစ်သည်။ ငဲ့စောင်းကာကြည့်မှ တွေ့နိုင်သည်။

မိမိ၏ လူများလည်း ရှိနေရာ မိမိ တစ်ယောက်တည်း ငဲ့စောင်းကြည့်လျှင် ကိစ္စမရှိနိုင်ဟု တွေးကာ ခေါင်းငဲ့၍ တောင်ဘက်အရပ်ဆီသို့ လှမ်းကြည့်သည်။

ဘာဖြစ်နေသည်ကို သေချာအောင် တစ်ချက်လှမ်းကြည့်ပြီးနောက် ချက်ချင်းပင် ပြန်လှည့်ပြီး ရင်ထန်မင်းကို ဝိုင်း



ဝန်းတိုက်ခိုက်ရန် အချက်ပေးမည် ဟုလည်း အောင်ပင်းယောင်က စိတ်ကူးထားသည်။ သို့ရာတွင်....

ငဲ့စောင်းကြည့်လိုက်သော အောင်ပင်းယောင်မှာ သူ စိတ်ကူးထားသလို ပြန်လှည့် မလာနိုင်တော့။

"ဟာ"

အောင်ပင်းယောင်၏ ပါးစပ်မှလည်း အံ့ဩ တုန်လှုပ်စွာ မြည်တမ်းသံတစ်ချက် ပေါ်ထွက်သည်။

ကျန်လူများလည်း အလိုလိုပင် တောင်ဘက် အရပ်ဆီသို့ ငဲ့စောင်းကြည့်မိကြသည်။ သူတို့လည်းမျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

တောင်ဘက်အရပ်ရှိ မိုးကောင်းကင် တစ်နေရာကမှ ကြည်လင်ပြာလဲ့ခြင်းမရှိ။ နီရဲနေသည်။ အတွေ့အကြုံဗဟုသုတအစာနံ့အသင့်ရှိလျှင်ပင် ထိုသို့နီရဲနေမှုသည် မီးအကြီးအကျယ်လောင်ကျွမ်းနေမှု၏ ရောင်ပြန်ဟပ်မှု ဖြစ်ကြောင်း သိနိုင်ပေသည်။

မီးအကြီးအကျယ်လောင်နေသောနေရာသည် ဆောက်လုပ်ရေးဝင်းကြီးဖြစ်သည်။

ထိုဝင်းခြံကြီးထဲတွင် သက်တန့်ဘီလူးဂိုဏ်း စခန်းတည်ဆောက်ရန် စုပုံထားသော သစ်သားများနှင့် ဆောက်လုပ်ရေးပစ္စည်းများရှိသည်။ ထိုပစ္စည်းတွေ မီးသင့်လောင်နေခဲ့လေပြီ။

သက်တန့်ဘီလူးဂိုဏ်းသည် အောင်ပင်းယောင်တို့ လူစု၏ အနာဂတ် ကြီးပွား တိုးတက်ရေး မျှော်မှန်းချက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သက်တန့်ဘီလူးဂိုဏ်းနှင့် အတူ သူတို့လူစု သိုင်းလောကတွင် လွှမ်းမိုးကြီးစိုးရေးကို သူတို့စိတ်ကူးယဉ်နေကြသည်။

သက်တန့်ဘီလူးဂိုဏ်း အတိအလင်း လှုပ်ရှားရေး၏ ပထမခြေလှမ်းဖြစ်သော အခြေစိုက်စခန်း တည်ဆောက်ရေးသည် သူတို့၏တာဝန်ကြီး ဖြစ်သည်။

အခြေစိုက်စခန်း အတွက် အုတ်မြစ်မျှပင် မချရသေး ဆောက်လုပ်ရေးပစ္စည်းတွေ မီးသင့်လောင်ရာ သူတို့အကြီးအကျယ်တုန်လှုပ်သွားကြသည်။

''ဟာ''

''ဟင်''

ဝါးတစ်ရာ ရဲတိုက်မှူးကြီးနှစ်ယောက်ကလည်း အံ့သြတုန်လှုပ်စွာရေရွတ်ကြသည်။

ထို့နောက် တစ်စုံတစ်ရာ အချက်ပေး လှုံ့ဆော် လိုက်သလို သူတို့သုံးယောက်သားဆောက်လုပ်ရေး ခြံဝင်းကြီးရှိရာသို့ စစ်ဟုန်ထိုးပြေးသွား ကြလေတော့သည်။

သုံးရောင်ခြယ် ယက္ခ တို့လည်း ဆက်မနေကြတော့၊ အောင်ပင်းယောင်တို့နောက်မှ အပြေး လိုက်သွားကြလေသည်။

''ခင်ဗျားတို့ လုပ်ပုံကတော့တကယ်ပိုင်တယ်၊ဟိုလူတွေ ဒီဘက်ကို ရောက်အောင် မျှားခေါ်ပြီး ခြံဝင်းကြီးထဲက ပစ္စည်းတွေ မီးတင်ရှို့ခိုင်းလိုက်တာကိုး''

တောင်ပိုင်းကျားသစ်က ရင်ထနီမင်းကို ပြောသည်။



''ဟာ...အဲဒီ မီးလောင်တဲ့ကိစ္စ ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ကျွန်တော်က ခင်ဗျားရဲ့ အစီအစဉ်လို့ တောင်ထင်နေတာ''

''ကျွန်တော်လုပ်တာ မဟုတ်ဘူး''

''ဒါဆိုဘယ်သူလဲ''

''မပြောတတ်ဘူး... မီးက သူ့ဘာသာ လောင်တာများလားမှ မသိတာ''

''ဒီမီးဟာ မတော်တဆ လောင်တဲ့မီး မဟုတ်နိုင်ဘူး၊ တမင်ရှို့တဲ့မီးပဲဖြစ်ရမှာ''

''အေးလေ...ဘယ်လိုလောင်တဲ့မီး ဖြစ်ဖြစ် သူတို့ လူစုတော့ တကယ်ကို ပြာသွားကြတာပဲ''

* * *

ဆောက်လုပ်ရေးခြံဝင်းကြီးသို့ အောင်ပင်းယောင်တို့လူစု ရောက်သွားကြသောအခါ မီးက အရမ်းပင် အရှိန်ကောင်းနေပြီ။ သစ်သားပုံအားလုံးနီးပါးပင် မီးစွဲလောင်လျက်ရှိနေသည်။

မီးမှာ မတော်တဆ လောင်ခြင်းမဟုတ်။ တစ်စုံ တစ်ယောက်က စနစ်တကျ ရှို့ခဲ့သော မီးဖြစ်ကြောင်း လောင်မြိုက်နေသည့် အခြေအနေကို တစ်ချက်ကြည့်ရုံနှင့် သိသာနိုင်သည်။

မီးကိုနိုင်အောင် မငြိမ်းသတ်နိုင်တော့ကြောင်း နားလည်သည့်အတွက် အောင်ပင်းယောင်သည် ဟိုပြေးသည်

www.burmeseclassic.com

www.burmeseclassic.com



လွှားဖြင့် သောသောရုတ်ရုတ် ဖြစ်နေကြသူများကို စနစ်တကျ ပြန်လည်စုစည်းမိအောင်သာ အမိန့်ပေးစီမံရလေသည်။

အခြေအနေတည်ငြိမ်အောင် ပြန်ထိန်းပြီးနောက် ထိုနေ့က တာဝန်ကျသိုင်းသမားခေါင်းဆောင်ကို ခေါ်ယူကာ စစ်ဆေး မေးမြန်းသည်။

"မီးက ဘယ်လိုစပြီးလောင်တာလဲ"

"ကျောက်စိမ်းညီအစ်မသုံးဖော်တို့ရှိ သွားကြတာပါ"

"သူတို့လက်ချက်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်၊ သူတို့က ယောကျ်ားလေး အဝတ်အစားတွေဝတ်၊ မျက်နှာဖုံးတွေတပ်ထားကြပေမယ့် သူတို့ရဲ့ လှုပ်ရှားဟန်တွေကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်၊ ကျောက်စိမ်းညီအစ်မသုံးဖော်တို့ပါ"

ထိုနေ့ တာဝန်ကျ သိုင်းသမားခေါင်းဆောင်မှာ ဓားတစ်ရာရဲတိုက်၏ လက်ရွေးစင် သိုင်းသမားတစ်ယောက်ဖြစ်သည်။ သက်တန့်ဘီလူးဂိုဏ်းတွင် လည်း လက်ရွေးစင်သိုင်းသမားအစုတွင်ပါဝင်သည်။

မျက်စိအကြည့်စူးရောက်ကာ လူတစ်ယောက်၏ လှုပ်ရှားဟန်များကို မှတ်မိရာတွင် နာမည်ကြီးသည်။

ထိုလူ၏ပြောစကားကို အောင်ပင်းယောင် သံသယမဖြစ်။ ကောင်းစွာလက်ခံသည်။

သည်လုပ်ရပ်သည်သက်တန့်ဘီလူးဂိုဏ်းကိုသစ္စာဖောက်ရုံမက လုံးဝ ရင်ဆိုင်အန်တုခြင်းဖြစ်၏။



ကျောက်စိမ်းညီအစ်မ သုံးဖော်တို့သည် သိုင်းပညာအဆင့်မနိမ့်သော်လည်း သက်တန့်ဘီလူးဂိုဏ်းကို ရင်ဆိုင်အန်တုနိုင်လောက်သည့်အခြေအနေတော့မရှိကြပါ။ ထို့ပြင် သက်တန့်ဘီလူးဂိုဏ်းတွင် ပါဝင်ရန် သဘောတူညီထားပြီးကြသူများလည်းဖြစ်သည်။

မည်သို့ပင်ဆိုစေ မိုက်မိုက်ကန်းကန်း အန်တုလာသည်ကိုတော့ ပြတ်ပြတ်သားသား အရေးယူတုံ့ပြန်ရန် အောင်ပင်းယောင် ဆုံးဖြတ်လိုက်သည်။

သစ္စာဖောက်မှုများနှင့် သက်တန့်ဘီလူးဂိုဏ်းအတွက် အန္တရာယ်ပေးနိုင်မည့်လူများနှင့်ပတ်သက်၍ သူ့သဘောနှင့် လုပ်ဆောင်ရန် အာဏာကုန် လွှဲအပ်ထားခြင်းရှိသော်လည်း သည်ကိစ္စမှာ အကောင်ကို ကြီးကျယ်နေသည့်အတွက် အောင်ပင်းယောင်က ဂိုဏ်းချုပ်ကိုသွားရောက်တွေ့ဆုံကာ အဆုံးအဖြတ်ရယူသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် သိုင်းဈေးလွင်ပြင် တစ်နေရာတွင် ရုပ်ဖျက်ကာ မထင်မရှားရှိနေသည်။ ဂိုဏ်းချုပ်ရှိနေမှုကို အောင်ပင်းယောင်နှင့် ဓားတစ်ရာရဲတိုက်မှူးကြီးနှစ်ယောက်တို့သာသိကြသည်။

ဂိုဏ်းချုပ် မည်သည့်နေရာတွင် ရှိနေသည်ကိုတော့ အောင်ပင်းယောင်တစ်ယောက်တည်းသာသိ၏။ ထို့ပြင် သူတစ်ယောက်တည်းသာ ဂိုဏ်းချုပ်နှင့်တွေ့ဆုံနိုင်ရန် အခွင့်အရေးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်တန့်ဘီလူးဂိုဏ်း ထင်ထင်ပေါ်ပေါ် ရပ်တည်လှုပ်ရှားတော့မယ်ဆိုတာ သိတဲ့လူ အတော်များနေပြီ၊ ဒီအခြေအနေဖြစ်လာမှတော့ နောက်ဆုတ် လျှို့ဝှက်နေစရာ မလိုတော့ဘူး၊ ဌာနချုပ်အဆောက်အအုံ အခိုင်အခံ့တည်ဆောက်ပြီးတဲ့အထိ စောင့်မနေတော့ဘဲ ယာယီဌာနချုပ်အမြန်ဆောက်ပြီး အမြန်လှုပ်ရှားတော့မယ်၊ လုပ်စရာရှိတာတွေ ချက်ချင်းလုပ်ပါ၊ ကျောက်စိမ်းညီအစ်မတွေကိုတော့ ကျုပ်ကိုယ်တိုင် အရေးယူအပြစ်ပေးမယ်"

သက်တန့်ဘီလူးဂိုဏ်းချုပ်က ပြောသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် ပြိုင်ဘက်ကင်း သူတော်စင် လုကျင်းဟာန်ကို အဆိပ်ခတ်လုပ်ကြံကာ သိုင်းကျမ်းခိုးခဲ့သူမင် ဖြစ်၏။

ခိုးယူရရှိလာသော သိုင်းကျမ်းကို ဖတ်ရှုလေ့လာလျက် မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာတို့ကို ကြိုးစားလေ့ကျင့်ခဲ့ရာ ငါးဆယ်ရာခိုင်နှုန်းမျှ အောင်မြင်ခဲ့သည်။ အပြည့်အဝ မအောင်မြင်သည်မှာ အကြောင်းရှိ၏။

မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာတို့သည် မာကျောပြင်းထန်မှုနှင့် သွက်လက်ပျော့ပျောင်းမှုတို့ကို သဟဇာတဖြစ်အောင် ပေါင်းစပ်ထားသည့်သိုင်းပညာဖြစ်ရာ အရိုး အဆစ်၊ အကြောအသားတို့မှာ မာကျောပြင်းထန်မှုနှင့် သွက်လက်ပျော့ပျောင်းမှုတို့ လိုက်လျောညီထွေစွာ ပေါင်းစပ်နိုင်ရန် အဆင်ပြေသည့် အနေအထားတွင်ရှိနေရန် အထူးလိုအပ်သည်။



လုကျင်းဟာန်ထံမှ သိုင်းကျမ်းကို အရယူနိုင်ခဲ့ပြီး မိုးမြေဝိညာဉ် အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာတို့ကို လေ့ကျင့်သည့်အချိန်တွင် သက်တန့်ဘီလူးဂိုဏ်းချုပ်သည် သက်လတ်ပိုင်းအရွယ်သို့ ရောက်နေသည်။

သူ၏ အရိုးအဆစ်၊ အကြောအသားနှင့် သွေးလေလည်ပတ်မှုတို့မှာ အခြေခိုင်၍နေသည်။ ပြောင်းလဲမှုအနည်းအကျဉ်းလုပ်နိုင်သော်လည်း အခြေခံကျသော အပြောင်းအလဲမျိုးမှ လုပ်နိုင်သည့်အခြေအနေ မရှိတော့။

ထို့ကြောင့် သိုင်းကျမ်းရရှိထားပြီး သေသေချာချာကြိုးစား လေ့ကျင့်သော်လည်း မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာတို့ကို အပြည့်အဝ အောင်မြင်အောင် လေ့ကျင့်နိုင်စွမ်း မရှိခြင်းဖြစ်သည်။

ထိုသိုင်းပညာများသည် တကယ်ပင် ပြိုင်ဘက်ကင်းသော ထိပ်တန်းအစွမ်းထက် သိုင်းပညာများဖြစ်ပေရာ ငါးဆယ်ရာခိုင်နှုန်း အောင်မြင်အောင် လေ့ကျင့်နိုင်လျှင်ပင် ယှဉ်ပြိုင်ဘက်မရှိတော့သည့် အနေအထားဖြစ်သည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်ကို ရင်ဆိုင်အနိုင်ယူနိုင်သူမှာ မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ် သိုင်းပညာတို့ကို သူ့ထက်ပို၍ တတ်မြောက်သူသာ ရှိသည်။

ထို့ကြောင့် သက်တန့်ဘီလူးဂိုဏ်းကို အတိအလင်း မထူထောင်သေးဘဲ လုကျင်းဟာန်၏ သိုင်းမျိုးဆက်ကို စုံစမ်းနေခဲ့သည်။ သဲသဲမဲမဲ ရှာဖွေနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရှာဖွေ၍မရသောဘဝသည့်အဆုံးတွင် လူကျင်းဟန်၏ သိုင်းမျိုးဆက် ကျန်ရစ်မည်မဟုတ်တော့ကောက်ချက်ချကာ သက်တန့်ဘီလူးဂိုဏ်းကို အတိအလင်း ထူထောင်ရန် ပထမအဆင့် အနေဖြင့် ဌာနချုပ်စခန်း အခိုင်အခံ့ တည်ဆောက်ရန် စတင် လုပ်ဆောင်ချိန်တွင် အနှောင့်အယှက်ပေါ်လာ၍ သက်တန့်ဘီလူးဂိုဏ်းချုပ် အဘေဘိပင် စိတ်ရှုပ်ခံပြင်းသွားခဲ့သည်။

သည်လို အခြေအနေတွင် အချိန်ဆွဲနေချင်တော့ဘဲ လက်တန့်ဘီလူးဂိုဏ်းကို အတိအလင်း ထူထောင်ကာ ဟန်ဟိတ်ပြ လှုပ်ရှားမှုများ ပေါ်ပေါ်ထင်ထင် လုပ်ဆောင်လျက် သိုင်းလောကကို ခြိမ်းခြောက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

* * *

အောင်ပင်းယောင်တို့လူစု ခြံဝင်းကြီးသို့အပြေးအလွှားပြန်သွားကြသောအခါ ရင်ထန်မင်းနှင့် တောင်ပိုင်း ကျွားသစ်တို့နှစ်ယောက် သိုင်းမောဝန်နန်း တည်းခိုရိပ်သာသို့အမြန်သွားကြသည်။

မိမိတို့ အယောင်ဆောင် လှုပ်ရှားမှုကို အောင်ပင်းယောင်တို့ သိသွားကြပြီမို့ ကျွန်းယုယုအတွက် အန္တရာယ်ကျရောက်လာနိုင်သောကြောင့် သတိပေးအကြောင်းကြားရန် သွားကြခြင်းဖြစ်သည်။

''ဒီလိုဆိုရင် ဟို့တစ်တွေ ရှောင်တိမ်းကြမှ ဖြစ်မယ်၊ ပြောနေကြတယ်၊ အခုပဲသွားကြမယ်''



ရင်ထန်မင်းတာ အကျိုးအကြောင်း ပြောပြပြီးသောအခါ ကျွန်းယုယုက ဆိုသည်။

ကျွန်းယုယု၏စကားကို ကြားတော့မှပင် ရင်ထန်မင်းမှာ မိမိ မေ့လျော့နေသလို ဖြစ်နေသောအချက်ကို ဖျတ်ခနဲသတိရလာသည်။

တစ်ဖက်ရန်သူများ၏ အန္တရာယ် ပေါ်ပေါက်လာလျှင် အရေးပေါ် ရှောင်တိမ်းပုန်းအောင်းရန် နေရာအဖြစ်ယောင်ကျိုဖု၏ ယာယီတဲအိမ်ကို ရွေးချယ်သတ်မှတ်ထားခဲ့ကြသည်။

ထိုသို့ သတ်မှတ်ခဲ့သည့်အချိန်ကတော့ ယောင်ကျိုဖုံမှာ ရန်သူများ သတိပြုစရာလူမဟုတ်ခဲ့ပေ။ သူ၏ယာယီတဲအိမ်မှာ ဘေးကင်းလုံခြုံနိုင်သည်။

ယခုတော့အခြေအနေက တစ်မျိုးပြောင်းသွားပြီ။

မိမိ၏ အယောင်ဆောင်မှု ပေါ်ပေါက်သွားသည့်အတွက် ယောင်ကျိုဖုမှာလည်း အောင်ပင်းယောင်တို့၏ ပစ်မှတ်တစ်ခု ဖြစ်လာနိုင်သည်။ အောင်ပင်းယောင်တို့က ယောင်ကျိုဖုကိုလည်း အန္တရာယ်ပေးနိုင်နေပြီ။

''သူတို့ ယောင်ကျိုဖုကို ဒုက္ခပေးနိုင်တာ ကျွန်တော်မေ့သလိုဖြစ်မိတယ်၊ ယောင်ကျိုဖုရဲ့ ယာယီတဲအိမ်မှာ ပုန်းအောင်းနေလို့ မရတော့ဘူး၊ သူ့ကိုပါခေါ်ပြီး တခြားနေရာတစ်ခုခုမှာ သွားခိုအောင်းရမယ်''

ရင်ထန်မင်းက ပြောသည်။

''ဘယ်ကို သွားပုန်းအောင်းနေမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းကျွားသစ်က မေးသည်။

ရင်ထန်မင်းမှာ ခေတ္တပုန်းခိုနေနိုင်မည့် နေရာကောင်းကို ရုတ်တရက် စဉ်းစား၍မရသောကြောင့် ချက်ချင်း ပြန်မဖြေနိုင်။

''ဝံပုလွေရှိုင်း ဂေဟာဟောင်းမှာ ဆိုရင်ကော''

ကျွန်းယုယုက ဝင်အကြံပေးသည်။

ဝံပုလွေရှိုင်းဂေဟာသည် စိတ်ကြိုက်တောင်ကြားလမ်းတွင် ဝံပုလွေရှိုင်း ခြောက်ယောက်တို့ ထူးဆန်းသော စိန်ခေါ်မှုဖြင့် လူယက် သောင်းကျန်းနေကြချိန်က နေထိုင်ခဲ့သည့် နေအိမ်ဖြစ်သည်။

သိုင်းဈေးလွင်ပြင်၏အနောက်ဘက် ငါးမိုင်သာသာခန့်အကွာတွင်ရှိသည်။ ဂေဟာဟုအမည်ဖော်ထားသော်လည်း အခိုင်အခံ့ အဆောက်အအုံမဖွတ်။ ဝါးများ၊ သစ်ကိုင်းသစ်ရွက် များဖြင့်သာ ဆောက်လုပ် ထားသော တဲအိမ်အကြီးစားသာ ဖြစ်သည်။

ခေတ္တပုန်းအောင်းနေရန်တော့ သင့်လျော်သောနေရာတစ်ခုဖြစ်သည်။သိုင်းဈေးလွင်ပြင်နှင့်လည်း မဝေးလှသောကြောင့် သူတို့အဖို့ လှုပ်ရှားစရာရှိလျှင်လည်း လှုပ်ရှားလုပ်ဆောင်ရန် လက်လှမ်းမီသည်။

''ကောင်းတယ်....မမ၊ ယူစရာရှိတာတွေယူပြီး အဲဒီကိုသွားပေတော့၊ ကျွန်တော် ယောင်ကျိဖုတို့ လင်မယားကိုအမြန်သွားခေါ်ပြီး လိုက်လာခဲ့မယ်''



ပြောလည်းပြော၊ လူကလည်း ပြေးထွက်ရာ စကားဆုံးသည်နှင့် ရင်ထန်မင်း ပျောက်ကွယ်သွားသည်။

''ဟေး... ရှင် ဘာရပ်ကျန်ရစ်တာလဲ၊ ရင်ထန်မင်းနဲ့ လိုက်သွားလေ၊ ရန်သူနဲ့ရင်ဆိုင်ရမယ်ဆိုရင်လဲ သူ့ကိုကူညီပေးနိုင်တာပေါ့''

ကျွန်းယုယုက ရပ်ကျန်ရစ်သော ကျွန်းထင်းလန်ကိုပြောသည်။

ကျွန်းထင်းလန်လည်း အပြေးအလွှားပင် ရင်ထန်မင်း၏ နောက်မှ လိုက်သွားလေတော့သည်။

* * *

ဆောက်လုပ်ရေး ခြံဝင်းကြီးထဲရှိ ပစ္စည်းများကို စနစ်တကျ မီးရှို့ခဲ့ခြင်းမှာ ကျောက်စိမ်းကလျာဟန်ပိယောင်၏ အတင်းပူဆာ တိုက်တွန်းမှုကြောင့် အစ်မနှစ်ယောက်ကပါ ပါဝင်၍ လုပ်ဆောင်ခဲ့ကြမှု ဖြစ်သည်။

ဟန်ပိယောင်သည် ရင်ထန်မင်းအပေါ် မေတ္တာထားနေရာ သိုင်းယှဉ်ပြိုင်ပွဲတွင် ဒဏ်ရာရသွားမှုကြောင့် အတော်စိတ်မကောင်း ဖြစ်ရသည်။ မိမိတို့ အနိုင်ရခဲ့သည်ကိုပင် မပျော်နိုင်။

ရင်ထန်မင်းကိုလည်း သိုင်းပြိုင်ပွဲပြီးသည့်နောက် မတွေ့မဆုံရဘဲ ရှိနေရာ ပို၍စိတ်လှုပ်ရှား ပူပန်နေခဲ့သည်။

ရင်ထန်မင်း တစ်ယောက် လမ်းလျှောက် ဈေးသည်ယောင်ကျိဖုအသွင် အယောင်ဆောင်ကာ ခြံဝင်းကြီးထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက် လာကြောင်း ကြားသိရသောအခါ ဒဏ်ရာ အတွက် စိုးရိမ်ရန် မရှိတော့သည့်အပြင် ရင်ထန်မင်းနှင့် ပြန်လည်ဆုံတွေ့ရော အခွင့်အလမ်းလည်း ရှိလာသည်မို့ ဟန်ပိယောင် ပျော်သွားခဲ့သည်။

ထို့နောက် အောင်ပင်းယောင်က မားတစ်ရာရဲတိုက် မှူးကြီး နှစ်ယောက်၊ သုံးရောင်ခြယ်ယက္ခ သုံးယောက်တို့ ထို့ အတူခေါ်ကာ ယောင်ကျိဖူ အယောင်ဆောင်ထား သော ရင်ထန်မင်းကို တိုက်ခိုက်သုတ်သင်ရန် ထွက်ခွာသွား သောအခါ ဟန်ပိယောင် အရမ်းစိုးရိမ်လာရပြန်သည်။

ရင်ထန်မင်းသည် သိုင်းပညာ စွမ်းသော်လည်း သည် မျှသော အင်အားကိုမူ ရင်ဆိုင်နိုင်ရန် လွယ်မည်မဟုတ် ကြောင်း ဟန်ပိယောင်တွေးမိသည်။ ရင်ထန်မင်း အန္တရာယ် စက်ကွင်းမှ လွတ်မြောက်နိုင်မည့် နည်းဇမ်း အမျိုးမျိုး စဉ်းစားပြီးနောက် ခြံဝင်းထဲရှိ ပစ္စည်းများကို မီးတင်ရှို့ ရန် ကြံခဲ့လေသည်။

ထိုအကြံအတိုင်း လုပ်ဆောင်ခဲ့ကြပြီးနောက် သက်တန့် ဘီလူးဂိုဏ်း၏ အန္တရာယ်မှ လွတ်ရအောင် ကျောက်စိမ်း ညီအစ်မသုံးဖော်တို့ အမြန်ရှောင်တိမ်း ထွက်ခွာလာခဲ့ကြ သည်။

ဟန်ပိယောင်က အဝေးသို့ထွက်မသွားခင် ရင်ထန်မင်း ကို တွေ့မြင်လိုသည့်စိတ် ပြင်းပြနေခဲ့သည်။ အန္တရာယ် စက်ကွင်းထဲ ရောက်နေသည့်ကြားကပင် အစ်မနှစ်ယောက်



ကို အတင်းပြောဆို ခွင့်ပန်ကာ ရင်ထန်မင်းကိုရှာ၍ နှုတ် ဆက်ရန် ထွက်လာခဲ့သည်။

ထွက်သာ လာခဲ့ရသည်။ ရင်ထန်မင်းကို ဘယ်နေရာ သွားရှာရမည်တို့ မသိ။ ထို့နောက် ကျွန်းယုယုကို သတိရ သည်။ သိုင်းဟောဝန်နန်းတည်းခိုရိပ်သာအနီးတွင် ကျွန်းယု ယုနှင့် ဆုံမိကြသည်။

ဟန်ပိယောင်က ရင်ထန်မင်းအား ရန်သူများက လူ အင်အားဖြင့် ဝိုင်းတိုက်သုတ်သင်ကြတော့မည့် အချိန်တွင် မိမိတို့က မီးတင်ရှို့ကာ ရန်သူတို့အကြံပျက်အောင် လုပ် ခဲ့ပြီး မိမိတို့အား ရန်မူမည့်ဘေးမှ ရှောင်တိမ်းထွက်လာ ကြောင်း ကျွန်းယုယုကို ပြောပြသည်။

ကျွန်းယုယုသည် ရင်ထန်မင်း ပြောပြထား၍ ဖြစ်ပျက် ပုံကို သိသင့်သလောက် သိထားပြီး ဖြစ်သည်။ မီးရှို့သူမှာ ကျောက်စိမ်းညီအစ်မသုံးဖော် ဖြစ်ကြောင်းကိုတော့ ဟန် ပိယောင် ပြောပြမှ သေချာစွာသိတော့သည်။

အကင်းပါးသော ကျွန်းယုယုသည် ရင်ထန်မင်းအပေါ် ဟန်ပိယောင် မေတ္တာစိတ် တိမ်းညွတ်နေကြောင်း အကဲ ခတ်မိနေသည်မှာ ကြာပေပြီ။ ရင်ထန်မင်းက ဟန်ပိယောင် တို့ စိတ်ဝင်စားနေသည်ကိုလည်း သိသည်။

ထို့ကြောင့် မိမိတို့ဝပုလွေရိုင်းရိပ်သာတွင် ခေတ္တသွား ရှောင်တိမ်းနေပြီး သက်တန့်ဘီလူးဂိုဏ်းကို ရင်ဆိုင်မည့် အကြံရှိ ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့နဲ့ တစ်ခါတည်း အတူလိုက်ခဲ့ပေါ့၊ ရင်ထန်မင်းတို့ လဲ အဲဒီကို လိုက်လာကြမှာပဲ"

ကျန်းယုယုက ပြောသည်။

"ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ် မမ၊ ကျွန်မရဲ့ အစ်မနှစ်ယောက်နဲ့ ပြန်ဆုံဖို့ ချိန်းထားတာ ရှိနေတယ်၊ သူတို့ကိုသွားခေါ်ပြီး ဝံပုလွေရှိုင်းဂေဟာဟောင်းကိုလိုက် လာခဲ့ပါမယ်၊ အစ်ကို ထန်မင်းကိုလဲ ပြောပြလိုက်ပါ"

"အေး...အေး"

* * *

နေဝင်သွားပြီ။

အလင်းရောင်ကတော့ ကျန်နေဆဲ။

ကျောက်စိမ်းဒေဝီဟန်ပိမေနှင့် ကျောက်စိမ်းသူဇာဟန် ပိရင်းတို့ညီအစ်မသည် ချိန်းဆိုထားသည့်နေရာတွင် ညီမ ထွေးလေး ဟန်ပိယောင်ကို စောင့်နေကြသည်။

သည်နေရာသည် အန္တရာယ်စက်ကွင်းမလွတ်သည်ကို သူ တို့နှစ်ယောက်လုံး သိကြသည်။ အမြဲတမ်း အလိုလိုက် အရေးပေးလာခဲ့သော ဟန်ပိယောင်ကို မဆန့်ကျင်လိုသော ကြောင့် လိုက်လျောအခွင့်အရေးပေးခဲ့ရသော်လည်း သူတို့ ရင်ထဲတွင် လေးလံနေကြသည်။

ဟန်ပိယောင် မြန်မြန်ပြန်ရောက်ကာ ထိုနေရာမှ အမြန် ဆုံး ထွက်ခွာသွားနိုင်ဖို့တိုသာ စိတ်စောနေကြသည်။

ခြေသံ တရှပ်ရှပ်ကြားရသည်။

ညီအစ်မနှစ်ယောက် ပြိုင်တူကြည့်လိုက်မိကြသည်။



အနက်ရောင်ဝတ်စုံဝတ်ကာ အနက်ရောင်မျက်နှာဖုံးစွပ် ထားသော ယောကျာ်းကြီးတစ်ယောက်။

ရောက်လာသည့် အနက်ရောင်ဝတ်စုံဝတ်ယောကျာ်းကြီး သည် လျင်မြန်စွာလှုပ်ရှားကာ ဟန်ပိမေတို့ ညီအစ်မကို အကြောထိုးပိတ်သည်။

ကျောက်စိမ်းညီအစ်မနှစ်ယောက်တို့ ခုခံရှောင်ရှားကြ သေးသည်။

ထိုသူ၏လှုပ်ရှားဟန်က လေအက်မြန်ကာ အကြောထိုး ပိတ်မှုကလည်း အလွန်ပင် သွက်လက်လှသောကြောင့် သူတို့ ၏ ခုခံရှောင်တိမ်းမှုများသည် ဘာမျှအရာမရောက်။

ဟန်ပိမေနှင့် ဟန်ပိရင်းတို့နှစ်ယောက် အကြောပိတ်ခံရ ကာ ပျော့ခွေလဲကျသွားကြသည်။

"ရှင် ဘယ်သူလဲ"

ဟန်ပိမေက မေးသည်။

မေးမည့်သာမေးရသည်။ မိမိတို့အတွက် အန္တရာယ်ပေး မည့်သူ ဖြစ်သည်ကိုတော့ သိနေလေပြီ။

"သစ္စာဖောက်တွေကိုစီရင်ဖို့ သက်တန့်ဘီလူးဂိုဏ်းက လွှတ်လိုက်တဲ့ အန္တရာယ်စေတမန်ဆိုပါတော့"

ဝတ်စုံနက်က ပြန်ဖြေသည်။

အသံသည် ခပ်အောအော ခပ်အက်အက်ဖြစ်၏။ အသံ ဖျက်၍ပြောမှန်းသိသာသည်။

"တောက်...ရှင်က လက်ဦးသွားပြီပဲ၊ သတ်ချင်သတ်ပစ် လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပိရှင်းကလည်း လေသံမာမာဖြင့်ပြောသည်။

ဟန်ပိယောင်လာနေလျှင် အန္တရာယ်ရှိနေကြောင်း ရိပ်မိသိရှိရလေအောင် တမင် အသံပြုသည့်အနေဖြင့် ပြောနေကြခြင်းဖြစ်သည်။

''ဟား…ဟား…ဟား…သတ်မှာပါ၊ မပူကြနဲ့၊ ဒါပေမယ့် မင်းတို့နှစ်ယောက်လုံးက အချောအလှလေးတွေ ဆိုတော့ ဒီအတိုင်းသတ်ပစ်ရမှာ နှမြောစရာကြီး၊ မသတ်ခင်….''

ထိုသူ ဆက်ပြောသော စကားများကြောင့် ဟန်ပိမေတို့နှစ်ယောက် အကြီးအကျယ် ကြောက်လန့်သွားကြသည်။ သူတို့ ကြုံကြရမည့် အဖြစ်ဆိုးကတော့ တကယ်ပင် ရင်နာစရာကောင်းလှသည်။

ဒါပေမယ့် သူတို့ဘာမျှမတတ်နိုင်။

အကြောပိတ်ခံရကာ လှုပ်ပင် မလှုပ်နိုင်သည့်အတွက် ဝတ်စုံနက်ဝတ်လူ၏ လက်ခုပ်ထဲကရေဘဝ ရောက်နေကြရလေပြီ။

ထိုသူပြုသမျှ နုကြရပေတော့မည်။

''မင်းက အကြီးဆုံးဆိုတော့ မင်းကို အရင်ဆုံးပေါ့ကွာ၊ ဟဲ…ဟဲ…ဟဲ''

ဝတ်စုံနက်ဝတ်လူက ပြောပြောဆိုဆို ဟန်ပိမေကိုလှမ်းဆွဲသည်။ ပိတ်ထားသောအကြောကိုပြန်ဖွင့်ပေးသည်။

ထို့နောက်…

* * *



ဟန်ပိရှင်းကို ဝတ်စုံနက်က အနိုင်အထက် ပြုကျင့်နေဆဲမှာပင် ချိန်းဆိုထားသောနေရာသို့ ဟန်ပိယောင် ရောက်လာသည်။

ရောက်လာ၍ တွေ့မြင်ရသော မဖွယ်မရာ မြင်ကွင်းကြောင့် ဟန်ပိယောင်မှာ အံ့သြတုန်လှုပ်ရှက်ကြောက်တာကြက်သေသေသွားရသည်။

''ဟာ….အတော်ပဲ၊ အငယ်ဆုံးလေးပါရောက်လာတာကိုး''

ဝတ်စုံနက်က ကျေနပ်စွာပြောကာ ဟန်ပိရှင်းကိုလွှတ်ပြီး ဟန်ပိယောင်ကို ဖမ်းဆွဲသည်။

ဟန်ပိယောင်မှာ ငေးကြောင်နေရာမှအသိဝင်ကာ ထွက်ပြေးသည်။

ဝတ်စုံနက်ကလိုက်ဖမ်းမည်အပြု သူ့ခြေထောက်ကို ဟန်ပိရှင်းက အတင်းပင် ဖမ်းကိုင်ဆွဲထားရာ ဝတ်စုံနက်မလိုက်နိုင်တော့။ ခြေချုပ်မိသလို ဖြစ်သည်။

''ဟယ်…ဒီမိန်းမ၊ လွှတ်စမ်း''

ဝတ်စုံနက်က အတင်းရုန်းသည်။ ဟန်ပိရှင်းက လွှတ်မပေး။ အားကုန်သုံးကာ ဆွဲထားသည်။

''ညီမလေး…ပြေး…ပြေး…လွတ်အောင်ပြေး''

ဟန်ပိရှင်းက ဟန်ပိယောင်ကို လှမ်းအော်ပြောသည်။

''ဖုန်း''

ဝတ်စုံနက်ကလည်း ဟန်ပိရှင်း၏ ခေါင်းကို လက်ဝါးဖြင့် အုပ်မိုးရိုက်ချသည်။ ဟန်ပိရှင်းသည် လက်ကိုမလွှတ်။

www.burmeseclassic.com

www.burmeseclassic.com



အတင်းပင် ဆွဲမြဲဆွဲထားသည်။ ညီမထွေးလေး၏ အသက်နှင့်အရှက်ကို အသက်စွန့်ကာ ကာကွယ်ပေးနေခြင်း ဖြစ်သည်။

အစ်မကြီး ဟန်ပိမေကို ဝတ်စုံနက် အနိုင်ကျင့်စော်ကားပြီးနောက် အသေသတ်ပစ်ခဲ့သည်ကို ဟန်ပိရင်း မျက်မြင်ဖြစ်ခဲ့ရသည်။ သူမကိုယ်တိုင်လည်း ဝတ်စုံနက်၏ အနိုင်ကျင့်မှုကို ခံခဲ့ရပြီးပြီ။ အစ်မကြီးနောက်သို့ လိုက်သွားရန်သာ ရှိတော့သည်။

ညီမငယ်လေးကို သူတို့လို ကြမ္မာဆိုးမျိုး မကြုံစေရအောင် အတင်းစွန့်စား ကယ်တင်နေခြင်းဖြစ်သည်။ သူမတို့ အနိုင်ကျင့်ခြင်းမပြုမီ ဝတ်စုံနက်က အကြောဖြေ ဖွင့်ပေးခဲ့သောကြောင့် ဟန်ပိရင်းအနေဖြင့် သည်လိုမျိုး လှုပ်ရှား လုပ်ဆောင်နိုင်အောင် ညီမငယ်လေးကို ကာကွယ်ပေးနိုင်ခဲ့သည်။

လက်ဝါးရိုက်ချက်က ပြင်းထန်သည်။ တစ်ချက်တည်းနှင့် အသက်နုတ်ယူနိုင်လောက်သည်။ ဟန်ပိရင်းမှာ ညီမငယ်အတွက် အတင်းပင် တောင့်ခံကာ သေလုဆဲဆဲ အခြေအနေတွင်ပင် ဝတ်စုံနက်၏ ခြေထောက်ကိုမလွှတ်။

ဟန်ပိရင်း သည်လို စွန့်စွန့်စားစားပြုမူမှုကြောင့် ဟန်ပိယောင်တစ်ယောက် ဝတ်စုံနက်၏လက်မှ လွတ်အောင် ထွက်ပြေးသွားနိုင်ခဲ့သည်။

အစ်မနှစ်ယောက်၏ အဖြစ်ဆိုးကိုတော့ ဟန်ပိယောင် မမေ့။ ဘယ်လိုမျှ ဝင်ရောက် ကူညီမပေးနိုင်တော့သည့်



အခြေအနေကြောင့်သာ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရ၏။ သည်ယုတ်မာရိုင်းစိုင်း ရက်စက်မှုအတွက် ဝတ်စုံနက်ကို ကောင်းကောင်း ဒဏ်ခတ် အပြစ်ပေးမည်ဟုလည်း စိတ်ပိုင်းဖြတ်လိုက်သည်။

မျက်နှာဖုံးစွပ်ထားသောကြောင့် ဝတ်စုံနက်၏ မျက်နှာကို မမြင်ရသော်လည်း ဝတ်စုံနက်အသံနှင့် လှုပ်ရှားဟန်ကိုတော့ ဟန်ပိယောင်က စွဲနေအောင်ပင် သေသေချာချာ မှတ်ထားလိုက်သည်။

* * *

စံပုလွေရိုင်းရိပ်သာသို့ ရင်ထန်မင်းတို့ ရောက်လာကြသည်။ ယောင်ကျိဖုတို့ ဇနီးမောင်နှံလည်း ပါလာသည်။

ယောင်ကျိဖုတို့လင်မယားသည် ဒဏ်ရာများ ရထားကြသည်။

ရင်ထန်မင်း၏ အယောင်ဆောင် စုံစမ်းမှုတွင် ပါဝင်ကူညီခဲ့ကြသော ယောင်ကျိဖုတို့ ဇနီးမောင်နှံကို ဒဏ်ခတ်သုတ်သင်ပစ်ရန် အောင်ပင်းယောင်က လက်မရှိသိုင်းသမားသုံးယောက် စေလွှတ်လိုက်သည်။

ထိုလက်မရှိ သိုင်းသမားများသည် သိုင်းပညာအစွမ်း မနိမ့်ကြသော်လည်း ယောင်ကျိဖုတို့ကို နှင်းမြူဂိုဏ်းစင်ဟောင်းများ ဖြစ်သည်ဟု မသိကြ။ သိုင်းပညာ တတ်ကျွမ်းလိမ့်မည်ဟုလည်း မထင်ကြဘဲ ခပ်ပေါ့ပေါ့လုပ်မိရာ ယောင်ကျိဖုတို့၏ ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြိတ်အနယ် တိုက်ခိုက်ကြပြီးနောက် လက်မရှိ သိုင်းသမားသုံးယောက်ကို ယောင်ကျိုဖုတို့ အနိုင်ယူနိုင်ခဲ့ကြ၏။ သူတို့လင်မယားလည်း ဒဏ်ရာများရခဲ့ကြသည်။

ရှောင်တိမ်းထွက်ခွာကြရန် ပြင်ဆင်နေကြခိုက် ရင်ထန်မင်းတို့ ရောက်သွားကြကာ စံပုလွေရိုင်း ဂေဟာဟောင်းသို့ အတူခေါ်လာခဲ့ကြခြင်း ဖြစ်သည်။

''ဆောက်လုပ်ရေး ခြံဝင်းကြီးထဲက ပစ္စည်းတွေ မီးစာင်ရှို့ခဲ့တဲ့လူ ဘယ်သူတွေလဲဆိုတာ သိရပြီ''

ကျန်းယုယုက ဆီးပြောသည်။

''ဟင်...ဟုတ်လား၊ ဘယ်သူများလဲ''

ရင်ထန်မင်းက ပြန်မေးသည်။

''ကျောက်စိမ်းညီအစ်မ သုံးဖော်တို့ပဲ''

''ဟုတ်ရဲ့လား မမရာ''

''ဟုတ်တယ်၊ ကျောက်စိမ်းကလျာ ဟန်ပိခယောင် ကိုယ်တိုင် ရောက်လာပြီး ပြောပြတာ''

''ပိယောင် ရောက်လာတယ် ဟုတ်လား၊ သူ ဘယ်မှာလဲ''

''သူ့ အစ်မနှစ်ယောက်ကို သွားခေါ်နေတယ်၊ တို့တစ်တွေ ဒီနေရာမှာ ခဏခိုအောင်းနေမယ်ဆိုတာ သူ့ကို ပြောပြလိုက်ပြီးပြီ၊ သူတို့ညီအစ်မ ဒီကိုလိုက်လာကြလိမ့်မယ်''

''သူတို့က ဘာကြောင့် ဒီလိုမျိုး စွန့်စွန့်စားစားနဲ့ မိုက်မိုက်မဲမဲ လုပ်ကြရတာလဲ''



''တို့မောင်ကလဲ၊ ဒါလေးတောင် မစဉ်းစားမိဘူးလား၊ ဟန်ပိခယောင်က တို့မောင်ကိုကြိုက်နေလို့ပေါ့''

''ဟာဗျာ...မမကလဲ''

စံပုလွေရိုင်းဂေဟာဟောင်းသည် အခေါ်ပင် ပျက်စီးယိုယွင်းနေပြီး ချုံနွယ်ပိတ်ပေါင်းများလည်း ဖုံးလွှမ်းနေရာ ခေတ္တခိုအောင်းနေထိုင်နိုင်ရန်အတွက် ရှင်းလင်းပြုပြင်စရာရှိသည်များကို ပြုပြင်ကြသည်။

ယောင်ကျိုဖုတို့ ဇနီးမောင်နှံရခဲ့သည့် ဒဏ်ရာများသည် အပြင်အပထိရှမှုများသာဖြစ်လျက် ဒဏ်ရာကြီးသော်လည်း အတွင်းဒဏ်ရာမှု မရကြပါ။ ဒဏ်ရာများ ဆေးထည့်ပြီးနောက် သူတို့လင်မယားကလည်း အနားယူရန် ပြောသည်ကိုမရဘဲ တတ်နိုင်သမျှဝိုင်းကူညီကြ၏။

ရှင်းလင်းပြုပြင်မှုများ လုပ်ပြီး၍ ညစာ ချက်ပြုတ်နေချိန်တွင် ပြေးလွှားလာသောခြေသံကို ကြားရသည်။

''ဟော...ဟန်ပိခယောင်ရောက်လာပြီ''

ရင်ထန်မင်းက ပြောပြောဆိုဆို ထိုင်နေရာမှ ထသည်။ အပြေးသွားကြိုရန်ပြင်သည်။

''ပြေးလာတဲ့ ခြေသံက ရေးကြီးသုတ်ပျာ နိုင်တယ်၊ တစ်ခုခုဖြစ်လာပုံပဲ၊ တို့မောင်သတိထားအွား''

ကျန်းယုယုက လှမ်းသတိပေးလိုက်သည်။

ဟန်ပိခယောင်လာနေပြီဟူ ဝမ်းသာ သွားသောကြောင့် ရင်ထန်မင်းမှာ ခြေသံ၏ ထူးခြားမှုကို သတိမထားမိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယုယုပြောမှ သေသေချာချာ နားစွင့်ကြည့်ရာ ပြေးလာသောခြေသံ မှုမမှန်သည်ကို သိသည်။

စိုးရိမ်စိတ်ပိုကာ အပြေးပင်ထွက်သွားသည်။

ကျန်လူများလည်းအရေးအကြောင်းပေါ်လျှင် ရင်ဆိုင်နိုင်ရန် အသင့်ပြင်ထားလိုက်ကြသည်။

* * *

ဝံပုလွေရိုင်းဂေဟာအပြင်ဘက်သို့ ရင်ထန်မင်း ရောက်သွားသောအခါ ကမူးရှူးထိုးပြေးလာနေသော ကျောက်စိမ်းကလျာဟန်ပိယောင်ကိုလှမ်းမြင်ရသည်။

ဟန်ပိယောင် ဆံပင်များရှုပ်ထွေးနေကာအဝတ်အစားတို့လည်း ဖရိုဖရဲဖြစ်နေသည်။ မျက်နှာပေါ်တွင် မျက်ရည်စများရှိလျက်သွေးရူးသွေးတန်း လှုပ်ရှားနေသော အသွင်မျိုးလည်း ရှိနေသည်။

''ပိယောင်....ပိယောင် ဘာဖြစ်လာတာလဲ၊ တို့ဒီမှာ ရှိတယ်''

ရင်ထန်မင်းက အသံပြုလိုက်သည်။

ဟန်ပိယောင်သည် ရင်ထန်မင်းရှိရာသို့ တန်းတန်းမတ်မတ်ပြေးဝင်လာသည်။ ရင်ထန်မင်းကို ဖက်ကာ ရှိုက်ကြီးတငင်ငိုသည်။



''လုပ်ပါဦးအစ်ကို...လုပ်ပါဦး၊ ကျွန်မရဲ့ အစ်မ နှစ်ယောက် လုပ်ပါဦး''

ငိုသံပါကြီးနှင့် အလောတကြီးပြောသည်။

စိတ်ဆောကြီးလွန်း သောကြောင့် စကား တွေကကပေါက်တိ ကပေါက်ချာ ဖြစ်နေသည်။

''လောမကြီးနဲ့ဖြည်းဖြည်းပြော၊ ပိယောင်ရဲ့အစ်မနှစ်ယောက် ဘယ်လိုဖြစ်ကြလို့လဲ၊ ဖြည်းဖြည်းပြော''

''မမကြီးနဲ့မမလတ်တို့ကို ဟို လူယုတ်မာကြီးက...''

ဟန့်ပိယောင်မှာ သည်မျှသာ ပြောနိုင်ကာ လဲကျခွေယိုင်ပျော့ကျသည်။ ရင်ထန်မင်းက အလိုက်သင့် ဖေးမပွေ့ထားသောကြောင့် မြေကြီးပေါ်သို့မှု လဲပြိုကျမသွား။

ရင်ထန်မင်းက ဟန်ပိယောင်ကိုပွေ့ချီကာ ဝံပုလွေရိုင်းဂေဟာဟောင်းထဲသို့ခေါ်သွားသည်။

ဆေးများတိုက်ကျွေးပြီး အရေးပေါ် ပြုစုကုသမှုများလုပ်ပေးကြရာ ဟန်ပိယောင် သတိပြန်ရလာသည်။ မိမိ၏အစ်မနှစ်ယောက် ကြမ္မာဆိုး ကြုံရပုံအကြောင်းကို ဟန်ပိယောင်ကပြန်ပြောသည်။

ဝတ်စုံနက်ပတ်သူမည်သူမည်ဝါဖြစ်ကြောင်း တိတိကျကျမပြောနိုင်သော်လည်းသက်တန့်ဘီလူးဂိုဏ်း၏ရက်စက်ရမ်းကားမှုဖြစ်သည်ကတော့ ထင်ရှားနေသည်။

ဟန်ပိယောင်က သက်တန့်ဘီလူးဂိုဏ်း၏ နောက်ဆုံးလှုပ်ရှားမှုများ အကြောင်းတို့လည်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပိယောင်ပြောပြသည့် သတင်းစကားများ ထဲတွင် သက်တန့်ဘီလူးဂိုဏ်းချုပ် ကိုယ်တိုင် ရောက်ရှိနေပြီး လျှို့ဝှက်နေထိုင်လျက် အောင်ပင်းယောင်မှတစ်ဆင့် စီမံကွပ်ကဲနေသည့်အကြောင်းလည်းပါရှိသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် ပြိုင်ဘက်ကင်းသူတော်စင်လုကျင်းဟန်ကိုအဆိပ်ခတ်လုပ်ကြံကာ သိုင်းကျမ်း ခိုးယူသွားသူဖြစ်မည်ဟု ရင်ထန်မင်းက သံသယဝင်နေ၍ စုံစမ်းနေခဲ့ရာ သေချာသလောက်လည်းရှိနေသည့်အတွက် အတိအလင်းရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

## အခန်း (၅)

သက်တန့် ဘီလူးဂိုဏ်း၏ ယာယီ ဌာနချုပ် စခန်း အဆောက်အအုံမှာ ရက်ပိုင်းအတွင်းမှာပင် ဆောက်လုပ်ပြီးစီးသွားသည်။

သိုင်းစျေးလွင်ပြင်တွင် ယာယီ အဆောက်အအုံများ ဆောက်လုပ်မှုကျွမ်းကျင်သူတွေ အများပင်ရှိနေရာ သက်တန့်ဘီ လူးဂိုဏ်း၏ယာယီဌာနချုပ်သည် အတော်ပင်သားနားခန့်ထည်သည်။

ယာယီအဆောက်အအုံပင်မဆောင်၏ရှေ့တွင် ပေတာစီရာပတ်လည်ခန့်ရှိသောမြေကြီးကို ရေဖျန်းကာ ဖိသိပ်ပြုပြင်ညှိထားရာ စည်ချက်နှုကဲ့သို့ပင် ညီညာပြန့်ပြူးသည်။

သက်တန့်ဘီလူးဂိုဏ်း၏စည်းဝေးပွဲများ၊ ညှိခံပွဲများ၊ စားသောက်ပွဲများ စသည်တို့ ပြုလုပ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ထိုမြေကွက်လပ်ကိုပြုလုပ်ထားခြင်းဖြစ်၏။ တိုက်ကွင်းနေရာအဖြစ် အသုံးချရန်တော့ ရည်ရွယ်ချက်မရှိခဲ့ပေ။

ယာယီဌာနချုပ် အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ သက်တန့်ဘီလူးဂိုဏ်း ထူထောင်ကြောင်း အတိအလင်း

www.burmeseclassic.com

www.burmeseclassic.com



အသိပေး ကြေညာသည့်နေ့မှာပင် ထိုမြေကွက်လပ်သည် ရင်ဆိုင်တိုက်ပွဲတစ်ခု၏တိုက်ကွင်းနေရာဖြစ်သွားခဲ့လေတော့သည်။

ထိုနေ့ နံနက်ရှစ်နာရီတွင် သက်တန့်ဘီလူးဂိုဏ်း ထူထောင်ကြောင်း သိုင်းစျေးပွဲတော်တွင်ရှိနေကြသော သိုင်းညှိသည်များကို ဖိတ်ခေါ်ညွှန်ကာ ကြေညာသည်။

နံနက် ဆယ်နာရီတွင်တော့ သက်တန့်ဘီလူးဂိုဏ်းကို အတိအလင်းစိန်ခေါ်သည့် သိုင်းသမားများ ရောက်ရှိလာကြသည်။

ယခု....

ရင်ဆိုင်တိုက်ခိုက်မည့်သူများ မျက်နှာချင်းဆိုင်နေရာယူထားကြလေပြီ။ လူအင်အားကတော့ သက်တန့်ဘီလူးဂိုဏ်းဘက်မှ များစွာ သာလွန်၏။

သက်တန့်ဘီလူးဂိုဏ်း၏ လက်မရွံ့သိုင်းသမား ဆယ်ယောက်နှင့် လက်ပါးစေသိုင်းသမား နှစ်ဆယ့်ငါးယောက်တို့သည် ငါးယောက်လျှင်တစ်စု အုပ်စုဖွဲ့ကာမြေကွက်လပ်၏အရှေ့ဘက်ပိုင်းတွင် နေရာယူထားကြသည်။

ထိုသိုင်းသမားများ၏ရှေ့တွင် သက်တန့်ဘီလူးဂိုဏ်း၏ ဂိုဏ်းခွဲမှူးကြီးများ ဖြစ်ကြသော ကျားဖြူ အောင်ပင်းယောင်၊ မုန်တိုင်းဓားကိုက်တာဘုဟူ၊ လျှပ်စီးဓားဖိန်းထောင် တို့ သုံးယောက်ရပ်နေကြ၏။

သက်တန့်ဘီလူးဂိုဏ်း၏ သိုင်းသမားများကို ရင်ဆိုင်တိုက်ခိုက်ကြမည့်လူများကတော့ နဂါးလေးရင်ထန်မင်း၊



မင်းသားလေးကျင့်ဝမ်ရယ်၊ တောင်ပိုင်းကျားသစ် ကျန်းထင်းလန်၊ စပ်စပ်စုစုကျန်းယုယု၊ ကျောက်စိမ်းကလျာ ဟွန်ပိယောင်နှင့် ယောင်ကျိဖုတို့ ဇာနီးမောင်နှံ၊ အားလုံး စုစုပေါင်း ၇-ယောက်ဖြစ်သည်။

ရင်ထန်မင်း၊ ကျင့်ဝမ်ရယ်နှင့် ကျန်းထင်းလန်တို့သည် ထွန်းပေါက်ကျော်ကြားသော သိုင်းလုလင်များဖြစ်ကြပြီး ပြိုင်ဘက်ကင်းသူတော်စင်လုကျင်းဟန်၏သိုင်းမျိုးဆက်ဖြစ်နိုင်စရာ သံသယကလေးတွေ ကိုယ်စီရှိနေကြသည်။

ကျန်းယုယုကတော့ ပရိယာယ်မာယာကြွယ်ကာ ကိုယ်ဖော့ပညာကောင်းပြီး လက်နက်ပုန်းအပစ်တွင်ကျွမ်းသည်။ ကျောက်စိမ်းကလျာ ဟန်ပိယောင်၏ သိုင်းပညာအဆင့်ကလည်း မနိမ့်။ ရောင်စဉ်သိုင်းပညာ၏ သိုင်းကွက်သုံးကွက်ကိုလည်း လေ့ကျင့်ထားသေး၏။

ယောင်ကျိဖုတို့ ဇာနီးမောင်နှံ၏ သိုင်းပညာအခြေအနေကိုတော့ သက်တန့်ဘီလူးဂိုဏ်းက သိပ်မသိ။ အစွမ်းမသေးလှအောင် ခန့်မှန်းသည်။

သည်တော့ လူတိုင်းသည် သက်တန့်ဘီလူးဂိုဏ်းအတွက် သတိထားရမည့်လူတွေဖြစ်နေသည်။

သက်တန့်ဘီလူးဂိုဏ်း အတိအလင်း ပေါ်ထွက်သည့်နေ့မှာပင် ရင်ဆိုင်ရသောတိုက်ပွဲမို့ သည်ပွဲကအထူးပင်အရေးကြီးသည်။ တစ်ဖက်လူများကို အနိုင်ယူ ချေမှုန်းနိုင်လျှင် သက်တန့်ဘီလူးဂိုဏ်း၏ ဟန်ပါတ်နှင့် အရှိန်အဝါ တစ်ခါတည်းတက်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးနိမ့်လျှင်မူ အတိအလင်းစလှုပ်ရှားသည့်နေ့မှာပင် သက်တန့်ဘီလူးဂိုဏ်း နိုစုံးချုပ်ရလိမ့်မည်။

တစ်ဖက်နှင့်တစ်ဖက် အကဲခတ်ကာ ကြည့်နေကြပြီးနောက် တစ်စုံတစ်ယောက်က လျှို့ဝှက် အချက်ပေးလိုက်သည့်အလား ပြိုင်တူပင် လှုပ်ရှား တိုက်ခိုက်ကြလေတော့သည်။

ပြင်းထန်ကြမ်းတမ်းသော ရင်ဆိုင်တိုက်ပွဲစတင်ပြီ။

အောင်ပင်းယောင်၊ ကိုက်တာ့ဟူနှင့် ဖိန်းထောင်တို့ သုံးယောက်က တစ်ဖက် သိုင်းလုလင်သုံးယောက်ထံ ပြေးဝင်လာကြသည်။

လက်မရှိသိုင်းသမားများကကျွန်းယုယုနှင့်ဟန်ပိယောင်တို့ရှိ ဝိုင်းရံထားကြသည်။ ဆက်ပါးစေသိုင်းသမားများကတော့ ယောင်ကျိဖုတို့ဇနီးမောင်နှံကို ဝင်တိုက်ကြသည်။

ရင်ထန်မင်းတို့ကြိုတင်တိုင်ပင်ထားကြသည့် တိုက်ခိုက်မှုနည်းဗျူဟာတွင် ရင်ထန်မင်းက အောင်ပင်းယောင်နှင့်မားတစ်ရာရဲတိုက်မှူးကြီးနှစ်ယောက်ကို ရင်ဆိုင်ကာ ထိန်းထားပြီး တောင်ပိုင်းကျွားသစ်၊ ကျွန်းယုယုနှင့်ဟန်ပိယောင်တို့က သက်မရှိသိုင်းသမားအကြား မွှေနှောက်လှုပ်ရှားကြလျက် ကျင့်ဝမ်ရယ်နှင့်ယောင်ကျိဖုတို့ဇနီးမောင်နှံက လက်ပါးစေသိုင်းသမားများကို တိုက်ခိုက်ချေမှုန်းခြင်းဖြင့် တိုက်ပွဲ ပထမအဆင့် ဆင်နွှဲရန်ဖြစ်သည်။

ရန်သူဘက်မှ သိုင်းပညာအနိမ့်ဆုံးဟု ဆိုရမည့် လက်ပါးစေသိုင်းသမားများကို အမိတပစ်မှတ်ထား ချေမှုန်းပြီး တိုက်ပွဲဒုတိယအဆင့်အနေဖြင့် ကျင့်ဝမ်ရယ်နှင့် ယောင်ကျိဖုတို့ဇနီးမောင်နှံက တောင်ပိုင်းကျွားသစ်တို့အစုတွင် ဝင်ပေါင်းကာ လက်မရှိသိုင်းသမားများကို ရှင်းလင်းပစ်ရန်ဖြစ်သည်။



ယခု သက်တန့်ဘီလူးဂိုဏ်းက စတင်တိုက်ခိုက်လာရာတွင် ဂိုဏ်းခွဲမှူးကြီးသုံးယောက်က လူခွဲ၍ ရင်ထန်မင်းတို့သိုင်းလုလင်သုံးယောက်ကို တစ်ယောက်ချင်းစီ ဝင်တိုက်လာရာ ရင်ထန်မင်းတို့ဘက်မှ မူလချထားသော တိုက်ကွက်ဗျူဟာ မခင်းနိုင်တော့။

မူလက သက်တန့်ဘီလူးဂိုဏ်းချုပ်ကိုယ်တိုင် ပေါ်ထွက်လာမှ မိမိတတ်မြောက်ထားသော မိုးမြေဝိဇ္ဇာဉ် အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာတို့ကို ထုတ်သုံးမည်ဟု ရင်ထန်မင်း စိတ်ကူးထားသည်။

တောပျော်ရသေ့ကြီးကျောက်ဟွန် တီထွင်ခဲ့သော လေပွေ လက်ဝါးသိုင်းနှင့် ဂိုဏ်းခွဲမှူးကြီးသုံးယောက်ကို ထိန်းထားဖို့ စိတ်ကူးရှိခဲ့သည်။ ယခုအခြေအနေတစ်မျိုးပြောင်းသွားရာ သက်တန့်ဘီလူးဂိုဏ်း၏ ဂိုဏ်းခွဲမှူးကြီး သုံးယောက်ကို အမြန်ဆုံးချေမှုန်းပစ်ရန် လိုနေသည်။

ဟောတ်ပျှင် တိုက်ပွဲသည် အကုန်ရှုပ်ကုန်နိုင်သည်။

ဆုံးဖြတ်ချက် အမြန် ချပြီးသည်နှင့် ရင်ထန်မင်းသည် မိုးမြေဝိဇ္ဇာဉ်အတွင်းအားကို စုစည်းလိုက်သည်။

တလျှပ်ကိုယ်ရိပ်ပွား ကိုယ်ဖော့ပညာဖြင့် အလွန်မြန်ဆန်စွာ လှုပ်ရှားကာ မိမိထံ တိုးဝင်လာသော အောင်ပင်း

www.burmeseclassic.com

www.burmeseclassic.com



ယောင် ရှိရာသို့ လှစ်ခနဲ ပြေးသည်။ မိုးသောက်လက်ဝါး သိုင်းဖြင့် ညာလက်ဝါးတစ်ချက် ရိုက်ချသည်။

"ဖုန်း"

"အင့်"

တံလျှပ်ကိုယ်ရိပ်ပွား ကိုယ်ဖျောက်ပညာသည် အလွန်မြန်သည့်အပြင် တစ်ဖက်လူ၏စိတ်အစဉ် ဝေဝါးသွားအောင်လည်း ကိုယ်ရိပ်ကိုယ်ယောင်များ နေရာအနှံ့ပေါ်ထွက်မြင်ယောင်နေအောင်လည်း ဖန်တီးနိုင်သည်။

အောင်ပင်းယောင်မှာ အပွဲပွဲနွှဲလာခဲ့သည့်အတွေ့အကြုံရင့်ကျက်သော ဝါရင့်သိုင်းသမားကြီး ဖြစ်သော်လည်း တံလျှပ်ကိုယ်ရိပ်ပွား ကိုယ်ဖျောက်ပညာကိုတော့ ယခုမှမြင်ဖူးရင်ဆိုင်ဖူးသည်။

စိတ်ရှုပ်ထွေး အာရုံများသွားခိုက်မှာပင် မိုးသောက်လက်ဝါးရိုက်ချက်ဝင်လာရာ လှုပ်ပင်မလှုပ်လိုက်ရဘဲ လက်ဝါး ရိုက်ချက်ထိကာ ယိမ်းယိုင်လဲကျသည်။

ပြီးနောက် ရင်ထန်မင်းသည် ကိုက်တာ့ဟူထံသို့ လှစ်ခနဲ ပြေးဝင်သည်။ မိုးသောက် လက်ဝါး ရိုက်ချက်ကလည်း သွက်လက်စွာ ရိုက်ထုတ်ပြီး ဖြစ်သည်။

ကိုက်တာ့ဟူမှာ သူဦးတည်ပြေးသွားရာ တောင်ပိုင်းကျားသစ်ထံသို့ မရောက်မီမှာပင် နောက်ကျောတွင် လက်ဝါးရိုက်ချက် ထိသည်။ ကျန်းထင်းလန်၏ရှေ့ ခြေသုံးလှမ်းအကွာတွင် ဒူးညွှတ်ကျသည်။



ကိုက်တာ့ဟူကို နှိမ်နင်းပြီးသည်နှင့် ရင်ထန်မင်းသည် ဖိန့်ထောင်ဘက်သို့ လမ်းကြောင်းပြောင်းကာ ပြေးဝင်သည်။ ဖိန့်ထောင်မှာ ကျင့်ဝမ်ရယ်နှင့် ရင်ဆိုင်မိလုလုဖြစ်နေရာ ရင်ထန်မင်းက လက်ဝါးဖြင့်မရိုက်တော့ဘဲ ဆည်းဆာ မားသိုင်းကိုသုံးကာ လှမ်းတိုက်ခိုက်သည်။

မားရှည်ကို ထုတ်ယူဖို့အချိန်မရသည့်အတွက် လက်ဝါးကိုပင် မားရှည်သဘောအသုံးချကာ မိုးမြေဝိညာဉ်အတွင်းအား စွမ်းရည်ကို အပြည့်ထည့်သုံးသည်။

ထိုအခါ....

လက်ဝါးလှုပ်ရှားမှု၏ လေအဟုန်သည် မားသွားစွမ်းရည်မျိုးရှိသွားကာ ထိုလေလှိုင်းအဟုန် ထိရိုက်ခတ်မိသော ဖိန့်ထောင်မှာ မားချက်အထိခံရသလိုမျိုး ဖြစ်သည်။

ကျင့်ဝမ်ရယ်ကို ဘယ်လိုမှ မတိုက်ခိုက်နိုင်တော့။

ထိုအချိန်တွင် ကျင့်ဝမ်ရယ်ကလည်း ဓားတစ်ချက် ဝင့်လိုက်ရာ ဖိန့်ထောင် ကောင်းကောင်းကြီး အထိနာသွားလေတော့သည်။

သက်တန့်ဘီလူးဂိုဏ်း၏ ထိပ်သီး သိုင်းသမားကြီးများဖြစ်ကြသော ဂိုဏ်းခွဲမှူးကြီးသုံးယောက်တို့ ရင်ထန်မင်းက တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်းတွင် အလွန်လျင်မြန်သည့် လှုပ်ရှားမှု၊ သွက်လက် အစွမ်းထက်သော သိုင်းကွက်များဖြင့် အပြတ်အနိုင်ယူ ချေမှုန်းပစ်လိုက်သောအခါ တိုက်ပွဲသည် ရုတ်ခြည်း ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရင်ထန်မင်း ဗယ်အစွမ်းကောင်းပါလား၊ ကောင်းပြီ၊ မင်းနဲ့ငါ ယှဉ်ကြည့်ကြသေးတာပေါ့"

အားပြည့်စူးရှသော စကားသံနှင့်အတူ ပင်မဆောင်ထဲမှ သက်တန့်ဘီလူးဂိုဏ်းချုပ် လျှောက်လှမ်း ထွက်လာသည်။ သူ၏နောက်တွင် သက်တန့်ဘီလူးဂိုဏ်းသက်ရွေးစင်သိုင်းသမား(၇)ယောက် ခြံရံလိုက်ပါလာကြသည်။

သက်တန့်ဘီလူး ဂိုဏ်းချုပ်သည် ရွှေဝါရောင် ဖဲသားဝတ်စုံကိုဝတ်လျက် ရွှေသားအစစ်ဖြင့် ပြုလုပ် ထားသော မျက်နှာဖုံးတပ်ဆင်ထားသည်။

သည်နေ့ တိုက်ပွဲ၏ အဆုံးအဖြတ်သည် သက်တန့်ဘီလူးဂိုဏ်းချုပ်နှင့် နဂါးလေးရင်ထန်မင်းတို့နှစ်ယောက် ရင်ဆိုင်မှု၏ရလဒ်ပေါ် မူတည်နေသည်ကို သူတို့ အားလုံးနားလည်ကြသည်။

သူတို့သာမက တိုက်ပွဲအကြောင်း သတင်း ကြားကာ စုဝေး ရောက်လာပြီး 'ပွဲကြည့်' လုပ်နေကြသည့် သိုင်းပရိသတ်များကလည်း ထိုအတိုင်းသဘောပေါက်ကြသည်။

ရင်ထန်မင်း အရေးနိမ့်သွားလျှင် သူ၏ မိတ်ဆွေများအနေဖြင့် မည်သူမျှ သက်တန့်ဘီလူးဂိုဏ်းချုပ်ကို ယှဉ်နိုင်ကြမည်မဟုတ်၊ အကုန်ပင် ချေမှုန်း ခံရပေတော့မည်။

ထိုနည်းတူ....။

သက်တန့်ဘီလူးဂိုဏ်းချုပ် အရေးနိမ့်သွားလျှင် သက်တန့်ဘီလူးဂိုဏ်းသားများ ထဲတွင် ရင်ထန်မင်းတို့ ရင်ဆိုင်



နိုင်သူ တစ်ယောက်မျှမရှိ။ အရှုံးပေးလက်မြှောက်ကြရဖို့သာ ရှိပေတော့သည်။

"ခင်ဗျားထွက်လာပြီကိုး....ကောင်းပြီ....ခင်ဗျားနဲ့ ကျွန်တော်ရင်ဆိုင်မယ်"

ရင်ထန်မင်းက ခပ်အေးအေးပြောသည်။

အသာရှေ့သို့ ခြေလှမ်းငါးလှမ်း လျှောက်လှမ်းသွားပြီး ရပ်လိုက်သည်။

"ဟား....ဟား...ဟား၊ မင်းကများ ငါ့ကိုယှဉ်နိုင်မယ် ထင်သလား၊ စိတ်ကူးယဉ်မနေနဲ့"

သက်တန့်ဘီလူး ဂိုဏ်းချုပ်က မထီတရီ ရယ်မောပြောဆိုပြီး ရှေ့ဆက်လျှောက်လာသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ် ပေါ်ထွက်လာသည့် အချိန်မှစကာ ဟန်ဗိုယောင်သည် စူးစူး စိုက်စိုက်ပင် ကြည့်နေသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်က မထီတရီရယ်မောပြောဆိုလိုက်သည့် အခါတွင်တော့ မိမိ၏အစ်မနှစ်ယောက် ကြမ္မာဆိုးကြုံစေအောင် ပြုခဲ့သူ ဝတ်စုံနက် ဖြစ်ကြောင်း ဟန်ပိယောင် သေချာသွားလေတော့သည်။

"လူယုတ်မာကြီး သေပေတော့"

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် ဝတ်စုံနက် ဖြစ်ကြောင်း သိသည်တွင် ဟန်ပိယောင်မှာ ဒေါသယမ်းအိုး ပေါက်ကွဲကာ ဓားရှည်ဆွဲ၍ ပြေးသွားသည်။

"ပိယောင်....သတိထား၊ အရမ်းမလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပိယောင် ဓားဆွဲ ထုတ်လိုက်သည်နှင့် အကင်းပါးသော ကျန်းယုယုက စာယ်လိုဖြစ်နိုင်ကြောင်း မှန်းဆတွေးမိသည်။ ထို့ကြောင့် ဟန်ပိယောင် ဓားဆွဲကာ ပြေးထွက်သွားသည်နှင့် ဟန့်တားစကားဆိုကာ အတင်းလိုက်ဆွဲခြင်းဖြစ်သည်။

ဟန်ပိယောင် အရင် ပြေးသွားသော်လည်း ကိုယ်ဖော့ပညာ ကောင်းသော ကျန်းယုယုက ချက်ချင်းလိုက်မိသည်။ လိုက်မိသည်နှင့် အမြန်အကြော ထိုးပိတ်လိုက်ရာ ပိယောင် ဆက်မပြေးနိုင်တော့။

ကျန်းယုယုဖေးမတွဲခေါ်ရာနောက်သို့ ငြိမ်သက်စွာ ပါလာခဲ့သည်။

မည်သို့ဆိုစေ ကျောက်စိမ်းဒေဝီဟန်ပိမေနှင့် ကျောက်စိမ်းသူဇာဟန်ပိုရင်းတို့ နှစ်ယောက်အပေါ် ယုတ်မာရက်စက်ခဲ့သည့် ဝတ်စုံနက်ဝတ်သူမှာ သက်တန့်ဘီလူး ဂိုဏ်းချုပ်ကိုယ်တိုင်ဖြစ်ကြောင်း ရင်ထန့်မင်းတို့တစ်တွေသေသေချာချာ သိရှိသွားကြလေပြီ။

သို့ရာတွင် 'ပွဲကြီးပွဲကောင်း' နွဲ့ရတော့မည်မို့ ဒေါသစိတ်ကို ဖြေဖျောက်လျက် စိတ်တည်ငြိမ်အောင် ပြုလိုက်သည်။

"စိတ်ကိုထိန်းပါ ညီမလေး၊ မင်းကဒီလိုလုပ်တာ ဘာမှအကျိုးမရှိဘူး၊ ရင်ထန့်မင်းတို့စိတ်အနှောင့်အယှက်ပေးသလိုတောင် ဖြစ်သွားလိမ့်မယ်၊ စိတ်ချပါ၊ ရင်ထန့်မင်း



ကဒီလူယုတ်မာကြီးကို ကောင်းကောင်းဆုံးမ ဒဏ်ခတ်ပါလိမ့်မယ်၊ ငြိမ်ငြိမ်နေနော်"

ဟန်ပိယောင်ကို ဖေးမတွဲခေါ်လာရင်း ကျန်းယုယုက ဖြေသိမ့်စကား ပြောကြားချက် များကို ဟန်ပိယောင်က သဘောပေါက် နားလည်ကြောင်း အကဲခတ်မိသည့်အတွက် ပိတ်ထားသော အကြောများကိုဖြေဖွင့်ပေးလိုက်သည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်ကို အမုန်းခြေဖစ်ချင်နေသော်လည်း ဟန်ပိယောင်သည် အခြေအနေကို နားလည်သွားသည့်အတွက် အသာပင်ငြိမ်နေသည်။

* * *

ရင်ထန့်မင်းသည် မိမိသဲသဲမဲမဲစုံစမ်းရှာဖွေနေခဲ့သော လုကျင်းဟန်၏ သိုင်းမျိုးဆက်ခံထားသူဖြစ်ကြောင်း သက်တန့်ဘီလူးဂိုဏ်းချုပ် ကောင်းစွာသိသွားခဲ့ပြီ။

သည်အခြေအနေတွင် မိမိကိုယ်တိုင် ထွက် ရင်ဆိုင်ရန်မှတစ်ပါးအခြားရွေးစရာ လမ်းမရှိတော့ကြောင်းနားလည်သည့်အတွက် ကိုယ်တိုင် ထွက်လာခြင်းဖြစ်သည်။

ရင်ထန့်မင်း အနေဖြင့် လုကျင်းဟန်၏ သိုင်းပညာကိုမည်မျှ ရရှိလိုက်သည်ကိုတော့ သက်တန့်ဘီလူး ဂိုဏ်းချုပ်တိတိကျကျစွာမခန့်မှန်းနိုင်သေး။ ဂိုဏ်းခွဲမှူးကြီး သုံးယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုတောင်းလှသော အချိန်အတွင်း မြန်ဆန် ထိရောက်စွာ တိုက်ခိုက်ချေမှုန်းခဲ့သည့် အစွမ်းကတော့ အံ့တော်ထက်မြက်သည်။

ထို့ကြောင့်...ရင်ထန်မင်းကို အပိုင်တိုက်ခိုက်ဖို့သက်တန့်ဘီလူးဂိုဏ်းချုပ်ဆုံးဖြတ်သည်။

ရင်ထန်မင်းအနားသို့ ရောက်သည်နှင့် သက်တန့်ဘီလူးဂိုဏ်းချုပ်က ဘယ်ညာလက်နှစ်ဖက်ကို လှုပ်ရှားဆန့်ထုတ်ကာ လက်ဝါးစုံရိုက်ချသည်။ မိုးသောက်လက်ဝါး သိုင်း၏ လက်ဝါးစုံ အားပြည့် ရိုက်ချလိုက်၏။

ရင်ထန်မင်းကလည်း မိုးသောက်လက်ဝါးသိုင်းစုံ အားပြည့်ရိုက်ချက်နှင့်ပင် တုံ့ပြန်သည်။

"ဖတ်"

လက်ဝါးလေးဖက် ထိရိုက်မိသည်။

အားအင် ပြင်းထန်သော်လည်း ရောင်စဉ်သိုင်းပညာ၏ သဘောအတိုင်း လက်ဝါးချင်းထိရိုက်မိသံက ကျယ်လောင်ခြင်းမရှိ။လက်ဝါးအစုံတို့တစ်ပြိုင်တည်းရိုက်မိသည့်အတွက် အသံတစ်သံတည်းလို ခပ်တိုးတိုးထွက်သည်။

ဆိုင်ရိုက်မိသော လက်ဝါးတို့ ကွာဟမသွား။

မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာ တို့ကိုအဆင့်မြင့်မြင့် သုံးသောကြောင့် လက်ဝါး ရိုက်ချက်များသည် အလွန်မြန်ဆန်လှသလို အလွန်လည်း အားပြင်းသည်။ လက်ဝါးရိုက်ချက်များ လှုပ်ရှားရိုက်ထုတ်လိုက်မှုကို ကြည့်နေကြသူ သိုင်းပရိသတ်တို့ ပီပီပြင်ပြင် မမြင်ကြရ။



တိုက်ခိုက်သူ နှစ်ယောက် လက်ဝါးများ ထိကပ်ကာ အားပြိုင်တွန်းကြတော့မှသာ ထင်ထင်ရှားရှား တွေ့မြင်ကြရသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်နှင့် ရင်ထန်မင်းတို့သည်သိုင်းပညာယှဉ်ပြိုင်မှုတွင် အဆင့်မြင့်ဆုံးနှင့် အန္တရာယ် အများဆုံးဖြစ်သော အတွင်းအားချင်း ယှဉ်ပြိုင်မှု ပြုလုပ်နေကြရာ ထိုယှဉ်ပြိုင်မှု၏ ထိတ်လန့်ဖွယ်ရာ အခြေ အသက်များသည် ကြည့်နေသူ သိုင်းပရိသတ် အားလုံး အပေါ် လွှမ်းခြုံနေသည်။

သိုင်းလောကတစ်လွှား နာမည် ကျော်ကြားလှသော မိုးမြေဝိညာဉ်အတွင်းအားနှင့် ရောင်စဉ်ပညာတို့၏အစွမ်းကို ကြုံတောင့်ကြုံခဲ မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည့် အတွက်လည်း အထူးတို အာရုံဝင်စားနေကြသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်သည် သိုင်းကျမ်း ခိုးယူရရှိခဲ့သော်လည်း သက်လတ်ပိုင်းအရွယ်ရောက်မှလေ့ကျင့်ရသောကြောင့် မိုးမြေဝိညာဉ် အတွင်းအားနှင့် ရောင်စဉ်သိုင်းပညာပံ့ကို ငါးဆယ်ရာခိုင်နှုန်း ကျော်ကျော်လောက်သာ အောင်မြင်ခဲ့သည်။

ရင်ထန်မင်းကတော့ လုကျင်းဟန်ကိုယ်တိုင် လက်ထပ်သင်ပြပေးမှုကို ငယ်ရွယ်ချိန်တွင် ရရှိကာ လေ့ကျင့်ခဲ့သောကြောင့် အပြည့်အဝ တတ်မြောက်နေသည်။

သိုင်းပညာတွင် ရင်ထန်မင်းက သာလွန်သည့် အနေအထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ဘီလူး ဂိုဏ်းချုပ်ကမူ အသက် ပိုကြီးသလို အတွင်းအားအခြေခံပိုကောင်းသည်။ အတွေ့ကြုံများလျက် သိုင်းကွက်သိုင်းဟန် အပြောင်းအလဲမျိုးစုံကို ကျွမ်းကျင်သည်။

အတွင်းအားနှင့်သိုင်းပညာတို့ကိုပို၍ထိထိရောက်ရောက် အသုံးချနိုင်စွမ်း ရှိသည်။

နှစ်ယောက်စလုံး အားသာမှုကိုယ်စီရှိကြရာ လက်ရည်မျှသည်ဟုပင် ဆိုရပေလိမ့်မည်။

အတွင်းအားချင်း ယှဉ်ပြိုင်မှုတွင် အတွင်းအားအခြေခံ ခိုင်မာရင့်ကျက်မှုသည် အရေးကြီးလှသည်။ သည်အချက်တွင် မိမိက အားသာနေသည့်အတွက် သက်တန့်ဘီလူး ဂိုဏ်းချုပ်က အန္တရာယ်များလှသော ဤတိုက်ခိုက်မှုကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

အသက် ငယ်သည့်အတွက် သက်တန့်ဘီလူး ဂိုဏ်းချုပ်လောက် အတွင်းအား အခြေခံ ရင့်ကျက်မှု မရှိသေးသော ရင်ထန်မင်းအနေဖြင့် အချိန်တိုတိုအတွင်း အနိုင်ယူဖို့ လိုသည်။ အချိန်ကြာလာသည်နှင့်အမျှ အတွင်းအား ပိုမိုရင့်ကျက်သော သက်တန့်ဘီလူးဂိုဏ်းချုပ်က အသာစီးရလာနိုင်သည်။

*　　*　　*



အချိန်တရွေ့ရွေ့ ကုန်လာသည်။

ရင်ထန်မင်း၏ မျက်နှာပေါ်တွင် ချွေးစေးများလွှမ်းကာ နီမြန်းသွားလိုက်၊ သွေးဆုတ်သလို ဖြူဖပ်ဖြူရော် ဖြစ်သွားလိုက်နှင့် အရောင်အသွေး ပြောင်းလဲနေသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်တတော့ မျက်နှာအသွင်အပြင် မပြောင်း။

မိမိတို့ဘက်မှ အသာစီးရသည့် အရိပ်အသွင်မျိုး မြင်ရသည်မို့ သက်တန့်ဘီလူးဂိုဏ်းသားများ အားတက်လာကြသည်။

ရင်ထန်မင်း၏ မိတ်ဆွေများကတော့ စိုးရိမ်ပူပန်နေကြသည်။ ဟန်ပိယောင်ဆိုလျှင် သိသိသာသာပင် အမူအရာပျက်နေသည်။ သိုင်းလောက စည်းကမ်းနှင့် မညီမှန်း သိသော်လည်း လိုအပ်လျှင် သက်တန့်ဘီလူး ဂိုဏ်းချုပ်ကို မားနှင့် အတင်းဝင်ပိုင်းရန် ဆုံးဖြတ်ထားသည်။

ရင်ထန်မင်း၏ လက်နှစ်ဖက် ဆတ်ဆတ်တုန်လာသည်။ လူမှာလည်း ယိုင်မလိုလို ဖြစ်လာသည်။ ဟန်ပိယောင်၏ ရင်လည်း တဒိန်းဒိန်း ခုန်သည်။

ထိုအချိန်မှာပင်....

မမျှော်လင့်သော အပြောင်းအလဲတစ်ခု ရုတ်တရက် ပေါ်ပေါက်သည်။

သက်တန့်ဘီလူးဂိုဏ်းချုပ် နောက်သို့ခြေတစ်လှမ်းဆုတ်သည်။ ထို့နောက် ခြေနှစ်လှမ်း၊ သုံးလှမ်း။ စိုစိုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းရှစ်လှမ်း နောက်သို့ ဆုတ်သည်။ ရင်ထန်မင်းက လည်း ဖိတွန်းကာ ရှေ့သို့တက်၍ လိုက်လာသည်။

အသက်အရွယ်ကြီးသည့်အတွက် အတွင်းအား ခိုင်ခံ့ ရင့်ကျက်သော သက်တန့်ဘီလူးဂိုဏ်းချုပ်သည် အချိန်ကြာ မြင့်လာသည်နှင့်အမျှ အသာစီးရလာသည်။ အသက်ငယ် ရွယ်သည့် အတွက် သက်တန့်ဘီလူး ဂိုဏ်းချုပ်လောက် အတွင်းအား ခိုင်ခံ့ရင့်ကျက်မှုမရှိသော ရင်ထန်မင်းမှာ အကြောက်အကန်ကို အားခဲကာ မတောင့်ခံနေရသည်။

တိုက်ပွဲအဆုံးအဖြတ်ပေါ်တော့မည့်အချိန်တွင် သက်တန့် ဘီလူးဂိုဏ်းချုပ်၏ အတွင်းအားစုစည်း လည်ပတ်မှုသည် ရုတ်တရက် ရှုပ်ထွေးကုန်သည်။

တကယ်တော့ သက်တန့်ဘီလူး ဂိုဏ်းချုပ်သည် မိမိ၏ အလိုရမ္မက်ကြီးမှုဒဏ်ကို ပြန်ခံရခြင်းဖြစ်သည်။ သက်တန့် ဘီလူး ဂိုဏ်းချုပ်သည် ဟန်ပိမေနှင့် ဟန်ပိရင်းတို့ နှစ် ယောက်ကို သည်အတိုင်း သုတ်သင်မပစ်ဘဲ အနိုင်ကျင့် စော်ကားမှု အကြိမ်ကြိမ်လုပ်ခဲ့သည်။

လှပချောမောပြီး ငယ်ရွယ်သော ထိုမိန်းကလေး နှစ် ယောက်အပေါ် တပ်မက်စိတ်ကလည်းပြင်းပြကာ အတော် လေး လွန်လွန်ကျူးကျူး လုပ်မိသည်။

ထိုသို့အလိုရမ္မက်ဆန္ဒကို လိုက်ခဲ့မိမှုက သွေးရေးရင်ရေး အနေအထားဖြင့် အတွင်းအားယှဉ်ပြိုင်သောအခါ အား နည်းချက်ယွင်းမှု ဖြစ်လာစေသည်။



သက်တန့်ဘီလူး ဂိုဏ်းချုပ် အခြေယိုင်လာသည်။ တစ် ကိုယ်လုံး တုန်ယင်လှုပ်ရှားလာသည်။ ချွေးများလည်း ရေ ချိုးလိုက်သလို ရွှဲနစ်အောင် ထွက်လာသည်။

တုန်ယင်လှုပ်ရှားမှုကြောင့် သက်တန့်ဘီလူးဂိုဏ်းချုပ် တပ်ဆင်ထားသော ရွှေသားစစ်စစ် မျက်နှာဖုံး ကျွတ်ကျွ ကျသည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်၏ ပင်ကိုမျက်နှာပေါ်လာခဲ့ ပြီ။

တိုက်ပွဲတွင် မည်သူကနိုင်၍ မည်သူကရှုံးနေသည်ဆိုခြင်း လည်း အဖြေပေါ်လာခဲ့ပြီ။ သက်တန့်ဘီလူးဂိုဏ်းချုပ် ယဲ ပြိုမည့်အချိန်မဝေးတော့။

ထိုအချိန်မှာပင် စူးစူးဝါးဝါးအော်လိုက်သော အမျိုး သမီးတစ်ယောက်၏ အသံပေါ်ထွက်လာ၏။

''တာ...ဖေဖေ၊ ရင်ထန်မင်း၊ အရမ်းမလုပ်ပါနဲ့၊ အဲဒါ ကျွန်မ ဖေဖေပါ''

အော်ဟစ်လိုက်သူမှာ ယောင်ကျိုဖုန်၏ဇနီးဖြစ်သည်။

သက်တန့်ဘီလူးဂိုဏ်းချုပ်မှာ လုပ်ကြံခံရ၍ သေဆုံး သွားပြီဟု သတင်းကြီးနေသော နှင်းမြူဂိုဏ်းချုပ်ကြီးဖန်း တာ့ရင်ဖြစ်နေ၏။

ရင်ထန်မင်းသည် သက်တန့်ဘီလူးဂိုဏ်းချုပ်ကို အသေ သတ်ရန် စိတ်မကူး။ သက်ဆိုင်ရာများလက်သို့အပ်ကာ သူ

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခဲ့သော မတရားမှုများအတွက် ပြစ်ဒဏ်ခံယူစေရန် စဉ်းစား၏။

မိမိအနိုင်ရကြောင်း သိသာထင်ရှားနေသည့်အပြင် ဖန်ကူကျင်း၏ တောင်းပန်မှုကလည်း ရှိနေသောကြောင့် ဖိဘွန်းထားသော အတွင်းအားကိုဖြေလျှော့ကာ လက်ဝါးချင်းခွာ၍ နောက်ဆုတ်ပေးလိုက်၏။

ရင်ထန်မင်းကသက်ညှာကာ နောက်ဆုတ်ပေးလိုက်မှုကို သက်ဘန့်ဘီလူးဂိုဏ်းချုပ်က အခွင့်အရေးကောင်းအဖြစ် အသုံးချကာ ဆူးချွန်လက်နက်ပုန်းတစ်ခုနှင့် လှမ်းပစ်သည်။ လက်ဝါးရိုက်ချက်လည်း ဆက်တိုက်ရိုက်ထုတ်သည်။

တိုက်ခိုက်မှုရပ်ကာ နောက်ဆုတ်သွားသော ရင်ထန်မင်း ကောင်းတောင်း အငိုက်မိ၏။ အနီးကပ် ပစ်လာသည့် လက်နက်ပုန်းကို မရှောင်နိုင်သလို လက်ဝါးရိုက်ချက်ကိုလည်း ခုခံဖို့ အချိန်မရ။

"ဝှစ်....ဝှစ်"

လေခွင်းသံနှစ်ချက် ပေါ်ထွက်ကာ ကြေးပြားဝိုင်းလက်နက်ပုန်းတစ်ခုနှင့် အပ်ပျံလက်နက်ပုန်းတစ်ခုတို့ လွင့်ပျံထွက်လာသည်။

ကြေးပြားဝိုင်းလက်နက်ပုန်းက ဆူးချွန်လက်နက်ပုန်းကို ထိကာ လွင့်စဉ်သွားစေ၏။ အပ်ပျံကတော့ သက်တန့်ဘီလူးဂိုဏ်းချုပ် ဖန်းတာ့ရင်၏တံတောင်ဆစ်တွင်စူးဝင်သည်။



ဖန်းတာ့ရင်၏ လက်ဝါးရိုက်ချက်တွင်လည်း အားမပါတော့။

သတိဝင်ကာရိုက်ထုတ်လိုက်သော ရင်ထန်မင်း၏ ညာလက်ဝါးရိုက်ချက်ကတော့အားပြည့်အင်ပြည့်ဖြင့် သက်တန့်ဘီလူးဂိုဏ်းချုပ်၏ ရင်ဘတ်ကိုထိမိသွားသည်။ ဖန်းတာ့ရင် ပက်လက်လန်လဲကျသွားသည်။

ပြန်မထနိုင်တော့။

လက်နက်ပုန်းများဖြင့် လှမ်းပစ်လိုက်သူမှာ ကျန်းယုယုဖြစ်သည်။ ဤလက်နက်ပုန်းပစ်ချက်သည် တကယ်ပင်ချီးမွမ်းရမည့်ပစ်ချက်ဖြစ်၏။ ကျန်းယုယုမှလွဲ၍ အခြား မည်သူမျှသည်လို ထိရောက်ဘည့်မတ်စွာ ပစ်နိုင်မည်မဟုတ်။

* * *

သက်တန့်ဘီလူးဂိုဏ်းမှာ အတိအသင်း ထူထောင်သည့်နေ့တွင်ပင် ပြိုကွဲသွားသည်။

ရင်ထန်မင်းနှင့် ဟန်ပိယောင်တို့၏ လက်ထပ်ပွဲကို သိုင်းစျေးလွင်ပြင်တွင် ကျင်းပပြုလုပ်သည်။

ပခုံးထမ်းစျေးသည် ယောင်ကျိုဖုအဖြစ် မထင်မရှားနေခဲ့သော ကုန်စွန်းလှိုင်သည် နှင်းမြူဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကုန်စွန်းလိုင်နှင့် ဖန်းကူကျင်းတို့သည် နှင်းမြူဂိုဏ်းကို သိုင်းစျေးလွင်ပြင်သို့ပြောင်းကာ အခြေစိုက်သည်။ ဌာနချုပ်ခန်း တည်ဆောက်သည်။

သိုင်းစျေးပွဲတော်များကို နှင်းမြူဂိုဏ်းက ဦးဆောင်ကာ ဆက်လက်ပြုလုပ်သွားခဲ့သည်။

ရှင်ထန်းချမ်းမြေ့ပါစေ။

ပြီးပါပြီ။

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com